# ရက်ပေါင်းကိုးဆယ် ရိပ်သာဝယ်

နတ်မောက် အရှင်သုစိတ္တသာရ



နတ်မောက်

အရှင်သုစိတ္တသာရ

# ရက်ပေါင်းကိုးဆယ်
# ရိပ်သာဝယ်

---

သာသနာ-၂၅၂၅ ကောဇာ-၁၃၄၃ ခရစ်-၁၉၈၁

ဘာသာရေးဆိုင်ရာစာမူ ပုံနှိပ်ခွင့် မှတ်ပုံတင်အမှတ် (၇၀၄)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် (၂၉၀)

ပထမအကြိမ် အုပ်ရေ- ၂၀၀၀။ ၁၉၉၁–ခု ဒီဇင်ဘာလ။ ပန်းချီ - စံတိုး။ ဘလောက် - လွင်။ အဖုံး - အောင်သာ။ စာအုပ်ချုပ် - အေးမိသားစု။

ဓမ္မဒါန

ဦးဉာဏ်ရွှေ ( L,L. B) (ကင်းလွတ်ခွင့် အမှတ်–၂၄၃ ) အမှတ် ၁၃/၁၅၊ ဦးဖိုးဝိန်လမ်း၊ ဗဟန်း၊ ရန်ကုန်က ထုတ်ဝေ၍ ဦးဘဂါမောင် (၀၂၅၆–၅၂) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ် ၉၀၊ အေဝီ၊ ဝေဇယန္တာလမ်း၊ ဂ–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ ရန်ကုန်က ပုံနှိပ်သည်။ ဖုန်း – ၅၅၉၁၅

## "ဆန္ဒမွန်"

"သတိယွင်းရော့၊ အမှတ်ပေါ့ရှော၊
စာလျှော့စာကျန်၊ စာပိုပြန်သော်၊
စာသူတော်များ၊ သည်းခံထားဟု၊
ဝတ်တွားဆည်းကပ်၊ ပြင်ဘို့အပ်၏၊
သူမြတ်တရား၊ ရှေ့ဆောင်ထားလျက်၊
ဖျန်းပက်ကရုဏာ၊ အေးမေတ္တာဖြင့်၊
သံသာပျောင်းပျ၊ ဆိုဆုံးမပါ၊
ပြင်ဆင်ပါမည်၊ ငါသည်စာဆို၊
ကဗျာဓိုရ်ဟု၊ အပိုမကြွား၊
စိတ်မထားပါ၊ ဘာသာလူမျိုး၊
ချမ်းသာတိုးဖို့၊ အားကြိုးမာန်တက်၊
စွမ်းရာဘက်မှ၊ ထမ်းရွက်ခြင်းသာ ဖြစ်သတည်း။"



ဆဋ္ဌသင်္ဂီတိ ပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး



ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရား



နတ်မောက် အရှင်သုစိတ္တသာရ

### ညောင်ကန် အရှင်ဇူနိက ၏

# ရင်ဖွင့်သံ အမှာစာ

**ဤသို့ကြားဘူးသည်** “သားဖွားဘူးသော မိခင်သည်သာ ‘သား’ အတွက် ဖြစ်ရသော ဒုက္ခနှင့် သုခကိုမျက်ဝါးထင်ထင်တွေ့မြင်ခံစားနိုင်သည်။ ထို့အတူ စာပေရေးသားဘူးသော စာရေးဆရာသည်သာ “စာ” အတွက် ဖြစ်ရသော ဒုက္ခနှင့်သုခကို ခံစားနိုင်သည်” ဟူ၍—

ဤအမှာစာရေးသူသည် စာအတွက်ဖြစ်ရသောဒုက္ခနှင့် သုခကို မျက်ဝါးထင်ထင် တွေ့ကြုံခံစားဘူးပါသည်။

**စာရေးဆရာတို့၏တူညီသောအချက်** စာရေးဆရာတို့သည် တွေးခေါ် မြော်မြင်မှုချင်းတူချင်မှတူမည် ဖြစ်သော်လည်း ဗုဒ္ဓအဘိဓမ္မာ သဘောတရားအရ အကြောင်းကြောင့် အကျိုးခံစားရပုံမှာ တူညီကြသည်သာဖြစ်ပါသည်။ အသို့နည်း စာရေးဆရာတို့သည် စာရေးချင်၍ရေးကြသည်ချည်းပင် မဟုတ်ပါလော။ တဆင့်တက်၍ မရေးချင်သော်လည်း “မည်သို့သောအကြောင်းကြောင့်ရေးရပါသည်” ဟူသောစာရေးဆရာမျိုးကောမရှိနိုင်သလော၊ ရှိပါမည်။ မည်သို့ဆိုစေ အနှစ်ချုပ်၍ အဖြေထုတ်ကြည့်ပါမူ ရေးချင်မိလေသောကြောင့် ရေးကြခြင်းပင်မဟုတ်ပါလော။

**သစ္စာရှုထောင့်ကကြည့်မယ်** ထိုသို့ ရေးချင်မိ၍ ရေးမိသော စာရေးဆရာသည် ဗုဒ္ဓ၏သစ္စာ ရှုထောင့်မှ ကြည့်ပါမူ သမုဒယနှင့်အတူပါလာသော ဒုက္ခကို လည်းမလွဲမသွေ ရင်ဆိုင်ရပေလိမ့်မည်။ မှန်သည် စာရေးဆရာ၏ စာပေ ခရီးဦး၌ သူ၏စာပေများကို ထုတ်ဝေသူများ၏ ဝိုင်းဝိုင်းလည် တောင်းခံခြင်းကိုရလိမ့်မည်မဟုတ်ချေ။ မျှော်လင့်၍ပင်မရနိုင်သေးပေ။ မည်သည့် နာမည်ရစာစောင်၊ မဂ္ဂဇင်း၊ အဖွဲ့အစည်းတိုကမှလည်း စစ်တင်ပေးလိမ့်ဦးမည် မဟုတ်ချေ။ ထို့ကြောင့် စာရေးဆရာသည်—

၁။ ကိုယ့်စာကိုယ်ကြိုက်အောင် လုံ့လကြီးစွာ ကြိုးပမ်းရသောဒုက္ခ၊

၂။ ယထာဘူတကျကျ မျှမျှတတဖြစ်အောင် အပြုသဘောဆောင်သော ဝေဖန်အကြံပြုမှုဖြင့် ချီးမြှောက်ပေးနိုင်ရန် အကြံတောင်းခံရသောမဟာဒုက္ခ၊

၃။ စာအရာ၌ကျွမ်းကျင်လိမ္မာသော အယ်ဒီတာနှင့်တွေ့ပြီး စာရေးဆရာ၏ ဂုဏ်သိက္ခာကို မထိခိုက်အောင် ဆောင်ရွက်ရသော အတိမဟာဒုက္ခ၊

၄။ ဤအထိပြတ်ကျော်လျက် ကိုယ့်စာပေ စင်ပေါ်မတင်နိုင်သေးလျှင် ဆရာဝန်ဆရာမ မရှိသော ကျေးလက်ကမီးဖွားသည်ကဲ့သို့ ကိုယ့်ဘာသာထုတ်ပေရော့၊ ရှိသမျှစွမ်းအားကို စုစည်း၍ လုပ်ပေရော့။

စာပေခရီးဦးအစကား ဤဒုက္ခ၊ထိုဒုက္ခ၊အဝ ါဒုက္ခ၊ဘာဒုက္ခ၊ ညာဒုက္ခနှင့် ဒုက္ခမျိုးစုံအောင်ကြုံရတတ်ချေသည်။ ယင်းသို့လျှင် မပြောကောင်း ပြောကောင်း ဘုရားဖြစ်ရန် ပါရမီဖြည့်ရသ လောက်ပင်ပန်းမှုမရှိစေကာမူ စာရေးချင်သောသမုဒယကြောင့် စာဖြစ်ရန်ဖန်တီးရသော ထုတ်ဝေဖြန့်ချီရသောဒုက္ခသစ္စာတရား တို့ကား မလွဲမသွေတွေ့ကြုံရပေသည်။

**မိခင်၏မေတ္တာစျာန်နှင့်စေတနာမာန်** ဆက်ပါရစေဦး၊ သာဦး ကို ရှင်မြူးစွာဖွားမြင်ရ သောမိခင်ပျှိသည် သားလွယ်ဇဉ်က သေမင်းနှင့် သူနိုင်ကိုယ်နိုင် အပြိုင်စစ်ခင်းပြီး ဆင်းရဲကြုံရသဖြင့်''နောက်များဆို ကြောက် အားပိုမိပါရဲ့''ဟုပခုံးတွန့်ကာ ကျောတွန့်ကာဖြင့်ညည်းတွားမိခဲ့ သော်လည်း ရှုမဝချစ်မဆုံး သားအလှရတနာတုံးလေးကို မြင်ရ သောအခါ ''အဟောသုခံ ချမ်းသာစွတကား''ဟု သဘော ကျရတော့သည်ပင် မဟုတ်ပါလော။

ထို့ပြင်လည်း သားရတနာတပါးက တိုင်းပြည် အတွက် အားထားရသော''လူတယောက်''ဖြစ်လာသောအခါ ဆင်းရဲ ကို မေ့၍ သားတရာ ဖျာတရာ သိပ်နိုင်ရန်ပင် ကြိုးပမ်းမိတတ် ပါသည်။

''အင်း....ဆင်းရဲနှင့်ရင်းပြီး ဘယ်လောက်ပင် မွေးရသော် လည်း ကမ္ဘာ့လူသားအတွက် မိခင်တိုင်း ပေးဆက်ရသော ဓမ္မတာပေပဲကိုး၊ ပုခက်လွှဲသောလက်သည် ကမ္ဘာကိုပင် ကြီးစိုး နိုင်သတဲ့ဟော....''ဟု စိန်ခေါ်၍ နေသတတ်။

**စာရေးဆရာ၏မေတ္တာစျာန်နှင့် စေတနာမာန်** စာရေးဆရာများလည်းအထက် ဥပမာအတိုင်း ပင် မိမိတို့၏ စာပေ သားဦး အတွက် ဒုက္ခ အဖုံဖုံ ကြုံရတတ်ပါသည်။ ထိုဒုက္ခ၊ ထိုအခက်အခဲ အစုစုကို ဖြတ်ကျော်ပြီး စာဖတ်သော ပြည်သူများ ရှေ့မှောက်သို့ မိမိ၏ စာပေသားဦး တင်ပို့နိုင်သောအခါ ''အဟောသုခံ—ချမ်းသာစွ တကား''ဟု သဘောကျ နှင်ခြိုက်မိသည်သာ ဖြစ်ပါယည်။

မိမိ၏ စာပေ သားဦးက စာဖတ်သော ပြည်သူများအတွက် အားတက်ဖွယ်၊ ဝမ်းမြောက်ဖွယ် အကျိုးပြု လေသောအခါ စာပေဒုက္ခမျိုးစုံကိုမေ့ပျောက်ပြီး ''**အဟမ်း·စာပေ ဘယ်နှစ်အုပ် စာစွေ ဘယ်နှစ်ပုဒ်** ရေးထုတ်ရ ထုတ်ရ မိမိ၏ **စာပေတန်ဆောင် အလင်းရောင်ဖြင့် အမှောင်ခွင်းပေအံ့**'' ဟူသော စာပေမေတ္တာ စျာန်နှင့် စေတနာမာန်များကို အမှန်ပင် ထားမိပါသည်။ မှန်သည် ဤ အမှာစာ ရေးသူသည် စာအုပ်စာပေ တဒါဇင် ကျော်လောက်တော့ ရေးထုတ်၍ ဖြန့်ချီခဲ့ဘူးပေပြီ။

**သူ့စာပေ သူ့ခရီး** ယခုလည်း ဝါသနာတူ၍ လုပ်ဆောင် ချက်လည်း တူယောင်ယောင် ရှိတော်မူသော ''**နတ်မောက် အရှင်သုစိတ္တသာရ**'' အရှင်မြတ်က သူ့ ကိုယ်တွေ့ ''**ရက်ပေါင်းကိုးဆယ် ရိပ်သာဝယ်**'' သားရတနာ စာပေဦးကို ရေးထုတ်လိုက်လေပြီ။ ဤအရှင်၏ စာပေလက်ရာ များကို ရှေးမဆွကပင် ဗုဒ္ဓမ္မလောကစာစောင်နှင့် ရတနာမွန် မဂ္ဂဇင်းတို့တွင် ဖတ်ဘူးလှပေပြီ။ တဖန် ပြည်သူပိုင် သတင်းစာ

မှာပင် သူ့ဆောင်းပါးများ ပါဝင်ဘူးပေရာ အောင်မြင်သော စာရေးဆရာတပါး ဖြစ်သည်။

ဤ ရက်ပေါင်းကိုးဆယ် ရိပ်သာဝယ်သည် သူ၏ မြင်တတ်သော, ခံစားတတ်သော, အစီအစဉ်တကျ ချထားတတ်သော ဒ.စီအမံ အခင်းအကျင်း အရေးအသားများ ပါဝင်နေ၍ "ကောင်းပါသည်" ဟူသော သမားရိုးကျ ပဋိသန္ဓာရစကားကို ဆိုလိုက်ရပါသည်။ စာဖတ်သူများ ယောဂီများအတွက် ကုသိုလ်ပွား၍ အကျိုးများမည်ကား အမှန်ပင် ဖြစ်သည်။

သူ့စာပေ သူ့အချက်အလက်များ သူ့စာပေသည် ရသစာပေ ဟန် ဖြစ်သည်။ ဘာသာရေး အကြောင်းပင် ဖြစ်သော်လည်း ဖတ်ချင်စဖွယ် ဆွဲဆောင်မှု အပြည့်ပါသည်။ စီစဉ်ထားသော အချက်အလက် များမှာ ရိပ်သာမဝင်မီကာလ တွေ့ကြုံမှုအပိုင်း, ရိပ်သာရောက်သည်မှစ၍ အားထုတ်ရှုမှတ်စဉ်ကာလအပိုင်း, ဉာဏ်စဉ်တရားနာရသည်မှ နှောင်းကာလအပိုင်းဟူ၍ သုံးပိုင်းပါဝင်သည်။

အပိုင်း ၁-တွင် ပုထုဇဉ် သံသရာခရီးသွားတို့ ကြုံဆုံရတတ်သော သောကပရိဒေဝကြုံတွေ့ရပုံ၊ ထိုကြုံတွေ့မှုကြောင့် ယောဂီဝင်ရန် ပင့်အားပေးပုံများကိုဖြတ်သန်းခဲ့ရာ ခရီးတလျှောက်နှင့်အတူ ဆွတ်ပျံ့ကြည်နူးဖွယ်ရာခြယ်မှုန်းထားသည်။ အပိုင်း ၂-တွင် ချမ်းမြေ့ ဆရာတော်အား တွေ့ကြုံ ဖူးမြင် ရသည်မှ စကာ ထေရ်မြတ် မဟာစည်၊ ကမ္ဘာ့သာသနာပြုနိုင်ငံ၊ ဓမ္မဒူတတရား

နာရပုံ၊ အလှသွာစုံ ယောဂီပရိသတ်၊ မဟာစည်သာသနာ့ရိပ်သာ၊ ချမ်းမြေ့ရိပ်သာတို့၏ အကြောင်းများကို အပိုအလိုမရှိရေးပြဆွဲငင်နိုင်အား ရှိလှသည်။ အပိုင်း ၃-တွင်မူ ဉာဏ်စဉ်တရားတော် နာရပုံမှစကာ ကမ္ဘာ့အေးတခွင်ရှုမြင်ကွင်းများ၊ ပြင်ပတရားပွဲ၊ ယောဂီအတွက် သိမှတ်ဖွယ်ရာ စည်းမျဉ်းများနှင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို အလေးပေးကာ ပွဲသိမ်းသွားသည်။

**ရေးဖော်ရေးဖက်ညှိလာပါ၍** အထူးမှာ ပင်ကိုယ် ကလည်း ဘုရားသားတော် စာပေဝါသနာရှင်၊ ထို့တွင်မှမဟာစည်ယောဂီ၊ ချမ်းမြေ့ယောဂီဟု နှစ်လီသောအမည်ဖြင့် ကင်ပွန်းတပ်ရပြီဖြစ်သော ''နတ်မောက် အရှင်သုစိတ္တသာရ'' အရှင်မြတ်က သူ့စာပေသားဦးတွင် အမှာစာရေးရန် အဘိယာစက ပြုလာသောကြောင့် ( ဝါ )ရေးဖော်ရေးဖက်ညှိလာပါ၍—

(၁) တည်ထောင်ဆဲ ညောင်ကန်အေးသာသနာ့ရိပ်သာ၊

(၂) ပြုစုဆဲစာပေ၊

(၃) ဆောင်ရွက်ဆဲ မဟာစည် နယ်လှည့်ဓမ္မကထိကအဖွဲ့၏ အတွင်းရေးမှူးတာဝန်များ၊

ယင်းသို့များပြား၍မအားလပ်သည့်ကြားကပင် ဤရင့်ဖွင့်သံ အမှာစာကိုကပျာကယာ ရေးလိုက်ရပါသည်။

## ဆန္ဒမွန်

(၁) ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသော်။

(၂) မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာပြန့်စေသော်။

(၃) အလင်းရောင်ကို၊ လက်စံကြို၊ ကြည်ညိုလေးမြတ်ကြစေသော်။

(၄) ကမ္ဘာ့ငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

ညောင်ကန် အရှင်ဇောတိက

၁၃၄၃-ခု၊ ဝါခေါင်လဆန်း ၂-ရက်။
( ၂-၈-၈၁ ) တနင်္ဂနွေနေ့။

# ဝန္ဒနာ

ရက်ပေါင်းကိုးဆယ် တရားရှုမှတ်စဉ် ကာလ တလျှောက် အနီးကပ် လမ်းညွှန်ပြသပေးတော်မူသော "**ကျေးဇူးတော်ရှင် ချမ်းမြေ့ ဆရာတော်ဘုရား**" နှင့် ရိပ်သာဝင်နိုင်ရန် အဘက်ဘက်မှ ကူညီ စောင့်ရှောက်ပေးသော "**ဆရာညောင်ကန်အရှင် ဇာနက**" တို့အား ဤစာတန်းဖြင့် ရှိခိုးဝန္ဒနာ ပူဇော်ပါသည်။

ပရိယတ္တိစာပေကို အခြေပါဒ သင်ဦးစမှ ပါဠိ-အဋ္ဌကထာ ကြည့်ရှုနိုင်သည်အထိ သင်ကြားပြသပေးတော်မူသော မန္တလေးမြို့ အရှေ့ပြင် ဇာနိယာရာမရွှေဂူကျောင်းတိုက်မှ**အဂ္ဂမဟာပဏ္ဍိတ ရွှေဂူ ဆရာတော်ဘုရားကြီး**နှင့် နာယက ဆရာတော်များ၊ ရန်ကုန်မြို့ အလုံ အောင်မင်္ဂလာ တိုက်သစ်မှ ဆရာတော် ဦးတေဇိန္ဒာဘိဝံသနှင့် နာယက ဆရာတော်များ၊ ဥပဇ္ဈာယ် ဆရာတော် ဖြစ်တော်မူသော ရေနီသရက်ကုန်းမှ ဆရာတော် ဦးသုန္ဒရ၊ ပြည်မြို့သခ်မ်းကြီးကျောင်းမှ ဆရာတော် ဦးသီလဝန္တ၊ ပဲခူး လက်ပံပင်ကျောင်းမှ ဆရာတော် ဦးဇဝန၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းမှ ဦးဝိစိတ္တာဘိဝံသတို့အား ဤစာတန်းဖြင့် ရှိခိုးဝန္ဒနာပူဇော်ပါသည်။

## ကျေးဇူးတုံ့

ရိပ်သာမဝင်မီ ဖျားနာစဉ် ကာလတလျှောက် စေတနာ သဒ္ဓါ ပြည့်ဝစွာဖြင့် ဆေးဝါးကုသပေးကြသော ဒေါက်တာ ဦးညွန့်တင်( ဆွာ )ယခု( လန်ဒန် )နှင့် ပြည်မြို့မှ ဒေါက်တာ ဒေါ်ခင်ခင်အေးတို့အားလည်းကောင်း၊ ရန်ကုန်မှ ဒေါက်တာ ဦးတင်မောင်မောင်( သွား)၊ ဒေါက်တာဒေါ်ပိုပို၊ ဒေါက်တာ ဒေါ်မြအေး၊ ဒေါက်တာဒေါ်စုစုဝေ၊ ဒေါက်တာဒေါ်ရီရီဝင်း နှင့် ဒေါက်တာလှစိန်ဝေတို့အားလည်းကောင်း အထူးအားဖြင့် ရက်ပေါင်းကိုးဆယ် ဆွမ်းအလှူရှင်ဖြစ်သော ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဒကာကြီး ဦးအေးမောင် မိသားစုနှင့် ချမ်းမြေ့အဖွဲ့ဝင် အားလုံးတို့ အားလည်း ဤ စာတမ်းဖြင့် ကျေးဇူး တုံ့ပြန်ပါသည်။

## မှတ်တမ်းတင်

ဤစာအုပ် ဖြစ်မြောက်ရန်အတွက် စေတနာ သဒ္ဓါ·ပြည့်ဝစွာဖြင့် မ,တည် ငွေလှူဒါန်းကြသော ဆွာမြို့မှ ဦးအုန်းမောင်-ဒေါ်ရင်လှမိသားစု၊ ဒေါ်ခင်စိန်မိသားစု၊ ဒေါ်မြစိန် မိသားစု၊ ဦးကျော်သန်း-ဒေါ်မြင့်မြင့်စန်း မိသားစု၊ ရေနီ သရက်ကုန်း ရွာမှ ဘုန်းကြီးဘ ဦးညွန့်မိသားစုနှင့် နတ်မောက်နဘူးတောင် ရွာမှ ဘုန်းကြီးဘ ဦးအုန်းမောင်၊ ဘုန်းကြီးမေ ဒေါ်ငြိမ်းထွေး မိသားစုတို့အား သာဓုအနုမောဒနာ ခေါ်ဆိုပါကြောင်းမှတ် ဘမ်းတင်အပ်ပါသည်။

# စာပေါင်းကူး

စိုက်ပျိုးအပ်သော သစ်ပင် ပန်းပင်တို့သည် ရေ-မြေ-လေ-မိုး ခေတ်ကြီးလေးဖြာ ညီညွတ်ပါက ဖူးစုံသီးပွင့်ကြပေမည်။ သို့တစေ ပွင့်သောပန်းတိုင်း မွှေးသော်မှ မွှေးပါမည်။ သင်းပျံ့သော်မှ သင်းပါမည်။ အသီးတိုင်းလည်း ချိုမြိန်သော်မှ ချိုပါမည်။ သို့ဆိုလျှင် မမွှေးသောပန်းမပွင့်ရ၊ မချိုသောအသီးမသီးရဟုတားမြစ်ရပါမည်လော၊ မရစကောင်းပါ။

ပန်းသည် ပွင့်ပါမည်၊ အပင်သည်သီးပါမည်၊ ဖူးချိန်တန်ဖူး၍ ပွင့်ချိန်တန် ပွင့်ကြ သီးကြသည်များမှာ သဘာဝကျလှသည့် လောကဓမ္မတာများပင် မဟုတ်ပါလော။

ဆိုရေးရှိလာပါ၍ ဆိုပါရစေ၊ အကြင်စာရေးဆရာသည်-

- ကြည့်မြင်တတ်သောမျက်စိလည်းရှိသည်၊
- မှတ်သားတတ်သော ဝါသနာလည်းရှိသည်၊
- ကြည့်မြင် မှတ်သားရသော အရာလည်း ရှိသည်ဆိုပါလျှင်၊
- ခံစားပါမည်။

ထိုခံစားမှုမှအရင်းတည်၍ စာဖြစ်လာပါမည်၊ ထိုစာသည် မည်သည့်အသွင် ဟန်ပန်လက္ခဏာကို ဆောင်မည်နည်း မသိနိုင်သေး၊ မျက်မှောက်ခေတ်နှင့် အံဝင်ခွင်ကျဖြစ်မည်လော မဖြစ်မည်လော မသိနိုင်သေး၊ ချီးမွမ်းဖွယ်လော ကဲ့ရဲ့ဖွယ်လော မသိနိုင်သေး။ သို့သော်လည်း စာရေးဆရာသည် သူမြင်တွေ့ခံစားရသည်များကို.တဦးတည်း ခံစားလေ့မရှိသည့်အလျောက် စာဖတ်သူများအားလဲ အမျှဝေ၍ ခံစားစေပါမည်။ သူမြင်တွေ့ရာဆီသို့ဖိတ်ခေါ်သွားပါမည်။

ဆိုပါရစေဦး စာရေးဆရာတို့၏ပြုမှုမှုသည် ကဲ့ရဲ့ဖွယ်ဖြစ်၍ မရေးနှင့်ဟုတားသော်လည်း ရကောင်းမှရပါမည်။ စာဖတ်သူများ၏ **အကျိုး** ကိုမြင်က အမုန်းခံ၍ရေးလိမ့်မည်သာ။ တဖန်လည်း ချီးမွမ်းဖွယ်ဖြစ်၍ ရေးပါဟု တိုက်တွန်းသော်လဲ ရေးကောင်းမှရေးပါမည်။ **အပြစ်**မြင်ကအရှုံးခံ၍ လက်ရှောင်လိမ့်မည်သာ၊ စင်စစ်အားဖြင့် စာရေးဆရာတို့သည် ''ယုံကြည်ချက်ဖြင့်အသက်ရှင်နေသူတို့သာဖြစ်သည်'' ဟု ညွှန်းဆိုပါရစေ။

တကြိမ်ဆိုခွင့်ပြုပါဦး၊ စာရေးဆရာသည် ကျိုးပြစ်နှစ်ပါးနှင့် မုန်းချစ်နှစ်ပါးတို့တွင် အကျိုးကိုချည်း ရသည်မဟုတ်ပါ၊ ချစ်ခင်မှုကိုချည်း ရသည်မဟုတ်ပါ။ အပြစ်နှင့် အမုန်းကိုလဲ ခံယူရသည်သာဖြစ်ပါသည်။

သို့သော်လည်း စာရေးဆရာတို့သည် လောကကို စေတနာအလှူဆင်သူတို့ပါ၊ မေတ္တာအလှူဆင်သူတို့ပါ၊ စာကောင်းမှု မကောင်းမှုနှင့် စာဖတ်သူတို့အား အကျိုးပြုမပြုမှာ စာရေး

ဆရာ၏ အားထုတ်မှုဒ္ဓ မှုတည်ပါသည်။ ထိုအားထုတ်မှုတွင် စေတနာ မေတ္တာ ပါဝင်သည့်အလျောက် အကျိုးပြုပါမည်။ စာရေးဆရာသည် အကျိုးပြုစာပေကို ရေးသင့်သည် မဟုတ်ပါလော။

မိမိ(ဤအရှင်)သည် အထက်တွင် ဆိုခဲ့သည့် အကြောင်းလေးပါး ဆုံဆည်းမှုကြောင့် ဤစာ ရေးဖြစ်ပါသည်။ဤသို့ရေးရာတွင်စာဖတ်သူများ၏အကျိုးကိုမျှော်ကိုး၍ရေးပါသည်။ ဤအတိုင်းဟုတ်ကြောင်း ဆိုခွင့်ပြုပါ။

မိမိသည် ချစ်စွာသောညီမောင် သေဆုံးရမှုကြောင့် ကြီးစွာသံဝေဂ ရပါသည်၊ "ဆုံးရှုံးမှုတခုသည် ဆုံးရှုံးမှု များစွာကို ဖြစ်ပေါ်စေတတ်ပါသည်" မိမိသည် လက်မြှောက် အရှုံးပေးရသည့်အခြေ မရောက်စေရန် ကျားကုတ်ကျားခဲ အားထုတ်ခဲ့ရပါသည်။ အားထုတ်မှု မှန်ကန်၍သာ တွေ့ကြုံ ခံစားရသောဆင်းရဲအပေါင်းမှ သက်သာခွင့် ရခဲ့ပါသည်။

မိမိကဲ့သို့ပင် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ဆင်းရဲကြုံရသူများရှိပါမည်။ ထိုသူတို့သည် အရှုံးမပေး လက်မမြှောက်ပဲ ဗုဒ္ဓရှင်တော်မြတ်၏ သတိပဋ္ဌာန်နည်းဖြင့် တိုက်ပွဲဝင် အနိုင်ယူကာလူ့ဘဝတွင် ပျော်ရွှင်စွာနေ၍ လောကကို စေတနာ အလှ၊ မေတ္တာအလှ ဆင်ကြရန် ရည်စူးပါသည်။

ဟုတ်ပါသည်၊ လူသားတိုင်း လောကကို အလှဆင်ရန် တာဝန်ရှိပါသည်၊

ရက်ပေါင်း ကိုးဆယ်– ခ

— စစ်သားသည် ပြည်သူအတွက် အလှုဆင်ရန် တာဝန်ရှိပါသည်။
— နိုင်ငံသားသည် နိုင်ငံတော်အတွက် အလှုဆင်ရန် တာဝန်ရှိပါသည်။
— စာရေးဆရာသည်စာဖတ်သောပြည်သူများအတွက် အလှုဆင်ရန် တာဝန်ရှိပါသည်။
— ပြည်သူ့ဆွမ်းကို စားသော ရဟန်းသည် ပြည်သူငြိမ်းချမ်းရန်အတွက် အလှု ဆင်ရန် တာဝန်ရှိပါသည်။

**စစ်သား၊နိုင်ငံသား၊စာရေးဆရာ၊ရဟန်း** တို့သည် အသီးသီး တာဝန်ကိုယ်စီရှိကြသည်သာဖြစ်ပါသည်။ မိမိသည်–နိုင်ငံသားလည်းဖြစ်သည်၊ စာရေးသူလည်း ဖြစ်သည်၊ ရဟန်းလည်းဖြစ်သည် ထို့ကြောင့်နိုင်ငံအေးချမ်းသာယာ၍ ပြည်သူတို့နှလုံးစိတ်ဝမ်း ချမ်းမြေ့စေရန် တာဝန်ရှိသည်ဟု ခံယူပါသည်၊ဟုတ်ပါသည်။ မိမိစားသုံးရန် ပြည်သူ့ထံမှ ဆွမ်းရသည်၊ ဝတ်ရန်သင်္ကန်းရသည်၊ နေရန်ကျောင်းရသည်၊မှီဝဲရန်ဆေးဝါးရသည်၊ စီးရန် ယာဉ်ရထားလည်းရပါသည်၊ စင်စစ် ဤအရာများသည် ပြည်သူ ကြည်ဖြူ၍ ရခြင်းဖြစ်ပါသည်။ ထိုပြည်သူတို့အား မိမိစွမ်းရာဘက်မှ ကျေးဇူးဆပ်၍ တုံ့ပြန်ပါသည်။

မိမိသည် ၁၃၄၁-ခုနှစ်၊ ဝါဆိုလ( ၉-၇-၇၉ )က ရိပ်သာဝင်ခဲ့သည်။ ယောဂီလုပ်ငန်းလုပ်၍ တရား အားထုတ်ပါသည်၊

ထိုအခါ"**ယောဂီဦးသုစိတ္တ**"အမည်ရခဲ့ပါသည်၊ ဤစာအုပ်သည် "ယောဂီဦးသုစိတ္တ"၏ ယောဂီဘ၀ မှတ်တမ်းမှ အခြေခံ၍ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်၊ သို့ရာတွင် ယောဂီ ဘ၀ကို ဖြစ်ပေါ်စေသော အကြောင်းများမှ စတင် ရေးထားပါ၍ ရိပ်သာမ၀င်မီ အကြို ကာလကိုလည်း ဖတ်ရှုရပါမည်။

ဤ ရက်ပေါင်းကိုးဆယ် ရိပ်သာ၀ယ်သည် မှတ်တမ်းသက်သက်မျှ မဟုတ်ပါ၊ ဖတ်ချင့်စဖွယ် ဗဟုသုတ ဖြစ်ဖွယ်အချက်အလက်များဖြင့် **၀တ္ထုဟန်မှတ်တမ်း** ဖြစ်ပါသည်။ ပါ၀င်သော အချက်အလက်များကို အမှန်တို့ချည်းဖြစ်နိုင်ရန် ကြိုးပမ်းထားပါသည်။ မိမိ၏ကြိုးပမ်းမှုသည် စာဖတ်သော ပြည်သူတို့အား တစုံတရာ အကျိုးပြုသည် ဆိုပါလျှင် မိမိအတွက် ပင်ပန်းမှုဟူ၍ မရှိတော့ပါ။ ဤစာ၌ ဖြည့်စွက်အပ်သောအရာ၊ နုတ်ပယ်အပ်သောအရာများ တွေ့မြင်ပါက မေတ္တာဖြင့် ထောက်ပြလိုပါသည်။ မေတ္တာဖြင့်ခံယူ၍ ပြုပြင်ပါမည်။

မေတ္တာဖြင့်....

နုတ်မောက်

**အရှင်သုစိတ္တသာရ**

၂၄-၇-၈၁

ချမ်းမြေ့ရိပ်သာကျောင်း

၅၅-က၊ ကမ္ဘာအေးစေတီလမ်း၊

ကမ္ဘာအေးစာတိုက်၊ ရန်ကုန်မြို့။

ရက်ပေါင်းကိုးဆယ် ရိပ်သာဝယ်

# ရှုဖွယ်မာတိကာ

## အပိုင်း ၁


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပျဉ်းမနားဆေးရုံပေါ်ဝယ် | .... | ၃ |
| ၂။ | နမော တဿ ရသေးလား | .... | ၆ |
| ၃။ | မြင်ကွင်းဆိုး | .... | ၉ |
| ၄။ | ဆုမတောင်းလင့် | .... | ၁၃ |
| ၅။ | ယနေ့ ဆွာမှခွါတယ် | .... | ၁၆ |
| ၆။ | ဘဝခရီးသည် | .... | ၂၁ |
| ၇။ | နာဘူးသောတရား | .... | ၂၃ |
| ၈။ | ဘဝအဏ္ဏဝါ | .... | ၂၄ |
| ၉။ | ရေမြည်းသင့်မှ နယ်ချန်သို့ | .... | ၂၇ |
| ၁၀။ | အလှူများသည့်မင်း | .... | ၂၉ |
| ၁၁။ | ကေဟုမတီဆီသို့ | .... | ၃၁ |
| ၁၂။ | ဓာတုကလျာရတု | .... | ၃၃ |
| ၁၃။ | ရွှေစာလုံးနှင့်မြင်ကွင်းသစ် | .... | ၄၃ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ငြိမ်သက်ဖြေးဖြေး | ၄၉ |
| ၁၅။ | မဟာစည်အလုပ်ပေးတရား | ၅၁ |
| ၁၆။ | ယောဂီဟူသည် | ၅၃ |
| ၁၇။ | တဖာလုံခရီး | ၅၅ |
| ၁၈။ | ဒီအာရုံ ဘယ်ပုံရှုရပါ | ၅၈ |
| ၁၉။ | တန်းတူတွေ့ယှင် | ၆၃ |
| ၂၀။ | သတ္တမနေ့ | ၆၇ |
| ၂၁။ | အိုအရှင်မ ဝိသာခါ | ၇၀ |
| ၂၂။ | နင်လားဟဲ့လောဓိ | ၇၃ |
| ၂၃။ | ဇွဲကိုမူတည် အောင်ရမည် | ၇၈ |
| ၂၄။ | စိတ်အမျိုးမျိုး | ၈၆ |
| ၂၅။ | ဘုရားအဆူဆူ တည်တော်မူ | ၈၉ |
| ၂၆။ | ချမ်းမြေ့ဆရာတော်ကြွလာပြီ | ၉၁ |


## အပိုင်း—၂


| | | |
|---|---|---|
| ၂၇။ | ယောဂီကျင့်ထုံးအကုန်လုံး | ၉၈ |
| ၂၈။ | မိတ်ဆွေကောင်း | ၉၉ |
| ၂၉။ | ထန်းလျက်သုံးလုံးနှင့်သျှစ်သျှားသီး | ၁၀၀ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၀။ | ရွှေနှင့်မြေက ရယ်ကြသည် | .... | ၁၀၂ |
| ၃၁။ | မဟာစည်ဆရာတော်ကို ဖူးရပြီ | .... | ၁၀၂ |
| ၃၂။ | ကြာသကိန်းကို သိသလား | .... | ၁၀၆ |
| ၃၃။ | သိမ့်သိမ့်တုန်သည့် ဖလ်ယဉ်ဓမ္မာရုံ | .... | ၁၀၇ |
| ၃၄။ | မဟာစည် ထေရုပ္ပတ္တိ | .... | ၁၀၉ |
| ၃၅။ | ဖောင်းပိန်အစောဆုံးဟောသူ သိသလား | .... | ၁၁၃ |
| ၃၆။ | ချမ်းမြေ့ဆရာတော်၏ ဓမ္မဒူတတရား | .... | ၁၁၄ |
| ၃၇။ | ဂျပန်ဗုဒ္ဓဘာသာ | .... | ၁၁၅ |
| ၃၈။ | စကားပြောသောဝါး | .... | ၁၁၇ |
| ၃၉။ | အင်္ဂလန်နိုင်ငံ | .... | ၁၂၂ |
| ၄၀။ | ချမ်းမြေ့ဆရာတော်၏ တနေ့တာလုပ်ငန်း | .... | ၁၂၅ |
| ၄၁။ | မိခင်စာပေ | .... | ၁၂၆ |
| ၄၂။ | ချဉ်ဟင်းဋီကာအမှန်း | .... | ၁၃၂ |
| ၄၃။ | သူတို့ဆိက်ယောဂီများ | .... | ၁၃၅ |
| ၄၄။ | မေတ္တာအကြောင်း | .... | ၁၄၂ |
| ၄၅။ | ဝါဆိုသင်္ကန်းအလှူ | .... | ၁၄၃ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၆။ | ရိုပ်သာမှာ | .... | ၁၄၇ |
| ၄၇။ | တရားလျှောက်လျှင် | — | ၁၄၉ |
| ၄၈။ | ခိုးမိလေသောအခါ | — | ၁၅၁ |
| ၄၉။ | ဝါခေါင်လကွယ် | .... | ၁၅၃ |
| ၅၀။ | လက်တွေ့ပျောက်သွားပြီ | — | ၁၅၉ |
| ၅၁။ | ဆောင်းပါးတပုဒ် | .... | ၁၆၁ |
| ၅၂။ | ယင်းမာကြိုင်သင်း | — | ၁၆၇ |
| ၅၃။ | ချမ်းမြေ့ကြည်ဖြူ | .... | ၁၆၉ |
| ၅၄။ | ဗိသုကာယောဂီဦးဇင်းဖုံးကို | — | ၁၇၃ |
| ၅၅။ | ကုသိုလ်ရှင်အမျိုးသမီး | .... | ၁၇၄ |
| ၅၆။ | ပူသဘော-အေးသဘော | — | ၁၇၆ |
| ၅၇။ | ယောဂီရယ်-ချိုးရယ် | — | ၁၇၉ |
| ၅၈။ | လပြည့်နေ့မှာဆုံကြတယ် | — | ၁၈၃ |
| ၅၉။ | ဣရိယာပုထ်လေးပါးစုံသွားပြီ | — | ၁၈၇ |
| ၆၀။ | အမှောင်လမ်းမှာစမ်းတဝါးဝါး | .... | ၁၉၅ |
| ၆၁။ | ကံကောင်းတဲ့ ဆောင်းပါး | — | ၂၀၀ |
| ၆၂။ | သမ္မတနှင့်ဘိုးသက်ရှည် | — | ၂၀၁ |
| ၆၃။ | သက်ရှင်းတောသူ | — | ၂၀၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆၄။ | ဘုရားဖက်ယင် အသက်ရှည်တယ် | .... | ၂၀၅ |
| ၆၅။ | ဘုန်းကြီးဦးဇနဝတရား | .... | ၂၀၇ |
| ၆၆။ | ပြည်ထောင်စုရိပ်သာမှအပြန် | .... | ၂၁၁ |
| ၆၇။ | အဖိနိပ်ခံဘဝ | .... | ၂၁၂ |
| ၆၈။ | လကွယ်ကာလမိုးမှောင်ကျ | — | ၂၁၃ |
| ၆၉။ | နှစ်သက်ဖွယ် | .... | ၂၁၆ |
| ၇၀။ | ကျိုးရှိဟုတ်မှန် | — | ၂၁၉ |
| ၇၁။ | ၂၄-နာရီယောဂီ | .... | ၂၂၁ |
| ၇၂။ | အရွယ်စုံ | — | ၂၂၆ |
| ၇၃။ | ဆရာမောင်အိမ်သို့ | .... | ၂၂၇ |
| ၇၄။ | တံတားအလှူရှင် | .... | ၂၃၀ |
| ၇၅။ | ဦးဘညိန်သားအိမ်သို့ | .... | ၂၃၁ |
| ၇၆။ | စံကျောင်းအလှူရှင် | .... | ၂၃၂ |
| ၇၇။ | လူတိုင်းအတွက် | .... | ၂၃၇ |
| ၇၈။ | ဖြစ်ရလေသမီးရယ် | .... | ၂၃၈ |
| ၇၉။ | မိဘထံမှစာတစောင် | — | ၂၄၀ |
| ၈၀။ | စကြိံအရသာ | .... | ၂၄၄ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## အပိုင်း—၃


| | | | |
|---|---|---|---|
| ၈၁။ | ဆီမီးသစ်ပင် ပန်းနုမြင်က | .... | ၂၄၈ |
| ၈၂။ | ဉာဏ်စဉ်တရား | .... | ၂၅၅ |
| ၈၃။ | ဉာဏ်စဉ်နှာပြီးကာလများဝယ် | .... | ၂၆၀ |
| ၈၄။ | ဘုရားမှတပါး မဆုံးဖြတ်ကောင်း | .... | ၂၆၁ |
| ၈၅။ | နမူနာတခု | .... | ၂၆၃ |
| ၈၆။ | တရားရလျှင် မခိုး၊ မလိမ်၊ မကြောက် | .... | ၂၆၆ |
| ၈၇။ | လင်မုဆိုး မယားသောတာပန် | .... | ၂၆၇ |
| ၈၈။ | ကမ္ဘာပျက်ခါနီးမှ လူဖြစ်ရ | .... | ၂၇၉ |
| ၈၉။ | သတိပဋ္ဌာန်သည်သာ | .... | ၂၈၂ |
| ၉၀။ | ဆည်းလည်းသံသာ ကမ္ဘာအေးမှာ | .... | ၂၈၆ |
| ၉၁။ | ရက်ပေါင်းကိုးဆယ် ချမ်းမြေ့ဝယ် | .... | ၂၉၃ |
| ၉၂။ | ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒမှာတမ်းစကား | .... | ၂၉၅ |
| ၉၃။ | ယောဂီနှင့်စာ စာနှင့်ယောဂီ | .... | ၃၀၀ |
| ၉၄။ | စာပေခရီးလမ်းတလျှောက် | .... | ၃၀၄ |

## ပြင်ဆင် ဖတ်ရှုပါရန်

| ရှိရင်း | ပြင်ဖတ်ရန် | စာမျက်နှာ | ကြောင်းရေ |
|---|---|---|---|
| ရင်နှယ် | ရင်နှလုံး | ၅ | ၂၂ |
| ချောက်နေပြီ | ခြောက်နေပြီ | ၉ | ၆ |
| ချောယ်ခြား | ချောက်ချား | ၉ | ၁၇ |
| ခုဝံ | ခုဝံ | ၁၂ | ၁ |
| ၅-ပင် ၂ ပင် | ၅-ပင် ၄-ပင် | ၄၄ | ၈ |
| အစ၏အစ | အစ၏အစစ် | ၅၀ | ၁၅ |
| ရိပ်သ | ရိပ်သာ | ၅၃ | ၄ |
| အဖွဲ့ | အဖွဲ့ဥက္ကဋ္ဌ | ၅၃ | ၄ |
| ခိုင်ကျဥ်သော | ခိုင်ကျည်သော | ၇၈ | ၁၆ |
| စစ်ဗိုလ်လောင်း | စစ်ဗိုလ်ကောင်း | ၈၀ | ၉ |
| ရိပ်သိမ်း | ခပ်သိမ်း | ၈၂ | ၂၂ |
| ပေးမနေရာကား | ပေးနေရာ | ၈၅ | ၁၅ |
| ထင်တော့၏ | ထင်ရတော့၏ | ၈၈ | ၁၆ |
| ကြွလာသည် | ကြွကြွသည် | ၁၃၄ | ၄ |
| တွက်သျှင် | တွက်လျှင် | ၁၃၆ | ၅ |
| ဦးစထိပ်မှာ | ဦးထိပ်မှာ | ၁၄၀ | ၈ |
| ပေါ်၍ပေါ်လာ | ပေါ်ပေါ်လာ | ၁၈၆ | ၃ |
| ဆုပေးပါသည် | ဆုပေးပါသည့် | ၂၀၀ | ၁၅ |
| နှလုံးအေးစွာနေ | နှလုံးစိတ်ဝမ်း | ၂၁၀ | ၁၄ |
| ပါမူအလွန် | ပါမူအဟောသုခံ | ၂၁၈ | ၇ |
| ဘာသာတရား | သဘောတရား | ၂၂၅ | ၄ |
| တိုက်ကြီး | တိုက်ကြီးကြီး | ၂၂၈ | ၂ |
| စပ်လျဥ်း | စပ်လျှင် | ၂၄၄ | ၃ |
| ဒလစပ် | ဘရစပ် | ၂၄၇ | ၁၀ |
| အာရောဂျ | အရောဂျ | ၂၄၇ | ၁၂ |
| နဒီသောသော | နဒီသောတော | ၂၅၁ | ၁၉ |

MAY 1979
19th SATURDAY

၁၃၄၁ ခု၊ ကဆုန်လဆုတ် ၉ ရက် စနေ။

မဟာစည်သာသနာ့ရိပ်သာသို့ရောက်ခြင်း။

ဒေါ်ခင်ကြည်နှင့်မြေးနှင့်ကမှာ မဟာစည်ဆရာတော်
ဘုရားဖူးနှင့်တကွ ကမ္ဘာ့သာသနာပြု ပါဘွဲ့ပေးသော
ချမ်းမြေ့ရိပ်သာ ဆရာတော်ကျော်ဓမ္မ ရနကာဘိဝံသ
ကျောင်းအပ်နှင်းခံရသော ဆောင့်ရောက်ပေးခဲ့ရသည်။
ဒီကတည်းက လိုက်ပို့သော စင်နှင့်ချမ်းမြေ့
ရိပ်သာသို့ ရောက်ပြီ၊ မဟာစည်ရိပ်သာတွင်
ဝါဆိုဖို့ ပေါက်ဝင်လျှောက်ထားစီးကျောက်ရာ-
တာဝန်ယူပါသည်။
လာပြုတဲ့နေ့မှာ ရာသီကြိုလ ဆုတ်ရက်
နေ့ဖြစ်သည်။ သမိုက်နှင့် အိပ်ရာလိပ်အပြီး
ရှိမှာသည်။ ထိုနောက် 'လာမှမိကောင်တော့
လာခဲ့ပါ" ဟု မှာလိုက်သေးသည်။
မိမိသည် သေချာစွာ ဘုံးဖြတ်ပြီးမှ
တိုင်ပင်ပြောဆိုခြင်းဖြစ်ရာ မလာဖြစ်ရာ
ဖို့ပြ၊ မဟာစည် သည်ပြည်တွင်းပြည်ပ
ကျော်ကြားသည်ပြင်၊ ထေရ်များ၊ ဆရာ
တော်ကြီးများ နှင့်ဝေဖန်ခြင်း သည်
အုံးသုံးမှု တရားပင်ဖြစ်သည်။

မိမိသည် ဝေ-ပါး-သော ရောဂါ၏
တိုင်း သေဘောကျ ထိပါးလာ့ခဲ့ရသည်၊ ထို
သေဘောမှ လွတ်အောင် သော၊ သောလည်သောင်း၊
ကား ကမ္မဋ္ဌာန်း ကပ် လှလေပြီ၊ တောင်း
ဝေးရာ ကိုရှာဖွေရန် ယခု၊ ဘုံး ဖြတ်သည်။

# ရက်ပေါင်းကိုးဆယ် ရိပ်သာဝယ်

---

## အပိုင်း—၁

# ရက်ပေါင်းကိုးဆယ် ရိပ်သာဝယ်

**ပျဉ်းမနားဆေးရုံပေါ်ဝယ်** တရက်, နှစ်ရက်, သုံးလေးရက် နှင့် ရက် သတ္တပတ်ပင် ရှိသွားလေပြီ။ မိမိသည် စိုးရိမ်စိတ်၏ လွှမ်းမိုးမှုကြောင့် စိတ်မငြိမ်၊ စိတ်မငြိမ်၍ ဆိုနေကြဘုရားရှိခိုးကိုပင် မှန်အောင်မဆိုနိုင်တော့၊ ဦးချခြင်းဖြင့်သာ ရှိခိုးမှုကို အဆုံးသတ်ခဲ့ရတော့၏။

မနက်ဆွမ်းကိုကသုတ်ကသက်ဘုဉ်းပေးပြီးသော် ပျဉ်းမနားသို့ကြွရပြန်သည်၊ မိမိ၏ညီတော် မောင်ပဉ္စင်းသည် ပျဉ်းမနား သံဃာ့ဆေးရုံ၌ တက်ရောက်ကုသနေသည်။ သံစူး, ဖျားနာ, ခါးနာ, ခေါင်းကိုက်, ကြိုက်လှသည့် ဒူးရင်းသီးကို စားပြီးချိန်မှ ဖြစ်သော သွေးထွက်ရောဂါ=ခေတ်အခေါ်အားဖြင့်မူ 'သွေးကင်ဆာ' ထိုရောဂါ ပျောက်နိုးနိုးဖြင့် ဆေးရုံတက်ခြင်းဖြစ်သည်။

ပျဉ်းမနား သံဃာ့ဆေးရုံသည် ကျွမ်းကျင်သော ဆရာဝန်များရှိသဖြင့် ရှင် လူ ရဟန်းတို့ အားကိုးကြသည်။ ရန်ကုန်-မန္တလေးသို့မသွားနိုင်သော နယ်မှလူနာများဆိုလျှင် ပျဉ်းမနားကိုသာ လာရောက် ကုသခံကြသည်။

မိမိ၏ညီမောင် ဦးဝါသဝမှာ ဆွာမြို့ဥယျာဉ်ကျောင်းတွင် ကျောင်းထိုင်သည်၊ ထိုကျောင်းထိုင်ရန် တိုင်ပင်စဉ်က ဆန္ဒတူခဲ့သဖြင့် မိမိမှာ တာဝန်ရှိနေသည်။ ထို တာဝန်အလျောက် ညီမောင် ပင့်ခေါ်တိုင်း ဝိုင်းဝန်းကာ ကူညီ စောင့်ရှောက်ခဲ့ရ၏။ ယခုနှစ်တွင်မူ စောင့်ရှောက်မှု ပြီးဆုံးပြီ။ ကျောင်းထိုင်သက်လည်းရလာ၍ နေရင်းရန်ကုန်သို့ ပြန်ကြွမည်ဟု စီစဉ်ထားခဲ့၏။ ထိုအစီအစဉ်ကိုပြောပြရန် ဆွာသို့ တကျော့ ပြန်လှည့်ခဲ့သည်တွင် ညီမောင်မှာ သွေးကင်ဆာဖြင့် ဆေးရုံ တက်နေရရှာသည်။

" ညီမောင်....ကျန်းမာရေး ဘယ်လို နေသလဲ "

" ကောင်းလာပါပြီ .. သွေးလဲ မထွက်တော့ဘူး "

" ဟုတ်လား....ဒီလိုဆို ဟန်ကျတာပဲ၊ ဦးဇင်းတရားဝင်ဖို့ စီစဉ်ခဲ့တယ်၊ ရောက်စကတော့ ညီမောင့်ကျန်းမာရေးကြောင့် မပြောရက်ခဲ့ဘူး၊ ရန်ကုန်ပြန်ပါရစေတော့ကွာ.... "

ညီမောင်က တော်တော်နှင့်စကားမပြန်၊ စဉ်းစားနေသည်။ တဝီဝီ လည်နေသောပန်ကာကို ကြည့်လျက် ညီမောင့်စိတ်များ ယောက်ယက်ခတ်နေပုံ ရသည်။ မိမိမှာလည်း တရားဝင်ရန်အချိန်မမှီမည်ကို စိုးရိမ်နေမိသည်။ ညီမောင်၏ ကျန်းမာရေး ပိုဆိုးသွားမည်ကိုလည်း စိုးရိမ်ရပြန်သည်။

" ပြန်တော့ပြန်တာပေါ့၊ ဒီဆေးရုံက ဆင်းအောင် စောင့်ပါဦး "

ဤ အဖြေကြောင့် ဉယျာဉ်ကျောင်းကို စောင့်ရှောက်ရပြန်သည်။ ညီမောင် ဆေးရုံမှဆင်းသည်အထိ စောင့်ရပေဦးမည်။ 'သွေးကင်ဆာရယ် ပျောက်ပါတော့၊ မြန်မြန်သာ ပျောက်လိုက်စမ်းပါတော့'ဟုလည်း ဦးချတိုင်း ဆုတောင်းမိပြန်သည်။ သို့သော် ကံကြမ္မာမုန်တိုင်းက ရိုင်းလာလေပြီ။ သွေးများသည် လျှာဖျားမှ လည်းကောင်း၊ သွားဖုံးခြေမှ လည်းကောင်း ယိုစီး ကျနေသည်။ နှုတ်ခမ်းမွေးပေါက်နှင့် ကျင်စွယ်မွေးညှင်းပေါက်တို့မှလည်း စိမ့်၍စိမ့်၍ထွက်နေသည်။ ရံခါ အတုံးအခဲများ အန်ကုလာတတ်သည်။ ဆေးရုံမှ ဆင်း၍ မြန်မာဆရာနှင့် ကုသသောအခါ ပိုဆိုးလာသည်။

တောင်ကြီးဖြစ်ဖြစ်၊ ရန်ကုန်ဖြစ်ဖြစ် လိုက်ခဲ့ပါဟု ခေါ်သော်လည်း ညီမောင်က ငြင်းသည်။ ထိုအခါ 'ကဲ....ရှိပစေ၊ ငါ့တာဝန်ကုန်ပြီ ကံအတိုင်းသာ ဖြစ်လိမ့်မည်'ဟု စိတ်တိုးတုံး ချလိုက်တော့၏။

သွေးကင်ဆာဖြစ်ပြီး သွေးလည်း နေ့စဉ်ပင် နို့သိဗ္ဗူး လေးလုံးခန့် ထွက်နေသူအား ပဲကြီးလှော်ကျွေးခြင်း၊ ရေဘဲသီးထောင်း မာတ်စာကျွေးခြင်းဖြင့်ကုသ၏၊ ထိုနှစ်ခုသည်အပူစာ၊ ရာသီကလည်း နယုန်လ အပူများချိန်၊ အပူရာသီတွင် အပူစာ ကျွေး၍ကုသလေသောအခါ သွေးတို့သည် နေ့စဉ်ပင်ထွက်အားကောင်းနေပါသည်။ ညဉ့်အခါတွင်မူ သနပ်ခါး ကရမက် နံ့သာ ရေတို့ဖြင့် လိမ်းကျံပေးကြပြန်၏။ မိမိမှာ နားမလည်ပါ။

တညတွင်မူ ညီမောင်သည် ထိတ်လန့်ဖွယ်ကြုံခဲ့ရ၏။ ရင်နှယ်တုန်လျက် အတော်ပင် စိုးရိမ်ခဲ့ရ၏။ ထိုညက တညလုံး မအိပ်

တော့၊ ညီမောင်မအိပ်၍ မိမိလည်း မအိပ်ရတော့၊ အမျိုးမျိုး အားပေးရ၏။ နှလုံးပူ၍ စိတ်ပူသည်။ ထိုသို့ ရုပ်တရား နာမ် တရား အပူများသောအခါ သွေးမှာ ပိုမို ထွက်လာသည်။ စကားများစွာ ပြောသည်၊ ညီအစ်ကိုချင်းသာ သိရမည့်စကား များပြောသည်။ 'မကြာခင် သေရမည်'ဟုဆိုကာ ကျောင်း ထိုင်ရန်အပ်တော့၏။ အစီအစဉ်မရှိ၍လက်မခံ၊ငြင်းပယ်လိုက်၏။ ကျန်းမာ တောင့်တင်းလှသော ညီမောင်သည် မသေနိုင်ဟု မိမိယူဆထား၏။ နောက်ရက် မွန်းတည့်ချိန်တွင်မူ ညီမောင် သိက္ခာချ၍ လူထွက်၏။ 'ထွက်ယင်ထွက်၊ မထွက်ယင်သေမည်'ဟု ဥပါဒါန် ကပ်နေသောကြောင့်ပင် ဖြစ်သည်။ သူသည် ဗေဒင် တတ်၏။ ထိုဗေဒင်အရဟုလည်း ပြော၏။

ပုဆိုးအင်္ကျီ ဝတ်ပြီးသောအခါ မိမိမှာ ပိုမို ဝမ်းနည်းရ တော့၏။ အခြေအနေကလည်း ဆိုးလာရာဆေးရုံမှ ဆရာဝန်ကို ခေါ်ကာ စစ်ရ ဆေးရပြန်၏။ ပြီးလျှင်မူ ဆွာဆေးရုံသို့ တင်လိုက်ရပါသည်။ ကလေးပုခက်ကြီးတွင် ကြိုးတန်းလန်းနှင့် လျှို၍ ထမ်းပို့ကြ၏။ မိမိမှာ ရင်လေးလှ၏။ မြင်ကွင်းက မကောင်းလှ။ ဆေးရုံရောက်သော် ဆူညံသော ပရိသတ်မှာ တိတ်ဆိတ်သွား၏။ တိတ်ဆိတ်ခြင်းမှာ ချောက်ချားဖွယ်ပင် ကောင်းလှ၏။

**နမော တဿ ရသေးလား** ဆရာဝန်နှင့် ဆေးရုံ အမှုထမ်း တို့က စွမ်းအားရှိသရွေ့ကုသကြ၏။

ပထမ Solu cortef ဖြေဆေးထိုးသည်။ ဒုတိယ သွေးသွင်းရန်

ပြင်ဆင်သည်။ သွေးတပုလင်းကုန်သော် ညီမောင်၏ဖြူရော်ရော် နှုတ်ခမ်းများ ပန်းနုရောင် သမ်းလာသည်။ အားရှိ၍ စကား ပြောနိုင်လာပြီ။

"ဆေးရုံကို ဘယ်အချိန် ရောက်မှန်းမသိဘူး၊ ကျောင်းနဲ့ ဆေးရုံကူးတော့ အနှံ့ ရောက်တယ်။ တောတွေ တောင်တွေ ကော၊ မြို့တွေကော၊ ရွာရော ပျော်လိုက်တာ...."

အတည်လား ရယ်စရာလား မပြောတတ်။ ညီမောင့် စကားက စဉ်းစားစရာဖြစ်လာသည်။ သွေး ၂-ပုလင်းသွင်းပြီး သော် ဆေးရုံရက် ၂-ရက် ရလာပြီ။ ရယ်ကာ မောကာဖြင့် ဝမ်းသာကြရတော့၏။ ထိုအခါမှပင် ညီမောင်အား ဝိုင်း၍ ငေ့ကြတော့၏။ 'ဝါဆိုခါနီးမှပဲ ရဟန်း ပြန်ခံပါ၊ လူ့ဘဝမှာ ပျော်လိုက်အုံးဟော့'ဟု ပြောသူကပြော၊ ရယ်သူက ရယ်နှင့် မိမိမှာ ညီမောင်ပြုံး၍ ရင်နှလုံး ချမ်းမြေ့ရတော့၏။ ဒကာ ဒကာမများစဲသွားသော် 'ညီမောင် နမော တဿ ရသေးလား' ဟု မေးလိုက်၏။ ထိုအခါ ပြုံးရယ်ရယ်နှင့် 'ရပါတယ်' ဟု ဖြေရှာသည်။

"ကဲ....ရယင် ဆိုကြည့်စမ်း"

"ရပါတယ်ဆို"

"အင်းပါ....ဆိုစမ်းပါ"

"နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" မိမိလောက် ပျော်သူ ရှိအံ့မထင်ပေ။ လွန်စွာ အားတက်ရတော့၏။ ညီမောင်၏သွေးကင်ဆာသည်ပျောက်ပြီ၊

ဆရာဝန်အား ကျေးဇူးတင်မိ၏။ ဆေးအမှုထမ်းတို့အားလည်း ကျေးဇူးတင်မိ၏။

ကြည့်ပါဦး ညီမောင်က—

"ညက မေတ္တာသုတ်တောင် ရွတ်ပါသေးတယ်"

ဤမျှ အခြေအနေကောင်းသူသည် အဘယ်မှာ သေနိုင်လိမ့်မည်နည်း။

ယနေ့ ၁၃၄၁ ခု၊ နယုန်လဆုတ် ၈-ရက်၊ ဥပုသ်သည်များ ရောက်လာ၍ ဥပုသ် သီလ ပေးရပြန်သည်။ ညီမောင်လည်း ကျန်းမာလာပြီဖြစ်၍ ဆေးရုံက ဆင်းရတော့မည်။ ထိုအခါ ရန်ကုန်ပြန်ရမည်။ နေပြည်တော် မျှော်တိုင်း ဝေးခဲ့ရသည်မှာ ကြာခဲ့လေပြီ။ ယခုနှစ်ကား ရန်ကုန်မိုးကို ခိုရတော့မည်ဖြစ်၍ ပျော်ရပါသည်၊ သီလပေး၍ဆုံးခါနီးသော် ကြောင်တကောင်သည် ထုပ်ပေါ်တက်၍ကြွက်ခုတ်ရာ အစွန်းထိရုံသာတင်မိသော ဝါးလုံးပေါ်ကျသဖြင့် လိမ့်ကျလာသည်။ ကြွက်လည်းမမိ၊ သူ၏အားကြောင့် ပြုတ်ကျလာသော ဝါးလုံး၊ ထိုဝါးလုံး စွန်းဖြင့် ခတ်မိသောဓာတ်ကြိုး၊ ဓာတ်ကြိုးဖြင့် ချိတ်မိသွားသော ညီမောင် ဝါသဝ၏ဓာတ်ပုံမှာ ပြုတ်ကျပါလေတော့သည်။

"အို . ...."

မိမိမှာ ရင်နှလုံးခုန်၍ စိုးရိမ်ထိတ်လန့်ရတော့၏။ 'ညီမောင်ရယ် ကံကောင်းပါစေ' ဆီမီး သုံးတိုင်၊ ပန်းကြာခိုင်နှင့် ဦးတိုက်မြွက်၍ ဆုပန်ရည်မိပါသည်'။ 'ညီမောင် ကံကောင်းပါစေ'။

မြင်ကွင်းဆိုး မကြာခင်မှာပင် ဆေးရုံမှ ဒကာတဦး ရောက်လာပြီး မိမိအား ပင့်ခေါ်သည်။ ဆေးရုံတွင်မူ ညီမောင်သည် ငုတ်တုတ်ထိုင်လျက် ငိုင်တိုင်တိုင် ငေးတိငေးကြောင် စကားမေးမရ ခေါ်မရချင်တော့။

"ဘယ့်နှယ်ဖြစ်ရပြန်တာလဲဟယ် .... မနေ့က အကြည်သားပါလား၊ ကြည့်စမ်း မျက်စိကလဲ ပသာဒရုပ်တွေချောက်နေပြီ၊ ညှိုးရော်ရော်နှင့်၊ နှုတ်ခမ်းကလဲ ဖြူရော်ရော် ပြန်ဖြစ်လို့၊ သွေး ၂-ပုလင်း ဘယ်ရောက်ကုန်ပလဲ။ ဘယ်—ဘဲလ် ဘယ်မော်လီကျူးတွေက ဝါးမျိုခဲ့သလဲ သွေး ၂-ပုလင်း" ညီမောင့်အား နွားနို့ တိုက်ပေး၏။ ဆန်ပြုတ် တိုက်ပေး၏။ ၁၀-နာရီကျော်တွင် ဆရာဝန်ရောက်လာပြီး ဆေးထိုးပေး၏။ ထို့နောက် အခြေအနေဆိုး၍ ဆရာဝန်ခေါ်ကြရာ မရှိပြီ။ 'သာဂရ သွားသတဲ့'၊ 'ဆရာဝန် လက်လျှော့လေပြီ ညီမောင်ရယ်....' ညီမောင်သည် တစုံတရာ မငြိုးသော်လည်း မျက်ဖြူဆိုက်ချင်လာသည်၊ မေးထိုးချင်လာသည်၊ ပုံမတော်တော့ပါ။ ကျောင်းသို့ သယ်ရပြန်သည်။ ဆေးရုံသည် အလာကုန်းကလိုပင် ချောက်ခြားဖွယ်ရာ ကျန်ရစ်ခဲ့သည်။ "ကျောင်းတွင် ခုတင်အသင့်နှင့်ပါလား"။

ဓမ္မကထိကဆရာတော်တပါး၏ပဋ္ဌာန်းရွတ်သံကား သာယာနာပျော်ဖွယ်ရှိလှပါ၏။ ထိုတရားဆုံးသော် ဓာရဏပရိတ်ရွတ်သံပေါ်ထွက်လာသည်။ ညီမောင်ကား ခုတင်ပေါ်တွင် မေးထိုးလျက် ထွက်သက် ဝင်သက်ကို အပန်းတကြီး ရှူနေသည်။ မရဏာ

ကာလေ၊ သေခါနီးအချိန် ရောက်နေပေပြီ။ ရှင် လူ ရဟန်းတို့၏ မျက်နှာများမှာ တွေ့ကြတော့မည့် ရေဝ်ရှက်ဝါပမာ အားအင်မရှိ၊ ဆုတ်ယုတ်လျက်ရှိ၏။ မျှော်လင့်ချက် ကင်းမဲ့လျက်ရှိ၏။ တချို့ကမူ တရှုပ်ရှုပ် ငိုကြွေးနေလေပြီ။

"ငါသည် ရဟန်းဖြစ်သည်၊ ကမ္ဗဝါရွှေစာထမ်းပြီး မဂ်လမ်းကို မှန်းရှယ်သည့်ရဟန်း ဖြစ်သည်၊ ငါ၏ သက်န်းသည် အရဟတ္တဓဇထိုက်၏၊ ငါမငိုကြွေးသင့်။"

ညိမောင်သည် ဤမှာဘက် ကမ်းနှင့် ဟိုမှာဘက် ကမ်း ပိုင်းခြားပါလျှင် တမလွန်ဟူသော ဟိုမှာဘက်ကမ်းသို့ရောက်လု နီးလေပြီ၊ ကြိတ်၍ ဆုတောင်းမိ၏။ "ငါ့ညီ အသက်ရှင်ပါစေသတည်း" ....

ဖွင့်ထားသော ကက်ဆက်မှ ကြိုးအခွေတို့သည် ရုတ်တရက် အံထွက်လာသည်။ ကက်ဆက် ရပ်သွားပြီ၊ မီးကမူ လင်းဆဲပင်။ ရှင် လူ ရဟန်းတို့သည် ကက်ဆက်ဆီသို့ အနည်းငယ်မျှ လှည့်ကြည့်ပြီး 'ဖြုန်း'ကနဲ 'အုံး'ကနဲ ငိုကြလေသည်။ အသို့နည်း— ညီမောင်၏ စုတိစိတ်ကျချိန်နှင့် ကက်ဆက်ကြိုးတွေ အံထွက်ချိန် သ... တိုက်ဆိုင်၍နေသည်။ ယနေ့သည် လဆုတ် (၈) ရက်၊ အချိန်သည် ရာဟုပိုင်း၊ ညီမောင်သည်လည်း ရာဟုသား ဖြစ်သည်။ တဂျောက်ဂျောက် မြည်နေသော တိုင်ကပ်နာရီက ၆-နာရီဟု ညွှန်ပြနေသည်။

ဥယျာဉ် ကျောင်းဝိုင်းတွင် ကျီးပြိုသကဲ့သို့ လူများ ပြည့်လာသည်။ မျက်ရည်စက်လက်နှင့်ချည်းသာ ဖြစ်သည်။ ကဆုန်

လပြည့်နေ့ကမှ ကျောင်းရေစက်ချပွဲ လုပ်ခဲ့သည်။ ယခု ဘုန်းကြီးပျံပွဲ ကျင်းပကြပေတော့မည်။ ဘ၀၏ အလှည့်အပြောင်းနှင့် တစ္ဆေတစောင်းနိုင်လွန်းပုံကို ရှုမြင်သုံးသပ်နေမိသည်။ အတိတ်အကြောင်းများ တရိပ်ရိပ်ပေါ်လာသည်။ ပိတ်ကားပေါ်တွင် ရှုရသည့်နှယ် ညီမောင် သေခြင်းတွင် 'မည်သူသည် တာ၀န်အရှိဆုံးလဲ' မေးခွန်းထုတ်ကြည့်မိ၏။ အဖြေအမျိုးမျိုး ထွက်သော်လဲ နောက်ဆုံးအဖြေကမူ 'ကံ'ကုန်၍သာ-ဟု သန္နိဋ္ဌာန်ချရပါသည်။

'မရှိ'ဟူသော အသိကြောင့် ပရိဒေ၀မီး လောင်မြိုက်လာသည်။ တကယ့်အရေးတွင်မိမိသည် ဟန်မဆောင်နိုင်တော့ပါ။ ရဟန်းသာမဏပင် ဖြစ်ဘုံလျက် "စက္ခုဉ္စဒပါဒိ ဉာဏံမျက်စိ" မရှိသေးချိန်မို့ သတိလက်လွှတ် သွားပါသည်။ သို့ရာတွင် ငါသာလျှင် ဖြစ်သလော၊ မဟုတ်သေး။ ၁၅-၀၁ ၁၉-၀၁ ၂၀-၀၁တို့လဲ ဖြစ်ကြသည်သာတည်း။

"ညီငယ်ရယ် မျှော်လင့်ခြင်း အနာဂတ်၊ မွေးဖွားခြင်း ပစ္စုပ္ပန်၊ ကြွင်းကျန်ခြင်းအတိတ်၊ ဤကာလ သုံးရိပ်က ပုံရိပ်သဖွယ်ထင်ဟပ်လေဘော မေ့မရနိုင်အောင်ရှိတော့သည်"။

သေမင်းအား ငိုခြင်းဖြင့်တောင်းပန်ကြ၏။ သို့သော်အရှုံးအဖြစ်ဖြင့်သာ ထင်ရှားစေသည်။ တောင်းပန်၍ကား မရကြ၊ ပုဆိုဇဥ်သည် ရှုံး၏။ အရှုံးသည် ပုထုဇဥ်၊ ဘာများ ခြားနားလေသနည်း။

''မရဏံ မေ ဓုဝံ၊ ဇီဝိတံ မေ အဓုဝံ-ငါ၏သေခြင်းကား မြဲ၏။ ငါ၏ အသက်ရှင်ခြင်းကား မမြဲပေ။''

လူသည် မွေးဖွားပြီးနောက် သေဆုံးခြင်းမပြုမိသာရပ်တည်ခွင့်ရှိသလော။ သေခြင်းအတွက်မြဲလေလျှင်- မသေခြင်းအတွက်ကော မြဲသောသဘော မရှိသလော။ မိမိသည် ဉာဏ်မီသရွေ့ ပုစ္ဆာသုတ်၏၊ မဖြေနိုင်ပေ။

ယနေ့ နေမင်းသည် စောစီးစွာ ဝင်သွားလေပြီ။ ညပိုင်းသို့ ရောက်လေပြီ။ မည်သူတို့ စီစဉ်ကြသည် မသိ။ ခေါင်းကိုင် လူနှစ်ယောက်ရောက်လာသည်။ တင်းတိမ်များကာရံကြသည်။ သီမောင်ဝါသဝကိုယ်ပေါ်ရှိ သက်န်းများကို ဘေးသို့ဖယ်ချကြသည်။ ပြီးသော်...ပြီးသော်.... ချွန်ထက်သော ဓားဦးဖြင့် သီမောင်၏ရင်ဝကိုထိုးစိုက်လိုက်သည်။

''အို....''

မိမိသည် နှုတ်မှထိုအတိုင်း အသံထွက်သွားပြီး ရင်ထဲ၌ သည်း အေးကနဲခံစားလိုက်ရသည်။ သူတို့နှစ်ဦးသည် ဤမှာ ဘက်၌ ကျွမ်းကျင်ဟန် တူသည်။ လျင်မြန်စွာ ဆောင်ရွက် နိုင်ကြသည်။ ရင်ကို ဟက်တက်ခွဲပြီးသော် အသည်းကိုလှန်- အူကိုနှုတ်၍ ထုတ်လိုက်လေပြီ။

''အင်း''.... သေပါပြီ၊ ဒီထက်ရှင်းသောသေခြင်း မရှိပြီ၊ မရှိတော့ပါပြီ။ မကြာမီအတွင်းမှာပင် အခွေခွေသော အူတို့ သည်လည်းကောင်း၊ နီရဲသောနှလုံးသည်းပွတ်နှင့်ကျောက်ကပ်

စသော အရပ်ရပ်မှ ဝမ်းတွင်း ကလီစာတို့သည်လည်းကောင်း အိုးတလုံးနှင့်ပြည့်လေသည်။

မိမိသည် ဤလဆုတ်ည၌ ဘုရားရှိခိုးမိသေး၏လောမသိ၊ ပုတီးစိပ်မိသေး၏လော မပြောတတ်၊ မိုးလင်းလျှင်မူ အိပ်ရာ ဘေးတွင် ပုတီးစေ့များအနှံ့အပြားပြန့်ကျဲနေလေသည်။ မိမိ၏ စိတ်သည် မည်၍မည်မျှခိုင်၍ မည်၍မည်မျှ ယိုင်နွဲ့ခဲ့လေသည် မသိပေ။

**ဆုမတောင်းလင့်** လက်သမားဆရာသည် ရွှေဘော်ထိုးလိုက်၊ တူထုလိုက်နှင့် ကျောင်းအောက်တွင် ဘုန်း ကြီးအတွက် ခေါင်းပေပ်နေသည်။ ဟုတ်ပါ၏ ဥယျာဉ်ဘုန်းကြီး အတွက် ခေါင်း။

အယင်ကမူ ဤ လက်သမားဆရာသည် ညီမောင့်အတွက် စားပွဲ ကုလားထိုင်နှင့် ဗီရိုများကို ဤနေရာမှာပင် ပေပ်ဟပ်ပေး ခဲ့၏။ ယခုမူ ညီမောင့်အတွက် ခေါင်းပေပ်နေလေပြီ။ အချို့က အရိပ်ဆောက်၏။ အချို့က ပေပ်ပန်းချီရေးကြ၏။ တလားဆင်သူ လည်းပြင်သူနှင့် စည်လာပြန်ပြီ။ ဆိုင်းရောက်လာပြီ။ 'ဗေထိ ဗေထိ' မြည်အောင်တီးလေပြီ။ မြောက်မင်းအူသံလည်းပါသည်၊ မသာနဲ့ကား ကြေကွဲဖွယ်ရာ၊ ယောဉ်ကျူးကာ ပုံချင်းချ၏။ လူပျက်က ပျက်လုံးထုတ်၏။

"ဘာလဲ...အစကတော့ အေပိမိတလုံးတောင် တိုက်ဖော် မရဘူး၊ ခုမှ အမွေလာတောင်းရသလား...."

သဘင်သည်တို့ စကားသည် အတိတ်ကို ညွှန်းသလော၊ အနာဂတ်ကို ညွှန်းသလော မသိ။ ငိုပွဲလာ ပရိသတ်ကတော့ ဤအတိုင်းပင် ကြားလိုက်ရသည်။ ပြီးတော့ ဟားကြသည်။ 'သဘင်သည်၊ ကလေး၊ အရူး၊ ပညာရှိ ဤလေးဦးတို့၏စကား သည် ကာလသုံးပါးတွင် တပါးပါးသောကာလကို ညွှန်းပြ သတတ်၊ ထွန်းပြသတတ်။

ဘုန်းကြီး အမေနှင့် ဘုန်းကြီးအင်ကိုတို့ ရောက်လာပြီ။ ဟော....ငိုကြပြီ။ ထိုအခါ ကျောင်းအစ်မ၊ ဆွမ်းအစ်မ၊ သင်္ကန်း အစ်မ၊ ဆေးအစ်မတို့လည်း ရော၍ ငိုကြပြန်သည်။ ဆန်သည်၊ ဆီသည်၊ ပဲပြုတ်သည်၊ ဈေးသည်တို့ သည်လည်း ငိုပြန်ပြီ။ ရွှေသည် ငွေသည်တို့လည်း ပရိဒေဝမီး အရှိန်ဟပ်မှုကြောင့် မျက်ရည်သုတ်သူ၊ နှပ်သုတ်သူနှင့် အငိုပွဲကို နွှဲပြန်ပြီ။

ငါးရက် ထားပြီးသော် အင်္ဂလိပ်စျာပန မီး သင်္ဂြိုဟ်ကြ၏။ သုသာန်အသွား ရထားလာနေ၍ အတော်သတိထားကြရ၏။ မီးသင်္ဂြိုဟ်စဉ် ငှက်ခြေခံ ပိတ်စသည် တလွင့်လွင့် ရှိုးနေသည်။ မကြာမီ လူအများ ဝိုင်းအုံလာပြီး လုကြ၏။ ဆွဲကြ ဖြဲကြ ယူကြ ငင်ကြနှင့် တပိုင်းရသူ၊ တစရသူနှင့် ပူသူမရှိတော့ပြီ။ ပြုံးကြ၊ ရွှင်ကြ၊ ရယ်မောကြတော့သည်။

အေပိစီလူသူတော့ ဘာရသည်မသိ၊ ငိုနေဆဲပင်လော၊ ရယ်နေပြီလော မသိရ။

ငါ၏ခေါင်းမှာ နောက်ကျိနေသည်။ ဖြစ်များဖြစ်နိုင်မည် ဆိုပါလျှင် ရွှေတိဂုံယင်ပြင်ပေါ်၌ အားပါးတရ အိပ်လိုက်ချင်

တော့သည်။ မှုးရစ် ရီဝေနေသဖြင့် မြင်ကွင်းတို့က မသဲကွဲတော့ မှုံဝါးဝါးသာ ရှိနေသည်။ နေလုံးနီနီသည် ရိုးမ တောင်ခြေမှ ဆင်း၍ကွယ်လေပြီ။ ညီအစ်ကို မသိတသိအချိန် ရောက်လေပြီ။ အထင်မှား၍ အမြင်မှောက်တတ်သောကာလ ရောက်လေပြီ။ လဆုတ်ရက်ဖြစ်၍ အလင်းရောင်မလာသေး။ ငွေကြယ်တို့ကမူ မလင်းတလှည့်၊ လင်းတလှည့် ဩကာသလောကသည် အမှောင် ထု၏ ကြီးစိုးမှုကို ခံနေရလေသည်။

"အမှောင် . အမှောင်"

"အမှောင်ထု သိပ်သည်းလှသော အမှောင်ထုကြီး"

"ဆုမတောင်းလင့် အမှောင်ထုက လင်းလာလိမ့်မည် မဟုတ်"

"ဟေ....လောက ငါဆုမတောင်းပါဘူး၊ ဘာဆုကိုမှလဲ ငါမတောင်းပါဘူး၊ စွန့်လွှတ်ရခြင်းထက် ဆုံးရှုံးရသောအရာ သည် ဘာများ ရှိနိုင်သေးသနည်း"။

"ညီမောင်.... ဟေ— ညီမောင်....။"

(၁) ခင်မင်ဟစ်ခေါ်၊ တကြော်ကြော်နှင့်၊
မပေါ်ထွက်လာ၊ ညီလိမ္မာကား၊
သွားရှာရပြီ၊ သေမင်းဆီတည့်၊
မျက်ရည်တပေါက်၊ စီးကျရောက်တိုင်း၊
မဆိုင်းခဏ၊ သံဝေရလျက်၊
ငါ့သက်ခန္ဓာ၊ မမြဲပါဘူး၊ အသိထူး၏။

(၂) ဇာတိသန္ဒေ၊ ရလာခြေက၊
မနေဇရာ၊ အိုမြဲသာတည့်၊
သေခါမရဏ၊ ဒုက္ခတဖန်၊
ကြုံရပြန်ရှင့်၊ ရင်နင့်သောက၊
ဒေဝပရိ၊ လောင်ညိအမှန်၊
ဆင်းရဲရန်နှင့်၊ ကြုံပြန်ငိုကြွေး၊
စိုးပူဆွေး၏။
(၃) ခြော် ...
ဆိမ်းသုံးတိုင်၊ ပန်းကြာခိုင်နှင့်၊
ဦးတိုင်မြှောက်ချီ၊ ဆုပန်ရည်လည်း၊
ဇာတိမီးတောက်၊ ပွားစီးရောက်က၊
ရှိုကြောက်သေရွာ၊ မနေသာဘူး၊
သူငါအနိစ္စ၊ တွေ့ကြုံရမည်၊
ဒုက္ခလွတ်ကြောင်း မျှော်ပါဘုရား....။

*

၁၃၄၁-ခု ဝါဆိုလဆန်း ၁၄-ရက်။
၇-၇-၁၉၇၉

**ယနေ့ ဆွာမှုခွါတယ်** လူတို့သည် မိမိတို့ နေထိုင်ရာဒေသကို နှစ်သက်ကြသည်။ စွဲလမ်းကြသည်။ မတတ်သာ၍ ခွဲခွါရသည့်တိုင်စေ တသသနှင့် မေ့မရအောင် ရှိနေတတ်ကြသည်။ ဒေသသံယောဇဉ်ဟုခေါ်ရပါမည်။

အပူပိုင်းနေ လူတို့ကလည်း အပူပိုင်းမှာပျော်သည်။ အအေးပိုင်းနေလူတို့ကလည်း အအေးပိုင်းမှာပင် ပျော်ကြ ပြန်သည်။ တောင်ပေါ်နေလူသားများ၊ ပင်လယ်ပျော်လူသားများ စသည်တို့မှာလည်း မိမိတို့ဒေသ မိမိတို့ပတ်ဝန်းကျင်မှာပင် ပျော်ရွှင်ကြသည်။

မိမိ (ဤအရှင်) သည် ဆွာမြို့ငယ်၌ ရက်အတော်ကြာမျှ နေဘူးပြီ။ လအားဖြင့်လည်း အတော်ကြာနေဘူးပြီ။ ဤဆွာမြို့သည် ရေတာရှည်မြို့နယ်၏လက်အောက်ခံမြို့ငယ်လေးဖြစ်သည်။ ရန်ကုန် မန္တလေးကားလမ်းနှင့် ရထားလမ်းပေါ်တည်ရှိသဖြင့် အချက်အချာကျသည်။ သွားလာရေးလွယ်ကူသည်။

နိုင်ငံပိုင်အထပ်သားစက်ကြီးနှင့် သစ်စက်များ၊ စပါးစက်များလည်းရှိသည်။ ရုပ်ရှင်ရုံရှိသည်၊ ဆေးရုံနှင့် ဈေးလည်း ရှိသည်။ ရဲစခန်း၊ စစ်တပ်တို့လည်းရှိပြန်ရာ လုံခြုံရေးကောင်းမွန်လှသည်။ စီးပွားရေးအတွက် ရောင်းဝယ်ရေးလည်း ကောင်းသည်။

ဝါတွင်းကာလ၌ စုပေါင်း ဆွမ်းကြီးလောင်းပွဲ ရှိသည်။ ဘာသာရေးဘက်မှာလည်းနိုးနိုးကြားကြားရှိကြသည်၊ မြို့လယ်မော်ရုံသို့ကျောင်းပေါင်းစုံမှသံဃာတော်များကြွလာကြသည်။ အချိုပွဲ လက်ဖက်ရည်ပွဲများဆက်ကပ်ပြီးလျှင် ဆွမ်းခံကြသည်။ မြို့သူမြို့သားတို့က မော်ရုံရှေ့ရှိ လမ်းမကြီးပေါ်တွင် ညီညာစွာ စီတန်း၍ ဆွမ်းနှင့်ဆွမ်းဟင်းလျာများကို လောင်းလှူကြသည်။

ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ဤဝတ္တရားများ မပျက်ကြပေ။ ကုသိုလ်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြပါသည်။

ဝါကျွတ်လျှင် ပဝါရဏာပွဲကျင်းပသည်။ စုပေါင်းကျင်းပသဖြင့် စည်ကားသည်။ ကထိန်မှာမူ ကိုယ့်ကျောင်းနှင့်ကိုယ် အသီးသီးကျင်းပကြသည်။ ကထိန်သင်္ကန်းအပြိုင် လှူကြသည်။ မြို့သူမြို့သားတို့ပျော်သည်။ အိုးစည်သံ ဟာထုံထုံနှင့် အစုအပြုံ လှူကြသည်။

မိမိမှာမူ ဆွာသားမဟုတ်၍ပေလောမသိ လွန်စွာမပျော်သပါ။ ညီမောင်၏ အကြိမ်ကြိမ် ပင့်ခေါ်မှုကြောင့်သာ စောင့်ရှောက်ယင်း နေခဲ့ရသည်။ ယခုကား ညီမောင်မရှိပြီ။ ညီမောင်သည် သူ၏သေနေ့ကိုကောင်းစွာပင်သိခဲ့သည်။နောက်လေးရက်နေယင်သေမှာပါဟုပြော၏။ နှစ်သိမ့်အားပေးပါ၏။ သို့ရာတွင် ဤစကားကိုပင် ညီမောင်သည် နှစ်ကြိမ်ဆို၍ပြောခဲ့၏။ နောက်တော့လည်း သူပြောသလိုပင်ဖြစ်ခဲ့ပါသည်။

ဆွာသည် ပကတိအားဖြင့် စိမ်းစိုသော တောရိပ်များကြောင့် အေးချမ်းသည်။ မိမိမှာမူ ညီသံယောဇဉ်ကြောင့် သောကအပူမီးလောင်ခဲ့ရာ ခြောက်သွေ့ခဲ့ရပါသည်။ ကန္တာရတောပမာဖြစ်ခဲ့ရပါသည်။

ဘဝဦ ဆုံးရှုံးရဘူးသူများက စာနာတတ်ကြပါမည်။

မိမိသည် ညီတော်မောင်မရှိသဖြင့်လည်း မနေလိုပြီ။ တရားခမ္မရှာမှီးရန်ဆက်သွယ်ပြီးဖြစ်၍လည်း ခွါလိုပြီ။ သို့ဖြစ်၍ ဆူကြို

နို့မွမြင့် မခွဲခြားပဲ ပင့်တိုင်းသောအိမ်သို့ကြွကာ ကပ်တိုင်းသော ဆွမ်းများကို ဘုဉ်းပေးခဲ့၏။ အနုမောဒနာပြုခဲ့၏။ ဒကာ ဒကာမ တို့က သိကောင်းမှ သိမည်ဖြစ်သော်လည်း မိမိကမူ 'နှုတ်ဆက် ဆွမ်း' အဖြစ် သတ်မှတ်၏။ ရံခါ၌ ဆွမ်းတထပ်အတွက် နှစ် အိမ်ပင်ကြွ၍ ဘုဉ်းပေးရ၏။ သို့သော်ငြားလည်း ရက်မရသဖြင့် မကပ်လိုက်ရသောအိမ်များကစိတ်မချမ်းမြေ့ကြ၊ တသသဖြစ်နေ ကြသည်။ ထိုအခါ နှစ်သိမ့်၍ မေတ္တာပို့ကာ ဟောခဲ့ရသည်။

**ဝေး၍ဝေး၍** ယနေ့နံနက်ဆွမ်းကိုမူကိုကျော်သန်း မမြင့်မြင့်စန်း တို့အိမ်မှ ဆက်ကပ်၏။ ဆွမ်းကိစ္စပြီးသော် ရန်ကုန် သွားရန် အိမ်ရှေ့ရှိ ကားလမ်းတွင် စောင့်နေသည်။ မိုးကား အုံ့မှိုင်းရာမှ တဖွဲဖွဲကျလာသည်။ မကြာမီ တောင်ငူမှလာသော အမြန်ယာဉ်တစီးဆိုက်လာသည်။ပျဉ်းမနားသို့ ရောက်ပေမည်။ မိမိမှာ တက်စီးမိလျက်သား ဖြစ်နေသည်။ လိုက်ပို့သူ ဒကာ ဒကာမတို့မှာ မေးလည်းမမေးကြ၊ တားလည်းမတားကြပေ။ ကားသည် လျင်မြန်စွာ ပြေးသွား နေသည်။ သစ်ပင်များ၊ အဆောက်အဦများကား တရိပ်ရိပ်နှင့် ကျန်ရစ်ခဲ့လေပြီ၊ ဆွာ သည်လည်း ကျန်ခဲ့ပြီ၊ ဝေး၍ ဝေး၍ ကျန်ခဲ့ပြီ။

အော်....ယနေ့ ဆွာမှ ခွါပါပြီ။ ရွှေမှိုတော်ဟု ထင်ရသော ဆွာမှ ခွါခဲ့ပါပြီတည်း။

ပျဉ်းမနားရောက်သော် ရထားစီးသည်၊ ရန်ကုန်မဟုတ် မန္တလေးဆီ။ မိမိသည် ရန်ကုန်သို့ သွားသော်လည်း ခရီးကမူ ရန်ကုန်ကို ကျောပေးကာ ဆန့်ကျင်လျက်သား ဖြစ်နေသည်။

ပျော်ဘွယ် ရောက်သော်လည်း မဆင်းဖြစ်။ ဆင်းဖြစ်လျှင် ဖြင့် နတ်မောက်သို့ရောက်ဖြစ်ပေတော့မည်။ မိမိသည် ပူလောင်သော ဝေဒနာကို ရင်ဝယ်ပိုက်လျက် တဂျုံးဂျုံး ခုတ်မောင်းနေသော မီးရထားပေါ်ဝယ် ဘယ်ဝယ်ဘယ်ဆီ မှန်းဆ၍ မသိနိုင်လေသောခရီးကို နှင်နေလေသည်။

နေမင်းသည် တောင်စွယ်ကွင် ပုန်းကွယ်လုနီးအချိန်၊ အရှေ့ ရှမ်းရိုးမတောင်တန်းသည် မှိုင်းပျပျ ရှိနေချိန်။ ထိုအချိန်တွင် သာစည်သို့ ရောက်သည်။ သာစည်တွင် မာဂဓီတော အရှိသား၊ သူလည်းစာရေးဆရာရဟန်းတည်း။ ဤမှာတည်း၍ ဆွေးနွေးတိုင်ပင်ရသော် ကောင်းလေစွ။ သို့ဖြင့် မီးရထားမှ ဆင်းကာ (ဘ-က) ကျောင်းဟူသော အမည်ကိုသာ မှတ်မိသဖြင့် ထိုအတိုင်းပင် မေးမြန်းကာ ရှာဖွေကာဖြင့် မာဂဓီဆီသို့ ရောက်ပါတော့သည်။ ရောက်မှပင် ဖရလည်ကျောင်းဟု သိရသော့သည်။

ဧည့်သည်ဖြစ်သူကလည်း 'ဦးသုစိတ္တ' လာ၍ ကြိုဆိုနေသူကလည်း 'ဦးသုစိတ္တ' ဖြစ်ပြန်ရာ နာမည်တူများ မှန်လှပါကလားဟု အံ့သြရပြန်၏။ မာဂဓီသာစည် (ဦးပညာသာမိ)မှာ ပိဋကပူဇော်ပွဲအပြီးတွင်ဖြစ်၍ ဝေရင်းရှင်းရ သိမ်းရဆည်းရနှင့် အလုပ်ရှုပ်နေလေသည်။ သူသည် မိမိအား နတ်မောက်မြို့၌ တကြိမ်သာ တွေ့ဘူးသော်လည်း ကောင်းစွာ မှတ်မိသည်။

"အို….မိတ်ဆွေကြီး ဘယ်က ဘယ်လို ရောက်လာသလဲ"

"ဦးဇင်းရယ်….မပြောတတ်နိုင်အောင်ပါပဲဘုရား"

မိမိ၏ အသံမှာ ဆွေးဆွေးလျလျ ဖြစ်သွားလေသလော မသိ၊ မာဂဓီသည် မိမိအနားတိုးလာကာ ခင်မင် ရင်းနှီးစွာ ပြောဆို အားပေးယင်း ညဉ့်ဦးယံကို ကုန်စေပါသည်။ မိမိကလည်း ဖြစ်ခဲ့သမျှကို ပြော၍ ဖြစ်ချင်သည်များကို တိုင်ပင် ဆွေးနွေးရသည်။

၁၃၄၁-ခုနှစ် ဝါဆိုလပြည့်နေ့
၈-၇-၁၉၇၉

**ဘဝခရီးသည်** သာစည် ရေလည်ကျောင်းမှ စောစော ထခဲ့၍ မာဂဓီ၏မိခင်အိမ်မှ ဆက်ကပ်သော အရုဏ် ဆွမ်းကိုဘုဉ်းပေးကာ မိတ္ထီလာသို့ ထွက်ခဲ့သည်။ သာစည်မှ ၁၃-မိုင် ကွာဝေးသော မိတ္ထီလာသို့ လမ်းတလျှောက် မြင်ကွင်း တို့ကား အညာဒေသမို့ အညာဆန်သည်။ ကဗျာဆရာ၏ မျိုးဖြစ်၍လည်း ကဗျာဆန်စရာများ ရှိပါသည်။

စိမ်းစိမ့်ညို့ညို့ဖြင့် ခရီးသွားတို့အား နားနေရန် အရိပ် အာဝါသပေးဝေနေသော တမာတန်းများ၊ ကုန်းကမူပေါ်မှ နှုတ်ဆက်နေသောကန္တာရလက်တန်လက်ချောင်းများ၊မိတ္ထီလာ ချည်စက်အတွက်ပေးဆက်ရသော နိုင်လွန်ချည်မျှင်ရှည် ဝါခင်း

များ၊ ပဲ၊ ပြောင်း၊ နှမ်းတို့အတွက် ထွန်ရေး ငင်ထားသော ရောင်စုံမြေယာများ၊ သာစည်....ဤသာစည်သည် မြန်မာမင်းတို့ရှိစဉ်ကသော် ...၁၅-အိမ်မျှသာရှိသည်၊ ရွာသိမ်ရွာငယ်လေး၊ ယခုမူ ကြီးမားလှသည့်မြို့၊ ရှမ်းပြည်၏ တံခါးဝဖြစ်၍လည်း ထင်ရှားလှသည့်မြို့။ ဤမြို့အတွက် ညောင်ရမ်းမင်းလှကန်ကြီးသည် စိုက်ပျိုးရေးအတွက် လွန်စွာ အားထားရသည်။ ထိုအခါ ပင်လယ်ပြင်အထက် ပေ ၆၀၀ ပင် မြင့်လှသော်လည်း ရေအတွက် အနေမခက်တော့ပေ။ မိတ္ထီလာနှင့် နီးသော်....

''လူကလေးရဲ့ ချော့စရာ၊
မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ၊
ဖားပါလျှင် တကောင်ပေးပါ၊
မျက်လုံး ကြောင်တောင်တောင်နှင့်၊
ဖားကောင်ကသေး ...''

ဟူသော ငယ်စဉ်က ရခဲ့သည့် ဂီတသံက ပီသစွာ ကြားယောင်လာသည်။ မိတ္ထီလာကန်ပေါ်သို့ ရောက်လျှင်မူ မှိုရန်အားခဲထားခဲ့သော ဒဂုန်မန်းကားသည် ထွက်နှင့်လေပြီ၊ မမှီတော့။ ထိုအခါ သာစည်သို့ ပြန်ရမည်လော။ ခရီးသည်ဘဝ ယောင်ချာချာနှင့် ရွှေအုန်းပင်ထမင်းဆိုင်ရှေ့တွင် အထုပ်အပိုး ချကာ နားရပြန်သည်၊ စဉ်းစားရပြန်သည်။

ဝါဆိုမိုးကား သံဝါတဖြောက်ဖြောက်နှင့် ရောက်လာသူ ခရီးသွားအား ကြိုဆိုလေတော့သည်။ လာသမျှ ကားတို့ကလည်း မရပ်ကြ၊ ရပ်သောကားကလည်း ရန်ကုန် မရောက်၊

ခက်ကာပြီ၊ ရန်ကုန် သွားရန်လည်း ဆုံးဖြတ်ပြီးပေပြီ။ ယနေ့ကား ဝါဆိုလပြည့်နေ့တည်း။ ယနေ့ပင်ရောက်ပါမှ မနက်ဖန် ဝါဆိုပွဲ၌ ပါဝင် ဆင်နွှဲနိုင်ပေမည်။ 'ဖြစ်တဲ့ နည်းနှင့်ပင် အရောက် သွားရမည်' ဤသို့ တကိုယ်တည်း ရေရွတ်နေစဉ် ...

**နာဘူးသောတရား**  ရွှေအုန်းပင် ထမင်းဆိုင်နှင့် မျက်နှာချင်းဆိုင်တိုက်မှ ဓမ္မစကြာတရား ဖွင့်သံကို ကြားရသည်။ ဓမ္မစကြာ = ဗုဒ္ဓရှင်တော်မြတ်၏ တရားဦး+ ဓမ္မစကြာတရားတော် "**အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ**"

"မချစ် မကြည်ဖြူသူနှင့် အတူနေရခြင်းလဲ ဆင်းရဲ၊
ချစ်သူ၊ ကြည်ဖြူသူနှင့် အတူမနေရခြင်းလဲ ဆင်းရဲ၊
လိုချင်တာ တောင့်တတာ မရခြင်းလဲ ဆင်းရဲ"

ဤဆင်းရဲ့,အနှိဆင်းရဲမှအသို့လွတ်ကင်းနိုင်ပါအံ့နည်း။

မိမိသည် ချစ်ညီနှင့် ကွေကွင်းရသည့်ဆင်းရဲကို ရင်မှာပိုက်ထွေးထား၍ဆင်းရဲ၏။ ပူလောင်မှုကို ခံစားရသည်။ 'ချင်ခြင်းကြောင့် ငိုးရိမ်ခြင်းဖြစ်၏'ဟု ဗုဒ္ဓဟောခဲ့၏။ သဘောသိသော်လည်း တရားဘက်မှာ နှီးနှောမှု မရှိခဲ့သဖြင့် ပူလောင်ခဲ့ရပါသည်။ မိမိသည် ဓမ္မစကြာတရားတော်ကိုနာလိုက်၊ အတွေးမျှင်ဆွဲဆန့်လိုက်နှင့် ခရီးသည်ဘဝကိုလည်း မေ့နေဟန်တူပါသည်။ အနီးကပ်ခေါ်သံကြား၍ လှည့်ကြည့်လိုက်ချိန်တွင်မူ ဒါယိကာ

မကြီးတဦးက မွန်ရည်စွာ လျှောက်နေသည်ကို အံ့သြစွာတွေ့ရသည်။

"ဘယ်ကို ကြွမှာပါလဲ ဘုရား"

မြန်မာလို ဝတ်ဆင်ထားသော်လည်း အသံမှာ တရုတ်သံပါသည်။ အသားဖြူဖြူ၊ ခ၁၀၀၊ ရွှေအုန်းပင်ဆိုင်မှ ဒါယိကာမကြီးပါတည်း။ မိမိသည် မေးခွန်းလည်းဖြေပြီး လိုရင်းလည်းပါစေရန် တိုတိုပင် ပြောမိသည်။

"ရန်ကုန်ကို ကားစောင့်တာ ဒကာမကြီး"

"အို....အဲလိုဆို ရွှေမြင်တင်ဘုရားကြီးနားက လွယ်ပါတယ်ဘုရား"

"အနို့... အဲဒီဘုရားက ဘယ်နားမှာလဲ ဒကာမကြီး"

**ဘဝအဏ္ဏဝါ** ဤမေးခွန်းကြောင့် ဒကာမကြီးသည် မိမိ၏ ညံ့သည်ဖြစ်ပုံကို ကောင်းစွာ သဘော ပေါက်သွားဟန် တူသည်။ မြင်းလှည်းတစီး ရပ်စေပြီး ရွှေမြင်တင်ဘုရားမှာ ချပေးရန် ပြောပေးရှာပါသည်။ ဟုတ်ပါသည် ကားသည် မိမိရောက်၍မကြာမီမှာပင် ရောက်လာပြီး ရန်ကုန်သို့ လိုက်ခဲ့ရသည်။ ဂျီအမ်စီ အမျိုးအစား ကား၏ ရှေ့ခန်းတွင် စပယ်ယာ· ဒရိုင်ဘာနှင့်တကွ သုံးယောက် ချောင်ချိစွာ စီးနိုင်သည်။

မိတ္ထီလာမှ ရန်ကုန်သို့ ၃၃၀ မိုင်၊ မနီးလှသော ဤခရီးကို ယနေ့ ဤဂျီအမ်စီ ကားကြီးဖြင့် နှင်ရပေမည်။ အော်....ဘဝအဏ္ဏဝါကား ကျယ်ပြောလှပါတော့တကား....။ ဆုံးစမရှိသွားရဘိလည်း ခရီးဟူသည် မပြီးနိုင်ပါတကား....။

မိမိသည် ရွှေအုန်းပင်မှ ဒကာမကြီးအား လည်းကောင်း၊ ကားဆရာများအား လည်းကောင်း၊ မာဂဓီသာစည်အား လည်းကောင်း မေတ္တာပို့၍ဆုတောင်းကာ သမ္ဗုဒ္ဓေကို ရွတ်ဆိုနေမိပါသည်။ ကားသည် ရှံခါကြမ်း၍ ရှံခါညင်သာသည်။ အညာလမ်းမ တမာတန်းတို့ကား ကျန်ခဲ့ပြီ။ ကျယ်ပြန့်သော မိတ္ထီလာရေပြင်လည်း ချန်နေပြီ။ သုံးဦးသော ခရီးသွားတို့သည် အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ ရှိနေကြသည်။ မကြာမီရောက်မည့်မြို့ကား ပျော်ဘွယ်တည်း၊ မုန့်ကျွတ် ထွက်၍ ထင်ရှားသောမြို့ 'ပျော်ဘွယ်မုန့်ကျွတ်' 'ပျော်ဘွယ်မုန့်ကျွတ်' နှင့် တတွတ်တွတ်ကြားရသောမြို့တည်း။ မိတ္ထီလာနှင့် ၁၃-မိုင်မျှသာ ဝေးသည်။

ဤမြို့ကား "ဥ-သြ-ရာသိ ပျော်ဘွယ်တည်၊ လူမည် ဦးမှုံတဲ" လင်္ကာအရ ၁၁၈၆-ခုနှစ်တွင် သီရိဝဍ္ဍာဗလဘွဲ့ရ ဦးမှုံက တည်သည်။ မြို့၏ကျက်သရေဆောင် ခန်းမကြီးမှာလည်း ဦးမှုံ၏ မြစ်တော်သူ အဖွားထိန်းက ဆောက်လုပ် လှူဒါန်းခြင်းဖြစ်သည်။ ကျောင်းကန်စေတီများဖြင့် ပျော်ဘွယ်ကား ပျော်ရွှင်ဘွယ်ရာပင်ရှိပါသည်။ နှစ်စဉ်တန်ခူဆောင်မုန်းလ၌ မြို့လုံးကျွတ်ဘုရားထိန်ပွဲတော်ကျင်းပသည်။ ဤပွဲကား စည်ကားသိုက်မြိုက်လှသည်။ ကြုံဘူးသူတို့မူ တသသအောက်မေ့နေပေလိမ့်မည်၊

မြို့မှထွက်သော် တောင်ပိုင်းရှမ်းပြည်နှင့် နယ်ခြင်း ... ပ် နေသော တောင်တန်းပြာများကိုမြင်ရပေပြီ။ မြို့နှင့် ၁၄-မိုင် ၁၅-မိုင်ခန့်ဝေးသော ဇလုံးတောင်၊ ထုံးတောင်၊ မိုးကောင်း

တောင်၊ ခွန်နန်းကြီးတောင်၊ ကျပ်တည်းတောင်နှင့် သပြေတောင်တို့ကား ရှမ်းရိုးမတောင်ခြေတွင်ရှိနေကြသည်။

တကိုယ်တည်း ငြိမ်သက်စွာတွေးလိုက်၊ ပတ်ဝန်းကျင်ရှုမျှော်ခင်းများကိုကြည့်လိုက်နှင့် ကားသည် ရမည်းသင်း အထွက်သို့ ရပ်ပါသည်။ ဤမြို့ကား သစ်ဆုံဆည်ကြီးကြောင့်ရေပေါသည်။ စိုက်ပျိုးရေးကောင်းသည်။ သို့သော် သောက်ရေ ကောင်း မကောင်းတော့ မသိရသေး၊ ရေတခွက်လောက် မြည်းကြည့်ရသော် သင့်နိုးအံ့ထင်၏။

ဤရမည်းသင်းမြို့ကို စတည်သည်မှာ ပုဂံနောက်ပိုင်း မြန်မာသက္ကရာဇ် ၆၆၅-ခုတွင် ဖြစ်သည်။ တည်သူမှာ ဆင်ဖြူမယ်မိဖုရားတည်း။ ထိုစဉ်က ကျုံးတူးကြရာ စိမ့်ထွက်လာသောရေကိုမြည်းကြ၏။ သင့်တင့်လျောက်ပတ်သောအရသာရှိ၏။ ထို့သို့ဖြင့် 'ရေမြည်းသင့်' ဟုခေါ်ခဲ့ကြ၏။ ကာလရွေ့သော် ရမည်းသင်းဟုဖြစ်လာပေ၏။

ဤမြို့ကား မြန်မာမင်းများခေတ်က မြို့စားခန့်၍ အုပ်ချုပ်စေသောမြို့ဖြစ်သည်။ရမည်းသင်းစား **သီလဝ**မှာထင်ရှားလှ၏။ ထိုမြို့စားသည် တသက်တွင် သုံးကြိမ်သာရယ်ဘူးသောဟူပေ၏။ လွန်စွာ ဣန္ဒြေကြီးသူတည်း။

ဤမြို့သည် ပင်လယ်ပြင်အထက် ပေ ၅၀၀-မြင့်သည်။ "**ရေစစ်ကိုင်း၊ လိုင်းပခန်းငယ်၊ လယ် တောင်တွင်း၊ ဝပါး ရမည်းသင်း**" ဟူသော စာဆိုအတိုင်းပင် စပါးလည်း ကောင်းစွာထွက်သည်။ နိုင်ငံအတွက် အားထားရသောမြို့တည်း။ ဂျုံ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ မန်ကျည်းများလည်း ကောင်းစွာ

ထွက်ရှိသည်။ မိမိတို့ကားသည်ပင် ကြီးမားလှသောမန်ကျည်း ပင်အောက် ရပ်နားနေခြင်းဖြစ်ပါသည်။

ရေမြည်းသင့်မှ နယ်ချန်သို့ မြို့မှထွက်သော် ကားသည် ဖြောင့်တန်းသော လမ်းမကြီး အတိုင်း အရှိန်ဖြင့် မောင်းနှင်နေသည်။ ဝဲယာရှုမျှော်ခင်းတို့ကားတမျှော်တခေါ်၊ ရွှေမှကာဆီးလျက်ရှိသည်ကား တောင်တန်းပြာများ၊ ထိုတောင်တန်းပေါ်မှာမူ ထုံးဖြူဖြူစေတီများက သက်န်းတော်အဖွေးသားဖြင့် ကြည်ညိုခံလျက် ရှိနေပါသည်။ မိမိသည် လက်နှစ်ဖက်ကို ကြာအင့်ကဲ့သို့ပြု၍ နဖူးထက်တင်ကာ ဖူးလိုက်ပါသည်။ ချမ်းသာပေစွ-ချမ်းသာပေစွ။

ကားသည် ကွေ့ကာဝိုက်ကာဖြင့်လည်းကောင်း၊ ရှောင်ကာတိမ်းကာဖြင့်လည်းကောင်း တောင်တန်းပြာနှင့် အတူ ပြေးသွားနေသည်။ အနောက်သို့ မျှော်ပါလျှင် ကျယ်ပြန့်သော ချောင်းလွင်ပြင်နှင့် ရိုးမတောင်တန်းရှည်ကို မြင်တွေ့နိုင်သည်။ တောင်တန်းသည် တိုင်းပြည်အတွက် သစ်ဝါး ပေးရာ နေရာတည်း။ လွင်ပြင်သည် ပြည်သူအတွက်စားဖွယ်သောက်ရာပေးရာ နေရာတည်း။

တတောင်ဝင် ဘတောထွက်၊ တတောင်တက်၍ တတောင်ဆင်းနှင့် အပြင်းနှင်ကြခဲ့ရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ရောက်လေပြီ။ ရေဆင်းဆည်ကြီးမှ ရှည်လျားသော ကန်ဘောင်ရိုးကြီးကိုလည်း အဝေးမှပင် မြင်ရ၏။ ထိုဆည်မှ အစီအဉ်တကျ လွှတ်အပ်သော ရေတို့သည် တသွင်သွင်စီးဆင်

နေလေပြီ။ တချို့လယ်မှာ စိုက်ပြီးပြီ။ တချို့မှာမူ ပျိုးခင်းဘဝ သန်သန်စွမ်းစွမ်းပြည့်ဝမ်းစာအတွက်နှစ်သက်စရာတို့ပေတည်း။

**နယ်ချန်မှသည်** ပေါင်းလောင်း အားကစား ပြိုင်ဝင်းကို ကျော်သော် နယ်ချန်သို့ရောက်လေပြီ။ နယ်ချန်–ဟုတ်ပါ၏။ ငါးလိုက်ချောင်း၏ တောင်ဘက်ကမ်းနှင့် ပဲခူးရိုးမ၏ မြောက်ဖက် တောင်စွယ်တွင်တည်ရှိသော နယ်ချန်။ မြန်မာတို့ ကိုယ့်မင်း ကိုယ့်ချင်း ဘဝဖြင့် နေထိုင်ခဲ့စဉ်ကပင် တည်ခဲ့သော နယ်ချန်ပါ။ နှင်းကြမ်းဟုလည်း ထိုစဉ်က ခေါ်ခဲ့ပါသေး၏။

နောက်သော် အင်္ဂလိပ်အုပ်စိုးသောခေတ်၌ "မြင်းချန်" နှင့် နယ်ချန် စာလုံးပေါင်း မှားမှားနေသဖြင့် လမ်းပျဉ်းမနားရွာ အမည်ကိုယူကာ 'ပျဉ်းမနား' ဟု မှည့်ခေါ်ကြသတတ်။ ပညတ်ဟူသည် အတည်မဟုတ်၊ အမြဲမဟုတ်၊ ပျဉ်းမနားက သက်သေထက်လေပြီ။

ဘိအိုစိဂိတ်နားရှိအရိပ်ကောင်းသည့်ကုက္ကိုပင်ကြီးအောက်တွင် ကားရပ်သည်။ တောင်ကုန်းပေါ်တွင်မူ ကျွန်းပင်များကို မြင်ရဆဲပင်။ သန့်ရှင်းသော ထမင်းဆိုင်တဆိုင်တွင် နေ့ဆွမ်းအတွက် ဘုဉ်းပေးရသည်။

ကြက်သားဟင်း၊ မျှစ်သုတ်၊ ငါးမြင်းဆူဆူတခွက်၊
ငါးပိရေနှင့် တို့စရာများ၊ ပဲဟင်းကား ပင်တိုင်စီ။
ဆွမ်းဘုဉ်းပေးရသည်မှာ ဟန်ပါသည်။ ပြီးသော် နို့

တခွက် မှာ၍ဘုဉ်းပေးသည်။ ဒူးရင်းသီး ဘုဉ်းပေးမည်လားဟု လျှောက်သဖြင့် 'ကောင်းပါတယ်'ဟု ဝန်ခံလိုက်ရာ တိုက်ပန်းကန်တချပ်ပင်ပြည့်လေသည်။ အလွန်အောင်မြင်သော ဒူးရင်းသီးပင်။ အရောင်လည်းလှ၏။ ရနံ့လည်း သင်းလှ၏။ တဝက်မျှ ဘုဉ်းပေးပြီးသော် ကားသမားများအား စွန့်ပေးလိုက်သည်''။

ဆွမ်းကိစ္စပြီးသော် ရေတခွက်မှာ၍ ဘုဉ်းပေးသည်။ ရေကား ရေချိုတည်း။ ဤမြို့၌ ရေကြောင်းနှစ်ကြောင်းရှိသည်။ မြို့၏အရှေ့ဘက်ပိုင်းတွင် မည်မျှပင် နက်အောင်တူးတူး ရေငန်သာ ရ၏။ ရေချို မရ။ မြို့အနောက်ပိုင်းမှာမူ ရေချိုသန့်သန့်ကို ရသည်။

**အလှူများသည့်မင်း** ဤပျဉ်းမနားမြို့ကား စိတ်ဝင်စားဘွယ်ရာများလှသည်။ မင်းတုန်းမင်း ကောင်းမှုလောကမာရဇိန်ဘုရားရှိသည်။ ရှမ်းလူမျိုးများ နေခဲ့ဘူးသော ရှမ်းကျောက်တောင်နှင့်ထိုတောင်ခြေတွင်ရှိသောရှမ်းကန်ကြီး၊ ထိုကန်၏အရှေ့မြောက်ထောင့်၌ လွတ်လပ်ရေးပိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်၊ မြို့အရှေ့ဘက် ၅-မိုင်ကျော်တွင် သကြားစက်၊ ရှမ်းရိုးမအငွယ်ဖြစ်သော ဆင်ပြုတောင်နှင့် လေထုင်းတောင် စသည်တို့ကိုလည်း လှမ်းဆွတ်ကြည့်ရှုဘွယ် တွေ့မြင်နိုင်ပါသည်။

ဤမြို့မှနေ၍ တောင်တွင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်းမြို့များသို့ ရထားလမ်း ရှိသည်။ ၁၃၉-မိုင်ဝေးသည်။

မိမိအတွက်ဆွမ်းကွမ်းကိစ္စ၊ သူတို့အတွက် ထမင်းဟင်းကိစ္စပြီးစီးကြသော် ခရီးဆက်ကြသည်၊ ၂၂၄ မိုင် ဝေးသော ရန်ကုန်သို့ ပျဉ်းမနားမှ သွားရသည်မှာ မနီးလှသေးပေ။ မြို့အသက်သုသာန်လွန်သော် ကားသည် အရှိန်ရလာ၍ အသော့နှင်ကာမောင်းတော့သည်။ ရုံခါလီဗာကို မိနင်း၍ ပိုမိုမြန်စေသည်။ ဒရိုင်ဘာသည် ကားဘက်၌ အတော်ကျွမ်းကျင်ဟန် ရှိသည်။ သမ်းတစ်ချောက် ကြက်၊ ဝက်၊ ခွေး၊ လူ၊ နွား တစ်ခုတလေမျှ မတိုက်မိခဲ့ပေ။ သူ့တွင် သနားခြင်း ကရုဏာတော့ သည်း ရှိသည်။ ကားသမားပင် ဖြစ်သော်လည်း မှိုင် ပြုသ ပံဟီရေး ခပြောဆိုရပေ။ ဘာသာတရားလေးစားလှ၏။

ဝသန်ကာလ ရာသီစဝယ် လှန်ချမ်ဂလာ ကျင်းပနေကြသော တောင်သူဦးကြီးများကို လမ်းဝဲယာ တဘက်တချက်တွင် မြင်ရသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိက အားထားရသောနိုင်ငံဖြစ်သည်။ သာသာဝေလေ့ ပေယ့်မွေ့စိုက်ပျိုး၍ကောက်ပဲသီးနှံ အမျိုးမျိုးကို အားကြိုးမာန်တက် ငွမ်းရာဘက်မှဆောင်ရွက်နေကြသည်မှာ တိုင်းပြည်အတွက်အားတက်ဘွယ်တို့ပေတည်း။

ဖောင်တော်ချက်မစေတီရှိရာ လယ်ဝေးကို လွန်သော် များပြားလှသောကျွန်းသစ်များ ပိတောက်များကို တမျှော်တခေါ်တွေ့ရသည်။ တိုင်းပြည်အတွက် ရွှေဒေါ်လာ–ငွေဒေါ်လာခဲကြီးများပင်ဖြစ်သည်။ ရေမြေကောင်းလှသဖြင့် ဖြစ်ထွန်းနေသော ဖူးစားပြောင်းခင်းကြီးများ၊ သကြားအတွက်အထွက်

တိုးကြံစိုက်ခင်းများ ရှုမျှော်မဆုံး ကြည့်သော်မမုန်း မြင်ရပြန်သည်။

ထိုစဉ် မိုးမပါသော လေပြေလေညှင်းများ တိုက်ခတ်လာသည်။ တောပန်းရနံ့များကို သယ်ဆောင်လာသည်။ အင်ဂျင်ဝိုင်အနံ့ ဓာတ်ဆီအနံ့ တို့နှင့်ဇာသော် သူကား စိတ်ကိုရွှင်လန်းစေသည်၊ ချမ်းမြေ့စေသည်၊ ကြည်နူးစေသည်၊ ဝေးမြင့်သီခေါင် ရှမ်းရိုးမတောင်တန်းဆီသို့ မျှော်ကြည့်ပါမူ မင်းလှင်လိုလို၊ စုံတခိုဝယ်၊ လေချိုဝန်းလုံ၊ လွမ်းရဘုဥ်၊ ရှက်နုမငြိမ်၊ မြေနှင့်ချိန်လျှက်၊ စိမ့်မြိုင်ရဂုံ၊ ကြိုင်လှိုင်ထုံနေမည့် တောပန်း တောင်ပန်းတို့သည်ပိုမိုများပြားလှပေမည်။ မိမိသည်အတွေးနှင့် အဖော်ပြုယင်းစီးနင်းခဲ့ရာ မကြာမီ သာဝတ္ထိသို့ရောက်ပါသည်။ ဤသာဝတ္ထိကား မန္တလေးတိုင်း၏ တောင်ဘက် အစွန်ဆုံး မြို့ငယ်လေးတည်း။

**သာဝတ္ထိမှသည် ကေတုမတီဆီသို့** ရဘာန်းဖြစ်ခဲ့ရသော ရေနံ၊ စက္ကူ စက်ကြီး များဖြင့် တိုးတက်လာသော ရေနံ၊ ဤ ရေနံကို ကျော်ခဲ့ပါပြီ။ မြို့လှ၊ သာဂရ၊ ဆွာ....ဆွာရောက်ပြန်ပေပြီ။ မနေ့က ခွါခဲ့သောဆွာ ရောက်ပြန်ပါပြီ။

ဒကာ မောင်ကျော်သန်းတို့အိမ်ရှေ့တွင် ခေတ္တ ကားရပ်၍ နှုတ်ဆက်၏။ ပြီးသော် ခရီးဆက်ပြန်ပါပြီ။ ရေတာရှည်လည်း လွန်ခဲ့ပြီ။ ရောက်ပါပြီ ကေတုမတီ မြို့တောင်ငူဆီသို့....။ အချိန်မှာ နေ့လယ် ၂-နာရီ၊ ကားရပ်သည်ကား စာတိုက်

ရိုးနှင့် မနီးမဝေး လမ်းဆုံဘေး၊ မှန်းလှဲနေသည် ပူရမည် ဖြစ်သော်လည်း မိုးတိမ်လွှာများ ဖုံးလွှမ်းနေသဖြင့် အေးအေး မြမြလေး ဖြစ်နေသည်။ မိုးရွာမလို ရှိသော်လည်း မရွာ။

ကေတုမတီ တောင်ငူမြို့တော်ကား — တချိန်က 'တောင်ငူခေတ်' ဟူ၍ပင် တခေတ်ဆန်းခဲ့ပေသေး၏။ ထိုခေတ်ကောင်းတို့၏ အထိမ်းအမှတ်အဖြစ်လည်း ရွှေဆံတော်စေတီ၊ မြစည်းခုံစေတီ၊ ကောင်းမှုတော်စေတီတို့ ကျန်ရစ်ခဲ့လေ၏။ လေးကျွန်းကန်နှင့် မြို့ရိုးတို့ကိုလည်း ချန်ထား၍မဖြစ်၊ သူတို့လည်း ခေတ်၏ သရုပ်သကန်တို့ပင်တည်း။

တောင်ငူကို မင်းကြီးညိုတည်ခဲ့၏။ တပင်ရွှေထီး၊ ဘုရင့်နောင်တို့ ကောင်းစားစဉ်က တောင်ငူသည် လွန်စွာ ထင်ရှားကျော်ကြားခဲ့ပေသည်။

တောင်ငူအကြောင်း ပြောလျှင် နတ်သျှင်နောင် မပါ၍ မပြီး၊ တောင်ငူရောက်လျှင်မူ စာဆို နတ်သျှင်နောင်အကြောင်းကို တွေးနေမိတတ်ပါ၏။ ဤမင်းအား သတိရသည်မှာ နှလုံးစည် လက်ရုံးရည် စွယ်စုံ လူချွန်သောကြောင့်ပင် ဖြစ်သည်။ သူသည် သီဟသူရဘွဲ့ဖြင့် မင်းပြုခဲ့သေး၏။ မင်းမပြုမီကသော် ဦးရိုးတော်နှင့် ဟံသာဝတီသို့ စစ်ချီတိုင်း ပါရသည်။ ယိုးဒယားသို့လည်း စစ်ချီပါဘူးပြီ။ သို့ဖြစ်၍လည်း စာဆို၏ စာတို့တွင် မယ်ဘွဲ့၊ မောင်ဘွဲ့၊ စစ်ချီရတုဘွဲ့ စသည် စုံလင်လှခြင်း ဖြစ်သည်။

ရတုဖွဲ့ဆိုရာတွင် စကားလုံး ပြောင်မြောက်လှသည်။ သူချစ်သော ချစ်သူ ရာဇဓာတုကလျာအား ဖွဲ့ဆို နှိုင်းခိုင်းရာတွင် လွန်စွာ ထိမိလှ၏။ မိမိ စာရေးသင်စဘဝက နတ်သျှင်နောင်၏ ရတုများကို တုပ၍ ရေးခဲ့ဘူး၏။ သို့သော် နတ်သျှင်နောင် လိုကား မဖြစ်လာပါ။ နတ်မောက် ရှင်သုစိတ္တဟန်သာ ဖြစ်လာသည်။ ရဟန်းဖြစ်ချင်၍ပေလော မပြောတတ်၊ သူကဲ့သို့ မတွေးတတ်၊ သူကဲ့သို့ မကြည့်တတ်ခဲ့၊ သူ့အတွေးကား နုလှ၏၊ ရဲလှ၏၊ စိတ်ဖလင်မှာ ကျန်သမျှ တင်ပြရသော် လှခေါင်ငြိမ့်၊ လှမျိုးကြွယ်၊ ယဉ်မျိုးစုံ၊ညီနွဲ့နှောင်း၊ယဉ်ရွှမ်းမြ၊ လှခေါင်ထွတ်၊ ချောချောမွတ်မွတ် ရေးချွတ်တတ်ပါပေ၏။

“ငါကား ဆေးလဲ မသောက်၊ ကွမ်းလဲ မစား၊ စာဖတ်ချင် ဖတ်၍ တွေးချင်လျှင် တွေးနေမိတတ်၏။ တွေးခြင်းသည်ပင် ငါ၏ ကွမ်းစား ဆေးသောက်ဆိုက မှားမည် မဟုတ်ပါ။ ငါကား အတွေးနှင့် အရေးတွင် ပျော်မွေ့သူတည်း။ ကြည့်—ဓာတုကလျာအကြောင်း တွေးပြီးတော့ ရှားပါးလှတဲ့ သူမ၏ ရတု အပိုင်းအစလေးကို ရွတ်ဆိုနေမိသည်။

> “ ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်၊ ခိုင်တည်နှလုံး၊ တပြောင့်သုံး၍၊ နှောင်ထုံးကေမင်၊ လျှော့ဖြေချင်လည်း၊ နတ်သျှင်သူကြောင့်၊ တရေးမှောင့်ခဲ့၊ တရေးမှောင့်ခဲ့ပါတကား.... ”

ညီချစ်ကြောင့် တရေး မှောင့်ခဲ့ရသည်ကို တွေးမိတိုင်း နှမြောမိရတော့သည်။ ညီအစ်ကိုချစ်ပင် ဖြစ်ပါသော်လည်း **''ပိယတော ဇာယတီ သောကော''** ဘုရားဟောမှာမှန်လှသည်။ ချစ်ခင်ခြင်းကြောင့် စိုးရိမ်ခြင်း သောက ဝေဒနာကို ခံစားရသည်။

တောင်ငူ မြေသို့ ရောက်လေတိုင်း အတွေးများသည် သိုင်းသိုင်းဝိုင်းဝိုင်းရှိနေတတ်ပါသည်။ ဤတောင်ငူ၌အယင်ကမူ ရင်းနှီးသူတဦးအဖြစ်ဖြင့်ကျင်လည်ခဲ့ဘူး၏။ ယခုမူ ဧည့်သည်.... သမ်းပေါက ဧည့်သည်၊ ခရီးသွား ဧည့်သည်ပါပေ။ အနီး အနားက ဘုရား စေတီများကိုပင် အာရုံမျက်မြင် ဖူးမြော် ချင်လျက် မဖူးမြော်နိုင်ဘော့။ ငါ၏အဖြစ်သည် အိပ်မက်ပင် ဆန်သလောမသိ။ ရင်းနှီးပြီးဖြစ်လျက် စိမ်းကားနေရဘိသည်။ ကြိုသူမရှိ၍ မသွားရ၊ ခေါ်သူမရှိ၍ မထူးရ၊ ဘဝဟူသည် ဤသို့ပင် ကျင့်ရချေသည်။

ငါသည်ပင် အားငယ်တတ်သလော။ ငါ၏ဘဝသည်ပင် အားငယ်ရာ ဖြစ်နေသလော။ ဤအဖြစ်ကို ဤမြို့၌ ရှိသော မကြီးနှင့် ကိုကြီးအောင်ထိုက်တို့အား ဖွင့်ပြောရမူ ကောင်း လေစွ။ သို့တစေသူတို့သည်ငါ့အနီး၌မရှိကြ။ အော် ...ငါသည်ပင် ငါ့ကံ၏ အရှင်သခင်ဖြစ်၍ ငါသည်ပင် ငါ့စိတ်၏ ကြီးစိုးရာ ဖြစ်ရမည်တကား....။

'' ငါသည် ငါ၏ရဟန်းအဖြစ်ကို သတိရလာသည်။ သမဏ သညာ ကပ်လာသည်။ ထိုအခါ လွမ်းရခြင်း, ဆွေးရခြင်းနှင့်

ကင်းအောင် စောင့်စည်းရမည်ကို နားလည်လာသည်။ အို... တောင်ငူရယ် နှုတ်ဆက်ပါတယ်… ငါပြန်ပါဦးမယ်”....။

ကားဆရာတို့သည် ဟိုဟို ဒီဒီ သွားပြီး ပြန်လာကြသည်။ ငါ့ကိုမြင်လျှင် အဖျော် ဘူဦးပေးပါရန် ပင့်ကြသည်။ ငါမူ လက်မခံခဲ့။ သူတို့သည် ငါစကားပြောမှပင် ပြောကြသည်။ ငါတိတ်ဆိတ်လျှင် သူတို့လည်း တိတ်ဆိတ်နေကြသည်။ အမျို သော အဝေးပြေး ကားသမားများလို ပါစင်ျာနှင့် အုံနှာ အဖြစ် ခွဲမကြည့်ကြချေ။ ခွဲ၍လည်း မဆက်ဆံကြပေ။

ကားသည် ၂း၃၀ နာရီတွင် ခရီး ဆက်ပါသည်၊ ဈေးကလေး၊မိုင်ဒါကွင်း၊ရွှေလုံရပ်၊ ကုက္ကိုတန်းတို့ကိုလွန်သော် လယ်ကွင်းပြင် များကို မြင်ရပေပြီ။ ကောက်ပင်မှဲ့သည့် သယ်ကွင်းများ၊ မကြာမီ မိုးကျလာလျှင် ဤလယ်များမှာ စပါးတို့ဖြင့် စိမ်းရောင် သမ်းနေကြပေမည်။ တောင်ငူသည် စစ်တောင်းမြစ်၏ လက်ျာဘက် ကမ်းပေါ်၌ တည်ရှိသဖြင့် ဤမြစ်ရေ၏ အကျိုးကို ခံစားရသည်။ ပဲခူးရိုးမမှ လာသော တောင်ကျရေများလည်း စပါးအထွက် အားတက်ဖွယ် ဖြစ်သည်။ ကွမ်းသီးနှင့် ကော်ဖီတို့သည်လည်း တောင်ငူထွက်ပစ္စည်း များတွင် နာမည်ကြီးလှသည်။ နိုင်ငံအတွက် ကျွန်းသစ်လည်း ထွက်သည်။မြတ်စောညီနောင်ဘုရား၏တောင်ဘက် ထန်းတပင် သွား ကားလမ်းဘေး မြေတွင် ရွှေလည်း ထွက်သည်။ ရွှေကား ရွှေစင် ရွှေကောင်းတည်း၊ တောင်ငူသည် ဤမြေမှတလလျှင် ရွှေတပိဿာခန့် ရရှိနေသည်။ ရွှေကျင်သူများကို ကားစီး

ယင်းပင် မြင်တွေ့နိုင်သည်။ တောင်ငူကား ရွှေထွက်သောမြေ၊ တောင်ငူသားတို့ကား ရွှေမြေမှာ မွေး၍ရွှေမြေမှာ ကြီးသူတို့တည်း။ ကံကောင်းပေစွ။

ခပေါင်းချောင်းကို လွန်သော် အုတ်တွင်း မြို့နယ်ဘက်သို့ ရောက်ပေပြီ။ လယ်ကွင်းပြင်များကား ကြည့်လေတိုင်းပင် မျှော်မဆုံးနိုင်အောင် ရှိလှသည်။ ရိုးမတောင်တန်းများသာ ခံမထားလျှင် မည်မျှ ရှည်ဦးမည်မသိချေ။

ကားသည် အရှိန်ရလာပြီဖြစ်၍ လျင်စွာ ပြေးနေသည်။ ပတ်ဝန်းကျင် ဝဲယာ ၂-ဘက်တွင်မူ ရှုမျှော်မဆုံးသည့် လယ်ကွင်းပြင်များကို မြင်ရသည်။ ရံခါ၌ ကား၏ တံခါးအထက်မှ ဝင်လာသော လေပြေလေညင်းများကို ထိတွေ့ ခံစားရသည်။ ထိုအခါ မိုးနံ့သင်းသောလေ၏ အရသာဖြစ်၍ စိတ်ကြည်နူးရသည်၊ လန်းဆန်းရပါသည်။ လယ်ကွင်းပြင်တွင်မူ မကြည့်တကွက် ကြည့်တကွက်၊ မမဲတကွက် မဲတကွက်၊ အမှောင်တကွက်၊ အလင်းတကွက်ဖြင့် ကသိုဏ်းကွက်စုံအောင် ယှက်နွယ်နေသော မိုးတိမ်များကို တွေ့ရသည်။

အချို့ ဥဗျိုင်းငှက်တို့သည် ကျွန်ုအကြီးသားဖြင့် အာဟာရရှာမှီးနေကြ၏။ အချို့မှာမူ ကိုယ်ဝန်ယူပြီ ပြိုင်ယှဉ်၍ရန်တောင်မှသည် မြောက်သို့ယှဉ်လျက် ပျံသန်းနေကြသည်။

အုတ်တွင်းကိုလွန်သော် ကဲ့ပွဲမြို့သို့ ရောက်ပေပြီ။ သူကြွယ်မသေသည်ကိုစွဲ၍ ကြွယ်မအိပ်ပွဲ၊ ထိုမှ ကြွယ်ပွဲ=ကဲ့ပွဲ ဖြစ်လာရသော မြို့တည်း။ ရှည်လျားလှသော စိတ္တသုခဘုရား

ဘန်ဆောင်းသည် မြို့၏ထင်ရှားသော လက္ခဏာတရပ်ဖြစ်သည်၊ ဆန်စပါးလည်း ထွက်သဖြင့် အတန်အသင့် ထင်ရှားသည်။

တချိန်က မိမိသည် ဤမြို့၌ တဝါဆို၍ ဘကကျောင်းတွင် သာသနာပြုခဲ့ဘူးသည်ကို အောက်မေ့မိသည်။ သံဝေဂ ရစရာလည်း တွေ့ခဲ့ဘူးသည်။ "အမျိုးသားတယောက် ဆံသဆိုင်တွင် ဆံသရန် စောင့်နေသည်၊ ထိုစဉ် ကားလမ်းတဘက်ရှိ ငပ်ရှေ့မှ ဘီးပြုတ်၍ ဆံသဆိုင်ရှိ တိုင်ကို ထိမှန်သည်၊ ထို့နောက်မှ စောင့်နေသူ၏ ဦးခေါင်းကို ထိမှန်ကာ ကွယ်လွန်ရသည်။ မြန်ဆန်လှသော သေခြင်းတရားပေ"။

"ဘယ်မှာ သေမည်၊ ဘယ်ပုံသေမည်၊ ဘယ်လိုရောဂါဖြင့် သေမည်၊ ဘယ်သင်းချိုင်းမှာ မြှုပ်နှံခံရမည်ကို ဘယ်သူမျှမသိနိုင်ပါချေ" မိမိသည် သေမင်းအား ငိုကြွေးခြင်းဖြင့် တောင်းပန် မရသည်ကို မသိသယောင် ဖြစ်ခဲ့ဘူး၏။ ယင်းကြောင့်လည်း ပရိယတ်မဲ့သည့် လူသားပမာ ငိုကြွေးမိခဲ့ပါ၏။ ယနေ့မူ ငိုကြွေးခြင်း တရားဆိုးမှ လွတ်မြောက်ရန် 'ဆရာများ ထံသို့' သွားနေပါပြီ။ ငါသည် ချစ်ခြင်းမှ လည်းကောင်း၊ ချစ်ခြင်းဖြင့် ရအပ်သော စိုးရိမ်ခြင်းဘေးမှ လည်းကောင်း လွတ်မြောက်လိုသည်၊ လွတ်မြောက်ရန် လိုပါသည်။

ကျွဲပွဲအလွန်တွင်မူ နေထိုင်ဘူးသောဒေသလည်း မရှိ၊ ကားစီးရသည်မှာလည်း ပင်ပန်းနွမ်းနယ်နေပေရာ အိပ်စက် အနားယူလိုက်ပါသည်။ ဖြူးမြို့သို့ ရောက်လျှင်မူ အိပ်ခြင်းမှ နိုးရပြန်

သည်။ ဤမြို့တွင်မူ အဖျော်များ သုံးဆောင်မိသည်။ စပတ်ကရိန်း အဖျော်တည်း။ ၂-ပုလင်း ကုန်သော် အာသာပြေလေသည်။ ဤမျှတည်းဖြင့် နောက်ထပ် စီးနင်းရမည့် ၁၄၂-မိုင်ခရီးအတွက် လုံလောက်ပြီဟု ယူဆမိသည်။ ဟုတ်ပါ၏၊ ရန်ကုန်သို့ ရောက်ရန် မိုင်တရာကျော်ပင် ရှိပေသေးသည်။

ဖြူးမြို့၏ ထင်ရှားသော '**မဟာပုညမုနိစေတီတော်**'ကို လက်အုပ်ချီ ဖူးမြော်ယင်း ဖြူးမြို့အား နှုတ်ဆက် ခဲ့ရသည်။ ခရီးတဝက် ကျော်လာပြီဖြစ်၍ ကားသမားများနှင့် ရင်းနှီးနေပြီဖြစ်ရာ ဘုရားအကြောင်း တရားအကြောင်းများ ပြောဆိုမိသည်။ သူတို့ကမူ သားအကြောင်း၊ မယားအကြောင်းများ ပြောပြကြ၏။ သို့တစေ ငါအား ယဉ်ကျေးစွာ ပြောပြသည်သာ ဖြစ်ပါ၏။ လူ့ဘဝ၏ စားဝတ်နေရေး ခက်ခဲမှု၊ ဃရာဝါသ သမ္ဘာရ ကျဉ်းမြောင်းမှု အကြောင်းများသာ ဖြစ်ပါသည်။

ညောင်လေးပင်သို့ရောက်သော် ခေတ္တရပ်သည်၊ ငါအပေါ့အလေးသွားရန် ပြောကြသည်၊ ဤမြို့သည် ရန်ကုန်မှ ၉၈-မိုင်ဝေးသည်၊ မြို့၏အရှေ့ဘက်တွင်မူ မဒေါက်သို့ရောက်ရန် ဆန္ဒရှိသူများအတွက် မီးရထားလမ်းခွဲ ရှိသည်၊ ၁၂-မိုင်မျှသာ ဝေးသည်၊ ထိုမြို့မှ စစ်တောင်းကို ကျော်လျှင် တောင်ငူနယ်တွင် ပါဝင်သော ရွှေကျင်မြို့သို့ ရောက်နိုင်သည်။

ညောင်လေးပင်တွင် မိုးရွာနေသည်၊ ကားသည် စထွက်ကတည်းကပင် ထိန်း၍ မောင်းနေရသည်၊ ခရီးမတွင်လှ၊ လမ်းသည် ကောင်းမွန်သော်လည်း အကွေ့အကောက် များနှင့်

ဆုံလျှင် သတိထား၍ မောင်းနေရသည်၊ ဟုတ်၏။ အကွေ့မှာ ချော်မလဲပါမှ အကောက်မှာ နောက်မကျန်ရစ်ပါမှ ဘဝသည် ဆက်လက် ရှင်သန်နိုင်ပေမည်၊ ခရီးသည် ဆက်လက် လျှောက်သွားနိုင်ပေလိမ့်မည်။

ပဲခူးသို့ရောက်သော် ညသည် မှောင်လာလေပြီ၊ ထိုအမှောင်ကို မာကျူရီမီးရောင်တို့က ဖြိုခွင်းထား၍သာ အလင်းရောင်ကို မြင်ကြရသည်၊ သို့မဟုတ်ပါမူ မိုးည၏ ပဲခူး အမှောင်သည် သိပ်သည်းစွာပင် မှောင်နေပေမည်။

ကားဆရာတို့သည် သူတို့အချင်းချင်း တိုင်ပင်ဟန်ဖြင့် ပဲခူးတွင် ညအိပ်ရန် ပြောဆိုနေကြသည်၊ ထိုအခါ တောင်းပန်ရသည်။

''ရန်ကုန်ရောက်အောင် မောင်းပါ ဒကာတို့၊ မနက်ဖန် ဦးပဥ္စင်း ဝါဆိုရမှာမို့ပါ....''

သူတို့သည် သူတို့၏ 'ရန်ကုန်သွားမှာပါ' ဟူသော ဝန်ခံစကားကို သတိရဟန်တူသည်၊ ထိုမျှပြောရုံဖြင့် သဘောပေါက်ကာ မောင်းနှင်ပေးရှာပါသည်။ ပဲခူးမြစ်သည် မြို့လယ်မှဖြတ်၍ စီးဆင်းနေသည်။ ထိုမြစ်ဖြတ်တံတားကို ကျော်သော် ရန်ကုန်သို့ နီးပြီဖြစ်၍ ဝမ်းသာရသည်။ ပဲခူးနှင့် ရန်ကုန်သည် မိုင် ၅၀-မျှသာ ဝေးသည်မဟုတ်လော။

မူလ လူတို့က ''မဝဝါ'' ဟု ခေါ်တွင်သော မြို့။ နောက်သော် ပဲခူး ဟု ခေါ်တွင်သောမြို့။ ဝမ်းဘဲ ဟသာ

များ ကူးသန်းရာ ဖြစ်၍ **'ဝမ်းဘဲကူး' တွင်ရာမှ ပဲကူး၊** ယခုမူ 'ပဲခူး'၊ ထူးလှသည့် မြို့နာမည်ပါပေ။ ဤပဲခူးသည် တရုံရေးအခါက စည်ကားခဲ့သည်။ ခမ်းနားခဲ့သည်၊ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး အုပ်စိုးစဉ်ကမူ ကြီးကျယ် ကျော်ကြားခဲ့သည်။ ၁၁၁-ခုနှစ် အလောင်းမင်း တရားသိမ်းပိုက်လိုက်ချိန်တွင်မူမှေးမှိန်ခဲ့ရလေသည်။ **'စည်ကားမှုသည်မှေးမှိန်ခြင်းလျှင် နိဂုံးရှိတကား...'**။

ဤမြို့၌ ထူးခြားကျော်ကြား၍ တန်ခိုးကြီး ဘုရား စေတီများ ရှိသည်။ 'ရွှေမော်ဓော'မှာ မြို့၏ ကျက်သရေဆောင် လည်းဖြစ်၊ အောက်မြန်မာနိုင်ငံတွင် ရွှေတိဂုံမှတပါး အမြင့်ဆုံးနှင့် တင့်တယ် သပ္ပာယ်ဆုံးလည်း ဖြစ်သည်။ မူလဒါယကာမှာ **"သီရိသောမာသောက"** ဖြစ်သည်။ ထိုစဉ်က ဉာဏ်တော် ၂၇-တောင်သာ ရှိ၏။ တဖြည်းဖြည်း မြင့်တင် တည်ဆောက်သာရာ ၁၉၈-တောင် ၂-မိုက်အထိ မြင့်လာသည်။

၁၂၉၂-ခု ကဆုန်လဆန်း ၉-ရက်နေ့ ပဲခူးငလျင်ကြီး လှုပ်ရာတွင် ပျက်စီးခဲ့ရ ပြန်သည်။ ၁၃၁၆-ခုနှစ် တပေါင်းလတွင် ပြည်ထောင်စုအစိုးရ၏ အားပေးကူညီမှုဖြင့် ခေတ်မီ ပုံစံဖြင့်စွက်ကာ အသစ် တည်ခဲ့သည်။ ဉာဏ်တော်မှာ ၂၁၄-တောင် တလက်ဝါး ရှိသည်။ မာကျူရီ မီးရောင်နှင့် လပြည့်ည၏ အလင်းရောင်အောက်ဝယ် မိုးတိမ်သို့ ထိုးဖောက်တော့မည့်ဟန် ဖူးတွေ့ရသော စေတီတော်မြတ်မှာ စိတ်ဘဝင်ကို ရွှင်ပျစေပါတော့သည်။

ပဲခူးသည် ဝေး၍ ကျန်ခဲ့ပြီ။ ညအရေးတွင် လကွေးနှင့် တိမ်မျှင်တိမ်ဆိုင်တို့ကို အဖော်ပြုလျက် ဂျိုအမ်စီသည် အပြင်းနှင်နေပါသည်။ ရာဘာတောများအနောက်တွင် ရန်ကုန်မိုးက ရုတ်တရက် နှုတ်ဆက်လေပြီ။ နီးလေ ကြီးလေ "ရွာပဲနဲ့ သဲလိုက်ပါနဲ့" ဟု တောင်းပန်စရာမလို။ ရွာလဲရွာ၏၊ သဲလည်း သဲ၏၊ အပြုံးနှင့် ရွာချသလော မသိ။

မိုးသည် ရန်ကုန်အဝင်တွင် ပိုမို သဲလာသည်။ မရမ်းကုန်း မီးပွိုင့်တွင် လေလည်း ရောရာ မိုးနှောရွာ၍ ကားသည် ရပ်၍ ပင် နေရသေးသည်။ သစ်ပင်များ ကျိုးကျလာသော် ... အော် သတ္တဝါဟူသည်က ကြောက်ရမည်ဆိုလျှင် စိုးရိမ်၍ ကြောက် တတ်ချေသည်။

"ငါသည် သံဝါထစ်ချုန်း၊ မိုးရွာတုန်းဝယ်၊ ရှင်ပြုံး ဘယ်မှာ၊မနေသာ၍၊ ဗလာကိုယ်တည်း၊ ဝိုင်းထိးဆောင်ယင်း၊ ကားမျှော်ရသည်"

"တက္ကစိ ..."။

"တက္ကစိ ..."။

ကမာရွတ်မီးပွိုင့်အလွန်ရှိ "ရောင်နီဦး" လက်ဖက်ရည်ဆိုင် ရှေ့ဝယ် ငါသည် ၃-ပေ အချင်းမျှရှိသော ထီးဝိုင်းလေးကို ဆောင်းမိုးကာ အငှားကားကို ခေါ်နေပါသည်။ အချိန်မှာ ၁၂း၃ဝနာရီ ရှိလေပြီ။ ကားတို့ကား ပြေးလင်နေသည်။ မိုးကား -ကံဆိုးသူမောင်ရှင့်အတွက် အပြုံးနှင့်ပင် ရွာချနေ

ရော့ ထင်သည်။ ချမ်းလာသည်၊ ခိုက်ခိုက် တုန်အောင်ပင် ချမ်းလာလေပြီ။ ရေနွေးတခွက်မျှသောက်ရမှု ကောင်းလေစွ။ တောင့်တတိုင်းရပါမူ ကောင်းပေစွ။ သို့သော် တောင့်တတိုင်း မရ။ ထိုသို့ မရခြင်းကား +'ယံပိစ္ဆံ န လဘတိ'ဖြစ်၍'တမ္ပိ ဒုက္ခံ' သို့သာရောက်ရလေသည်။

ဤအတွေးဖြင့် ငေးမျှော်နေစဉ် လက်ဖက်ရည်ဆိုင်မှ လူငယ် တဦးတားပေး၍ တက္ကစီတစီးရသည်။ 'ချမ်းမြေ့ရိပ်သာ' ခေါ် ရာတွင်'မသိ'ဟု ပြောသည်။ 'ချော်တွင်းကုန်း' မှတ်တိုင်မှာဟု ပြောသော် ကောင်းစွာ သိလေပြီ။ ထိုအခါ ၁၀/တောင်း သတည်း။ မဝေးလှသော်လည်း အေးလှသည့် ခန္ဓာကိုယ်က အနွေးဓာတ်ကို ခံယူလိုပြီဖြစ်၍ တောင်းသမျှ ပေးရတော့၏။

ချမ်းမြေ့သို့ ရောက်သော် ၁၂း၄၅·မိနစ်ရှိပြီ။ ဝင်းတံခါး သည် ပိတ်လေပြီ။ လေးလက်မသော့သည် ခိုင်မာစွာပြော လေပြီ။ 'ဘုန်းကြီး ဦးဣန္ဒကဘုရား'သဲသဲမဲမဲ ရှာနေသည့်ကြား မှုပင်အောင်၍ ခေါ်မိသည်။ နှစ်ခွန်းမှ သုံးခွန်းတိုင်ထူးသူမရှိ။ အိပ်စက် နားနေလောက်ပေပြီ။ ဘယ်မှာ အိပ်ရပါမည်နည်း။ ကျောင်းရှေ့တွင် တဝဲလည်လည်ဖြင့် စဉ်းစားရပြန်ပါသည်။

ကျောင်းရှေ့ရှိ ကျူထရံဆိုင်မှာ မီးလင်းလျက် ရှိသည်။ တံခါးလည်းပွင့်လျက်၊ ကျောင်းနားနီးလျှင် သူတော်ကောင်း စိတ် ရှိတတ်သည်။ ခွင့်တောင်း၍ တညတာ တည်းရမူ ကောင်းလေစွ။ အိပ်စက်ခွင့်ရသည်ကပင် တော်လေပြီ။ တခါက ဗုဒ္ဓသည် အိုးထိန်းသည်'ဘဂ္ဂဝ'၏တဲမှာ တညတာ နေတော်မူ

ဘူးသည်။ ငါ့မှာမူဗုဒ္ဓ၏သာဝက၊ ဗုဒ္ဓ၏သာဝကသည် ဗုဒ္ဓလိုပင် သည်းခံနိုင်ရပေမည်။ တခဏမှာပင် အိပ်ပျော်သွားပါသည်။ မိုးလင်းသော် ကျောင်း လိုက်ပို့ ပေးကြသည်။ အော်— မြန်မာ့လူနေမှုစနစ်ကား နှစ်ခြိုက်ဖွယ် ရှိစွတကား။

❁

၁၃၄၁–ခု၊ ဝါဆိုလပြည့်ကျော် ဂ–ရက် တနင်းလာနေ့။

၉–၇–၇၉

ရွှေစာလုံးနှင့်မြင်ကွင်းသစ် နေ့ နံနက် ၆-နာရီ အချိန်တွင် ချမ်းမြေ့ရိပ်သာ ကျောင်းသို့ ရောက်သည်။ ရိပ်သာအဝင်ရှိ ဆိုင်းဘုတ်သည် ရွှေစာလုံးဖြင့် ရေးထား၍ ဝင်းနေသည်။ ညက မိုးရွာထားသဖြင့် ပိုမိုဝင်း လက်ဟန် တူသည်။ ဂဝံကျောက်ဖြင့် ခင်းထားသော မြေနီ လမ်းသည် စိုနေသည်။သစ်ပင်တို့ကား စိမ်းသည်။ ငှက်ပျော တို့ကား ညို့ညို့မှောင်နေသည်။

ဓမ္မာရုံသည် ဆောက်လုပ်ဆဲတည်း။ အချင်း ၇-နယ်၊ ထုပ်လျောက်၊ ဒိုင်းမြွားတို့ဖြင့် အမိုးသည် အကြမ်းမျှသာ တည်း။ အခင်းလည်း အကြမ်းထည်မျှသာတည်း။

တိတ်ဆိတ် နေသော နံနက်ခင်းဝယ် အေးဆေး ငြိမ်သက် သော ယောဂီတို့ကို စတင်မြင်ရပေပြီ။ လက်ကလေးနှစ်ဖက်

နောက်သို့ ချ၍ တလှမ်းချင်း လှမ်းကာ ရှုမှတ်နေကြသည်။ ထိုင်သူကမူ ထိုင်နေလေပြီး။

စင်္ကြံရှုမှတ်နေသောယောဂီတဦးသည်အသစ်ဖြစ်ဟန်တူသည်။ ရံခါမော့ကြည့်နေတတ်၏။ ရံခါအဝေးသို့ ငေးနေတတ်သည်။ သူမ၏ခြေတို့တွင် ဆေးရောင်သည် နီမြန်းဆဲပါတကား ။

ဆရာတော် သီတင်းသုံးရာ ဖြစ်သော 'စံကျောင်းတော်' အပေါ်ကပ်သို့ သာမဏေတပါး ပို့ပေးသဖြင့် သူ့ နောက်မှ လိုက်ကာပါရသည်။ စံကျောင်းသည် ၅-ပင် ၂-ပင်၊ နှစ်ထပ် ဖြစ်၍ အောက်ထပ်မှာတိုက်ခံ၊ အပေါ်ထပ်မှာမူ ပျဉ်ထောင်နှင့် ဘိလပ်သွပ်မိုးဖြစ်သည်။ ကျောင်း၏ တောင်ဘက်တွင် စင်္ကြံ လမ်း ဆုတ်ထားသည်။ ထိုစင်္ကြံလမ်း၏ အလယ် ဗဟိုတွင် ဆင်ဝင် ထုတ်ထားသည်။ ထိုဆင်ဝင်မှ တောင်ဘက်ပေ-၂၀ အကွာတွင် ဆွမ်းစားကျောင်း ရှိသည်။ ထို ကျောင်းသည် အနီရောင်သုတ်ထားသဖြင့် အစိမ်းရောင်ရွက်သစ်တွေကြားဝယ် ပိုမို ထင်ရှားနေပါသည်။

"ဟာ....ဦးပဥ္စင်းကြွလာပြီကိုး ..."

ဘုန်းကြီးဦးဣန္ဒကသည် စင်္ကြံတွင် ရပ်နေသော မိမိအား အံ့ဩဝမ်းသာဟန်ဖြင့် နှုတ်ဆက်၍ ကြိုဆိုပါသည်။

"မှန်ပါဘုရား၊ လာဖြစ်အောင်ပဲ လာခဲ့ပါတယ်ဘုရား"

နွေရာသီအလယ်လောက်က နှစ်ဦးသားတွေ့ကြရာ 'ရိပ်သာ ဝင်မည်ဆိုပါက လာဖြစ်အောင်တော့ လာပါ'ဟု မှာကြား ခဲ့သည်၊ ထိုစကားဖြင့် ဘုန်းကြီးကမေး၏၊ မိမိကလည်း ဖြေရ၏၊

နှစ်ဦးသား နားလည်မှုရှိကြပါသည်၊ အဘယ့်ကြောင့်ချိန်းထား ရက်မှာ မလာသနည်းဟု ဘုန်းကြီးသည် တဲ့တိုးပင်မေး၏၊ မိမိ၏ မဝေးသောအတိတ်က ဖြစ်ရပ်ကို အကျဉ်းရုံး၍ လျှောက်ရ ပြန်သည်။ ထိုအခါ–

''အဲဒါကြောင့်တပည့်တော်ပြောတာပေါ့၊တရားအလုပ်က အနှောင့်အယှက် ပေါ်တတ်တယ်လို့....''

''မှန်ပါဘုရား... တွေ့ရတာလဲ တကယ်ပါပဲ၊ တွေ့သမျှကို ကျော်လွှားပြီး အာမဘန္တေ ခံထားတဲ့အတိုင်း လာခဲ့ပါသည် ဘုရား...''

''ကဲ....ကောင်းပြီလေ၊ ရိပ်သာကြီးကတော့ စာရင်းပိတ် သွားပြီ၊ ချမ်းမြေ့မှာပဲနေပါ၊ ဆရာတော်ကတော့ နိုင်ငံခြား သာသနာပြုသွားတယ်၊ မဟာစည်ဆရာတော်ကြီးနဲ့ အတူပါပဲ၊ မကြာခင် ပြန်ကြွလာလိမ့်မယ်....''

'' ဘုန်းကြီး ကောင်းမယ်ထင်သလို စီစဉ်ပါဘုရား''

ဤသို့ဖြင့် ချမ်းမြေ့မှာ နေဖြစ်ပါသည်။

နေ့ ၁၀-နာရီတွင် ဆွမ်းစားခေါင်းလောင်း ခေါက်သည်၊ ယောဂီများသည် စိစိရိရိ ညီညီညာညာဖြင့် ခပ်ဖြည်းဖြည်းလေး ကြွနေကြသည်။ စီးကိုက်ဝါးကိုက်ပင်ဖြစ်နေတော့သည်၊မိမိမှာ မြင်ကွင်းသစ်ဖြစ်၍ အံ့ဩစိတ်ဖြင့်ကြည့်သည်၊ မျှော်လင့်စိတ်ဖြင့် ကြည့်သည်၊ မကြာမီ မိမိသည်လည်း ယောဂီတပါး ဖြစ်လာ

တော့မည်မဟုတ်ပါလော၊ မိမိသည် မည်မျှကြာအထိ ငေးမော ကြည့်ရှုနေသည်မသိ၊ သာမဏေတပါး ဆွမ်းစား လာပင့်မှပင် ဆွမ်းစားကျောင်းသို့ ကြွဖြစ်တော့သည်။

**ငြိမ်သက်ဖြေးဖြေး ဆွမ်းဘုဉ်းပေး** ယောဂီတို့သည် ငြိမ်သက်စွာဆွမ်းဘုဉ်းပေး နေကြသည်၊ ဇွန်းသံပန်းကန်သံပင် မကြား ရချေ၊ ယောဂီများကိုသာ မမြင်ရပါမူ ဆွမ်းစားကျောင်းပေါ်၌ လူရှိသည်ပင် မထင်နိုင်၊ ထိုမျှပင် တိတ်ဆိတ်လှ၏။ 'အော်....ယောဂီတို့သည် ငါ ကြားဘူးသော သတိပဋ္ဌာန်နည်းဖြင့် ရှုမှတ် ဘုဉ်းပေး သုံးဆောင်နေကြဟန် တကား....'။ ငါလဲပဲ သူတို့လိုပင် ဘုဉ်းပေးရပေဦးမည်၊ သူတို့ လိုပင် ငြိမ်သက်အေးဆေးစွာ သုံးဆောင်ရ ပေဦးမည်တည်း။

ကျောင်း သံဃာများ သပိတ်နှင့် ဘုဉ်းပေးသော်လည်း မိမိမှာမူ တိုက်ပန်းကန်ပြားဖြင့် ဘုဉ်းပေးရသည်၊ ဇွန်းနှင့် ခက်ရင်းနှင့်ပင် ပြင်ဆင်ထား၍ ထိုပစ္စည်းများဖြင့်ပင် ဘုဉ်းပေး လိုက်သည်။ 'အော် - တခါကမူ ရဟန်းဖြစ်လျက် ဇွန်းခက်ရင်း နှင့် ဘုဉ်းပေးရမည်လား...'ဟု ဆုံးမမှု ရယူခဲ့ဘူးသည်။ ယခုမူ ထိုပစ္စည်းများဖြင့်ပင်ဘုဉ်းပေးနေရသည်။ ကာလဒေသကွဲပြား မှုကြောင့်ပေလော၊ သို့မဟုတ်လျှင် ပုဂ္ဂလဓမ္မ ခြားနားမှုကြောင့် ပေလော မသိနိုင်၊ ဇွန်းခက်ရင်း ကိုင်သင့် မကိုင်သင့် ပြဿနာ ဟောင်းသည် ထပ်လောင်း၍ ပေါ်လာပြန်လေသည်။

အချို့ပွဲ ဘုဉ်းပေးကြစဉ်တွင်မူ သံဃာအားလုံးပင် ခက်ရင်း လေးများဖြင့် ဘုဉ်းပေးကြသည်၊ ငှက်ပျောသီးကို အခွံနွှာကာ

ခက်ရင်းဖြင့် ဖြတ်၍ ဖြတ်၍ ဘုဉ်းပေးကြပုံမှာ ကြည့်၍ပင် လှသေးတော့သည်။

မိမိသည် အရုဏ်ဆွမ်းတထပ် လပ်ခဲ့သဖြင့် နေ့ဆွမ်းတွင် အတန်မျှအောင် ဘုဉ်းပေး လိုက်ပါသည်၊ အချိုပွဲတွင်မူ အနည်းငယ်သာ တတ်နိုင်တော့သည်။

နေ့ဆွမ်းကိစ္စ ပြီးစီးသော် ယောဂီတို့သည် အလာတုန်းက လိုပင် ဖြည်းဖြည်း ငြိမ်သက်စွာဖြင့် ပြန်ကြလေသည်၊ အချို့ ယောဂီများ စံကျောင်းပေါ်သို့ကြွကြ၏၊ အချို့ကား အောက်ထပ်သို့သွားကြ၏၊ အချို့ကား ဓမ္မာရုံအောက်ထပ်သို့သွားကြ၏၊ အချို့လည်း အဆောင်သို့ပြန်ကြလေသည်၊ မိမိမှာမူ စံကျောင်း အပေါ်ထပ်သို့ တက်ရသည်၊ မိမိနေရမည်မှာ စံကျောင်းပေါ် တွင် ဖြစ်ပါသည်။

စံကျောင်းပေါ်ရှိ ယောဂီတို့မှာ အချို့ စင်္ကြံလျှောက်နေကြပြီး၊ အချို့ကား သပိတ် ပရိက္ခရာသိမ်းဆဲတည်း၊ ၁၂-နာရီ ထိုးသော် ထိုင်သူတို့ ထိုင်ကြလေပြီ၊ ဣန္ဒြေရပါဘိ၊ ငြိမ်သက်လှပါဘိ။ စင်္ကြံရှုသူတို့ကား အလွန် ဖြေးလေးစွာ ရှုမှတ်ခြင်းဖြင့် သမာဓိစခန်းကို ထူထောင်နေကြသည် ထင်ပါ၏၊ ထိုယောဂီတို့၏ မျက်နှာတော်များသည် တင်းကျပ်မှုမရှိ၊ မျက်မှောင်ကြုတ်မှုလည်း မရှိပေ၊ မိမိမှာ ဘာကစရမည်မသိ၊ ယောင်တိယောင်ချာ ဖြစ်နေသည်၊ ယမန်နေ့က တနေကုန် ကားစီးခဲ့ရ၍လည်း ပင်ပန်းနေသည်၊ ဆွမ်းဆီရစ်သဖြင့်လည်း ငိုက်မျဉ်းလှသည်၊ စံကျောင်းပေါ်၌ အိပ်စက်ရန် နေရာမရှိ၊

ရှုမှတ်သူတို့ ကြားဝယ် အိပ်စက်နေမည်ဆိုကလည်း ပိုးလိုးပက်လက်ရှက်စရာပင်၊ သို့နှင့်အိပ်ချင်စိတ်ကိုအောက်ဆင်း၍ မျက်နှာသစ်ကာ ဖြေရပါသည်။

နေ့ ၂-နာရီတွင် စံကျောင်းအောက်ထပ်၌ တ ုးနာရသည် ၃-နာရီတွင် ပြီးသည်။ ၄-နာရီတွင် အလုပ်ပေးတရားနာယူရန်လာပင့်သဖြင့် ဆွမ်းစားကျောင်းသို့ ပြန်ကြွရသည်။ အခြားယောဂီများလည်းပါသည်။ခင်းထားသောသင်ဖျာများပေါ်၌ အသီးအသီး နေရာယူပြီးသော် ရဟန်းတော်လေးကကက်ဆက်ဖွင့်ပေးပြီး၍ တရားနာယူရန်တိုက်တွန်းသည်။ မိမိကဝါကြီးသဖြင့်၊ သူအားဦးမချရ၊ သူကဝါငယ်သော်လည်း မိမိအား ဦးမချပေ။

**အလုပ်ပေးတရား** အလုပ်လုပ်ဖို့အတွက် နည်းပေးလမ်းပြသောတရားကိုနာရပါသည်။ချမ်းမြေ့ဆရာတော်ဟောသည်ဟုသိရပါသည်။ ဆရာတော်ကိုလည်း မဖူးမြင်ဘူးသေး၊ တရားကိုလည်း ယခုမှပင်နာရဘူးသဖြင့် စိမ်းတိမ်းတိမ်း ဖြစ်နေပါသည်။ သို့ရာတွင် မိမိသည် အလုပ်လုပ်ရန်လာခြင်းဖြစ်၍ လုပ်ဖို့ဟောပြသောတရားကို ဂရုသာစွာလည်းနာသည်။ရေရှည်လည်းခိုင်အောင် စာပြင့်ပါ လိုက်၍မှတ်ခဲ့သေး၏။

တရားနာပြီးသော် ဘွဲ့အမည်၊ နေရပ်လိပ်စာ၊ ဥပဇ္ဈာယ်ဆရာ၊ တရားအားထုတ်ဘူးခြင်း ရှိ-မရှိ စသည်တို့ကို ယောဂီစာရင်းတွင် ထည့်ရန်အတွက် ဖြေရသည်။ ပြောပြရပါသည်၊ ပြီးလျှင် စံကျောင်းပေါ်သို့ကြွရသည်။ ယခုအခါတွင်မူ စကြီလျှောက်တတ်လာပေပြီ။ ''ဗယ်လှမ်းတယ်၊ညာလှမ်းတယ်''ဟု

စိတ်အဆိုမှတ်သားမှုလေးနှင့်အတူပင် လျှောက်တတ်လာသည်။ သို့သော် ခြေတို့သည် ဆတ်တောက်ဆတ်တောက်ဖြစ်နေသည်။ အခြားယောဂီများကဲ့သို့ မငြိမ်၊ အသားမကျသေးချေ။

ရံခါ၌မူ ဤသို့ စိတ်အဆိုဖြင့်မှတ်၍ စင်္ကြံလျှောက်ရသည်ကိုပင် ရယ်ချင်စိတ်ပေါ်လာမိသည်။ "ဘယ့်နှယ်ဟာပါနည်း၊ ငါဘာကြောင့် ရယ်ရမည်နည်း၊မရယ်ပါနဲ့ကွယ်"ဟုချုပ်တည်း၍ သိမ်းဆည်းမိသည်။ အသစ်အဆန်းများနှင့် ကြုံရလျှင် ဤသို့ပင် ဖြစ်တတ်ကြလေသလောမသိနိုင်ချေ။

စင်္ကြံ၌မိနစ် ၃၀-လျှောက်ဖြစ်သည်၊ အထိုင်တွင်မူ ထိုမျှပင် မရနိုင်၊ ငိုင်လိုငိုင်၊ ငေးလိုငေး၊ တွေးလိုတွေးဖြင့် ယားကျိကျိဝေဒနာကလဲ ဘယ်ကရောက်လာသည်မသိ၊ အတော်ကလိခံရသည်။ ဤသို့ မငြိမ်မသက် ရှုမှတ်နေစဉ်မှာပင် ဝါဆိုရန် လာပင့်သဖြင့် ဆွမ်းစားကျောင်းပေါ်သို့ ကြွရသည်။ ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင် တခုမျှ မကိုင်ရပါ၊ "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" ပါဠိကိုသာ တပါးစီဆို၍ ဝါဆိုခြင်း ပြုကြသည်။ ပြီးလျှင် နိဿရည်း ယူကြရသေးသည်။ တောရဗိမာန်ဆရာတော်ကြီးထံမှာဖြစ်သည်။

တောရဗိမာန်ဆရာတော်သည် အေးဆေးပုံရသည်၊ စကားများစွာမဆို "ကိုယ့်တရားကိုသာ ကြိုးစားအားထုတ်ရန် တိုက်တွန်းလိုက်သည်"။ မိတ်တို့ ပေဟာန်းယောဂီ ငါးပါးသည် ထိုတိုက်တွန်းချက် ဩဝါဒကိုပင် ခံယူ၍ စံကျောင်းပေါ်သို့ ပြန်ကြွကြသည်။ စံကျောင်းပေါ် ရောက်သော် ထိုင်သူထိုင်

စကြံလျှောက်သူ လျှောက်ဖြင့် ကိုယ့်အာရုံနှင့်ကိုယ် ရှုမှတ်နေကြလေသည်။

"ဖောင်းမှု ပိန်မှုသည် ပင်တိုင် အရှုခံအာရုံ"ဖြစ်၍ ထိုသဘောကို တွေ့အောင်မှတ်ရသည်၊ မတွေ့နိုင်သဖြင့် လက်ဖြင့်ချက်တဝိုက်ကို ဖိ၍မှတ်ရသေး၏။ ထိုအခါ ဖောင်းကြွလာမှု ပိန်ကျသွားမှုကို တွေ့ရတော့သည်။ ဖေါင်းတယ် - ပိန်တယ်၊ ဖောင်းတယ်-ပိန်တယ်မှတ်ပါသည်။ မိနစ် ၃၀-ပင်မပြည့်သေး ထိုင်၍ မရနိုင်အောင် ဝမ်းနည်းစိတ်များ ပေါ်လာသည်။ သီမောင်မျက်နှာသည် ရှေ့မှကာဆီးနေသည်။ ရေတောင်းသောအသံသည် နားတွင် ကြားယောင်နေပြန်သည်။ ဗိုက်ကိုခွဲပုံ အခြင်းအရာများ၊ မီးသဂြိုဟ်ပုံများသည် မခေါ်ပဲနှင့်ရောက်လာသော အာရုံများပင် ဖြစ်သည်။ ထိုအာရုံများနှင့် ထွေးလားလုံးလားဖြစ်ယင်းနှင့်ပင် ၁၀-နာရီထိုးပါသည်။ ထိုအခါအိပ်ချိန်ရောက်ပြီဖြစ်၍ အိပ်ရန်ပြင်ဆင်ကြလေပြီ။

အော် ...ဘဝသစ်၏အစ၏အစ၊ တနေ့တာကုန်ဆုံးသွားသည်။ ညဥ့်ဦးယံတွင်မြတ်ဘုရားကို ဦးထိပ်ထား၍ အိပ်စက်ရန်ပြင်ဆင်မိပါသည်။ အိန္ဒြိယကော်ဇောကိုခင်း၊ သက်န်းခေါက်နှင့် မှတ်စုစာအုပ်ကိုခေါင်းအုံးလုပ်၊ မောင်ကျော်သန်းတို့ ဇနီးမောင်နှံလှူလိုက်သည့် စစ်ခြင်ထောင်ကိုထောင်၊ အမောင်သုစိတ္တအိပ်စက်ပေတော့....။

နံနက် ၃-နာရီခွဲတွင် ခေါင်းလောင်းခေါက်၍ အိပ်ရာမှ ထကြရသည်။ မျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး ဘုရား

ဝတ်ပြု၊ မေတ္တာပို့၊ စင်္ကြံလျှောက်၊ တရားထိုင်ရသည်။ ၅-နာရီထိုးသော် နံနက်စာ (အရုဏ်စာ) အတွက် ခေါင်းလောင်းခေါက်၍ ဆွမ်းစားကျောင်းသို့ဆင်းကာ ဆန်ပြုတ် ဘုဉ်းပေးကြရသည်။ ဆန်ပြုတ် ဖြူဖြူဖွေးဖွေးကား အဆာလည်းပြေအစာကြေ၍ မြတ်စမွေရှာမှီးမှုအတွက် အထောက်အပံ့ကောင်းပင် ဖြစ်ပေလိမ့်မည်တကား။

❀

၁၃၄၁-ခုနှစ် ဝါဆိုလဆုတ် ၂-ရက် အင်္ဂါနေ့။
၁၀-၆-၇၉

**မဟာစည်အလုပ်ပေးတရား** ဒုတိယရက်တွင် ဒုတိယအကြိမ်အလုပ်ပေးတရားနာရပြန်သည်။

ယနေ့နာရသည်မှာ မဟာစည်ဆရာတော်ဘုရားကြီး၏ အလုပ်ပေးတရားတော် ဖြစ်ပါသည်။ အသံ ကြီးသည်။ ဩဇာသံပါသည်၊ အရပ်စကား တို့ကို များစွာ သုံးသည်။ ရှင်းသည့်နားလည်လွယ်ပါသည်၊ တရားနာယင်းပင် သဒ္ဓါတရားများဖြစ်ပေါ်လာသည်၊ စိတ်လည်း သက်သာရာ ရလာပါပြီ။

တရားခွေဖွင့်ပြီးသော် ''နောက်ရက်မှာ ဆက်လက်နာယူလိုက နာကြားနိုင်သေးကြောင်း'' ရဟန်းငယ်ကလျှောက်ထားသည်။ မိမိသည်နာရန်လည်း လိုအပ်သေး၏၊ နာယူရန်လည်းဆန္ဒ ရှိသေးသဖြင့် ''နာပါဦးမည်''ဟု ဝန်ခံ ပြောကြား

လိုက်သည်။ ထို့နောက် မဟာစည်မှ ဩကာသ စာရွက်သေး သေးလေးနှင့် ချမ်းမြေ့ရိပ်သာအကြောင်း သိကောင်းစရာပါ စာရွက်ကလေးကို အဆိုပါ ရဟန်းငယ်ကပင် ဝေသည်။ စံကျောင်းပေါ်ရောက်၍အသေးစိတ်ဖတ်ကြည့်သော် ရိပ်သာ၏ ရည်ရွယ်ချက် အစီအစဉ်များကိုသိ၍ စိတ်ဝင်စားမိသည်၊ ဝမ်း မြောက်မှုလည်း ဖြစ်မိပါသည်၊ သို့ရာတွင် ယောဂီတဦးအတွက် တနေ့တာကျွေးမွေးစရိတ် အဖြစ် တလတွက် ၉၀-ဆွမ်းဖိုးလှူရ သည်ဟု သိရသဖြင့် ခေါင်းအလုပ်ရှုပ်ရပြန်သည်။

"အင်း—တလလျှင် ၉၀၊ နှစ်လဆို ၁၈၀၊ သုံးလဆိုပါမူ ၂၇၀၊ ငါဘယ်က ရပါလိမ့်မည်နည်း၊ ရဟန်းဖြစ်၍လည်း ငွေမရှာတတ်၊ မရှာတတ်သဖြင့်လည်း မသိ၊ မသိ၍လည်း မရှိ၊ မရှိပါ၊ ငါ့မှာ ငွေမရှိပါချေ..."

ဆွမ်းဖိုးငွေ ၂၇၀-အတွက် ဘယ်ကိုမှာ၍ ဘယ်လိုရှာရမည် မသိဖြစ်ကာ တွေဝေနေမိသည်။ "အစက ကြိုတင်သိရလျှင် အကောင်းသား"၊ တပါတည်း အလှူခံယူခဲ့ရန် ယခုမှ ဖိတ် မန္တကပြုထားသော ဒကာတို့နှင့်လည်းဝေးပြီ၊ ပစ္စည်းလေးပါး ဧကာနှင့်လည်း ဝေးပြီ၊ ဉာတိပရိဝါတ ဆွေမျိုးတို့နှင့်လည်း ဝေးပြန်ပြီ၊ ဝေးခြင်းကြီးသုံးပါးဆုံနေရာ မကြံတတ်သည့် အဆုံး "ဘုန်းကြီး ဦးဣန္ဒကရှိသားပဲ၊ သူစီစဉ်လိမ့်မယ်လေ၊ ငါ့အလုပ်က ကြိုးစားပို့ အားထုတ်ဖို့ ဆရာ့စကားကို တသဝေ မတိမ်း နားထောင်ဖို့ပင် မဟုတ်ပါလော"

ဤသို့ဖြင့် ဆွမ်းစရိတ်တွက် စိတ်လက်ကြည်သာရန် တွေးမိသည်။ ထိုအတိုင်းပင် ဆွမ်းဒကာတဦး ပေါ်ပေါက်ကြောင်း နောက်ရက်တွင် ဘုန်းကြီးက အမိန့်ရှိလာသည်။ ထိုသူကား ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဦးအေးမောင်နှင့် မိသားစု တည်း။ ဝမ်းသာစွတကား....။

❀

၁၃၄၁–ခု၊ ဝါဆိုလဆုတ် ၃–ရက်၊ ဗုဒ္ဓဟူးနေ့။
၁၁–၆–၇၉

**ယောဂီဟူသည်** ''ယောဂီသည် အ, အသဖွယ်နေရမည်၊အပင်းသဖွယ်နေရမည်၊ လူမမာလိုလည်း ကျင့်ရမည်၊ အမူအရာတိုင်းမှာဖြည်းဖြည်းလေး လုပ်ရမည်၊ ယောဂီအလုပ်ဟူသည် အနှေးပြိုင်ပွဲဟု ဆိုက ပိုမိုမှန်ပေမည်။

ဤ သဘောတရားများ ပါဝင်သော တရားတော်ကို ''ညောင်ကန် ဦးဣန္ဒက''ဟောပါသည်၊ သွားရာမှာလဲရှု၊ စားရာမှာလဲရှု၊ စက္ကန့်မပြတ် တရစပ်ကို ရှုမှတ်နေရမည်ဟုလည်း ဟောသည်၊ အောင်မြင်စီဝေသော ဓမ္မကထိက ဟန်မာန် အပြည့်ဖြင့် တနာရီကျော် ဟောတော်မူသည်။

တရားပွဲပြီးသော် ''ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ–ကိုဆိုရသည်။ပါဠိနှင့်မြန်မာ နှစ်ဘာသာဆိုရသည်။ ယောဂီတို့၏အသံသည် စီစီညီညီ စီး

ဝါးကိုက်ထားသလိုပင် ထွက်လာသည်။ သာယာနာပျော်ဖွယ် လည်းရှိသည်၊ ကြည်နူးချမ်းမြေ့ဖွယ်လည်းရှိသည်၊ မိမိမှာမူ အသစ်ဖြစ်နေ၍ စာရွက်ပါသည့်တိုင် နှုတ်ကမူ မဆိုရဲသေး၊ အသံနှင့် ဟန်ကို လေ့လာအကဲခတ်ဆဲမျှသာတည်း။

ယနေ့သည် ယောဂီဘဝ၏ တတိယမြောက်ဖြစ်၍ လုပ်ငန်း အပေါ်၌ စူးစိုက်ကြည့်မိသည်။ ထိုအခါ ကျောအောင့်ဝေဒနာ ပေါ်လာသဖြင့်လည်းကောင်း၊ ညောင်းမှု ကိုက်မှု ဝေဒနာ နှိပ်စက်သဖြင့်လည်းကောင်း စိတ်ညစ်မိသည်။

"ကျောအောင့်ဝေဒနာများရယ် ရပ်ပါတော့ကွာ၊ ဘာ ဖြစ်လို့ ညောင်းရတာလဲ၊ အယင်က ဒီလို မညောင်းဘူးပါလား၊ ခုမှ ဘယ်ကနေ ကဆုန်စိုင်းပြီး ရောက်လာကြတာလဲ၊ သွားစမ်း အဝေးကို၊ မလာကြပါနဲ့ဟယ်...."

တကိုယ်တော် ညည်းညူ၍ တောင့်တမိပြန်သည်။ ရံခါ၌မူ ညီမောင် ပျံတော်မူအခွံဆဲဆဲ၌ ကြာနီကန်ဆရာတော်၏ ပဋ္ဌာန်း တိတ်ခွေဖွင့်ပြထားရာ ထိုအသံသည် တကယ်ပင်ကြားရောင်နေ ပြန်သည်။ ထိုအခါ စုတိစိတ်ကျရန် မေးထိုးနေသော ညီမောင် ၏ ခန္ဓာရုပ်သည် ပေါ်လာပြန်သည်။ စုတိစိတ် ကျပုံသည်လည်း ဆက်တိုက်ထင်လာပြန်သည်။ ငိုသံ၊ ရှိုက်သံ၊ ပူဆွေးသံ တို့ကား မစဲတော့....။ အို....အတိတ် အာရုံများ နှိပ်စက်လှပါသည်၊ အတိတ်သည် အရိပ်သဖွယ် လိုက်လာနေသည်၊ ဆင်းရဲလှပါ

သည်၊ ထိုဆင်းရဲမှ လွတ်မြောက်ချင်သည်၊ လွတ်မြောက်မှုကို ငါ့အား ပေးပါလော၊ အရှုံးသဖွယ် တောင်းဆိုနေမိပြန်ပါသည်။

❁

၁၃၄၁-ခု၊ ဝါဆိုလဆုတ် ၄-ရက်၊ ကြာသပတေးနေ့။
၁၂-၆-၇၉

**ကျန်းမာချမ်းသာကြပါစေ** စတုတ္ထမြောက် ရက်သည် စိတ်ကြည်လင်၍ အတိတ် မှောင်ရိပ်များ တည်ဖြည်းဖြည်း ဝေးကွာခဲ့သည်ကို သတိပြုမိပါသည်။ ယနေ့နံနက်လင်းအရုဏ်တွင် ဘုရားရှိခိုးမှုသည် ခါတိုင်းထက် ပိုမိုရှိခိုးနိုင်သည်။ မေတ္တာပို့သည်၊ ချစ်သူမုန်းသူမခွဲခြားပဲပို့သည်၊ အချို့ကို နာမည်ဖော်၍ပို့သည်၊ "ကျန်းမာကြပါစေ ချမ်းသာကြပါစေ၊ အေးမြကြပါစေ"

အရိယာပုဂ္ဂိုလ်တို့အပေါ် ပြစ်မှားမှုရှိပါက ကျေပျောက်ရန် တောင်းပန်ကန်တော့သည်၊ အခြား ပုဂ္ဂိုလ်များ အပေါ်လည်း တောင်းပန်သည်၊ မိမိအပေါ်၌ ပြစ်မှားသမှု ပြုသူတို့အားလည်း ခွင့်လွှတ် ကျေအေးလိုက်သည်၊ ခွင့်လွှတ်ကျေအေးလိုက်ပါသည်။

**တဖါလုံခရီး** ၅-နာရီထိုးသော် ခေါင်းလောင်း ခေါက်၍ ဆွမ်းစား ကျောင်းသို့ စီတန်းကြွကြ ရသည်။ ဗယ်လှမ်းတယ်၊ ညာလှမ်းတယ်'ဟု နှစ်မှတ်မှတ်၍ ကြွကြ

ရသည်၊ စံကျောင်းနှင့် ဆွမ်းစားကျောင်းသည် ၂၅-ပေမျှသာ ဝေးပါမည်၊ ထိုခရီးသည် ရှုမှတ်မှုဖြင့် ကြွသောအခါ တဖာလုံ ခန့် ဝေးသွားပါသည်၊ အကြောင်းမူ ၅-မိနစ်ခန့် သွားရသော ကြောင့်ပေတည်း။

ဆန်ပြုတ်ထည့်ပုံ-ဆားခပ်ပုံ- မွှေပုံ-ယူပုံ- သောက်ပုံ-မျိုချပုံ၊ ဤအမူအရာအလုံးစုံကိုမှတ်ရပေသည်။ ထည့်တယ်၊ထည့်တယ်။ ခပ်တယ်၊ ခပ်တယ်။ မွှေတယ်၊မွှေတယ်။ ယူတယ်၊ ယူတယ်။ သောက်တယ်၊ သောက်တယ်။ မျိုတယ်၊ မျိုတယ် စသည်ဖြင့် ရှုမှတ်ရသည်။ ရှုမှတ်နည်းကား လွယ်ကူသည်၊ သို့ရာတွင် သတိလွတ်သွားသောအခါ မရှုမိလိုက်သည်များ ရှိပါသည်။

ယနေ့ ရဟန်းယောဂီတပါး ဝါဆိုပြီးလျှက် ထွက်သွားပါ သည်။ 'တရားအားထုတ်ရတာ စိတ်မနိုင်'ဟု ဖွင့်ပြောသည်။ ထိုရဟန်းမှာ ဝါမငယ်ပါ၊ မိမိထက် ၈-ဝါပင် ကြီးသည်၊ ဒုလ္လဘရဟန်းလည်း ထွက်ပေပြီ၊ ယခုအခါ မိမိတို့ ရဟန်း ယောဂီသုံးပါးသာ ရှိတော့သည်။

ယနေ့ည တောရဗိမာန်ဆရာတော်ထံတွင်တရားစစ်ခံရသည်၊ တရားလျှောက်ပြရသည်၊ လိုအပ်သည်များကို ပြင်ဆင်ပေး သည်၊ နေရပ်ဇာတိကိုလည်း မေးမြန်းသည်၊ 'လျှော်ချောင်း, နဘူးတောင်'ကို ကြားဘူးသည်ဟု မိန့်သဖြင့် ဝမ်းသာရသည်၊ 'နဘူးတောင်'သည် ဤအရှင်၏ဇာတိရွာဖြစ်၍ လျှော်ချောင်း ကား ရွာနီးချင်းဝည်း။

တရား လျှောက်ပြီးသော် ၈-နာရီ ထိုးပေပြီ၊ ညသည် တိတ်ဆိတ်လှ၏။ လသည် မှုန်ပျပျသာနေသည်၊ မလင်းတလှည့် လင်းတလှည့်ပင် ဖြစ်နေမည်ဖြစ်သော ကြယ်များအား ညခင်းမှာ မရှုသာနိုင်တော့။ ဩကာသ လောကသည် သုနိယာမ စက်ဝန်းအတိုင်း တရစပ် လည်ပတ်နေလိမ့်မည်၊ မိမိသည် ဧကြိဳ့ နာရီဝက်ရှုမှတ်၍ တရားထိုင်ရန် ပြင်ပါသည်။ ဗုဒ္ဓရှင်တော်မြတ် ရှေ့သို့ရောက်သော် မော်၍ဖူးသည်။ မီးရောင်ကြောင့် ဗုဒ္ဓ၏ရွှေမျက်နှာတော်သည် ကြည်လင်၍ အားအစွမ်းတို့ကိုပေးကမ်းနေပါသည်။ ထိုပေးအပ်သော ဗုဒ္ဓစွမ်းရည်တို့ကို မိမိသည် အမှန်ပင် ရယူလိုသည်၊ သိမ်းပိုက်လိုပါသည်။

မေတ္တာပို့ခြင်း, အမျှဝေခြင်းများ ပြီးသော် **ပလ္လင်္ကံ အာဘုဇိတွာ**=တင်ပလ္လင် ခွေ၍ ထိုင်ပါသည်၊ ဥဇုံ **ကာယံ ပဏိဓာယ**=ခန္ဓာ၏ အထက်ပိုင်း ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားသည်၊ **သတိံ**=အမှတ် သတိကို၊ **ပရိမုခံ ဥပဋ္ဌပေတွာ**= ရှုမှတ်ရမည့် အာရုံဆီသို့ ရှေးရှုဖြစ်စေလျက် ထိုင်သည်။

မိမိရှုမှတ်ရမည့်အာရုံကား၊ ဖောင်းမှု,ပိန်မှုအရှုခံအာရုံဆီသို့ ထိုသဘောကို ရှုမှတ်ဆဲဖြစ်လျက် စိတ်လွင့်ပြေးလျှင်'လွင့်တယ်-လွင့်တယ်'ဟု ရှုရန်၊ ဝေဒနာပေါ်၍ အခံခက်ပြန်လျှင်လည်း ပေါ်ရာပေါ်ရာ ဝေဒနာကိုပင် ရှုမှတ်ရန် ဖြစ်သည်။

'အာနာပါန' ကမ္မဋ္ဌာန်း ရှုမှတ်ခဲ့ဘူးသဖြင့် နှာသီးဖျားမှ လေထွက်လာလျှင် ထိုလေထွက်သိမှုကိုလိုက်၍ မှတ်ရှုနေမိသည်။

ဝင်လျှင်လည်း ဝင်သိမှုသဘောကိုပင် ရှုမှတ်နေမိသည်၊ ဝင်သိမှု ထွက်သိမှု သဘောလေးနှစ်ခု။

ဤမှာရှုရသည်ကား 'ဖောင်းတယ် ပိန်တယ်'ဟု စိတ်အဆိုကလေးနဲ့ ရှုနည်း၊ စိတ်လွင့်တော့ လွင့်တယ်ဟု စိတ်အဆိုကလေးနဲ့ရှုနည်း၊ လွမ်းတော့လဲ လွမ်းတယ်၊ စိုးရိမ်တော့လဲ စိုးရိမ်တယ်၊ ကြောက်တော့လဲ ကြောက်တယ်ဟုရှုနည်း၊ အဆုံးမတော့ ပေါ်ရာပေါ်ရာကို'ရှု'ဟုပင် နည်းပေးထားပါသဖြင့် မိမိ၏လုပ်ပုံသည် အံချော်နေသည်၊ ဆရာထံ အားထုတ်လျက် ဆရာနည်းကျ အားမထုတ်လျှင် မဟန်သေး။ သို့နှင့်တောရ ဗိမာန်ဆရာတော် မှာလိုက်သည့်အတိုင်း လက်ဝါးနှင့် ဝမ်းဗိုက်ကိုအုပ်ဖိ၍ 'ဖောင်းတယ် ပိန်တယ်' ကို ရှုမှတ်ရသည်၊ ဤအကြိမ်တွင်မူ မိနစ် ၃၀-ကျော်ရခဲ့ပေပြီ၊ လမ်းစရပြီဟုပင် ဆိုရပေတော့မည်။

၁၃၄၁-ခု၊ ဝါဆိုလဆုတ် ၅-ရက်၊ သောကြာနေ့။

၁၃-၇-၇၉

ဒီအာရုံ ဘယ်ပုံရှုရပါ့ တရစ် ဝဲဝဲနှင့် ပေါ်လာသော ညီမောင်၏ ရုပ်ပုံသည် ဝိပဿနာရှုမှတ်ရာ၌ များစွာ နှောင့်နှေးစေပါသည်၊ 'ဆန်ပြုတ်တိုက်ပါ, နို့

တိုက်ပါ'ဟူသော ညီမောင်၏ နောက်ဆုံးနေ့ တောင်းဆိုသံကလည်း ပဲ့တင်သံပမာ ကြားယောင်လာပြန်သည်။

သူသာန်၌ ဈာပနပြုလုပ်စဉ် မြင်ကွင်းမှာမူ ပိုမို ဖျောက်မရအောင် ရှိနေသည်၊ စိတ်သည်ထိုစဉ်က လူစုလူဝေး ရှိရာသို့သာ ရောက်နေသည်။ အခေါင်းမှသွန်ချပုံ၊ ဝါးလုံးဖြင့်ထိုးကော်၍ မီးရှို့ရန် ပြင်ဆင်ပုံများ၊ တထောင်းထောင်း ထွက်လာသော အနံ့သည် လူအားလုံး၏ရင်ကို နင့်စေပါသည်။ အနိဋ္ဌာရုံအနံ့၊ အနိဋ္ဌာရုံမြင်ကွင်း။

မိမိတို့ရဟန်းတော်များသည် သရက်ပင်အောက်ရှိမြင့်သော နေရာမှာနေကြပြီးအသုဘဘာဝနာပွားကြသည်။ ဒကာ ဒကာမများလည်း နီးရာအရိပ်အောက်မှာနေ၍ အသုဘ သဘောကို နှလုံးသွင်းကြသည်။

မိမိသည် မျက်မှောက်မြင်ကွင်းမှကျော်၍ ဗုဒ္ဓခေတ်အသုဘ ရှုပုံမြင်ကွင်းတခုကို အမှန်ပင် သတိရမိခဲ့သည်၊ ထိုသတိရခြင်းသည် မိမိအား စိတ်သက်သာရာကို ဖြစ်စေသည်၊ ဖြေသိမ့်နိုင်ခြင်းကိုဖြစ်စေပါသည်၊ ဗုဒ္ဓရှင်တော်မြတ်က ဟောသည်မှာ—

''ဤခန္ဓာကိုယ်သည် နာကျင်ခြင်းသဘောရှိသည်၊ဖြစ်ခြင်း-ပျက်ခြင်း ကုန်ခန်းခြင်းသဘော ရှိသည်''ဟု ဖြစ်သည်။

ရဟန်းတော် တပါးသည် နာမည်ကြီး အမျိုးသမီးအိမ် တအိမ်သို့ အခြားရဟန်း ၇-ပါးနှင့်အတူ ဆွမ်းဘုဉ်းပေးကြွရသည်၊ အမျိုးသမီးမှာ ယမန်နေ့ဆွမ်းခံပြန်ချိန်ကပင် ရောဂါ

နှိပ်စက်သဖြင့် မကျန်းမမာ ဖြစ်နေရှာသည်၊ ယနေ့ ကိုယ်တိုင် ဆွမ်းမကပ်နိုင်တော့ အခြွေအရံများ ဆွမ်းလုပ်ကျွေးပြီးမှသာ ဝတ်ပြုကန်တော့ရန်လာသည်၊ ဒါသည်ပင် ချီပိုးသယ်ဆောင်ခဲ့ရသည်။ ကပိုကရို ဖိုးရိုးဖားရား မသပ်မယပ်၊ မကျန်းမမာတော့လည်း ခန္ဓာကိုယ်ကိုမပြင်ဆင်မိတော့၊ ဘေးမှအခြွေအရံများ၏ ကူညီမှုဖြင့် ရဟန်းတော် ရှစ်ပါးလုံးကို ဦးချကန်တော့သည်။

ဤအိမ်မှ အပြန်တွင် ထိုရဟန်းတော်သည် ဆွမ်းမစားဖြစ်တော့၊ လောင်းလှူသမျှသော ဆွမ်းသပိတ်ကို ကျောင်းခန်းတနေရာတွင် ချိတ်ဆွဲထားလိုက်သည်။ 'အော်....မကျန်းမမာတာတောင် သည်လောက်တင့်တယ်လှသည်၊ ကျန်းကျန်းမာမာကြည်ကြည်လင်လင် ပြင်ပြင်ဆင်ဆင်ဆိုလျှင် မည်မျှ တင့်တယ်လေမည်မသိ'ဟု ရေရွတ်ညည်းတွားယင်း သကန်းခေါင်းမြီးခြုံ၍ အိပ်လေသည်။

ထိုအမျိုးသမီးမှာ ဆွမ်းခံ ပြန်ချိန်မှာပင် ဆုံးတော့သည်။

ထိုပြည်ကိုအစိုးရသောမင်းကြီးသည် ဗုဒ္ဓထံသို့ နာမည်ကြီးအမျိုးသမီး ကွယ်လွန်ကြောင်း မင်းချင်းတဦးအားလျှောက်စေသည်။ ဗုဒ္ဓရှင်တော်မြတ်ကမူ—

"ကျီးမသုတ် ခွေးမစားရအောင် စောင့်ရှောက်ထားပါ" ဟု မိန့်ကြားလိုက်သည်။ အကြောင်းထူးရှိ၍သာ ဤသို့မိန့်ကြားလိုက်ခြင်းဖြစ်သည်။

ထိုရဟန်းတော်သည် ခံလာသောဆွမ်းကိုမဘုဉ်းပေးဖြစ်ပါ၊ ယနေ့ဆိုလျှင် ၄-ရက်ပင် ရှိပေပြီ။ ဆွမ်းဘုဉ်းပေးဖို့ လျှောက်လာသော သီတင်းသုံးဖော်ရဟန်းကိုပင် အားမနာ၊ တလုတ်မျှ ထ၍မဘုဉ်းပေး။ ယခုတော့ဆွမ်းများ သိုးနေပေပြီ၊ မှိုတက်၍ ဖြူဖြူဖွေးဖွေး အတောင်လေးများပင် ပေါက်လာပေပြီ။ သူကမူ " အော်.... တင့်တယ်လိုက်ထာ " ဟု ရေရွတ်ဆဲပင် ဖြစ်သည်။

"ကိုယ်တော်၊ ဘုရား သီရိမာဆိုကြွမလို့တဲ့...."။

ထိုရဟန်းသည် ဗျာကယာထတဲ့ပြီး ဗလုံးဗထွေး ပြန်မေး လိုက်သည်။

"ခုန ဘာပြောလိုက်တယ်"

"သီရိမာတဲ့ ကိုယ်တော်ရေ၊ သီရိမာတဲ့—"။

"ဟင်"ဟု သက်ပြင်းချနေစဉ်မှာပင်....။

"အဲဒါ လိုက်မှာလား နေခဲ့မှာလား၊ ကျောင်းတံခါး ပိတ်မလို့ ..."။

"အို- လိုက်မှာပေါ့ဘုရား ..."။

ဘုရားအမှူးရှိသော သံဃာ့ပရိသတ်ကတဘက်၊ ရဟန်း မိန်းမကတဘက်၊မင်းပရိသတ်ကတဘက်၊ဒကာပရိသတ် ဒကာမ ပရိသတ်ကတဘက် အသီးအသီး နေရာယူပြီးကြသောအခါ—

"ဒါ ဘယ်သူလဲမင်းကြီး"ဟု ဗုဒ္ဓရှင်တော်မြတ်ကမိန့်သည်။

"ဆရာဇီဝကရဲ့နှမ သိရိမာပါဘုရား" ဟု ဗိမ္ဗိသာရက လျှောက်သည်။

"ကဲ-ဒါဖြင့်ယင်ငွေတထောင်နဲ့ကြေငြာပြီးရောင်းပါ...."။
"မှန်လှပါ၊ ရောင်းပေမဲ့ ဝယ်မည့်သူ မရှိပါဘုရား...."။
"ဒါဖြင့် လျှော့စျေး ငါးရာနဲ့ ရောင်းပ...."။
"အဲဒီစျေးလဲ ဝယ်မဲ့သူမရှိပါဘုရား...."။
"အလကားပေးလိုက်ပ မင်းကြီး ..."။
"ဒါလဲ ယူမည့်သူမရှိ၊ တုတ်တုတ်မှ မလှုပ်ကြပါဘုရား"

"ချစ်သားတို့-ကြည့်စမ်းပါ၊ ရှုလိုက်စမ်းပါလော။ယခင်က ငွေတထောင်ပေးမှ တနေ့တာ အတူနေခွင့်ရတဲ့ သိရိမာ၊ ခုများ ဖြင့် အလကားပေးတာတောင် ယူမည့်သူမရှိ၊ ဒွါရကိုးပေါက် ကလဲ ပိုးလောက်တွေ ထွက်လာပြီ၊ အသားတွေကလဲ ညှိမဲမဲပုပ် စက်ဆုပ်ဖွယ်ရာ ဖြစ်နေပါပြီ။ ကြည့်ကြလော့ - ရှုကြလော့ ချစ်သားတို့" ဟု မဟာကရုဏာဖြင့် တရားမြွက်ဒေသနာကို ဟောတော်မူသည်။ သိရိမာကိုစွဲလမ်းခဲ့သော ရဟန်းတော်မှာ သောတာပန်တရား ရသွားပါသည်။ စွဲလမ်းနှောင်ဖွဲ့မှု တဏှာမှ ဖြေကွက်ပေါ်သွားသည်။ မာရ်နတ်၏နှောင်ဖွဲ့မှုမှ လွတ်မြောက် ပြီး သာသနာ့ဘက်တော်သား၊ သာသနာတွင်းသားအစစ် ဖြစ်သွားလေသည်။

(ဓမ္မပဒအဋ္ဌကထာ၊ ဒု)

တရားရှုမှတ်မှု စတင်ခဲ့သည်မှာ ယနေ့ ငါးရက်မြောက်ဖြစ် သည်။ အထိုင်တွင် မိနစ် ၄၀-ရသည်၊ "တနေ့လျှင် ၅-မိနစ်

မှန်မှန်တိုးထိုင်''ဟု ဓမ္မကထိကတပါးကဟောသည်။ ထိုင်ကျင့်ရလာလျှင် တနာရီလည်း ရပေမည်ဟု မှန်းမျှော်မိသည်။ မိမိထိုင်မကောင်း၍ အခြားယောဂီများအားကြည့်မိလျှင် ကြည်ညိုဖွယ် အားကျဖွယ် ရှုမှတ်နေပုံများကို မြင်ရသည်။ ထိုအခါ အားတက်မိသည်။ အမှန်အားဖြင့်မူ အခြားယောဂီများသည် မိမိ၏ မြင်ဆရာဆိုက မှားမည်မဟုတ်ပေ။

ထိုယောဂီများကို မြင်သဖြင့် အထိုင်တွင်လည်းကောင်း၊ စင်္ကြံတွင်လည်းကောင်း အမှတ်ကောင်းသည်ထက် ကောင်းအောင်ပြုလုပ်ဖို့ စိတ်ပင်စားမိသည်။

ညပိုင်းတွင် ထိုင်၍ဖြောင့်သည်၊ မနက်ပိုင်းမှာလို အာရုံဆိုးများ ပေါ်မလာ၊ အခြားအာရုံ ပေါ်လာသော်လည်း ''ပေါ်ရာ ပေါ်ရာကို ရှုမှတ်ပါ'' ဟု မှာကြားထားသဖြင့် ရှုသည်၊ မှတ်သည်။ ဤရှုမှတ်မှုများသည် မိမိ၏ သောကပရိဒေဝကို သက်သာ စေလေသည်။

❁

၁၃၄၁-ခု၊ ဝါဆိုလဆုတ် ၆-ရက်၊ စနေနေ့။
၁၄-၇-၇၉

တန်းတူတွေ့ယှဉ်   ယနေ့ နံနက် အရုဏ်တက်ချိန်တွင် မေတ္တာဘာဝနာကို ပွားမိပါသည်။ မိမိ၏ဥပဇ္ဈာယ် ဆရာသည် မျက်နှာသစ်လျှင် 'ငါသည် ဤရေအေးမြသကဲ့သို့

အေးမြရလို၏၊ ငါ၏ ချစ်သူ မုန်းသူများလဲ ဤရေကဲ့သို့ အေးမြပါစေ၊ အရပ်ရှစ်မျက်နှာမှ ပုဂ္ဂိုလ် သတ္တဝါများလဲ ဤရေကဲ့သို့ အေးမြပါစေ'ဟု ဆိုပြီးသစ်ရန် ရပ်ဟန်းဖြစ်စက သင်ပြဘူးသည်။ ဤအတိုင်း လိုက်နာကြည့်သောအခါ အကျိုး ထူးသည်၊ ယနေ့တိုင်လည်း မျက်နှာသစ်တိုင်း ကျင့်သုံးလျက် ရှိပါသည်။

မေတ္တသုတ်တွင် 'မာတာ ယထာ နိယံပုတ္တ၊ မာယုသာ ဧက ပုတ္တ မနုရက္ခေ၊ ဧဝမ္ပိသဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိ မာနံ'ဟုပါရှိသည်။ မိခင်သည် တဦးတည်းသောသားကို မည်မျှ ချစ်မည်နည်း၊ တိုင်းတာ၍ရမည် မဟုတ်ပါ၊ မိမိ၏ ရင်နှစ် သည်းချာသားရတနာအား ဘေးရန်အန္တရာယ် ကျရောက်ပါက အသက်ဖြင့်ပင် လဲ၍ကာကွယ်ပေမည်။ ထိုအတူ အခြားသော ပုဂ္ဂိုလ် သတ္တဝါတို့အပေါ်၌လဲ အတိုင်းအရှည်မရှိသော မေတ္တာ ကို ပို့သပွားများရပါမည်။ မေတ္တာအကျိုး (၁၁) မျိုးကား မည်သူမှဖျက်ချိုး၍မရ စကောင်းပါပေ။

တခါက ဥတ္တရာ သဌေးကတော်သည် ရတနာသုံးပါးကို ပြုစုလုပ်ကျွေး ဆက်ကပ်လိုသည်နှင့် သီရိမာအား ၁၅-ရက် အတွက် တသောင်း ငါးထောင်နှင့် ငှားရမ်း ခေါ်ခဲ့သည်။ သီရိမာသည် ဥတ္တရာ၏ အရှင်ယောကျ်ားအား ပြုစုလုပ်ကျွေး ရသည်။

တနေ့တွင်မူ ဥတ္တရာ၏ခင်ပွန်းသယ်သည် ချွေးတလုံးလုံးနှင့် ချက်ပြုတ် ကြော်လှော်နေသော ဥတ္တရာကိုမြင်ရာ 'အော်_မိုက်

လှပါဘိ ဥတ္တရာရယ်၊ သဒ္ဓေးကတော် ဖြစ်ရက်နဲ့ အေးအေး ဆေးဆေး ဇိမ်နဲ့မနေဘူး၊ သံဃာတော်တွေ ဆက်ကပ်ဖို့ဆိုပြီး ချက်ပြုတ်နေလိုက်တာ၊ ပြာအလိမ်းလိမ်းဖုံအလူးလူးနဲ့ပါလား' ဟု အောက်မေ့၍ပြုံးသည်၊ သီရိမာသည် ထိုယောကျ်ား ပြုံးသည် ကိုမြင်လျှင် ဥတ္တရာအပေါ်၌ စိတ်ဆိုးသည်၊ သူမ၏ ဘဝမှန်ကို မေ့သည်၊ ဖုံးကွယ်နေသည်၊ ဗုဒ္ဓ၏ အဆုံးအမ မရသေး၍ စိတ်ကောင်း စိတ်မြတ်လည်း မထားတတ်၊ သူ့အလှကို မာန် တက်၍ ဝန်တိုမစ္ဆရိယဖြစ်မိ၏။ သို့နှင့်ပင် ဥတ္တရာတို့အဖွဲ့ ချက် ပြုတ်ရာသို့သွားပြီး ထောပတ်အပူဖြင့် ဥတ္တရာကိုယ်ပေါ်လောင်း ချသည်၊ 'ကဲ....သေပေစေတော့'၊ ဤမျှအထိစိတ်ယုတ်မာသည်။

ဥတ္တရာကမူ သူလိုက်လာပြီး ငါ့အိမ်သားကို လုပ်ကျွေးပေ လို့သာ ငါ ကုသိုလ်ပြုခွင့်ရဘယ်၊ ကျေးဇူးရှိတယ်၊ '**ကျန်းမာ ပါစေ၊ ချမ်းသာပါစေ**'ဟု မေတ္တာပို့၏၊ ဤမေတ္တာကြောင့် ထောပတ်အပူသည် စမ်းရေပမာအေးသတည်း၊ စန္ဒကူးပမာ မွှေးသတည်း၊ သို့တစေ သီရိမာက မကျေနပ်၊ 'ဟင်... ဒါက မပွက်သေးလို့ ထင်ပါရဲ့'ဟု အောက်မေ့ကာ နောက်တအိုးမှ ထပ်ခပ်ပြီး ဥတ္တရာ၏ ကိုယ်ပေါ်သို့ လောင်းချ ပြန်သည်။ ဥတ္တရာမှာ မေတ္တာပို့နေသူ မေတ္တာရင်မကြီးဖြစ်သောကြောင့် မပူပေ။

သို့ရာတွင် ၂-ကြိမ်မျှ စိတ်ထား ယုတ်မာစွာ ကျူးလွန် လာသောအခါ ဥတ္တရာ၏အခြွေအရံများသည် သည်းမခံနိုင်ကြ တော့ပဲ သီရိမာအား ဝိုင်း၍ရိုက်ကြ၏။ ဥတ္တရာ မေတ္တာရပ်ခံ၍ တားမှပင် သက်သာရာ ရတော့သည်။ မေတ္တာ တရားကား

လွန်စွာ အရေးကြီးလှသည်၊ လွန်စွာ ခရီးရောက်လှပါသည်၊ ဥတ္တရာသဒ္ဒေးကတော်မှာ သာမာဝတီမိဖုရားလိုပင် သောတာပန်တရားရပြီးသူဖြစ်သည်၊ အရိယာတို့၏မေတ္တာတရားကြီးမားပါဘိသည်။

"တန်းတူတွေ့ယင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။"

"ပြိုင်မည့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းရမယ်။"

ယနေ့ နေ့လယ် ၂-နာရီ တရားပွဲတွင် ညောင်ကန်အရှင်ဇာနိက ဟောသည်၊ မေတ္တာအကြောင်းကို ဖော်ကျူး ဟောပြသည်၊ ယောဂီအချင်းချင်း မေတ္တာပွားရေး၊ ဆရာ တပည့် မေတ္တာပွားရေး၊ ဆရာဒကာ သာသနာပြုဘက်ချင်း မေတ္တာပွားရေး၊ တနိုင်ငံနှင့်တနိုင်ငံ မေတ္တာပွားရေး စသည်များကို ၃း၃၀-နာရီ အထိ ဟောသည်။

ဤ တရားနာရသဖြင့် စိတ်ရွှင်လန်းတက်ကြွရသည်၊ မိမိ သည်းခံနိုင်သမျှ သည်းခံဘူးသည် များကို ဆင်ခြင်မိသည်။ ခွင့်လွှတ်နိုင်သမျှ ခွင့်လွှတ်နိုင်သည် များကိုလည်း သုံးသပ်မိသည်။

သီရိမာသည် တဒင်္ဂအားဖြင့် တန်းတူဖြစ်သော ဥတ္တရာအပေါ်၌ မေတ္တာမဝင်နိုင်ရှာပါ၊ တဏှာ၏လှည့်စားမှုကြောင့် ပြိုင်ဘက်အဖြစ် ယူဆသည်၊ ပြိုင်သည်၊ သို့သော် မနိုင်၊ သူမ

သာလျှင် အရှက်ကွဲရသည်၊ သူတပါးအား ပျက်စီးစေလိုသော ဒေါသသည် မိမိကိုသာအရှက်တကွဲ အကျိုးနဲဖြစ်စေခဲ့လေသည်။

သူတပါးအား ပျက်စီးစေလိုသော ဒေါသ အပူဓာတ်၊ သူတပါးအား ချမ်းသာစေလိုသော မေတ္တာ အအေးဓာတ်၊ ဒေါသသည် မိမိသူတပါး ၂-ဦးသားလုံးကိုအကျိုး မဲ့စေသည်၊ မေတ္တာသည်မိမိ သူတပါး ၂-ဦးသားလုံးကို အကျိုးရှိစေသည်၊ အကျိုးမဲ့နှင့် အကျိုးရှိ၊ အပူနှင့်အအေး မည်သည့် အရာကို သင်—ရွေးချယ်မည်နည်း။ ဗုဒ္ဓ ရှင်တော်မြတ်ကမူ '**မေတ္တာ အကျိုးသည် အဆုံး အပိုင်း အခြား မရှိ**' ဟု ဟောတော်မူပါသည်။

❁

၁၃၄၁-ခုနှစ် ဝါဆိုလဆုတ် ၇-ရက် စနေနေ့။
၁၅-၆-၇၉

**သတ္တမနေ့** ယနေ့သည် ရက်သတ္တတ်၏ နောက်ဆုံးရက် ဖြစ်သည်။ ရှုမှတ်မှုများ အကုန် မနိုင်သေးသော်လည်း ကျောအောင့်ဝေဒနာ၊ ဇက်လေး၊ ခေါင်းခဲ ဝေဒနာများ ပေါ်မလာတော့။ ထိုဝေဒနာများ ပေါ်လာစဉ်ကမူ အခံရ ခက်လှပါသည်။ ခေါင်းခဲမှုသည် ဦးခေါင်းပွင့်မတတ် တင်းကျပ်သည်အထိခံစားရ၏။ ကျောအောင့်သည်ကလည်း မည္မာမတာ အကန်ခံရသလိုပင်ခံစားရ၏၊ ယခုထိုဝေဒနာများမပေါ်တော့။

မိမိအယင်ရောက်နေသော ယောဂီများမှာ ရှုမှတ်မှုအသား ကျနေကြလေသည်။ ငြိမ်သက်လှ၏။ မျက်နှာများမှာလည်း အကြည်ဓာတ်များ လွှမ်းပတ်နေလေသည်။ သူတို့၏ အဇ္ဈတ္တသန္တာန်တွင်း၌လည်း ငြိမ်းချမ်းမှု ရသာကို ခံစားရပေမည်ဟု တွေးတောယင်း အားကျမိသည်။

ယောဂီသည် 'စကားမပြောရ၊ မိမိကလည်း မပြောရ၊ သူတပါး လာပြောသည်ကိုလည်း လက်မခံရ၊ တရားကိုသာ ဦးတည် ရှုမှတ်နေရလေသည်။ ယောဂီ စကားပြောလျှင် ရိပ်သာစည်းကမ်းကို ကျူးလွန်သူတည်း။ ချမ်းမြေ့ရိပ်သာ ကား စည်းကမ်းကောင်း၍ စံနစ်ကြီးသည်ဟု တစတစကြားနေရပေပြီ။ ထိုသုတစကားသည် ယခုဒိဋ္ဌပင် မြင်ရပြီ။

ယောဂီတို့သည် စာအုပ်လည်းမဖတ်ရပေ၊ တရားနာစဉ်၌မူ တရားမှတ်စုများ ရေးခွင့်ရှိသည်။ မိမိကား တရားမှတ်စုကိုလည်းကောင်း၊ နေ့စဉ် မှတ်တမ်းကိုလည်းကောင်း ရေးဖြစ်အောင်ရေးမိသည်။ ရုံခါ ကုဋီ၌ ရေး၍ ရုံခါ တရားမနာမီ၌ ရေးသည်။ ထိုသို့ဖြင့် ၂၄-ကြောင်းသောဒိုင်ယာရီစာမျက်နှာသည် နေ့စဉ်ပြည့်လာစမြဲ ဖြစ်သည်။

စာပေဝါသနာပါသူ မိမိမှာ ဆရာတော်၏ ဗီရိုကြီးများကို ကြည့်၍ 'စာသွားရေ' ကျ မိရပါသည်။ ရောက်စ၌ အနှံ့ကြည့်ရှုမခဲ့ရ စာအုပ်များ စုံလင်လှသည်။ ဆရာတော်သည်လည်း ပါပေသမားတဦးပင် ဖြစ်ပေမည်ဟု စာပေဂုဏ်ရည်ကို မမြင်ဘူးပဲလျက် မှန်း၍ ကြည်ညိုမိသည်။ ဤတွေးတောမှုသည်

ဆရာတော်အား ဖူးရသောအခါ ပိုမို၍ မှန်ကန်နေသည်ကို တွေ့ရှိရပါသည်။

ချမ်းမြေ့သိမ်မွေ့ရုံထက်မှ တုထုသံ၊ လွှဆွဲသံ၊ ဆူဆူညံညံ များကား နေ့အခါ၌ အတော်သည်းခံရသည်။ ညအခါ၌မူ ကမ္ဘာအေးလမ်းမှ ကားသံများ ကြားရတတ်သည်မှ အပ တိတ်ဆိတ်လှသည်။ ထိုအခါ တရားရှာမှီးသူတို့ အတွက် အကွက်ကောင်းဆိုက်ပေပြီ။ အရဉ္စေ ဝါ၊ တောအရပ်မဟုတ် မူလည်း။ သုညာဂါရေဝါ၊ ဆိတ်ငြိမ်ရာအရပ်ရပါမူ ယောဂီ အတွက် မြင့်မြတ်မှုတရားရှာမှီးရန်ပင်မဟုတ်ပါလော။

ယနေ့ ၂-နာရီ တရားပွဲတွင် ဓမ္မကထိကတပါးတရားဟော သည်။ ဆောင်ပုဒ်များ တိုင်ပေးသဖြင့် ရေးကူးခဲ့၏။ သတိ ပဋ္ဌာန်နည်း ညွှန်ကြားချက်များဖြစ်သည်။

## ထိုင်ပုံ

(၁) တင်ပြင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်အောင် ထား။
(၂) မလှုပ်ဣန္ဒြေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။
(၃) မျက်စိမှိတ်ကာ၊ခေါင်းတည့်ပါ၊ဝမ်းမှာစိတ်ကိုထား။

## ရှုပုံ

(၁) ဖေါင်းတာပိန်တာ၊စိတ်စိုက်ကာ၊မှတ်ပါယောဂီများ။
(၂) မနှေးမမြန်၊ ဖောင်းပိန်ဟန်၊ မှတ်ပြန်သတိထား။
(၃) စလယ်အဆုံး၊သုံးပါးလုံး၊ သိမ်းကျုံးသိအောင်ပွား။

၄-နာရီတွင် ဝေယျာဝစ္စဆောင်ရွက်သူ အမျိုးသမီးနှင့် သီလရှင်ဆရာလေးတို့ ဖျော်ရည် လာကပ်ကြသည်။ ရှုမှတ်မှုနှင့် ဘုဉ်းပေးကြသည်။ ပြီးသော် ၅-ကြိမ်မြောက်အဖြစ် အလုပ်ပေး တရားနာဖြစ်ပြန်သည်။ တရားဆာနေ၍ပေလော မပြောတတ်၊ တရားနာရသည်ကို နှစ်ခြိုက်လှသည်။ စိတ်လည်းချမ်းသာရ၏။ သောကဝေဒနာများလည်းခပ်ကျဲကျဲသာဝင်လာတော့၏။ ဝမ်းနည်းမှုကား မှေးမှိန်လျက်ဖြစ်နေသည်။ တရားနာရခြင်း၏ အကျိုးတရားများပါပေ။

လဆုတ်ရက်လည်းဖြစ်၊ မိုးကာလ၏ ညလည်း ဖြစ်သောကြောင့် ညအခါရေးမှာ လ ဖွေးဖွေးမလင်းနိုင်ရှာပါ။

ည ၁၀-နာရီထိုးသော် ယောဂီများသည် ရှုမှတ်မှု ကိုယ်စီဖြင့် အိပ်ရာဝင်ကြလေပြီ။ မိမိတို့လည်း နေရာစံကျောင်းမှာပင် အိပ်ရာဝင်ကြသည်။

၁၃၄၁-ခုနှစ် ဝါဆိုလဆုတ် ၈-ရက်အင်္ဂါနေ့။
၁၆-၇-၇၉

**အိုအရှင်မ ဝိသာခါ** ''ပိယေဟိ၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုး
အပ်သော ပုဂ္ဂိုလ်သတ္တဝါ ပစ္စည်းဥစ္စာတို့
နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း ကင်းကွာ ဖွဲခွါ ဖဲကြဉ်

မပေါင်းယှဉ်ရခြင်း သည်လည်း။ ဒုက္ခာ၊ ဆင်းရဲလှပေ၏ တကား။

ယနေ့ ဓမ္မကထိကသည် သူကြွေဌာသောတရားခေါင်းစဉ် အတိုင်းပင်ဆုံးအောင်ဟောပါသည်။ သို့ရာတွင် ယနေ့တရား သည် မိမိအား ရည်ညွှန်း၍ ဟောလေသလားဟုမှတ်ထင်ခဲ့၏။ မိမိသည် သောကဝေဒနာရှိသူဖြစ်၍ မည်သည့်တရားနာရနာရ မိမိအတွက် နှစ်သက်စရာချည်းသာဖြစ်နေသည်။ သံဝေဂရစရာ ချည်းသာ ဖြစ်နေသည်။

မိမိမှာ ညီမောင့်ကြောင့် ဘဝမှောင်ခဲ့ရပြီး၊ ဝမ်းနည်း ပူဆွေးမှုကြုံခဲ့ရသည်။ ညီမောင်သေသည်ကို ''ခေတ္တခဏ ခရီး ထွက်သွားလေသလားဟုထင်မှားခဲ့၏။ ပြန်လာလိမ့်နိုး ပြန်လာ နိုးဖြင့် မျှော်ကိုးရက်လည်းကြာမြင့်ခဲ့သေး၏။ သွားလာနေကျ နေရာများရောက်လျှင် ဘွားကနဲ ပေါ်လာလေမည်လားဟု လည်းယုံစားခဲ့၏''အချစ်ဟူသည် သမုဒယသံယောဇဉ် လောဘ အမျှင်ကြိုးများပင်ဖြစ်သည်။ သားသမီးချစ်၊ ဇနီးခင်ပွန်းချစ်၊ ညီအစ်ကိုမောင်နှမချစ်၊မည်သို့ပင်ချစ်သည်ဖြစ်စေ ချစ်၍စိုးရိမ်၊ စိုးရိမ်၍ကြောက်ရ၊ ချစ်၍ဘေးဖြစ်၊ ဘေးဖြစ်၍ ကြောက်ရ၊ နှစ်သက်၍စိုးရိမ်၊ စိုးရိမ်၍ကြောက်ရ ဤအကျိုးဆက်များကား သံကွင်းချင်းဆက်သကဲ့သို့ ထာဝရ ဒွန်တွဲလျက်ရှိချေသည်။

ချစ်ခင်ခြင်းမရှိလျှင် စိုးရိမ်ခြင်းမရှိ၊ ကြောက်ခြင်း ဘယ်မှာ ရှိပါမည်နည်း၊ ဘေးလည်း ဘယ်မှာ ရှိမည်နည်း။

နှစ်သက်ခြင်းမရှိလျှင် စိုးရိမ်ခြင်းမရှိ၊ ကြောက်ခြင်းဘယ်မှာ ရှိပါမည်နည်း။

မိဂါရသဌေး၏ မိခင်အရာ၌ တည်ပါသော ဝိသာခါသည် သောတာပန်တရားထူး ရထားသူတည်း။ တနေ့သ၌ ချစ်လှစွာသောမြေး အလိမ္မာမလေး ဆုံးရှာသည်။ ဖြစ်ရသည့်သောက ဝေဒနာများ၊ ဘုရားထံပါးသွားစဉ်မှာပင်မျက်ရည်စက်လက်နှင့် ဖြစ်သည်။ လျှောက်တော့လည်း မျက်ရည်မစဲ, ငိုသံ ဝဲဝဲနှင့် အို အရှင်မကြီး ဝိသာခါရယ်....။

"ဝိသာခါ သိပ်ပြီး နှမြောသလား "

မဟာကရုဏာတော်ဖြင့် မြတ်စွာဘုရား မေးတော်မူသည်ကို ဝိသာခါသည် မျက်ရည် စက်လက်နှင့်ပင် တုံ့ပြန် လျှောက်ထားသည်။

"မှန်ပါ....သိပ်ပြီး နှမြောလှပါတယ် ဘုရား.. "

"အစား ရယင် ယူချင်သေးလား...."

"ယူချင်ပါတယ် ဘုရား...."

အပူသောက ပရိဒေဝနှင့်ကြုံလျှင် ပုထုဇဉ်တို့သာ ငိုကြသည် မဟုတ်သေး၊ သောတာပန် အရိယာများပင် ငိုဆဲတည်း။ သို့ဖြစ်လျှင် ချစ်၍ပူဆွေး၊ ပူဆွေး၍ငိုကြသူများအား အပြစ်ဟု ဆိုသာမည်လော၊ ပုထုဇဉ်အမြင်ဖြင့်မူ အံ့နူနူနှင့် အပူပူချင်းမို့ ခွင့်လွှတ်ကြပေလိမ့်မည်။ အရိယာအမြင်ဖြင့်မူ မမြဲဆင်းရဲ အစိုးမရသည်ကိုမှ မြဲစေချင်, ချမ်းသာစေချင်, အစိုးရစေချင်သော ပုထုဇဉ်ဆန္ဒအတွက် ကရုဏာသက်ဖွယ်ဖြစ်ပေလိမ့်မည်။ အော်— ပုထုဇဉ်....၊ အော် ...အနုသယမကင်းနိုင်သည့်ပုထုဇဉ်...။

နေဝင်ဖျိုးဖျ မှောင်ရီ ပျိုးချိန်မှ စ၍ မိုးသည် ညို့ညို့ မှိုင်းမှိုင်းဖြင့် ရွာရန် အားယူခဲ့သည်။ ညဉ့်၌မူ သဲသဲမဲမဲရွာ လေသည်။ ယောဂီတို့သည် ရှုမှတ်မှု ကိုယ်စီဖြင့် ငြိမ်သက် ပါဘိသည်။ သွပ်မိုးမှ စီးဆင်းလာသော မိုးရေကျသံများမှ တပါး အခြားမကြားရချေ။ ထိုအသံသည်ပင် ရှုမှတ်မှု၌ ဝင်စားနေပါလျှင် မကြားမိတတ်။

ယနေ့ တရားရှုမှတ်မှု သဘောများ တိုးတက် လာသည်။ သောကဝေဒနာအတွက် အဖြေထွက်ပေါ်လာသည်။ တရားနာ ရသည့် ဓမ္မ ကျေးဇူးကလည်း အထူးပင် ကြီးမားပါသည်။ မမေ့နိုင်သော နေ့တနေ့ပင် ဖြစ်သည်၊ တရား နှုတ်စည် ဆော်ရွမ်း လည်တော်မူခဲ့သော ဗုဒ္ဓရှင်တော် မြတ်ဘုရားအား ကြည်ညိုမြတ်နိုး၍ ဦးအကြိမ်ကြိမ်ချကာ ရှိခိုးမိသည်။

အော် .... မဟာကရုဏာရှင် ဗုဒ္ဓ၊ ဗုဒ္ဓအား တမ်းတမိခဲ့ ပါ၏....။

❀

၁၃၄၁-ခုနှစ်၊ ဝါဆိုလဆုတ် ၉-ရက်။

၁၀-၇-၇၉

နင်လားဟဲ့လောကဓံ “လောကဓံကြို၊ မပြုန်သည့် လူစား၊ ဤကမ္ဘာ ရှာဖွေ ကြည့်လျှင် ရှိဖို့ ခက်သား။”

ဟိ–သစ္စံ၊ ထိုစကား မှန်ပေ၏။ "ချမ်းသာဆင်းရဲ ခြွေရံရှိ-မဲ့ ချီးမွမ်းကဲ့ရဲ့ ပစ္စည်းရ-မရ" ဤလောကဓံရှစ်ပါးနှင့် ကြုံသော အခါ မတုန်မလှုပ်သောလူသားဟူ၍မရှိပေ။

မိဘချမ်းသာ၍ သားသမီးလည်း ချမ်းသာရ၏။ မိဘ ဆင်းရဲသောအခါ သားသမီးလည်းဆင်းရဲပြန်၏။ မိဘချမ်းသာ လျက် သားသမီးဆိုး၍ အေးဆေးစွာ မနေကြရ စိတ် အနှောင့်အယှက် ဖြစ်ရ၏။ စီးပွားရေး ကယောက်ကယက် ဖြစ်ရ၏။ ဆင်းရဲမှု လောကဓံသည် သားသမီးကြောင့်လည်း လာတတ်၏။ မိတ်ဆွေကြောင့်လည်း လာတတ်၏။ မိမိကိုယ် တိုင်ကြောင့်လည်း ရရှိတတ်၏။ မည်သို့ဖြစ်စေ, လောကလူ သားတို့သည် လောကဓံနှင့် ရင်ဆိုင်ကြရသည်သာဖြစ်ချေသည်၊ မည်သူမျှ မကာင်းနိုင်ကြ။

ကံဉာဏ်ဝီရိယတို့ပေါင်းဆုံမိသောအခါ ကောင်းလောကဓံ လေးချက်နှင့်ဆုံရ၏၊ ပစ္စည်းဥစ္စာတိုးတက်၏· အဆင်ပြေလျက် ရှိတတ်၏၊ ခြွေရံတိုးတက်နေတတ်၏၊ ချီးမွမ်းခံရ၏၊ ကံမရှိ၍ ဝီရိယမပြည့်မီ ဉာဏ်ကလည်း ကြံသမျှ လွဲမှား နေသောအခါ လုပ်သမျှ ရှုပ်ထွေးနေတတ်၏၊ ဆင်းရဲနေတတ်၏၊ ကဲ့ရဲ့ခံရ တတ်၏၊ ပစ္စည်းဥစ္စာ ကုန်ခန်း ပျက်စီးရတတ်၏၊ ထိုထို လောကဓံနှင့် ဆုံရသောအခါ အော်....ငါ့ကံနှယ်ဆိုးပါဘိ ဘယ် အငြိုးနဲ့များ ဝင်တိုးလာကြပါလိမ့်ဟု ငိုညည်းမိတတ်ရှာသည်။ ထိုအခါမျိုးကား မှောင်မိုက်မှာ လောင်တိုက်မိသလို မွန်းနစ်

မေ့လျော့၍ ရတက် စောရသောအခါတည်း။ ပူ ပင်လယ် ကာဆီး၍ မိး အသွယ်သွယ် အဝိုင်းခံရချိန်ပင်တည်း။

**နင်လားတဲ့လောကဓံ** နင်လားဟဲ့ လောကဓံ ကြုံကြုံခံ မည်သို့ပင် လောကဓံဆိုး မျိုးနှင့် တွေ့ကြုံရသည်ဖြစ်စေ 'ခေါင်းမညွတ်, ဦးမချ, အနိုင်မခံ, အရှုံး မပေးစတမ်း စိတ်မျိုးဖြင့်' ဘဝအောင်ပွဲကို အနိုင်နွဲကြရမည်။ အဘယ့်ကြောင့်ဟူမူ ဤလောက၌ အောင်မြင်ကြီးပွားနေသူတို့သည် လောကဓံကို ကျော်လွှား နိုင်သူများဖြစ်သောကြောင့်တည်း။ လောကဓံသည် လက်မြှောက်၍ အလံဖြူပြရုံနှင့် ရှောင်မပြေး၊ ဝေးဝေးသို့မခွါချေ။ ပြင်းထန်သော လေမုန်တိုင်းသည် အားနည်းသော သစ်ပင်, အိုမင်းယိုယွင်းသော အိမ်များကို ချန်လှပ်မထား၊ ပြင်းထန်စွာပင် တိုက်လှင့်သကဲ့သို့ ပျော့ညံ့သည့်လူသားတို့အား ကြမ်းတမ်းစွာပင် တိုက်ခိုက်တတ်ချေသည်၊ ဤကား ဓမ္မသဘာဝမြဲမြံလှ၏။

အိန္ဒိယနိုင်ငံမှ မျက်မှောက်ခေတ် ခေါင်းဆောင် ဖြစ်သော မစ္စက်အင်ဒိရာဂန္ဒီသည် ဝန်ကြီးချုပ်ဘဝမှ ရှုံးနိမ့်ခဲ့၏။ ပုဒ်မအမျိုးမျိုးဖြင့် တရားရုံးများမှာ တရားစွဲ ခံရ၏။ နောက်ဆက်လက် ကြိုးပမ်းသောအခါ ဝန်ကြီးချုပ်အဖြစ်သို့ နှစ်ကြိမ်မြောက် ရောက်ရပြန်သည်။ အမျိုးသမီး ဝန်ကြီးချုပ်ဘဝမှ ရှုံးနိမ့်ခဲ့သော်လည်း ပြင်းပြသော လုံ့လဥဿာဟဖြင့် ရှုံးနိမ့်မှု လောကဓံကို တိုက်ခိုက် ရင်ဆိုင်သောအခါ အောင်မြင်မှု ရရှိခဲ့ပြန်သည်။ လောကဓံကိုကြောက်၍ မပြေးရ၊ ရင်ဆိုင်ရ၏၊

ခင်ဆိုင်၍ယှဉ်ပြိုင်မှ အောင်ပွဲဟူသည်ရှိစမြဲ၊ အရှုံးပေးသူအတွက် အောင်ပွဲမရှိ။

ယနေ့သြောင်ကန်အရှင် ဣန္ဒက တရားဟောသည်။ လောကဓံ ခေါင်းစီးဖြင့် တရားဟော၏။ ဗုဒ္ဓရှင်တော်မြတ်သည်ပင်လျှင် လောကဓံ အမျိုးမျိုးဖြင့် တွေ့ကြုံခဲ့ရပုံများကို ဟောတော်မူသည်။ ဤအရှင်ဘုရား၏ တရားညွှန်ပြ, ဟောပြ မှုကြောင့် ပိဋကလာ လောကဓံတိုက်ပွဲများကိုသိရှိခွင့်ရခဲ့၏။ ဤအရှင်သည် ဤတရားဟောရန်အတွက် ကျမ်းပေါင်းများစွာကို ကြည့်၍ စာမျက်နှာပေါင်းများစွာ မှတ်စုထုတ်ရပေလိမ့်မည်။ အဘယ့် ဆိုသော် သူ၏တရားသည် ကျမ်းစုံတရားတော်ဖြစ်သောကြောင့် ကြောင့်တည်း။ ထိုတရားတော်သည် မျက်မှောက်ခေတ် လူသား အားလုံးအတွက် အကျိုးပြု တရားတော်ပင် ဖြစ်ပါသည်။ ယင်းကြောင့်လည်း အချိုကား တိတ်ဖြင့် ကူးယူထားကြလေသည်။

ဤစာအစတွင် ဒွေးချိုးတပုဒ် ရေးခဲ့၏။ လောကဓံ မဖြုန်သည့်လူသားကို ရှာလျှင် မတွေ့နိုင်အောင်ပင် ရှားလှ၏ဟု အဓိပ္ပာယ်ထွက်၏။ စင်စစ်အားဖြင့်မူ ရှား၍သာ တင်ပြရသည်။ ရှိကား ရှိပေ၏။ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ မဟာ သာဝကကြီးများသည် လည်းကောင်း၊ တရားထူးရကြသည့် ဥပါသကာ ဒကာ ဒကာမကြီးများသည် လည်းကောင်း မိမိတို့ ကြုံဆုံကြရသည့်လောကဓံများကို မဖြုန်ခဲ့ကြကြောင်း သိနိုင်ကြသည်။

အဘယ့်ကြောင့် လောကဓံကို မဖြုန်ကြသနည်း—။

တရားတော်၏ အရှိန်အဝါ၊ အခုအခံ ကောင်းမွန်သော ကြောင့်ပေတည်း။ အားကြီးသော ကျောက်တောင်သည် အားနည်းသော လေမုန်တိုင်းငယ်ကို မတုန်လှုပ်သကဲ့သို့ ရှိပေသည်။ အားကြီးသော ဆင်သည် အားနည်းသော ဆိတ်တကောင်၏ရန်စမှုကိုမဖြုန်သကဲ့သို့ပေတည်း။ ဓမ္မစွမ်းရည်ကား ထက်မြက်လှ၏ ၊စူးရှလှ၏၊ အားကောင်းလှ၏။ ချပ်မိန်ညိုကို ဝတ်ဆင်ထားသောစစ်သူရဲအဖို့ မြား၊ လှံ၊ လေးတို့ကိုမကြောက်သကဲ့သို့ ဓမ္မချပ်မိန်ညို ဝတ်ဆင်ပြီးသူများလည်း လောကဓံ မြား၊ လှံ၊ လေးတို့ကိုမကြောက်ကြတော့ပေ။ အကြောက်ကင်း၍ လောကဓံကိုခံနိုင်အောင် ဓမ္မချပ်မိန်ညိုကို ဝတ်ဆင်ကြပါစို့—။

### ကံ့ရွှဲလျှင် ဉာဏ်မမှဲ့ပါနှင့်

(၁) လောကဓံ ကျောချလျှင်ဖြင့်၊
သဘောမှန် မခံဘူးရယ်လို့၊
ရူးပါနဲ့ကွယ်....။
(၂) ဂုဏ်ထူး ရယ်ကြွယ်၊
ကြုံဘူးတယ် စေ့ဘုရားသော်မှ၊
ခါးတော်နာ ခေါင်းတော်ကိုက်ပါလို့၊
လိုက်ရှာရက် ကံ-ဝိရယ်....။
(၃) ကောင်းဆိုးရယ်စုံ၊
ကြောင်းကျိုး သူဆုံလျှင်ဖြင့်၊
လူ့ဘုံမှာ ကြုံရှာရမယ်၊
ဓမ္မသဘော။

(၄) သမုဒယနယ်အတွင်းဆီက၊ အို…
အနု အနုသယမကင်းသူ့ရဲ့၊
ကံရွဲ့လျှင် ဉာဏ်မမဲ့ပါနှင့်၊
လာခဲ့နော် မမှာရှုပါစို့၊
လာနဲ့သူ လောကစံပြေးပြန်လိမ့်၊
အေးအမှန် သတိပဋ္ဌာန်ရှိတယ်၊
(ယောဂီရယ်)လမ်းသိပြီကော။

❁

၁၃၄၁-ခု ဝါဆိုလဆုတ် ၁၀-ရက်။
၁၈-၇-၇၉

**ဇာ်ကိုမှတည် အောင်ရမည်** တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ—ဇာတ်တော်ကြီး ဆယ်ဘွဲ့ အတိုကောက်အမည်များပင် ဖြစ်သည်။ အတိုကောက် မှတ်သားမှုသည် ယခုခေတ်မှ စတင်သုံးစွဲခြင်း မဟုတ်ပေ။ ရှေးအထက်ကျော်ကာရီကပင် သုံးစွဲရိုးရှိခဲ့၏။ ဤဇာတ်ကြီး ဆယ်ဘွဲ့သည် သူ့အဓိပ္ပာယ်နှင့်သူရှိကြပြီး ပြည့်ဝသောအသိ ရင့်ကျက်သောပညာ၊ ပါရမီ၊ တိကျခိုင်ကျဉ်သော သစ္စာတရားနှင့် အေးမြတော မေတ္တာတရားတို့ကို ဖော်ကျူးထားပါသည်။

တေမိဇာတ်ဆိုလျှင် ဘုရင့်သားဖြစ်လျက် ဘုရင်လုပ်ရမည်ကို သိတ်လန့်သဖြင့် သူအ, သူဆွံ့ယောင် ဆောင်နေသော တေမိ

မင်းသား၏အဖြစ်ကို လူတိုင်း အံ့ဩရသည်။ ကလေးသူငယ်ဘဝကအသိနှင့်မူ ''ငါဆိုယင် ဘုရင်လုပ်ပစ်လိုက်မှာပဲ'' ဟု စာဖတ်ယင်း ပြောခဲ့ကြဘူးပေသည်။ တေမိကား လူပင်ငယ်သော်လည်း အသိကြွယ်လှသည်။

မင်းဟူသည်မှာ မင်းကျင့်ကိုကျင့်မှသာ တရားသဖြင့် မင်းပြုသည်မည်သည်။ မတရားသဖြင့် မင်းပြုပါမူ တိုင်းသူပြည်သားတို့၏ တကယ်ချစ်သော, တကယ်လိုလား ဆန္ဒပြုသောမင်းဖြစ်မည်မဟုတ်၊ တေမိကား မင်းတုကိုသာတုပပြီး မင်းကျင့်ကို တကယ် မကျင့်နိုင်သဖြင့် ဆင်းရဲဒုက္ခခံရပုံတို့ကို ကွက်ကွက်ကွင်းကွင်းမြင်ပြီးဖြစ်သည်။

ယင်းကြောင့်လည်း သာမန်ပုထုဇဉ်တို့အဖို့ သွားရည်ယိုဖွယ်ရာ မက်မောခံမင်ဖွယ်ရာ ဖြစ်သော မင်းအဖြစ် မင်းစည်းစိမ်ကို မမြိန်ရှက်နိုင်ချေ။ တေမိဇာတ်တွင် စကားမပြောပဲ ဗွဲကောင်းကောင်းဖြင့် အစမ်းသပ်ခံနိုင်ခဲ့ရာ မဖြစ်ချင်သော မင်းဘဝမှ လွတ်မြောက်ခဲ့ရသည်။

သုဝဏ္ဏသာမဇာတ်ဆိုလျှင် မျက်မမြင် မိဘ နှစ်ပါးအား 'သားကောင်းတယောက်ပီသစွာ ပြုစုလုပ်ကျွေးသဖြင့် သေမည့်ဘေးမှပင် လွတ်မြောက်လာခဲ့ရသည်။ ဤဇာတ်တော်သည် မိဘ လုပ်ကျွေးမှုကို အထူးဖော်ညွှန်းပြီး သစ္စာတရားကို အလေးအနက်ရည်ညွှန်းထားလေသည်။

မဟောသဓာဇာတ်ဆိုပါလျှင် ကောက်ကျစ် စဉ်းလဲသော အမတ်လေးယောက်တို့၏ အလယ်ဝယ် ဖြောင့်မတ်ဖြူစင်သော

မဟောသဓာ၏ ပညာကြီးမြင့် ရင့်ကျက်ပုံကို အထူးထင်ရှား လေသည်။

ကေဝဋ္ဋပုဏ္ဏားတို့လို အလိုရမ္မက်ကြီးမားသူတို့အားပတ္တမြား တလုံးဖြင့် ဗိုလ်ပုံ အလယ်တွင် အရှက်ရစေလျက် အနိုင်ယူခဲ့ သည်မှာ မဟောသဓာ၏ ဥပါယ်အရာ၌ ကျွမ်းကျင်နိုင်နင်းမှု များပင် ဖြစ်ပါပေသည်။

မဟောသဓာသည် နှလုံးရည် မျှသာ ကျွမ်းကျင်သည် မဟုတ်သေး။ စစ်တိုက်ရာ၌လည်း စစ်ဆင်, စစ်ထိုး, စစ်တက်, စစ်ခင်းကျင်းပုံ, စစ်အင်အားခန့်မှန်းပုံစသော စစ်ဗိုလ်လောင်း တို့တွင်ရှိသင့် ရှိထိုက်သည့် အရည်အချင်းများ ပြည့်စုံလှသည်။

ဥမင်လိုဏ်ခေါင်းတူး၍ စစ်ခင်းရာအခန်းတွင်မူ မိမိ၏အရှင် သခင်များကို လွတ်မြောက်စေပြီး အရှင်သခင်က မိမိအား လိုက်ပါခဲ့ရန် ခေါ်သော်လည်းမလိုက်။ မိမိ၏လက် အောက် ငယ်သားတို့ကို ရန်သူ့လက် ဝကွက်၍ချန်ထား ခဲ့သလို ဖြစ်ချိမ့်မည်ဟု အကြောင်း ယုတ္တိထုတ်ပြကာ တပ်သားတို့နှင့် အတူနေရစ်ခဲ့သည်။ ထိုမှတပါး—

သဲလွန်စ, ဟူသောစကားသည် ထိုဇာတ်မှပင်ထွက်ခဲ့လေရာ မြန်မာမှု မြန်မာ့ဟန်အတွက် စကားပဒေသာ ကြွယ်ဝစေခဲ့ပြန် ပါသည်။

ဘူရိဒတ်ဇာတ်ဆိုပါလျှင် လူ့ပြည်၏ ကောင်းမြတ်ပြည့်စုံ မှုကိုထင်ဟပ်စေပြီး နဂါးပြည်မှာ ဥပုသ်သီလ စောင့်မရသော ဘူရိဒတ္တနဂါးမင်းအတွက် လူ့ပြည်သို့လာ၍ ဥပုသ်သီလစောင့်

ရပုံနှင့်သို့စောင့်ရာဟွင် ညှဉ်းပန်းနှိပ်စက်ခံရသော်လည်းအမိဌာန် ပါရမီကို ဇွဲကောင်းကောင်းဖြင့် တင်းတင်းရင်းရင်း ဆောက်တည်ခဲ့ပုံတို့မှာ အထူးထင်ရှားလှသည်။ တဖန်—

စန္ဒကုမာရဇာတ်, ဝိဓုရ, နာရဒ, ဝေဿန္တရာ ဇာတ်တို့မှာလည်း သူ့အဓိပ္ပာယ်နှင့်သူရှိကြပြီး အတုယူဖွယ်ရာ သင်ခန်းစာတို့ဖြင့် ပြည့်ဝလှသည်၊ ဤ၌ ဆိုချင်သည်မှာ မဟာဇနက ဇာတ်တော်ပင် ဖြစ်သည်။ ထိုဇာတ်၌—

မဟာဇနက မင်းသားသည် စစ်ဘေးစစ်ဒဏ်တို့ကို ဆိုးဆိုးရွားရွား တွေ့ကြုံ ခဲ့ရသဖြင့် သူ့မိခင်နှင့်အတူ မထင်မရှား နေထိုင်ခဲ့ရရှာသည်။

"ယောကျ်ားကောင်းတို့ မည်သည် ကြီးမြင့်လိုသောစိတ်, စွန့်စားလိုသောစိတ်, ဆိုးရွားမှုကိုပြန်လည်အရယူလိုသောစိတ်တို့ ရှိတတ်ကြသည်။ မဟာဇနကမင်းသားကား ယောကျ်ား ပီသသော ယောကျ်ားဖြစ်လေရာ ထိုတရားတို့နှင့် ပြည့်စုံလှသည်။

မာကိုပိုလိုသည် ပင်လယ်ခရီးကိုစွန့်စားရာမှ ပိုမိုထင်ရှားခဲ့လေရာ စွန့်စားခြင်းသည် ထင်ရှားမှုနှင့်တကွ မြောက်မြားစွာသော အကျိုးကျေးဇူးတို့ကို ရရှိစေသည်။

မဟာဇနက မင်းသားသည် ပင်လယ်ခရီး ထွက်ခြင်းကို နှစ်သက်မှုမရှိသောမိခင်အားအနူးအညွတ်တောင်းပန် ကျေနပ်စေပြီး၊ အဖော်သဟဲများနှင့်အတူရွက်သင်္ဘောစီးလျက်ထွက်ခွါခဲ့လေသည်။

အပြောကျယ်လှသော သမုဒ်အဏ္ဏဝါရေပြင်ခရီးဝယ် ရွက်သင်္ဘောဖြင့်ခရီးထွက်ခြင်းကား ရောမစွန့်စားခြင်းပင်ဖြစ်တော့သည်။ ပင်လယ်ခရီးဟူသည် လှိုင်း၊လေ၊အန္တရာယ် အမျိုးမျိုးမှလည်းကောင်း၊ငါး၊လိပ်၊မကန်း အန္တရာယ်ဆိုးမှလည်းကောင်း လုံးဝ လွတ်မြောက်ရန် မလွယ်ကူပေ။ ထိုမှတပါး ရှင်းအောင် ဆိုရပါမူ၊ 'ဂဠုန်လက်မှနဂါး၊ ခြင်္သေ့လက်မှသား၊ မိကျောင်းလက်မှငါး၊ မြွေပါးစပ်မှဖား၊ ကြောင်ဖားလက်ဝယ် ကြွက်သူငယ်၊ စွန်လက်သဲဝယ် စာသူငယ်' လွတ်နိုင်ဖွယ် မမြင်သကဲ့သို့ မျှော်လင့်ချက်ဝေးလှချေသည်။ တခုမတွေ့ တခုခုတော့တွေ့ကြုံပေလိမ့်မည်။ မဟာဇနကမင်းသား ဦးစီးသော သင်္ဘောကား ကြီးမားသော ဝဲကြီးနှင့် တွေ့ကြုံရလျှင် လွတ်မြောက်အောင် မရုန်းထွက်နိုင်ကြသဖြင့် ပျက်စီးရလေသည်။

ထိုသင်္ဘောသားထဲက မဟာဇနကတဦးသာ ကြံရည်ဖန်ရည်ရှိသဖြင့် မသေပဲ ကျန်ခဲ့သည်၊ သူဆောင်ရွက်ခဲ့ပုံမှာ ဤသို့ဖြစ်သည်။

သင်္ဘောတစင်းလုံး ဝဲကြီးအတွင်း နစ်မြုပ်လု ဆဲဆဲတွင် အခြား သင်္ဘောသားများက ကြောက်လန့်၍ အော်ဟစ် ငိုယိုနေကြသည်။ မဟာဇနကကား မအော်မငို။ ပေါက်ပေါက်နှင့်ပျားရည်ကို နယ်စားသည်။ ထို့နောက် ဥပုသ်ဆောင့်သည်။ ခန္ဓာတကိုယ်လုံးကိုထောပတ်စသည်ဖြင့် ရွှဲရွှဲစိုအောင်သုတ်လိမ်းခြင်းဖြင့် ရေကူးမှုကို လျင်မြန်အောင် ဆောင်ရွက်သည်။ အစ ရိပ်သိမ်း ပြင်ဆင်ပြီးသော် ရွက်တိုင်ဖျားသို့ တတ်နိုင်သမျှ

တက်သည်။ အမြင့်သို့ရောက်သော် ဘခင်၏တိုင်းပြည်ရှိရာသို့ မှန်း၍ခုန်သည်။ ကံအားလျော်စွာပင် ထိုအန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်ပြီး လက်ပစ်ကူးနိုင်ခဲ့သည်။

သို့ပါမူလည်း ကူးနေရသည်က ကမ်းမမြင်သည့် ပင်လယ် သမုဒ္ဒရာကြီးပါတကား။ ရှိစေတော့—

"ယောကျ်ားတို့လုံ့လ သေခါမှ လျော့အံ့"

"ကြိုးစားက ဘုရားပင် ဖြစ်နိုင်သည်"

"ကူးခတ်ယင်း သေသည့်တိုင် ဥပုသ်နှင့်ဖြစ်၍ မြတ်၏"

တရက် နှစ်ရက် မဟာဇနက မင်းသားသည် ပက်လက် တမျိုး, မှောက်ခုံတမျိုး, လိပ်ပြာဟန် တသွယ် ရေကူးနည်း အမျိုးမျိုးတို့ဖြင့် ကူးခပ်နေသည်။ ငါ၏ ကြိုးစားမှုသည် အချည်းအနှီးမဖြစ်နိုင်ရာ၊ ခုနစ်ရက်မြောက်သော နေ့တွင်မူ—

မယုံနိုင်လောက်သော အဆင်အပြင်တို့ဖြင့် ချောမောလှပ သော အမျိုးသမီးတဦးသည် အရောင်အဝါ တောက်ပစွာဖြင့် ကောင်းကင်တွင် ဘွားကနဲ ပေါ်လာသည်။

အသူနည်း....။

"အမောင် ယောကျ်ား၊ ကမ်းမမြင်ပဲ ကူးခပ်နေသဖြင့် လွတ်မြောက်နိုင်ပါအံ့လော...."

"အို—အသင်ကား အသူနည်း၊ငါလွတ်မြောက်သည်ဖြစ်စေ မလွတ်မြောက်သည် ဖြစ်စေ ဇွဲစိတ်နှင့် ကူးခပ်ရမည်ကား ယောကျ်ားကောင်းတို့၏ ဓမ္မတာပင်ဖြစ်ပါသည်။"

"ကျွန်ုပ်ကား မေခလာအမည်ရှိ နတ်သမီးပါ၊ သင်သည် ဆုံးစမထင်သော ပင်လယ်ပြင်ကို လက်ပစ်ကူးနေခြင်းကား ရှုး၍ပေလော...."

"အရှင်နတ်သမီး ကျွန်ုပ်ကား မရူး၊ ယောကျ်ားတို့လုံ့လ သေခါမှလျှော့မည်ဟု ခိုင်ကုည်စွဲမြဲစွာဖြင့် ကူးခပ်နေခြင်းပါ။ ကျွန်ုပ်သည် ဥပုသ်သီလ စောင့်သုံးပြီးပြီဖြစ်၍ သေသော်လည်း မြတ်ပါ၏။ ကျွန်ုပ်၏ အဖော်များသည် ကျွန်ုပ်ကဲ့သို့ မကူးကြသဖြင့် သေကုန်ကြပါပြီ။ ကျွန်ုပ်မှာ ဇွဲခိုင်ခိုင်ဖြင့် ကူးနေခြင်းကြောင့် သင်နတ်သမီးနှင့်လည်း စကားပြောရပါပြီ၊ သင်သနား၍ကယ်တင်ပါလျှင် အသက်ရှင်ပါဦးအံ့...."

"ကောင်းပါ၏ အမျိုးကောင်းသား၊ ကျွန်ုပ်ကား သင့်ကို ကယ်တင်ရန် လာခြင်းပင်ဖြစ်ပါသည်...."

ထို့နောက် မဟာဇနကမင်းသားသည် ကျောက်ဖျာပေါ်သို့ ရောက်အောင် မေခလာနတ်သမီး၏ ဆယ်တင်ခြင်းကိုခံ၍လျှက် ဖခင်လက်ထက်ကဆုံး ရှုံးခဲ့သော မင်းစည်းစိမ်ကို ပြန်လည်ရရှိခဲ့လေသည်။

မဟာဇနကသည်--

ဇွဲရှိသည်၊ လုပ်ဆောင်သည်၊
မြဲမြံသည်၊ မရွှေ့ရှား၊ မပြောင်းလဲ၊
တည်တံ့သည်၊ မတုန်လှုပ်၊
ဉာဏ်အမြော်အမြင်ကြီးမားသည်။ သို့ဖြင့်—

သေအုံမှုးမှုးအံဖြစ်သို့ ရောက်ရသော်လဲ လွှတ်မြောက်ရာ လွှတ်မြောက်ကြောင်းကို ခေါင်းအေးအေးနှင့်ပင် ဆောင်ရွက်နိုင်ခဲ့သည်။ သေသည့်တိုင်အောင် မြတ်သောသေခြင်းဖြစ်အောင် ဥပုသ်သီလကို မိဋ္ဌာန်၍ စောင့်သုံးခဲ့သည်။

မဟာဇနကမင်းသား၏ ပြုမူချက် ဆောင်ရွက်ချက်တို့သည် ပစ္စုပ္ပန်ဘဝမှာပင် လှလှကြီး အကျိုးရရှိခဲ့သည်။ မည်သည့် အရာတွေပါနည်း—

လူတကာတို့မြင်ရခဲသောနတ်သမီးကိုမြင်တွေ့ရခြင်း၊ ထိုနတ်သမီးနှင့် စကားတုံ့ စကားလှယ် ပြောဆိုရခြင်းနှင့် မင်းစည်းစိမ်ကိုရရှိခြင်းတို့ပင်ဖြစ်သည်။

မဟာဇနကမင်းသားသည် ငယ်စဉ်ကသော် စစ်ပြေးဘဝဖြင့် မိခင်နှင့်အတူ ဆင်းရဲစွာ နေခဲ့ရ၏။ အဖေခေါ်စရာမရှိ၍ ပတ်ဝန်းကျင်၏ လှောင်ပြောင်သရော်မှုကိုပင် ခံခဲ့ရသေး၏။ သို့သော်လည်း ဖခင်ဘုရင်၏ ဇာတိသွေး ဇာတိမာန်က အမြဲမပြတ်နှိုးဆော်ပေးနေရာကား ကျားစိတ် ကျားမာန်တို့ဖြင့် ရဲရဲရင့်ရင့် စွန့်စွန့်စားစားဆောင်ရွက်မှုမျိုးကိုပြုလုပ်ခဲ့၏။ ထိုအခါ မဟာဇနကမင်းသား၏ မွေးရာပါ ဇာတိသွေး ဇာတိမာန်တို့သည် မင်းအဖြစ်သို့တိုင် ရောက်စေခဲ့ပေတော့သည်။

အို–အသင်စာရှုသူ၊ ကျွန်ုပ်တို့သည် လောကီစီးပွားကိုတည်း ရှာမည်လော၊ လောကုတ္တရာအကျင့်မြတ်ကိုတည်း ရှာပါမည်လော။ ယင်းသို့ ရှာဖွေရာ၌ ပေါက်ပေါက် မြောက်မြောက် အောင်မြင်ရန် တခုကိုတော့ မှုတည်ရပေမည်။ ထိုတခုကား ဇွဲစိတ်ပင်ဖြစ်သည်၊ ''ဇွဲ''။

၁၃၄၁-ခုနှစ်ဝါခေါင်လဆန်း ၁-ရက်။
၂၄-၇-၇၉

**စိတ်အမျိုးမျိုးနှင့် ထွက်စိတ်၊ လွင့်စိတ်၊တွေးစိတ်များ** အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်းတွင် စိတ် အမျိုး အစား ပေါင်း ၁၂၁-ပါးရှိကြောင်းကို ဤသို့ ခွဲခြားပြထားသည်။ အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈-ပါး၊ ကာမာဝစရစိတ် ၂၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂ ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်းစိတ် ၈၉-ပါး (စိတ်တခုယုတ် ကိုးဆယ်ဟုလည်းခေါ်သည်)။ လောကုတ္တရာအကျယ် ၄၀-ပြားသဖြင့် စိတ်အကျယ် ၁၂၁-ပါးအထိပင် ရှိသတည်း။

ထိုမျှ များပြားလှသော စိတ်အမျိုးအစားတို့ကား လူသားတိုင်း ဖြစ်ကြသည် မဟုတ်ပေ။ သူ့ဘုံဌာန အားလျော်စွာလည်းကောင်း၊ ပုဂ္ဂိုလ်အလိုက် အားလျော်စွာလည်းကောင်း ဖြစ်ပေါ်ကြရသည်။

ပုထုဇဉ် ဆိုလျှင် ကုသိုလ်အကုသိုလ်ကောင်းကျိုး မကောင်းကျိုး ခံစားရမှုများရှိသေးသည်။ ရဟန္တာအရှင်မြတ်တို့မှာကား အကုသိုလ် မရှိတော့။ ကောင်းမှုကံ စေတနာများ ပြုလုပ်သော်လည်း ထိုကံ၏ ကောင်းကျိုးကို ပေးရန် တဖန်ဘဝသစ်ဖြစ်ခြင်း မရှိတော့။ ထိုအရာတို့မှာ ကျယ်ဝန်း လှသည်၊ အဘိဓမ္မာသဘောကို နားလည်အောင် သင်ကြား ထားပါမှ ရှင်းရှင်းလင်းလင်း သဘောကျနိုင်သည်။

စိတ်သည် တုန့်လှုပ်မှုလည်းရှိ၏၊ မရပ်မနား တသွားတည်း သွားလာလှည့်လည်နေတတ်၏။ ပင်ရင်းမူလအားဖြင့်ဖြူစင်၏၊ ပြိုးပြိုးပြက်ပြက်တောက်ပ၏၊ အဆင်းအမျိုးမျိုးကို မြင်သော အခါတွင်လည်းကောင်း၊ အသံအမျိုးမျိုးကို ကြားသောအခါ တွင်လည်းကောင်း၊ အနံ့ အမျိုးမျိုးကို ရှူသော အခါတွင် လည်းကောင်း၊ အရသာ အမျိုးမျိုးကို လျက်သောအခါတွင် လည်းကောင်း၊ ထိတွေ့မှုအမျိုးမျိုးကို ထိတွေ့သောအခါတွင် လည်းကောင်း ဖောက်ပြန်သွားတော့သည်။ ဖြူစင်မှုမရှိတော့၊ နှစ်သက်ရာ အဆင်းကို စွဲလန်းမက်မော၍လည်း တွေးတောနေ တတ်၏။ အသံကိုစွဲလမ်း၍လည်း တွေးတောနေ၏၊ အနံ့၊ အရသာ၊ အထိ၊ အတွေ့ အာရုံအဖြာဖြာတို့ကိုသာ ဟာရစ်ဝဲဝဲ ပျားပန်းခပ်သကဲ့သို့ တွယ်တာနေသည်။ ထိုတွယ်တာမှုကား တော်တော်နှင့်မပျောက်၊ တော်တော်နှင့် မပြေတတ်ချေ။

ဝိပဿနာအာရုံပေါ်သို့တင်၍ ရှုမှတ်သောအခါတွင် စိတ်၏ လှုပ်ရှားမှုကို ပီပြင်စွာ တွေ့ရတော့သည်။ "ဖောင်းတယ်၊ ပိန်တယ်" ဟူသော အရှုခံအာရုံပေါ်သို့တင်၍မှတ်၏၊ မရလေ။ သူ့သဘာဝအတိုင်းပင် အငြိမ်မနေမူ၍ လေယူရာ ယိမ်းနွဲ့သည့် မို့ပြားပင်ပမာ တောင်မြောက်ဒိသာ ရပ်ရှစ်မျက်နှာသို့ ပြေးလေ သည်။ ပြေးသော စိတ်နောက်သို့ ကိုယ်ခန္ဓာ မပါသည်ကတော် တော့သည်။ ရုံခါ၌ ပြေးစိတ်သည် ကောင်းကောင်း တွေးသေး ၏၊ ရုံခါဆိုးလှ၏။ ရေးမဖြစ်၊ မေတ္တာရှိသူထံသို့ပြေး၏၊ မိဘ ထံသို့လည်းပြေး၏၊ ညီအစ်ကိုမောင်နှမထံသို့ ပြေးသည့်အခါ

ပြေး၏။တခါတရံအားဖြင့်မူ မုန်းသူများထံသို့လည်းပြေးသွားတတ်၏။ လက်ညှိုးထိုး၍ အနိုင်ယူခါ ရန်တွေ့နေတတ်၏၊ ထိုသဘောသည် အတွေးအိမ်မှာတွင် မေးမှိန် ပျောက်ကွယ်သွား၍ တော်တော့သည်။အကယ်ပင် စိတ်သွားကိုင်းကိုင်ယ်ပါ၍ ရန်ဖြစ်ကြသော်ခက်ရချိမ့်မည်။

တခါတရံ အလောင်းကောင်များ ကောက်ရိုးပုံပမာ ကြီးမားများပြားစွာ တွေ့မြင်ရ၏၊ ထိုပုံသည် ဘယ်မှာမြင်ခဲ့၍ ပေါ်ရသနည်း။ ရေခဲတိုက်သို့ ပဥ္စင်းငယ်ဘဝက သွားရောက်လေ့လာကမ္မဋ္ဌာန်းရှုခဲ့စဉ်ကပင် ဖြစ်နိုင်သည်။ ရန်ကုန်ဆေးရုံဝင်းအတွင်းရှိ ရေခဲတိုက်သို့ ချောက်မှ မိတ်ဆွေ **ဦးပညာစံသ**နှင့် သွားရောက် လေ့လာ ရှုကြည့်ကြ၏။ ထိုအရှင်ဘုရားမှာ ခေါင်းမူးသည်ဟုဆိုကာ နှစ်ခန်းမျှကြည့်ပြီးလျှင်ပင် အပြင်သို့ ထွက်ခွါသွားသည်။ဤအရှင်မှာမူ အခန်းပေါင်း ၆-ခန်းအထိ ဝင်,ကြည့်,ထွက်လုပ်ခဲ့၏။ သုံးထပ်သံစင်လေးတွေ ပေါ်တွင်တင်ထားသည်မှာ အပြိုင်အိပ်မောကျနေကြသလားဟုပင် ထင်တော့၏။ စင်စစ်အားဖြင့်မူ ဆရာဝန်မှတ်ချက်ဖြင့် ဝိညာဉ်ချုပ်ငြိမ်းနေသူတို့ပေတည်း။

တခါတင့်တွင်မူ ပုံပြင်ပမာ ရေခဲတိုက်မှ အသက်ရှင်၍ ပြန်ထွက်လာသူများရှိတတ်သေး၏။ အလွန်ကံထူးသူများဟုပင် ဆိုရပေလိမ့်မည်။

အဘယ့်ကြောင့်ရယ်မသိ၊ တွေးစိတ်တို့သည် ထိုရေခဲတိုက်ရှိ များစွာသော အလောင်းကောင်များ ဆီသို့ မကြာ မကြာ

ရောက်၏။ ရံဖန်ရံခါ၌မူ ကြံတောသချိုင်းရှိ မီးရှို့စက်၀သို့ ရောက်တတ်၏။ တောလက်ကျေးရွာ နေထိုင်ခဲ့စဉ်က အလှူတခု သွားရာတွင် သင်္ချိုင်းကို ဖြတ်သန်းခဲ့ဘူးရာ ထိုစဉ်က နွား တကောင်သည် လူခေါင်းခွံတခုကို အားပါးတရ ၀ါးစားနေ သည်ကို အံ့ဩဖွယ်တွေ့မြင်ခဲ့ရ၏။ ယခု ၀ိပဿနာရှုမှတ်သော အခါ ထိုနွားသည် မိမိ၏ရှေ့မှာပင် ကျိုးကျိုးကျွတ်ကျွတ် မြည်အောင်စားပြနေသည်။ ထိုအာရုံများပေါ်လာလျှင် ပထမ သော် ဘာမသိ ဘာမသိ ကြည့်နေမိ၏။ ရှုရန်မေ့၏။ ''ဘာပဲ ပေါ်ပေါ် ပေါ်ရာကိုသာရှု''ဟု တောရဗိမာန်ဆရာတော် ဘုရားကလည်း ညွှန်ကြားသဖြင့် ရှုလိုက်မိသည်။ ထိုသို့ ရှုဖန် များလတ်သော် ထိုအာရုံမှာ မှေးရာမှ ခပ်ရေးရေးမျှသာ ထင် ပြီး ပျောက်ကွယ်သွားသည်။ ယောဂီဘ၀ ရှုမှတ်မှု ၁၅-ရက် တာတွင် ထိုထိုအာရုံအပေါင်းတို့သည် စုပြုံ၍ ၀င်ရောက်လာ တတ်ပါ၏။ ရှုဖန် များသဖြင့်သာ ပျောက်ခဲ့ရသည်။

**ဘုရားအဆူဆူ** အဘိဓမ္မာ သဘောအားဖြင့် အာစိဏ္ဏကံ **တည်တော်မူ** လေ့ကျက်မှု အရှိန်သန်နေလျှင် ထိုကံသည် သေခါနီး ကာလ၌ ပေါ်ပေါက် လာ၏။

ကောင်းမှုမြတ်နိုးခဲ့၍ ကောင်းအောင် ကြိုးပမ်းသမှု ပြုခဲ့လျှင် ထိုကံအတိုင်းပင် အာရုံထင်ခါ အကျိုးပေးမြဲတည်း။ မကောင်း မှု ဆည်းပူးခဲ့သဖြင့် ထိုကံအားလျော်စွာ အာရုံ၌ စိတ်ဆိုးများ ပေါ်ပေါက် လာလျှင်လည်း ထိုပေါ်ရာအတိုင်းပင် အကျိုး ပေးမြဲဖြစ်သည်။

မနောဝိညာဉ် စိတ်အာရုံတို့ကား ပန်းလိပ်ပြာပမာ ဟိုဒီ ကူးလူးနေလေ၏။ ငြိမ်ရန်ဆန္ဒပြင်းပြလျက် မငြိမ်လေ။ သူကျလို ရာသို့ ကျနေလေ၏။ ပုဂံမြို့ဟောင်းရှိ ဘုရားစုံကြွားသို့လည်း ကျရောက်တတ်၏။ ချမ်းမြေ့ကျောင်းပေါ်ရှိ ပလ္လင်တံကဲနှင့် တကွ ကိုးကွယ်ထားသော မြတ်ဗုဒ္ဓ၏ ရုပ်တုတော်မှာ သပ္ပါယ် လှသည်။ ထိုပုံတော်ကို ပုံကြီးချဲ့၍လည်း မိမိဒေသ နတ် မောက်၌ ဘုရားတည်နေလေသည်။ "**ဘယ့်နှဲ့လုပ်မည်နည်း၊ ဝိပဿနာရှုယင်းနှင့် ဘုရားတည်နေလေပြီ**" ထိုလွင့်စိတ်၊ စိတ် ကူးစိတ်တို့ကား မနောကံ အားဖြင့်မူ ကောင်းမွန်လှ၏။ အဘိဓမ္မာ သဘာဝအားဖြင့် ဘုရားအာရုံပြုယင်း, ကြည်နူး ကြည်ညိုယင်း ကွယ်လွန်ပါမူ ကောင်းရာသုဂတိသို့မျက်မှောက် ပြုနိုင်သည်ဟု ရှင်းပြထားပါသည်။ ဝိပဿနာရှုသော ယောဂီ အဖို့မူ ဆရာညွှန်သော ရှုမှတ်မှုလမ်းမတော်မှ ဘေးသို့ဝေးစွာ ဝေးစွာ ပြေးခွါနေလေပြီ။

ထိုအာရုံများကို တရား လျှောက်သော အခါ ထည့်၍ လျှောက်၏။ မှတ်ရန်ညွှန်၏။ အထပ်ထပ်ညွှန်၏။ အပတ်တကုတ် ရှုမှတ်ဖန်များလာသည်တွင် ထိုအာရုံလည်းပျောက်ခဲ့၏။ တအာ ရုံရှုမှတ်၍ ပျောက်ကွယ်သွားပြီးလျှင် ထိုအာရုံသည် နောက် ထပ် ပေါ်မလာပါ။ စားပြီး ပန်းကန်ကို မကြည့်လိုဘိသကဲ့သို့ ထိုအာရုံကိုလည်း မယူချင်တော့။ တကယ်ပျောက် မပျောက် သိလို၍ တကူးတကပင် တွေးယူဆွဲထုတ်ကြည့်ပါသေး၏။ မပေါ် တော့။ ဝမ်းသာရသည်။ သို့တစေ အခြားအာရုံဆန်းများက

ပေါ်ပေါက်ဝင်ရောက်လာတတ်ပြန်သည်။ "အော် - စိတ်သည် တခုပြီးလျှင်တခု ဖြစ်ပေါ်တတ်သည်ဆိုသည်မှာ တကယ်ပါ တကား"ဟု သိရပြန်၏။ ဘာတခုမှမယူပဲ မတွေးပဲ အအား နေလေ့မရှိပေ။ ဆန်းကြယ်လှ၏။ စိတ်သည် အမှန်ပင် ဆန်း ကြယ်လှ၏။ထို "**စိတ်ကိုနိုင်လျှင် ချမ်းသာကို ရှက်ဆောင်နိုင် တော့သည်**"ဟုပင် ပောထားချက်ရှိသည်။

❁

၁၃၄၁-ခု၊ ဝါခေါင်လဆန်း ၄-ရက်။
၂၃-၇-၇၉

**ချမ်းမြေ့ဆရာတော်ကြွလာပြီ** ယနေ့ ချမ်းမြေ့ဆရာတော် ကြွ လာမည်။ ဆရာတော်အား ကြို ဆိုရန် နှီးဆော်စာကို ရက်သတ္တပတ် အလိုလောက်ကပင် ရေး ကပ်ထားကြသည်။ဆရာတော်ကြွလာတော့မည်ဆိုသဖြင့် ဝမ်း မြောက်စိတ်များဖြစ်ကာ တက်ကြွမိသည်။ အခြားယောဂီများ လဲ ထို့အတူပင် ရှိကြသည်။

ဝေယျာဝစ္စအဖွဲ့ဝင် ဒကာ ဒကာမများတို့မှာမူ ဆောက် လုပ်ဆဲ သိမ်ဓမ္မာရုံ အောက်ထပ်ကို ရှင်းကြ လင်းကြဖြင့် သပ်သပ်ရပ်ရပ် ကြည့်ပျော်ရှုပျော်ဖြစ်အောင် ပြုပြင်ဖန်တီး နေကြသည်။ ဖျာခင်းသူ ကော်ဇောခင်းသူတို့ သည်လည်း

ကောင်း၊ စားပွဲပြင်သူ ပန်းတင်သူတို့သည် လည်းကောင်း ရှင်လန်းတက်ကြွစွာ ဆောင်ရွက်နေကြသည်။

တူညီသော ယောဂီဝတ်စုံ ဆင်ယင်ထားသော အမျိုးသမီးတို့ကမူ ကော်ဇောနီပေါ်တွင် ပန်းအလှ ခင်းကြသည်။ ပန်းခင်းသောလမ်းကို ဖန်တီးကြသည်။ စပယ်လက်ကျန်များ ပါသည်။ ရနံ့သင်းသော မြလေးပန်းနှင့် ဇီဇဝါ ပုဏ္ဏရိပ်တို့လည်း ပါသည်။ သို့ရာတွင် အပွင့်လိုက် ခင်းကြသည်တော့ မဟုတ်၊ ထိုးထိုးထောင်ထောင် မဖြစ်စေရန် ပွင့်ချပ် ပွင့်ဖတ် များကို ရောင်စုံနှင်းဆီတို့ဖြင့် ရောနှောခင်းကြခြင်းဖြစ်သည်။

အရပ်လက်သမားဖြင့်သာ ခပ်ရိုးရိုးလုပ်ထားသော ပေါ်လစ်သုတ်ပလ္လင်ဝိုင်းဝိုင်းလေးရှေ့တွင်မူ စားပွဲရှည်များခင်းထားသည်။ထိုအပေါ်တွင် ရွှေအခါ ရေကစားကြသည့် ငွေဖလားကြီးများက စီရရီပန်းမျိုးစုံဖြင့် တင့်တယ်နေသည်။ ကျောက်ပန်းနှင့် ပုဏ္ဏရိပ်ကို မဟာမိတ်ပြု၍ တွဲဖက်လိုက်သောအခါ အသွင်ဆန်းသော ပန်းတမျိုးဖြစ်လာသည်။ အမြင်တွင်လည်း ရှင်လန်းပါဘိ။ ဤသို့လျှင် ပြင်ဆင်ကြ ဆောင်ရွက်ကြနှင့် နေ့လယ်မွန်းလွဲအချိန်တွင် ကြိုဆိုရန်အသင့်ပင် ဖြစ်နေပေပြီ။

ယနေ့၂-နာရီတရားပွဲကိုမူ "**မြစ်သားမှမဟာစည်မွေ့ကထိက ဦး၀ါသ၀**" အရှင်မြတ်ဟောသည်။ ပါဠိတော်များ ကြိမ်ဖန်များစွာ ရွတ်ဆိုဟောသွားသဖြင့် ကြည်နူးရသည်။ ကုသိုလ်ပွားရသည်။

တရား နာပြီးသော်လည်း ဆက်လက် မရှု ဖြစ်သေး။ အခြားယောဂီများလဲ တရားရှုရမည့်ထက် ဆရာတော်ဖူးရမည်ကိုသာ စိတ်စော နေကြဟန် တူသည်။ ဟိုတစု သည်တစုဖြင့် စုရုံးစုရုံးဖြစ်နေသည်။ ကျောင်းသံဃာများမှာလည်း ဆရာတော်ကြွလာမည်ကို ဝေယျာဝစ္စများခြင်းဖြင့် ကြိုဆိုမျှော်လင့်နေကြသည်။

ဆရာတော် ကြွလာမည့် နေ့တွင် မှတ်မှတ်ရရ မိုးရွာသည်။ သဲသဲမဲမဲ မဟုတ်သော်လည်း စွေရွာမစဲ တဖွဲဖွဲလေးဖြစ်နေသည်။ နှင်းမိုးရွာသကဲ့သို့ ရှိသည်။ ဓမ္မာရုံ အောက်တွင် အခမ်းအနားမှူးသည် သဒ္ဓါတရားဖြစ်ဖွယ်သော ပဋိသန္ဓာရ စကားများကို အေးအေးစွာ ပြောနေသည်။ သူသည် တရားသူကြီးတဦးဟု သိရသည်။ နောက်တဦးမှာမူ နိုင်ငံခြားကုမ္ပဏီအချို့၏ ကိုယ်စားလှယ်ဟု ဆိုသည်။ သူတို့သည် ချောမောပြေပြစ်စွာ ပြောသွားကြသည်။

ရန်ကုန်၏ ညကာလသည် မာကျူရီမီးတို့ဖြင့် ထိန်လင်းနေမည်ဖြစ်သော်လည်း မိုးကာလ၏ညမှာမူ မှုန်ဝါးဝါးသာဖြစ်နေသည်။ မိမိသည် ညအရေးနှင့် မိုးအေးအေးကို တွေးနေ၏။ ထိုစဉ် 'ဆရာတော်ကြွလာပါပြီ' ဟု တစုံတဦး ပြောလိုက်သောအသံကိုကြားရသည်။ မိမိတို့ ယောဂီများလည်း ဆရာတော်အား ကြိုဆိုကန်တော့ရန် ဓမ္မာရုံအောက်သို့ ကြွကြသည်။ မိုးရွာနေသဖြင့် ကားမှဆင်းကြွလာသော ဆရာတော်အား ထီးမိုး၍ ပင့်ကြသည်။ အသင့်ဖြန့်ထားသော ပန်းခင်းလမ်းမှ

ကြွ၍ ပလ္လင်ပေါ်သို့ တက်တော်မူသည်။ ဇလန္ဒြေကြီးပါသည်။ တည်ငြိမ် အေးဆေးသည်။ ကြည်ညိုဖွယ်သော ပသာဒနီယ ဂုဏ်တို့ဖြင့် ပြည့်ဝသည်။ညသည် မှောင်သေး၏လော မသိပါ။ မိုးသည် ရွာသေး၏လော မသိ။ မစောကြောမိတော့ပါ။ ဆရာတော်အား ကြည်ညိုစွာကန်တော့ယင်း အခမ်းအနားမှူး၏ အစီအစဉ်ကို နားစိုက်နေမိသည်။

''ရွှေချဉ်ပေါင် ကာပြန်၍ ဝက်သားထံ ခြေကန်ရုန်းသွားမည်ကို စိုးရိမ်မိခဲ့ပါကြောင်း''စသည်ဖြင့် မှန်ရည်သော ချိုမြသော စကားလုံးများကို သုံးစွဲ၍ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့၏ ဥက္ကဋ္ဌက လျှောက်ထားသည်။ နိုင်ငံရပ်ခြားမှ ဆရာတော်အား ကျောင်းများလှူဒါန်းပြီး ဝါဆိုရန် ပင့်မှုနှင့်စပ်၍ သို့လျှင် စိုးရိမ်စွာ လျှောက်ထားခြင်းဖြစ်သည်ဟု သိရသည်။

ဆရာတော်ကမူ ကြွလာသူ ပရိသတ်အများတို့အား အေးဆေးတည်ငြိမ်စွာ နှုတ်ဆက်မိန့်ကြားသည်။

''မိမိ၏ဆောင်ရွက်ဆဲ သာသနာပြုလုပ်ငန်းများကို ပြောပြ၍ အမြဲနေရန် မဖြစ်နိုင်ကြောင်း တနှစ်တခါဆိုသလို အခါအားလျော်စွာ ကြွ၍သာ တရားဟောနိုင်မည် ဖြစ်ကြောင်း'' မိန့်ကြားခဲ့သည်ဟု သိရသဖြင့် ချမ်းမြေ့ ပရိသတ်မှာ ရွှေရင်တော် အေးကြရသည်။

ဆရာတော်သည် ပရိသတ်အား ၂-နာရီနီးပါးမျှ နှုတ်ဆက်တရားဟောကြားပြီး မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူ လိုက်ပါကြွခဲ့ရသည့် ကမ္ဘာလှည့် သာသနာပြု အတွေ့အကြုံကို 'ဓမ္မဒူတခရီး'အမည်ဖြင့် တရားဟောမည်ဟု မိန့်ကြားသည်။

ထိုနောက် စံကျောင်းပေါ်သို့ ကြွသည်။ ဘုရားရှေ့မှောက်တွင် အသင့်ခင်းထားသော နေရာထိုင်ပေါ်ကြွ၍ မြတ်စွာဘုရားအား ဝတ်ပြုသည်။ ထို့နောက် တောင်တွင်းကြီး တောရဗိမာန် ဆရာတော် ဦးကုသလအား ဝတ်ပြုသည်။ ပြီးလျှင်မူ ကျောင်းသံဃာများနှင့် ယောဂီရဟန်းတော်များအား တပါးချင်း နှုတ်ဆက်မေးမြန်းသည်။ မိမိအလှည့်တွင်မူ–

"အရှင်ဘုရားဘွဲ့ –"။

"သုစိတ္တပါဘုရား –"။

"ကြားဘူးတယ်၊ မြင်လဲမြင်ဘူးတယ်...."။

မိမိလည်း ဆရာတော်အား မြင်ဘူးသည်ပင် ဖြစ်သည်။ သို့သော် မမှတ်မိပါ။ ဝိုးတဝါးဖြစ်နေသည်။ သံယောင်လိုက်၍ ပြောရန်မသင့်သဖြင့် ခပ်မဆိတ်ပင် နေရသည်။

"ဇာတိကကော...."

"နတ်မောက်မြို့နယ် နဘူးတောင်ရွာကပါဘုရား...."။

"အင်း....ကြားဘူးတယ်..."။

"ရော–ခက်ကပြီ" မိမိမှာ အံ့အားသင့်၍ စိတ်ထဲမှ ရေရွတ်မိသွားပါသည်။ အဘယ့်ကြောင့် မိမိ၏နာမည်ကို ကြားဘူးသနည်း။ မိမိရေးသော သတင်းဆောင်းပါးနှင့် ဘာသာရေးဆောင်းပါးများကို ဖတ်ရ၍ပေလော။ ဤအရှင်သည် ဝါသနာအလျောက် ရတနာမွန်မဂ္ဂဇင်း၊ ဗုဒ္ဓဓမ္မလောကစာစောင်နှင့် ကြေးမုံသတင်းစာတို့တွင် ကြိမ်ဖန်များစွာ ဆောင်းပါးများ

ရေးခဲ့ဘူးသည်။ ဤရေးသားမှုသည်ပင် မိမိအား မြင်ဘူးကြားဘူးအောင် တွန်းပို့စေသလော''ဟု တွေးမိသည်။

ဆရာတော်ကား တောင်တွင်းကြီးဇာတိ၊ မိမိဇာတိကား နတ်မောက်၊ တောက်လျှောက် ဆက်သွယ်မှုရှိသည်။ မိမိ၏ဦးကြီးဘုန်းကြီး ၂-ပါးမှာ တောင်တွင်းကြီးမြို့ တောရဗိမာန်တွင် စာပေသင်ကြားခဲ့သည်။ ဆရာတော်သည်လည်း ထိုတောရဗိမာန် တိုက်တွင်ပင် ငယ်စဉ်က စာပေ သင်ကြား ခဲ့သည်။ ထိုဦးကြီး ဘုန်းကြီးတို့ အဆိုအရမူ 'နိဗ္ဗာန်မရောက်ခင် ဗိမာန်အရောက် သွားရမည်'ဟု ဆိုသည်။ တောရ ဗိမာန်သည် တခေတ်တခါက ထင်ရှားသော တိုက်တတိုက် ဖြစ်သည်ဟု ဆိုပါသည်။ ဤအတိတ်ကြောင်းများသည်လည်း မိမိ၏ ဇာတိနှင့် ရပ်ရွာအား ကြားဘူးရန် ထောက်ပံ့ပေးသလော'ဟု တွေးမိပါသည်။

ဤညဉ့် ဆရာတော် အနားရရန်အတွက် ဒကာ ဒကာမများ အလျှောက်အထား မပြုပါ။ နှုတ်ဆက်ပွဲနှင့် ပြန်ကြသည်။ မိမိတို့ ယောဂီများလည်း ၁၀-နာရီခွဲတွင် အိပ်ရာသို့ ရှုမှတ်၍ ဝင်ကြရသည်။ ယနေ့သည် ဝမ်းမြောက်ရသော နေ့တနေ့ပေတည်း။ မနက်ဖန်ဆိုလျှင် ဆရာတော်ကိုယ်တိုင် ဟောသော တရားစကားများ ကြားနာကြရမည် မဟုတ်ပါလော။

# ရက်ပေါင်းကိုးဆယ် ရိပ်သာဝယ်

---

## အပိုင်း—၂

## ယောဂီကျင့်ထုံး အကုန်လုံး

၁။ ယောဂီဆိုတာ ငြိမ်ငြိမ်သက်သက်၊ ဣန္ဒြေ မပျက် နေရတယ်။

၂။ သွားလာရာမှာ ဘယ်ညာမှတ်လို့၊ မပြတ် မလတ် ရှုရတယ်။

၃။ ထိုင်သောအခါဖောင်းပိန်ရှုကွဲ့၊မငဲ့ညာနဲ့ ယောဂီရယ်။

၄။ ကောင်းဆိုးဝေဒနာ ဖြစ်ပေါ်ငြားလည်း ဇွဲမာန်ခဲလို့ ရှုအုံးကွယ်။

၅။ ထိုင်တယ် ထိတယ် အဆင့်များကို ဆရာ သမားက ပြောပြမယ်။

၆။ ညောင်းတာ ကိုက်တာ ဝေဒနာ များ မတော့၊ သေချာပွါးလို့ ရှုရတယ်။

၇။ သေးစိတ်မူရာ ရှုမှတ်ပွါးလို့ မပြတ်မခြား ဆက်စေကွယ်။

ဤသို့ရှုပွါး ယောဂီများ ရငြား ချမ်းသာတယ်။

၁၃၄၁-ခု ဝါခေါင်လဆန်း ၅-ရက် စနေနေ့။
၂၀-၇-၇၉

**မိတ်ဆွေကောင်း၏ အားပေးမှု**

ပေ ၅၀-ခန့် ရှည်လျားသော စင်္ကြံ လမ်းပေါ်ဝယ် မိမိသည် "ကြွတယ်-ချတယ်" အမှတ်ဖြင့် ရှုမှတ်နေသည်။ ရှုမှတ်မှု၌ စိတ်အာရုံစူးစိုက်နေသဖြင့် မိမိအား တစုံတဦးက စောင့်ကြည့်နေသည်ကို သတိမမူမိချေ။

စင်္ကြံရှုမှတ်မှုရပ်၍ သောက်ရေ ဘုဉ်းပေးသောအခါမှ မိမိအား စောင့်ကြည့်နေသောပုဂ္ဂိုလ်ကို တွေ့ရတော့သည်။

"ဦးဇင်းမှတ်ပေး၊ အဲဒီလိုပဲမပြတ်မလပ် ရှုမှတ်ရတယ်"

မိမိသည် လက်အုပ်ချီလျက် ထိုပုဂ္ဂိုလ်၏ ပြောဆိုမှုများကို နားစိုက်မိပါသည်။ ပြောပြီးလျှင်မူ "ဘာများ အလိုရှိသလဲ" ဟု မေးမြန်းသည်။

"တပည့်တော် ဘာမှအလိုမရှိပါဘုရား"

ဤပုဂ္ဂိုလ်သည် မိမိအားတရားဓမ္မနှင့်ပတ်သက်၍ရွှေဆောင်လမ်းပြပေးသူဖြစ်သည်။ သူသည် မိမိအား ကျေးဇူးများပါသည်။ ဤသူကား 'ညောင်ကန် အရှင်ဇနန္ဒက' ပင်ဖြစ်သတည်း။

ဤ အရှင်မြတ်သည် သူကိုယ်တိုင်က စာပေလောက၌ အောင်မြင်မှုရရှိနေသလို အခြားရေးဘော်ရေးဘက် သီတင်းသုံးဘော်များအားလည်း အောင်မြင်မှု ရစေချင်လှသည်။ ဓမ္မရေးရာဘက်တွင်လည်း သူကိုယ်တိုင် သတိပဋ္ဌာန်နည်းကျ ရှုမှတ်ပွားများခဲ့ရသဖြင့် စိတ်ငြိမ်းချမ်းမှုရရှိနေပေရာ အခြားသော

သီတင်းသုံးဘော်များ၊ ရေးဘော် ရေးဘက်များက အကူအညီတောင်းခံလာလျှင် လက်မနှေးပဲ ကူညီလေ့ရှိသည်။

သူသည် ရိုးသား၏၊ ပွင့်လင်း၏၊ စာရေးရာ၌ သူ၏အတွင်းသဘောများကို ကောင်းစွာသိနိုင်ပေသည်။

တခါက 'ရာမခရစ်ရှနာခန်းမ' တွင် ဟောပြောပွဲတခုရှိသည်။ ထိုစဉ်ကသူသည် ဆရာ ရဝေထွန်းနှင့် အတူ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ပွဲပြီးသော် မိမိနှင့်တွေ့သည်။

စာများများရေးရန် အားပေးသည်။ ယခုလည်း တရားအလုပ်ခွင်၌ တွေ့ရပြန်ပြီ။ ယခုအကြိမ်တွင်မူ "မပြတ်မလပ်ရှုပေး" ဟု အားပေးပြန်ပါသည်။ မိမိအား ယောဂီလုပ်၍ တရားအားထုတ်ဖြစ်ရန် ဤညောင်ကန်အရှင်ကြွက ကပင်ကြိုဆိုဖိတ်ခေါ်ခဲ့သည်။ ထို့နောက် လမ်းညွှန်ချထားပေးသည်။ ယခု 'အားပေးနေပြန်ပါပြီ'၊ မိတ်ဆွေကောင်း၏ အားပေးမှုကြောင့် 'တအား' တက်ကာ ရှုမှတ်နိုင်ခဲ့ပါသည်။

❁

၁၃၄၁-ခု ဝါခေါင်လဆန်း ၆-ရက် တနင်္ဂနွေနေ့။

၂၉-၇-၇၉

**ထန်းလျက်သုံးလုံးနှင့် သျှစ်သျှားသီး** အဘိုးအိုယောဂီက ထန်းလျက်သုံးလုံးလာကပ်သည်။ ဆာလောင်မွတ်သိပ်လှ၍ ဝမ်းထဲမှပင် တကြုတ်ကြုတ်မြည်နေပေပြီ။ ထိုအခြေအနေ၌ ဘုဉ်းပေးကောင်းသောထန်းလျက်

ဖြစ်ပေါ်လာ သဖြင့် ဘုဉ်းပေးလိုက်ရ သည်မှာ ဝမ်းမီးကို သက်သာ ငြိမ်းအေးစေပါတော့သည်။

အညာအရပ်မှ ရဟန်းတော်များအတို့ ထန်းလျက်၊ သကာ ရည်ဟူသည်မှာ ပေါများစွာ ဘုဉ်းပေးကြရမြဲမို့ ယခုသုံးလုံး သောထန်းလျက်ကို ဘုဉ်းပေးရာ၌ မဆိမဆိုင်ဟုပင်ပြောရမည် လောမသိ၊ သိရိမမှာသောကမင်းကြီးအား သတိရမိသည်။ ဤမင်းသည် အိန္ဒိယတပြည်လုံးကိုလဲ အုပ်စိုးရပြီး အာဏာ တန်ခိုးကလဲ ကြီးမားလှသည်။ ချမ်းသာလှ၍ ကုဋေတရာကုန် အောင်လဲ လှူခဲ့ပြီးပါပြီ။

သို့ရာတွင် ဤအာဏာရှင် တန်ခိုးရှင်မင်းကြီးသည် မရဏ ကာလေ၊ သေခါနီးသောအခါ၌ သျှစ်သျှားသီးပိုင်းကလေး ကိုသာ ပိုင်ရရှာပါသည်။

သကလံ မေဒနိံ ဘုတ္ဝာ၊ ဒတွာ ကောဋိသတံ သုခီ။
အဒ္ဓါမလက မတ္တဿ၊ အန္တေ ဣဿရတံ ဂတော။

ဤဂါထာကို ဝါစုဂ္ဂတပြုခဲ့သဖြင့်နှုတ်တက်ရနေသည်။ ဘဝ အသိနှင့်ယှဉ်တွဲကြည့်တော့ သံဝေဂရစရာ၊ယူစရာဖြစ်ခဲ့ရသည်။ ဝတ်စားတန်ဆာ စားဖွယ် သောက်ဖွယ် အမယ်မယ်တို့ မချို့ငဲ့ အောင် အဘက်ဘက်မှ မည်မျှပင်ပြည့်စုံခဲ့သော်လည်း ထိုပြည့်စုံ မှု အဝဝတို့သည် လျော့ကျခြင်းဖြင့်သာ နိဂုံးချုပ်ရတတ်ပါ တကားဟု အသိဝင်လာပါသည်။ဤအသိဝင်လာသောအခါ—

ပစ္စည်းဥစ္စာကို ဥပါဒါန်ကပ်၍ ငါ့ပစ္စည်း ငါ့ဥစ္စာဟု တပ်စွဲ သူများ အတွက် "စဉ်းစားအုံး" ဟု သတိပေးချင်သည်။

ဤလောက၌ လယ်သမားများက "ငါ့လယ်ယာမြေဟုပြော သောအခါ ထိုလယ်ယာမြေတို့သည် ရယ်ကြသတတ်။ ငါ့ရွှေ ငါ့ငွေဟုပြောသောအခါလည်း ထိုရွှေငွေတို့ကရယ်ကြသတတ်။ ငါ့သား ငါ့မယားဟု ပြောသောအခါလည်း ထိုသားမယားက ရယ်သတတ်၊" မခက်ပေသလော၊ တရားသဘောမျှ မဟုတ် သေးပဲ လောကသဘောမျှပင် မိမိတို့၏ ယူဆ စွဲလန်းမှုသည် တကယ်ပင် ရယ်ရွှင်ဖွယ်ဖြစ်နေမည်ကို စဉ်းစားကြရာသည်။

ဓမ္မာသောက၊ ပြောပြသံဝေ၊ ယူကြလေတော့၊ မပေါ့ မဆ၊ သတိရလျက်၊ အသက်ဝိညာဉ်၊ ရှိစဉ်မပြတ်၊ ကုသိုလ် ထပ်၍၊ ပျော်မွေ့ဘာဝနာ၊ ရှုမှတ်ရာသည်၊ ယောဂီဘာဝ၊ ချမ်းသာကြောင်း။

၁၃၄၁-ခု၊ ဝါခေါင်လဆန်း ၈-ရက်၊ အင်္ဂါနေ့၊

၃၁-၇-၇၉

**မဟာစည်ဆရာတော်ကိုဖူးရပြီ** ယနေ့ မဟာစည် ဆရာတော် ဘုရား ကြီးအား မဟာစည် ဩကာသဖြင့်ကန်တော့ရသည်။ ရိပ်သာရောက်စက ဩကာသ ပြဿနာဒေပေါ်ခဲ့ရသေးသည်၊ အကျယ်အကျယ်တော့မဟုတ်ပါ၊ မိမိ၏အရင်မူဟောင်းနှင့် ယခုလက်ရှိမူသစ်တို့ တွေ့ဆုံသောအခါ

'မူဟောင်း မှန်သည်, မူသစ်ကောင်းသည်'နှင့် တပါးတည်း စကားများပြီး ပြဿနာဖြစ်နေခြင်းသာ ဖြစ်သည်။

သို့ရာတွင် မဟာစည် ယောဂီ ၇-သိန်းကျော်လည်း သုံးစွဲနေပြီကို သိရသဖြင့် မူသစ်ကို လက်ခံလိုက်ပါသည်၊ သို့တစေ ရံခါ၌ ဩကာသ နှစ်မျိုးစလုံးဆိုရမှ ကျေနပ်သလို ဖြစ်နေမိတတ်ပါသည်။ 'အသစ်ဘယ်လိုကောင်းသော်လဲ အဟောင်းမှာ တဝဲလယ်လယ်' ဆိုသည်မှာ ဤသို့ပင် ဖြစ်တတ်သလောဟု စောဒက တက်မိရသေး၏။

ယနေ့သည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော် ၇၅-နှစ်မြောက် မွေးနေ့ပင်ဖြစ်သည်။ (၁၂၆၆-ခု ဖွား)ဤနေ့၌ အနယ်နယ်အရပ်ရပ်မှ တပည့်ဒကာပန်းများ လာရောက် ပူဇော်ကန်တော့ကြ၏။ ငါး ၂၀-ကျယ်ဝန်းသော မဟာစည်သာသနာ့ရိပ်သာကြီးဝယ် ပျားပန်းခတ်မျှ များပြားလှတော့၏။ သွားသူ, လာသူ, ဆင်းသူ, တက်သူတွေနှင့် စည်ကားလှ၏။ သူ့ပရိသတ်, ကိုယ့်ပရိသတ် ဆိုင်ရာ ဆိုင်ရာ အစုလေးတွေနှင့် တသန့်စီရှိနေကြသည်။ တဖွဲ့ပြီးတဖွဲ့ ဆရာတော်ဘုရားကြီးအား ကန်တော့ကြ၏။ ဆရာတော်ကြီးသည် စံကျောင်းအောက်ထပ်ရှိ ခင်းကျင်းပြင်ဆင်ထားသော ပလ္လင်ပေါ်ဝယ် သပ္ပါယ်စွာ သီတင်းသုံးလျက် ကန်တော့ခံတော်မူသည်။

ချမ်းမြေ့ရိပ်သာမှ ငှက်ပျောတခိုင်၊ သကြား ၂-ပိဿာခန့်၊ စတုမဓု၊ နဝကမ္မတို့ဖြင့် ပူဇော်ကန်တော့ကြသည်။ မဟာစည်

ဆရာတော်ဘုရားကြီးအား မဟာစည်မူကြသဖြင့် ကန်တော့သောအခါ စီစီညီညီရှိလှတော့သည်။

ဆရာတော်ဘုရားကြီး၏ အသံတော်မှာ မတိုး မကျယ်ပင် ဖြစ်သည်။ တလက်မထွက် ငယ်သော အသံဖမ်း မိုက်ကလေးက ကြိုးတန်းလန်းဖြင့် ယပ်တောင်တွင် တွယ်ကပ်နေသည်။ အသံချဲ့စက်နှင့်မူ ဆက်သွယ်မှုမရှိ၊ ကြိုးမဲ့အသံလွှင့်စက်ပင် ဖြစ်ပေလိမ့်မည်။ ထိုစက်၏ဆက်သွယ်မှုဖြင့် ဆရာတော်ဘုရားကြီး၏ အသံတော်မှာ ကြည်ကြည်လင်လင် ပီပီသသပင် ကြားရသည်။ ကန်တော့ကျိုး အနည်းငယ်ပေးပြီးသောအခါ—

> "ချမ်းမြေ့ရိပ်သာ ကတော့ ပဋိပတ်အလုပ်ကို တကယ်လုပ်နေတာပဲ၊ ဒီလို ဆက်လုပ်နေယင် တိုးတက်ကြီးပွားမှာပါပဲ၊ အထူး ဩဝါဒပေးစရာ မရှိပါဘူး၊ ကနေ့ ဒီမှာ တရားဟောမှာမို့လား...."

ဟု မိန့်တော်မူသည်။ ထိုအခါချမ်းမြေ့ဆရာတော်က—

"ဟောဖို့လာမပင့်ကြသေးပါဘုရား...."ဟုလျှောက်သည်။

မိမိသည် ချမ်းမြေ့ဆရာတော်၏ဘေးမှ နေ၍ ဆရာတော်ကြီးအား ကန်တော့ရသဖြင့် ချမ်းမြေ့ဆရာတော်နှင့်မဟာစည်ဆရာတော်ဘုရားကြီးတို့ အပြန်အလှန် မိန့်ကြားလျှောက်ထားသည်ကို ရှင်းလင်းစွာကြားရသည်။ ယခုနှစ်ကား သီလဝန္တ၊ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက ဆရာတော်များ၏ အရိပ်ကို ခိုလှုံရသောနှစ်ပေတည်း။

" သစ်ရိပ်ဝါးရိပ်ထက် မိဘဆွေမျိုး အရိပ်သည် ပို၍အေးမြ၏။ ထို့ထက်ဆရာသမားအရိပ်သည် ပို၍အေးမြ၏။ ထို့ထက်ဘုရားအရိပ်သည် ပို၍အေးမြ၏"။

ဤ နိတိစကားကို သတိရစေပါသည်၊ အောက်မေ့စေပါသည်။ ကန်တော့မှုပြီးသော်ရိပ်သာတခွင်တိုးဝင်၍လှေ့လာရေးစကြသည်။ ဤအရှင်သည် အားထုတ်ဖက် ရဟန်းယောဂီနှင့်အတူ လိုက်လံကြည့်ရှုခဲ့သည်။ မဟာစည် စံကျောင်းတော်မှာ ခေတ်မီ လှပသော ကျောင်းတဆောင် ဖြစ်သည်။ မှန်တံခါး၊ သံပန်းတံခါး၊ ခြင်ကာတံခါး၊ ခန်းဆီးအကာတို့ဖြင့် လေးထပ်လေးလွှာရှိသော တံခါးပေါက် ပြင်ဆင်မှုမှာ ငေးမောဖွယ်၊ ဇာန္ဓေကြီးလှသော မတ်တတ်နာရီကြီးကား ငြိမ်ငြိမ်သက်သက်၊ ခန်းလုံးပြည့် စာဗီရိုကြီးများကား 'ဟော–ဒဟော' လာခဲ့·လာခဲ့ဟု ဖိတ်ခေါ်သယောင်၊ ဖော့ရှန်, လေယာဉ်ရှန်, လတ်လတ်ရှန်, တက်ထရက်ရှန်, ရှန်ပေါင်း စုံလှသော အထည်ကောင်းတို့ဖြင့် ကြာပွင့်သဏ္ဍာန် ချုပ်လုပ်ထားသော ခြေသုတ်ခုံ၊ ဆက်၍သာ ခင်းထားလိုက်လျှင် မီတာတရာခန့် ရှိမည်ဖြစ်သော နှစ်ဖက်လှ သင်ဖြူးများ၊ အဖြူရောင်မျက်နှာကျက်တွင် တွဲရရွဲ ခိုနေသော လျှပ်စစ်ပန်ကာများ၊ အေးချမ်းလှသည့် စံကျောင်းတော်ဝယ် ဘေးဘယာအပေါင်းမှ ဝေးကွာစွာ လွတ်ကင်းအောင်ကျင့်သူ, ဟောသူ, ပြသသူနှင့် ပဋိပတ္တိသာသနာအတွက် ထမ်းရွက်တော်မူကြသော အရှင်မြတ်များ၏ ဂုဏ်ရည်ကို မှန်းရွယ်ပြီး ဦးတင်ကန်တော့မိပါသည်။

**ကြာသကၡ်န်း** ထူးဆန်းသောသကၡ်န်းတစုံကိုဖန်ပေါင်းချောင်တွင်ထည့်၍ ပြသထား၏။ အမျိုးသမီးအပျိုစင် ၂၀-တို့က ရှစ်ပါးသီလခံယူ၍ တလကြာမျှ ရက်လုပ်ယူရ၏။ ကြာရိုး တသောင်းမှ ကြာချည်မျှင် ၂-ကျပ်သားမျှသာ ရ၏။ တန်ဖိုးမှာ ၂-ထောင်ကျပ်၊ အတွေ့မှာ ဆောင်းရာသီနွေး၍၊ နွေရာသီတွင်အေး၏။ အမြင်အားဖြင့်မူ အညာဖျင်သကၡ်န်းနှင့်တူ၏။ ခြည်လုံးလည်းကြီး၏။ ကိုင်၍မူကြည့်မဖြစ်၊ ဖန်ပေါင်းချောင်ထဲမှာကိုး....။

**မဟာစည် ရုပ်တု** စံကျောင်း အောက်မှာပင်ရှိသည်။ ပလ္လင်ပေါ်တွင် ငြိမ်သက်စွာ သီတင်းသုံးနေပုံ ထုထားသည်။ ရုပ်တု မဟာစည်သည် သက်ရှိ မဟာစည်အတိုင်းပင် တသဝေမတိမ်း တူလှသည်။ အသက်မရှူသည်သာ ကွဲတော့သည်။ မြန်မာ့ပန်းပုလက်ရာကား ဤမျှစွမ်းသတည်း။ ပဋ္ဌာနိကာယကျောင်းတွင် မြင်တွေ့ခဲ့ရသော မစိုးရိမ်ဆရာတော်ဘုရားကြီး ရုပ်တုမှာမူ မျက်ခုံးမွေးဖြူဖြူက အစ, ပါသည်။ ကြောကြီး, ကြောသေး, ကြောမွှာ, အဖြာဖြာ စုံသဖြင့် ၁၀-ပေအကွာမှ ဖူးလျှင် တကယ့်သက်ရှိအလား ထင်မှားရလေသည်။

အနောက်နိုင်ငံများသို့ ရောက်ဖူးသူတဦးကမူ ''သူတို့ဆီက ဖယောင်းပြတိုက်မှာ ရုပ်တုတွေရှိတယ်၊ ဒါပေမဲ့ ဒီလောက်မတူပါဘူး''ဟု ပြောသည်။ မရောက်ဘူးသူတို့ကား အဝေးစကားဖြင့် ဘေးမများရအောင် အင်းလိုက်၍မှတ်ရတော့သည်။

**ဖလ်ယဥ်ဓမ္မာရုံ** စံကျောင်းတော်ကို အတွင်းအပြင် ကြည့်ရှုပြီးသော် ဖလ်ယဥ်ဓမ္မာရုံသို့ သွားကြသည်။ လမ်းတလျှောက်တွင်မူ လူ့ပရှက်ဆိတ်အုံကြီးကား ကြီးလည်းကြီး များလည်းများလှတော့သည်။ သက်တံတက်တံမျိုးစုံလှ၏။ ဖလ်ယဥ်ဓမ္မာရုံရှေ့ မျက်နှာစာတွင်လည်း လူများဖြင့်ပြည့်ကြပ်သိပ်နေသည်။

"ဘာများ ရှိလေသနည်း"

လူ့သဘာ၀ အထူးအဆန်းဆိုလျှင်မြင်ချင်ကြ၏၊ စူးစမ်းချင်ကြ၏၊ တန်းစီနေကြသော ပရိသတ်ကြား၀ယ် အရွယ်ကောင်း အသွင်ညီ သီလရှင်ဆရာလေးအဖွဲ့လည်း ပါသည်။ သူတို့လည်း ဓမ္မာရုံပေါ်တက်ရန် တန်းစီနေကြခြင်းဖြစ်သည်။ မိမိတို့သည် တန်းစီနေသောလူများက ကိုယ်ကိုရို့၍ ဘိမ်း၍ပေးကြသဖြင့် ဓမ္မာရုံတွင်းသို့ အလွယ်တကူပင်ရောက်ကြရသည်။ ဓမ္မာရုံတည်းတွင်လည်း လူများပြွတ်သိပ်နေသည်။ ပျားအုံမှာတွယ်နေသော ပျားကောင်လေးများသဖွယ် ဖြစ်တော့သည်။

သံဃာစင်ပေါ်သို့ရောက်လျှင်မူ ကြည့်စရာကို တွေ့ရပေပြီ၊ အလျားခြောက်ပေ အနံသုံးပေရှိမည်ဖြစ်သော 'မုန့်မြေပုံကြီး'။ ထိုမြေပုံကြီးတွင် မဟာစည်သာသနာပြုအဖွဲ့ လှည့်လည်ခဲ့သော တိုင်းပြည်များကို ဖော်ပြထားသည်။ ကြည့်ဖို့ထက် စားဖို့က ပိုကောင်းနေပေတော့သည်။ ငွေပန်းအိုးကြီးများ ငွေဖလားကြီးများကားဆန်းပြားထွေလီလှသည်။ နောက်လူ ရှေ့လူလည်းရှိသဖြင့် ကွမ်းယာတညက်ပင် မကြာလိုက်ပါ၊ ဆင်းခဲ့ရတော့

သည်။ ''အောင်—မုန့်မြေပုံကြီး၊ အောင်— ဖလ်ယဉ်ဓမ္မာရုံ၊ အောင်—မဟာစည်''ဟူ၍သာ တအောင်တည်းအောင်ယင်း အံ့ဩခဲ့ရသည်။ ရန်ကုန်တွင် ၁၀·၀ မြှ နေဘူးသော်လည်း ဘွဲ့နှင်းသဘင်တက်ခဲ့စဉ်ကနှင့်ယခုအခါနှစ်ကြိမ်သာရောက်ဘူးခဲ့ရ၍လည်း အံ့ဩခဲ့ရပါသည်။

**ဓမ္မဒါနတိတ်ခွေဖြန့်ချိရေး** နာမည်ကြီးတေးသံသွင်းတို့က ဓမ္မကထိကဆရာတော်များ၏ တရားတော်များကိုတိတ်ခွေသွင်း၍ရောင်းကြ၏၊ ဖြန့်ချိကြ၏။ တရားပွဲသို့မလာနိုင်သော်လည်းမိမိတို့နှစ်သက်ကြည်ညိုသောဓမ္မကထိကဆရာတော်၏ တရားကို တိတ်ခွေဝယ်၍ နာနိုင်ကြသည်။ အိမ်မှာလဲနာနိုင်သည်၊ ဈေးမှာလည်းနာနိုင်သည်၊ အကြော်ဆိုင်မှာလည်း နာနိုင်သည်၊ သင်္ဘောပေါ်၊ မော်တော်ကားပေါ်၊ ဆိုက္ကားပေါ်၊ နွားလှည်းပေါ်၊ လယ်ထွန်စက်ပေါ်၌လည်း နာနိုင်ကြပေပြီ။ ဤကားမျက်မှောက်ခေတ် လူသုံးသိပ္ပံပစ္စည်း၏ တိုးတက်ဆန်းပြားမှုပင်။

**ဓမ္မဒါနစာအုပ်ဖြန့်ချိရေး** အမျိုးသမီးများ ဆောင်ရွက်ကြသည်၊ သူမတို့ ဘယ်ဘက်ပခုံးရှေ့တွင် မဟာစည်အဖွဲ့တံဆိပ်တပ်ထားကြသည်။ အချို့ကမူ ယောဂီတဘက်နှင့် ယောဂီလုံချည် ဝတ်ကြ၏။ အချို့ကမူ အရပ်ဝတ်လုံချည်အင်္ကျီများ ဝတ်ဆင်၍ မေးသမျှကို ယဉ်ကျေးစွာ ပြောကာ စိတ်ရှည်စွာ ရောင်းကြသည်။

မဟာစည်ဆရာတော် ရေးသားဟောပြောသော အင်္ဂလိပ်-မြန်မာစာအုပ်များ အထူးအပါး စုံသည်။ အရောင်အသွေးလည်းစုံလှသည်။ စာဝါသနာရှိ၍ စာအုပ် အရောင်းဆိုင်တွင် ကြည့်ရှုခဲ့သော်လည်း ကပ္ပိယလည်းမပါ၊ ငွေလည်းမပါ၍ဘာမှ မဝယ်ဖြစ်ကြပါ။

မဟာစည်ဆရာတော်နှင့်အဖွဲ့ သာသနာပြုကြွခဲ့သော နိုင်ငံများကို ကမ္ဘာ့မြေပုံ ကားချပ်ကြီးတွင် ပြသထားသဖြင့် သိခွင့်ကြုံခဲ့သည်။ အမေရိကန်၊ ဗြိတိန်နိုင်ငံ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊အီတလီ၊ဟော်လန်၊စကော့တလန်၊ဂျပန်၊ထိုင်းနိုင်ငံစုံသို့ ၁၁၈-ရက်ကြာ၊ ၄-လတာမျှ သာသနာပြု ကြွတော်မူခဲ့ကြသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သတိပဋ္ဌာန် တရားမှန်ကား ကမ္ဘာတဝန်းလုံးသို့ လှည့်ပတ် ပျံ့နှံ့နေပေပြီ။ ဤအရှိန်သည် အချိန်ကြာမြင့်စွာပင် ဆက်လက် လည်ပတ်လျက် ပျံ့နှံ့နေပေလိမ့်ဦးမည်။

“ ဩော်....ထေရ်မြတ်မဟာစည်၊ ယောကျ်ားမြတ်မဟာစည်ပါဘုရား.... ”

ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိဓီရော၊ တံ ကုလံ သုခ မေဓတိ။

**ထေရုပတ္တိ ဤသို့ရှိ၏** ဤမဟာစည်ဆရာတော်ဘုရား၏ဇာတိမှာ ရွှေဘိုမြို့အနောက်ဘက် ဆိပ်ခွန်ရွာဖြစ်သည်။ ဦးကန်တော်နှင့် ဒေါ်အုပ်တို့မှာ မိဘများဖြစ်ကြ

သည်။ သားသမီးခုနစ်ယောက်အနက် မဟာစည်ဆရာတော်မှာ ဒုတိယမြောက်သားရတနာ ဖြစ်သည်။ ၁၂၆၆-ခုနှစ်၊ဒုတိယ ဝါဆိုလပြည့်ကျော် ၃-ရက်၊ (၂၉-၇-၁၉၀၄)သောကြာနေ့ နံနက် ၃-နာရီတွင် ဖွားမြင်သည်။ငယ်နာမည်မှာ **'မောင်သွင်'** ဖြစ်သည်။

အသက် ၆-နှစ်သား အရွယ်တွင် ဆရာတော် ဦးအာဒိစ္စထံ ကျောင်းအပ်သည်။ ၁၂-နှစ်သားအရွယ်တွင် ကိုရင်ဝတ်သည်။ ဘွဲ့မှာ **'ရှင်သောဘန'** ဖြစ်သည်။ ၁၇-နှစ်သားတွင် ငယ်ဆရာ ဦးအာဒိစ္စ လူဝတ်လဲသွား၍ ချိုပါ မြောက်ရွာသို့ ရွှေ့ပြောင်း စာသင်ရသည်။ ၁၂၈၅-ခုနှစ်၊ ၁၉-နှစ် ၄-လ၊ တန်ဆောင်မုန်း လပြည့်ကျော် ၄-ရက်၊ တနင်းလာနေ့တွင် ဦးလေးတော်သူ ဦးအောင်သော် - ဒေါ်သစ်တို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူကာ ရဟန်း ဖြစ်တော်မူသည်။

ဉပဇ္ဈာယ် ဆရာတော်မှာ ဂိုဏ်းချုပ်သုမေဓာ ဆရာတော် ဘုရားကြီး အရှင်နိမ္မလဖြစ်သည်။ သိမ်ကား အင်ကြင်းတော တိုက်ရှိ ဗဒ္ဓသိမ်တော်၊ထိုစဉ်ကသူကြီးကျောင်းဘုန်းကြီးဦးပရမ စသော ဆရာတော်များက ကမ္မဝါစာ ရွတ်ဖတ်၍ ၃၅-ပါး သော သံဃာတော်များက ကာရကသံဃာအဖြစ် ချီးမြှောက် တော်မူကြသည်။

ဆရာတော်ဘုရားသည် ချိုပါတွင် တဝါဆိုစဉ်က ဆွေမျိုး နီးစပ်သော ဦးပဥ္စင်း ဦးစန္ဒိမာထံတွင် အင်္ဂလိပ်စာ သင်ယူခဲ့ သည်။ နောက်မန္တလေးရောက်သော် ဆက်လက် သင်ယူသည်။

၁၂၇၆-ခုနှစ်တွင် ပထမငယ်အောင်သည်။
၁၂၇၇-ခုနှစ်တွင် ပထမလတ်အောင်သည်။
၁၂၇၉-ခုနှစ်တွင် ပထမကြီးအောင်သည်။

၄-ဝါရချိန် ၁၂၉၀-ပြည့်တွင် မန္တလေးသို့ကြွသည်။ ခင်မကန်တိုက်၊ ဘုရားတော်ကျောင်းမှာ သီတင်းသုံးသည်။ ပါဠိအဋ္ဌကထာဋီကာတို့ကို လေ့လာ ဆည်းပူးသည်။ ချမ်းသာကြီးတိုက်မှ နာမည်ကြီးစာချဆရာတော် ဦးလက္ခဏထံမှာ နိယံမပြတ်ဆည်းပူး သင်ယူပြန်သည်။ ပရိယတ်နယ်ပယ်၌ နာမည်ကြီးဆရာတော်များထံမှာ ပရိယတ်ဆိုင်ရာတို့ကို လုံ့လ ကြီးစွာဖြင့်ဆည်းပူးတော်မူသည်။ ၁-နှစ်ကျော်ဆည်းပူးပြီးသော် ၁၂၉၁-ခုနှစ်မှာပင် မော်လမြိုင်တောင်ဝိုင်းကလေးသို့ကြွသည်။၁၂၉၃-ခုနှစ်အထိနေ၍ စာပေပို့ချတော်မူသည်။ ပရိယတ်ဝန်ဆောင်ဘဝတည်း။

၁၂၉၃ ခုနှစ် ပြာသိုလပြည့်ကျော် ၇-ရက်နေ့တွင် တောင်ဝိုင်းကလေးမှကြွ၍ သမထ္တ သမသီလဖြစ်သော ဦးတေဇဝန္တနှင့်အတူ တရားရှာဖွေရန် ဓမ္မခရီး ထွက်ခဲ့ကြသည်။ သထုံမင်းကွန်းဇေတဝန်ဆရာတော်ထံမှာ နည်းယူ အားထုတ်သည်။ ၁၂၉၄-ခုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့တွင် တောင်ဝိုင်းကလေးသို့ပြန်ကြွရသည်။ ဆရာတော် ပျံလွန်တော်မူ၍ ၈-ဝါအရမှာပင် ကျောင်းရ၏။ သို့ရာတွင် ကျောင်းစောင့် အဖြစ်သာလက်ခံ၍ ၁၀-ဝါရမှ ကျောင်းထိုင် ပဓာနနာယက အဖြစ်လက်ခံတော်မူသည်။

၁၃၀၀-ပြည့်နှစ်တွင် ဇာတိရွာပြန်၍ ဝိပဿနာတရားဟောသည်။ ၁၃၀၃-ခုနှစ်တွင် စာချတန်းစာမေးပွဲဝင်ရောက်ဖြေဆိုသည်။ ကျမ်းရင်း သုံးကျမ်းနှင့်တကွ ဂုဏ်ထူးဆောင် ၅-ကျမ်းပါ အောင်သည်။ ၈-ကျမ်းအောင်ဖြစ်သည်။ ထိုအခါ "**သာသနဓဇသိရီပဝရဓမ္မာစရိယ**" ဘွဲ့ရတော်မူသည်။

စစ်အတွင်းမှာပင် ဝိပဿနာရှုနည်းကျမ်းကို ၂-တွဲ ခွဲ၍ရေးတော်မူသည်။ ရှု ဝင်ဆိုက် စာမျက်နှာ ၉၅၀-ခန့်ရှိသည်။ ၁၃၁၁-ခုနှစ်တွင် သာသနာ့ရိပ်သာသို့ ရောက်တော်မူသည်။ ၁၃၁၃-ခုနှစ်တွင်မူ နိုင်ငံတော်အစိုးရလှူသော '**အဂ္ဂမဟာပဏ္ဍိတ**' ဘွဲ့တံဆိပ် ဆက်ကပ်ခံရသည်။

၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ကျင်းပပြုလုပ်သော ဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင် မဟာစည်ဆရာတော်သည် ပုစ္ဆကဆရာတော်အဖြစ် သာသနာ့ဝန်ကို ဆောင်ရွက်တော်မူသည်။ မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကား ဝိသဇ္ဇက အဖြေဘက်မှ သာသနာ့ဝန်ကို ဆောင်တော်မူသည်။ ဆဋ္ဌမူ ပါဠိအဋ္ဌကထာများစင်ကြယ်ရေး အဆင့်ဆင့်ဖွဲ့၍ဆောင်ရွက်ကြရသည်။

၁။ မူလဝိသောဓက ဆရာတော်များ (ပထမစာပြင်အဖွဲ့)
၂။ ပဋိဝိသောဓက ဆရာတော်များ (ဒုတိယစာပြင်အဖွဲ့)
၃။ ဩသာန ဆရာတော်များ (တတိယစာပြင်အဖွဲ့)၊

မဟာစည်ဆရာတော်သည် အခြားသောဆရာတော်များနှင့်အတူ နောက်ဆုံး စာပြင်အဖွဲ့ဖြစ်သည့် 'ဩသာန' အဖွဲ့တွင်

ပါဝင် ဆောင်ရွက်တော်မူရသည်။ ယနေ့ ဖတ်ရှုနေကြရသော ပါဠိတော် မူကောင်းမူသန့်များမှာ ဆဋ္ဌသံဂါယနာပွဲ၏ ရလဒ်တို့ပင်ဖြစ်သည်။

**ဖောင်းတယ် ပိန်တယ်** ဤ ရှုမှတ်မှု ကမ္မဋ္ဌာန်းကို မဟာစည် ဆရာတော် မဟောကြားမီ ကပင် ဟောပြော ပြသသူများရှိခဲ့သည်။ မဟာစည်ဆရာတော် တရားဟောပြသော ၁၃၁၀-ခုနှစ် မတိုင်မီ ၁၀-နှစ်ကပင် ဟောပြောသူရှိနှင့်လေပြီ။

၁၂၉၀-ခု၊ ရိုက်နှိပ်သော ပျော်ဘွယ်မြို့ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဦးစံဒွန်း၏ တပည့်ဖြစ်သူ မြို့လှမြို့ ဓမ္မကထိကဆရာကြီး ဦးချစ်အောင် ရေးသော သတိပဋ္ဌာနဒီပနီကျမ်း စာမျက်နှာ ၂၇၂-၌ ပါရှိသည်။

[ ဝမ်းဗိုက် ဖောင်းမှု ပိန်မှု ရှုမှတ်ရန် ရည်ညွှန်းပြသော နည်းသည် မဟာစည် ထွင်ခဲ့သောနည်းမဟုတ်သည်မှာ လှန်စွာ ထင်ရှားနေပါပြီ။ ဤ ရှုမှတ်နည်းကို မဟာစည် ဆရာတော် ထွင်သည်ဟုဆိုလျှင် မဟုတ်မမှန် ပြောဆိုရာ ရောက်သည်နှင့် အမျှ မူလအစပြု တီထွင်ညွှန်ကြားခဲ့သော ပုဂ္ဂိုလ်များကို စော်ကားရာလည်း ရောက်ပေမည်။ ] ဤ အပိုဒ်သည် မဟာစည် ပဋိပတ္တိသာသနာဝင်ကျမ်းတွင် ပါသော မဟာစည်ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိအခန်း စာမျက်နှာ ၂၀၄-မှ တိုက်ရိုက်

ဖော်ပြခြင်းဖြစ်သည်။ အခြား အကြောင်းအရာများကိုလည်း ထိုကျမ်းစာမှပင် မှီငြမ်းရေးသားပါသည်။ [အကျယ်ရှုလိုသူများကျမ်းကို ကြည့်တော်မူကြပါလေ။ ]

❁

၁၃၄၁-ခု၊ ဝါခေါင်လဆန်း ၈-ရက် အင်္ဂါနေ့။

၁၃-၇-၇၉

**ချမ်းမြေ့ဆရာတော်၏ ဓမ္မဒူတတရား နာကြားရခြင်း**

ချမ်းမြေ့ ဆရာတော် ဘုရားသည် မဟာစည် ဆရာတော် ဘုရားကြီး နှင့်အတူ အရှေ့အနောက် ကမ္ဘာ တပတ် ၂-၄-၇၉ မှ ၂၇-၇-၇၉ အထိ လေးလခရီး လှည့်လည်ယင်း သာသနာပြု ကြွတော်မူခဲ့သည်။ ဤသာသနာပြုခရီး အတွေ့အကြုံကို 'ဓမ္မဒူတတရား'တော် အမည်ဖြင့် မဟာစည် ရိပ်သာ ဟိတေသီဓမ္မာရုံ၌ လည်းကောင်း၊ချမ်းမြေ့ရိပ်သာသိမ် ဓမ္မာရုံ၌ လည်းကောင်း အသီးသီး ဟောကြားတော်မူခဲ့သည်။ ကျိုက်လတ်၊ တောင်ငူ၊ မုံရွာ စသော နယ်တရားပွဲများ၌လည်း ဟောကြားတော်မူခဲ့သည်။

စာရေးသူမှာ ချမ်းမြေ့ရိပ်သာ ယောဂီအဖြစ်နှင့် ရှိနေ၍ ရိပ်သာတွင် ဆရာတော်ဟောသမျှ တရားပွဲတိုင်းကို လက်လွှတ်မခံပဲ နာကြားနိုင်ခဲ့ပါသည်။ ရိပ်သာ ပြင်ပ တရားပွဲများဖြစ်သည့် ကန်တော်ကလေး ဖိုးခမြဓမ္မာရုံ ၃-ရက်၊ လမ်းမတော်

ဈေး တရားပွဲ၊ အလုံတရားပွဲ၊ သင်္ကန်းကျွန်း တရားပွဲ စသည်တို့ကိုလည်း လက်လွှတ်မခံ ထပ်မံ၍ နာကြားခဲ့ပြန်သည်။

ယင်းသို့ အကြိမ်ကြိမ် နာကြားခဲ့ မှတ်သားခဲ့သည်တို့မှ ကောင်းနိုးရာရာ ထူးထွေတည့် အံ့ရာသော် အကြောင်းကလေးများကို ယခုတင်ပြပါမည်။

**ဂျပန် ဗုဒ္ဓဘာသာ** ဆရာတော်ဘုရားကြီးတို့အဖွဲ့ ဂျပန်နိုင်ငံ တိုကျိုလေဆိပ် ရောက်ချိန်မှာ မြန်မာသံရုံးမှ ဒကာဦးမောင်မောင်နှင့်အတူ ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ လည်စီး၊ ရှူးဖိနပ်စသည်ဖြင့် အနောက်တိုင်းဝတ်စုံ အပြည့်ဖြင့် ဒကာနှစ်ဦးကလဲ ကြိုဆိုကြသည်။ ဦးတင်မောင်ကပင် ဒီပုဂ္ဂိုလ်က "မစ္စတာအီရှိဂါမိ"ပါ၊ ဒီပုဂ္ဂိုလ်ကတော့ ဆရာတော်ဘုရားများအဖွဲ့ကိုပင့်တဲ့ ဂျပန်ဘုန်းကြီး "ဆူဂီဇာကီ"ပါဟု မိတ်ဆက်ပေးသည်။ ထိုအခါမှပင် "အော်.... ဂျပန်ဘုန်းကြီးဆိုတာလဲ လူလို ဝတ်ထားတာ ပါလား" လို့ ပြောချ ရကြောင်း သိရသည်။

ဂျပန်နိုင်ငံမှာ ဗုဒ္ဓဘာသာ ကိုးကွယ်မှုရှိသော်လည်း မဟာယာန ဗုဒ္ဓဘာသာဖြစ်၍ သိပ်လေးနက်မှုမရှိလှ၊ အများစုမှာလည်း စီးပွားရေးအတွက် လုံးပန်းနေကြ၍ ဘာသာရေးမှာ မိရိုးဖလာလောက်သာ ရှိတော့ကြောင်း ဝမ်းနည်းဖွယ်ရာ နာကြရပါသည်။

ဂျပန်ဘုန်းကြီးကျောင်းများသည် သေဆုံးသော ပုဂ္ဂိုလ်များ၏ နာမည်ကမ္ပည်းပါသော အထိမ်းအမှတ်ပျဉ်ပြားများ

လက်ခံထားလေ့ရှိပြီး ထိုပုဂ္ဂိုလ်များ၏ မိဘ ဆွေမျိုးများက တနှစ်တခါဖြစ်စေ၊ တတ်နိုင်ပါက တလလျှင် တခါဖြစ်စေ သေသူအားရည်စူး၍ ကောင်းမှုပြုလျှင် လာဘ်လာဘပေါများကြသည်။ တချို့ဘုန်းကြီးကျောင်းများမှာမူ ကျောင်းတွင်း၌ လက်ခံထားသော ကမ္ပည်းရှင်များက ကုသိုလ်လုပ်လျှင် မည်ရွေ့မည်မျှလှူရမည်ဟုပင် သတ်မှတ်ချက်ရှိသည်ဟုဆိုသည်။ ဆင်းရဲနွမ်းပါးသူပင်ဖြစ်လင့်ကစား သတ်မှတ်ကြေးထက် လျော့နည်းလျှင် ဘုန်းတော်ကြီးများက မကြည်သာကြဟု သိရပြန်သည်။

မဟာယာနဘုန်းကြီးများမှာ အိမ်ထောင်ပြုသောဂိုဏ်းနှင့် မပြုသောဂိုဏ်း နှစ်ဂိုဏ်းရှိသည်ဟုသိရသည်။ ဆရာတော်တို့အဖွဲ့အား လေဆိပ်သို့လာရောက်ကြိုဆိုသော 'ဆူဂီဇာကီ' ဘုန်းကြီးမှာ အိမ်ထောင်ပြုသော ဂိုဏ်းဝင် ဖြစ်သည်။ ထိုကျောင်းသို့ ဆရာတော်တို့ရောက်စဉ်က အမျိုးသမီးနှစ်ယောက်နှင့် ကလေးငယ် ၃-၄ ယောက်ကိုပါ တွေ့ခဲ့ရသည်ဟု သိရပါသည်။

ဧပြီလ ၆-ရက်နေ့တွင် ဆရာတော်တို့အဖွဲ့သည် ဟိုနိုလူလူသို့ ထွက်ခွါကြသည်။ (International Date Line) အပြည်ပြည်ဆိုင်ရာ နေ့စွဲလိုင်းကို ကျော်ဖြတ်ကြရသောအခါ လေယာဉ်မယ်က မိမိတို့နာရီဒိုင်ခွက်မှရက်စွဲကို ၅-ရက်နေ့သို့ နောက်ပြန်ဆုတ်၍ ရွှေ့ကြပါရန် ကြေငြာသဖြင့် အားလုံး ရွှေ့ကြရသည်ဟုသိရသည်။ ယင်းသို့ဖြင့် တရက်ပြန်ငယ်၍ နုပျိုသွားခဲ့ကြပေရာ 'တနေ့ထက်တနေ့ တရွှေ့ရွှေ့ငယ်ယို၊ နောက်ပြန်လှို့

မပျိုတယ်၊ ရှေ့ကိုသာအိုမြဲပ၊ မလှဲ့ဘူးပုံသေသေ၊ စွဲကြသံဝေ” ဟူသော နိဗ္ဗိန္ဒတေးထပ်ရေးစပ်သူပင် မှားရော့လားဟုထင်မှတ်ခဲ့ရကြောင်းလည်း ရယ်စရာလေးများ ကြားညှပ်၍ဟောတော်မူပါသည်။

ဟိုနိုလူလူ၏ နာမည်အကြီးဆုံးကား ‘ဝိုင်ကီကီ’ ရေချိုးဆိပ်ပင်ဖြစ်သတည်း။ မြင့်မားသောတိုက်ကြီးများ၊ ခမ်းနားလှသော ဟိုတယ်ကြီးများ၊ ကမ္ဘာလှည့်များ၊ အပန်းဖြေ နားနေသူများဖြင့် ပျားပန်းခပ်မျှ စည်ကား သာယာလှသည်ဟု သိရပေရာ ရောက်ချင်စိတ်တို့ တွန်းထိုး ထွက်လာသဖြင့် အတင်းနှိမ်နင်းရသည်။ ဆန္ဒရှိလျှင် နည်းလမ်း ရှိတတ်လေရာ မသေသေးက တနေ့ ရောက်ရမည်သာဟု နှစ်သိမ့်ရ တော့သည်။

**စကားပြောသောငါး** ဧပြီလ ၇-ရက်နေ့တွင် ဆရာတော်တို့အဖွဲ့သည် (Sea Like Perk) ခေါ် ရေသတ္တဝါများပြသရာဥယျာဉ်သို့ရောက်ကြသည်ဟုသိရသည်။ အချင်း ပေ-၂၀ နှင့် အနက် ၈-ပေခန့်လောက် ရှိသော မှန်ရေကန်ထဲဝယ် ရောင်မျိုးယှက်ဖြာသည့် ငါးမျိုးတရာ့ တပါးကို ရှုမြင်ကြရပြီး တောင်ပန်သဖွယ် ဖြန့်ကာဖြန့်ကာနှင့် လူးလာလူးလာ သွားနေသော ငါးမန်းသတ္တဝါကြီးကိုလည်း မြင်ခဲ့ရကြောင်း သိရပါသည်။

တခါ‘စကားပြောသောငါး’ဟု နာမည်ကြီးလှသည့် ၇-ပေရှည်သော (Dolphin) ဒေါ်လ်ဖင် ငါးကြီးသုံးကောင်ကို တွေ့

မြင်ကြရသည်တွင်မူ အံ့သြဘနန်းဖြစ်ရပြီး ထို့ထက် ကြီးမား သော ၁၅-ပေအရှည်ရှိသည့် ဝေလငါးကြီးအားကြည့်ရသော အခါ''ကဲ မယုံချင်နေ ကမ္ဘာမှာ ဝေလငါးသာလျှင် အကြီး ဆုံး''ဟု မှတ်တမ်းတင်ရတော့ကြောင်း သိခွင့် ရခဲ့ပြန်ပါသည်။

ပျော်ရွှင်ဖွယ် ကောင်းသည်မှာ ဒေါ်လ်ဖင်ငါးသုံးကောင်က ၈-ပေခန့်မြင့်သော တန်းများကိုခုန်ပြပြီး ငါးဆပ်ကပ်ကပြခြင်း ဖြစ်ပါသည်။ ထိုငါးကြီးများသည် လူစေခိုင်းသမျှ ပြုလုပ်တတ် ကြသည်ဟု သိရသည်။ အသက် ၁၈-နှစ်ရွယ်ရှိ ချောမော လှပသော ဟာဝေယံကျွန်းသူလေးက ငါးကြီး၏ ကျောပေါ် တွင် တက်စီး၍ လှည့်လည်ပြသရာ ကြည့်ရှုသူရွှေပွဲလာပရိသတ် တို့မှာ တဝါးဝါး ပွဲကျရသည်ဟု ဆိုသည်။

အခြားလူနှစ်ယောက်က ဝေလငါးဖမ်းဟန်ပြု၍ လှေငယ် တစင်းဖြင့် ကိုယ်ရေး ပြနေသည်။ ဝေလငါကြီးသည် သူ၏ ကြီးမားလှသောပါးစပ်ကြီးကိုဖြဲ၍ ကိုက်ရန်ကူးခပ်လာသည်။ တဟုန်ထိုးကူးခပ်လာရာ ပရိသတ်တို့ခမျာ ရင်ကလေးတမမဖြင့် စောင့်ကြည့်နေရသည်။ လှေနားရောက်ချိန်တွင်မူ လူကိုမကိုက်ပဲ လှေဦးမှ ကြိုးစကို ပါးစပ်ဖြင့်ကိုက်ချီ၍ ရေကန်ထဲ လှည့်ပတ် ဆွဲပြေးလေတော့သည်။ အံ့လဲအံ့လောက်သည့်'ငါးလူရွှင်တော်' ပေတည်း။ ထိုနေ့က ဆရာတော်တို့အဖွဲ့သည် ဈင်ကျောင်းတွင် တရားဟောပြီး တရားနာပရိသတ်တို့၏ မေးလာသမျှမေးခွန်း များကို ဘဝင်ကျ နှစ်ခြိုက်မှုရှိအောင် ဖြေကြား ပေးခြင်းဖြင့် တရားပွဲ စခန်းသိမ်းနိုင်ခဲ့ကြောင်း သိရပါသည်။

ဆရာတော်တို့အဖွဲ့သည် ဧပြီလ ၈-ရက်နေ့တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျယ်လ်မြို့သို့ ရောက်ကြပြီး လေဆိပ်မှနေ၍ တည်းခိုနေထိုင်ရန်ဖြစ်သော ဈင်ဘုန်းကြီးကျောင်းသို့ ကားဖြင့် သွားကြရသည်။ ကားမောင်းသူမှာ ဈင်ဘုန်းကြီးကိုယ်တိုင်ပင် ဖြစ်နေ၍ မြန်မာ ဘုန်းတော်ကြီး အမြင်ဖြင့်မူ အသစ်အဆန်း ဖြစ်လျက် ဩချရကြောင်း သိရပါသည်။

ဆရာတော်တို့ အဖွဲ့ဝင်များအတွက် ပြင်ဆင်ထားသော အိပ်ယာများမှာဝ ါဂွမ်းသွတ်မွေ့ရာတွေဖြစ်နေ၍ ဝိနည်းတော်နှင့်မအပ်စပ်သဖြင့် ပြင်ဆင်လဲလှယ်ခိုင်းရကြောင်း နာကြားခဲ့ရပေရာ ဝိနည်းတော်ကို လေးစားမှု, ကျင့်ကြံမှုများအတွက် သာသနာပြုအဖွဲ့ဝင် ဆရာတော်များအား အထူးကြည်ညိုခဲ့ရပြန်ပါတော့သည်။ အချို့နေရာများတွင်လည်း (မာတုဂါမ) အမျိုးသမီးများနှင့် တမိုးတရံတည်း၌ မလွဲ မရှောင်သာ၍ အတူသွား အတူစီးကြရလေရာ ထိုအခါမျိုးတွင် ဆရာတော်တို့ အဖွဲ့သည် (နိသဇ္ဇမှုတင်အကျင့်) ငုတ်တုတ်ထိုင်လျက်သာ မိုးလင်း ရကြောင်း သိရပါသည်။

**စကားပြောကောင်းတယ်** ဈင်ဘုန်းကြီးကျောင်းတွင် ဝ ရား ဟောပြီးသောအခါ အမေရိကန် ဈင်ဘုန်းကြီးတပါးက 'အရှင်ဘုရား အင်္ဂလိပ်စကားပြောတာ သိပ်ကောင်းတယ်၊ ဘယ်မှာ သင်ပါသလဲ' ဟု လာမေးသဖြင့် ဗမာပြည်နဲ့ သီဟိုဠ်နိုင်ငံမှာ သင်ကြောင်း ပြောပြရသည်လည်း ရှိခဲ့သည်။ ချမ်းမြေ့ ဆရာတော်ဘုရား၏ အင်္ဂလိပ် စာပေ

ကျွမ်းကျင်တတ်မြောက်မှုမှာ ဘီဘီစီအသံလွှင့် ဟောပြောချက်မှ လည်းကောင်း၊ မဟာစည် ဆရာတော်ဘုရားကြီး၏ နှုတ်ဆက်မိန့်ခွန်းမှလည်းကောင်း သိရှိနိုင်ကြပေရာ ဤ၌ အထူးဆိုရန်လိုမည်မဟုတ်ပေ။

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်ရှိ ယက်ကဗဲလီ တရားစခန်းမှာ အင်္ဂလန်နိုင်ငံ ဗာမီဂန်မြို့မှာ သီတင်းသုံးနေတော်မူသော မြန်မာရဟန်းတော် ဒေါက်တာဦးရေဝတဓမ္မကို စတင် တွေ့ကြရသည်ဟု သိရသည်။ ဤဆရာတော်သည် ဆရာတော်တို့အဖွဲ့ သာသနာပြုခရီး တလျှောက်လုံးမှာ ပါဝင်ပြီး အင်္ဂလန်နှင့် ဥရောပနိုင်ငံများမှာမူ ဒေါက်တာ ဦးရေဝတဓမ္မကပင် အစခပ်သိမ်း စီစဉ်ဆောင်ရွက်ပေးသည်ဟု သိရသဖြင့် မြန်မာရဟန်းတော် တပါး၏ စွမ်းဆောင်မှုကိုလည်း ချီးကျူးအားတက်ခွင့် ရကြပေသည်။

မဟာစည်ဆရာတော်ဘုရားကြီး အမှူးပြုသော သာသနာပြုအဖွဲ့ဝင် ဆရာတော်တို့သည် အမေရိကန်နိုင်ငံတွင် ရက်ပေါင်း ၄၅-ရက်ကြာမျှသီတင်းသုံးလျက် တရားဟော၊တရားပြ၊တရားစစ်ခြင်းများနှင့် ဘာသာရေး ပြဿနာများကို ဖြေကြားပေးတော်မူကြသည်ဟု သိရပါသည်၊ တဖန် ဆရာတော်တို့အဖွဲ့သည် အမေရိကန်နိုင်ငံတွင် နေထိုင်သမျှရက်အတွင်း၌ ဟာဝိုင်ယီကျွန်း ဟိုနိုလူလူမြို့၊ ကာလီဖိုးနီးယားပြည်နယ် ပန်းစပရင်းမြို့ အနီးရှိ ယက်ကပ်ဗဲလီကမ္မဋ္ဌာန်းဌာန၊ ဆန်ဖရန်စစ္စကိုမြို့၊ ဝါရှင်တန်မြို့တော်၊ ဗယ်ရီမြို့ရှိဝိပဿနာအသင်းနှင့် နယူးယောက်မြို့များတွင်

သာသနာပြု တရားများ ဟောကြား ပြသချီးမြှင့်ခဲ့ကြသည်ဟု သိရပြန်ပါသည်။

တရားစခန်း တခုလျှင် ပရိသတ် ၁၀၀-မှ ၁၅၀-အထိ ရှိတတ်ရာ သာသနာပြုခရီး အောင်မြင်ကြောင်း သိရသည်။ ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူ ပြည်သားတို့အတွက် ဘာသာကြောင့် မြန်မာကိုကမ္ဘာက သိရှိနိုင်ပေရာ အလွန်တရာ တန်ဖိုး ရှိလှတော့သည်။

ယနေ့ အမေရိကန်တို့သည် စီးပွားရေးအရလည်းကျိကျိတက် ချမ်းသာကြ၊ ရုပ်ဝတ္ထု ပစ္စည်းဆန်းများကလည်း အလျှံပယ် ကြွယ်ဝနေကြလေရာ အရာဝတ္ထုတိုင်းကိုပင် စက်ဖြင့်ချည်း ခိုင်းစေနိုင်သောအဆင့်ကို ရောက်ရှိနေလေပြီ။ ထိုကဲ့သို့ အရှိန် အဟုန် ကြီးမားစွာ တိုးတက်သွန်းကားနေသော နိုင်ငံတခုဝယ် ဖွံ့ဖြိုးဆဲနိုင်ငံငယ်တခုမျှသာဖြစ်သော မြန်မာနိုင်ငံမှ မဟာစည် သာသနာပြုအဖွဲ့၏ စွမ်းစွမ်းတမံ ဆောင်ရွက် အောင်မြင်မှု များမှာ အဘယ် ဗုဒ္ဓဘာသာဝင်သည် ဝမ်းမမြောက်ပဲရှိပါ လော့အံ့နည်း။

မဟာစည်သာသနာပြုအဖွဲ့သည် အမေရိကန်မှ အင်္ဂလန်သို့ ဆက်လက်ထွက်ခွါကြပြီး ရက်ပေါင်း ၃၀-ကြာမျှ နေထိုင် သီတင်းသုံးကာ သာသနာပြုတော်မူကြသည်။ ယင်းနိုင်ငံ၌ နေထိုင်စဉ်အတွင်း လန်ဒန်မြို့တော်၊ စကော့တလန်၊ ဘာမင်ဂန်၊ အောက်စဖို့၊ အုတ်ကင်းဟော့ ကမ္မဋ္ဌာန်းဌာနတို့သို့ ကြွချီပြီး ဗုဒ္ဓ၏အဆင့်မြင့် ဝိပဿနာတရားတော်များကို ဟောကြားတော်

မူကြသည်။ အောက်စဖို့တွင် ရဟန်း ၁၃-ပါးခံပေးကြပြီး သာမဏေ ၄-ပါးပြုပေးခဲ့ကြသည်။ ထို ၁၇-ပါးတို့တွင် မြန်မာလူမျိုး၊အင်္ဂလိပ်လူမျိုး၊ဆွီဒင်လူမျိုးနှင့် မြန်မာပြင်သစ် ကပြားအသီးသီးပါဝင်ကြသည်။

**အင်္ဂလန်နိုင်ငံ** တချိန်က နေမဝင်အင်ပါယာ ထူထောင်ပြီး ကမ္ဘာကို အုပ်စိုးခဲ့သော နိုင်ငံပင်ဖြစ်သည်။ မြန်မာတို့နှင့် စစ်အကြိမ်ကြိမ် ဖြစ်ပွားခဲ့ရာ ၁၈၂၄-ခုနှစ် ဘကြီးတော်မင်းလက်ထက်တွင် ပထမအကြိမ် စစ်ဖြစ်၍ ၂-နှစ်ကြာသည်၊ မြန်မာတို့ရှုံးခဲ့၍ ရခိုင်ပြည်နယ်၊ တနင်္သာရီနှင့် အာသံတို့ကို ပေးရသည်။ ၁၈၅၂-ခုနှစ်တွင် ဒုတိယအကြိမ် စစ်ပွဲကြီးများ ဖြစ်ပြန်ရာ (ရန္တပိုစာချုပ်နှင့် စစ်ပြေငြိမ်းချမ်းရေးလုပ်ကြသောအခါ) ဗမာပြည်အလယ်ပိုင်းအထိ အင်္ဂလိပ်လက်သို့ပေးအပ်ရပြန်သည်။ ၁၈၈၅-ခုနှစ်တွင်မူ သီပေါမင်းတရားအား ကြက်ငှက်ပမာ အလွယ်တကူ ဖမ်းဆီးခေါ်ဆောင်သွားလျက် ဗမာတပြည်လုံးကို အင်္ဂလိပ်တို့သိမ်းပိုက်လိုက်ကြလေသည်။

တချိန်က မြန်မာကိုကျွန်ပြု၍ အနှစ်တရာမျှ ကြာအောင် အုပ်ချုပ်ခဲ့ကြသော အင်္ဂလိပ်တို့သည် ယခုအခါ မြန်မာပြည်မှ သာသနာပြုမစ်ရှင်အဖွဲ့၏ သတိပဋ္ဌာန်တရားတော်များကိုချီးမြှန်စွာ နားဆင်ကြလေပြီ။ အချို့ အင်္ဂလိပ်ယောဂီများမှာ မိမိနာကြားရသည့် ဓမ္မပီတိ ဝမ်းသာမှုရှိကြသည်ကို''ကောင်းလိုက်တာ ဒီတရားမျိုး တခါမှ မနာဘူးဘူး''ဟု ဖော်ထုတ်ပြောပြ

ကြောင်းလည်း ကြားရသည်။ အောက်စဖို့မြို့ အုတ်ကင်းဟော့ ကမ္ဘာ့ဒွန်းဒွာနတွင် သာသနာပြုပွဲ ဆင်ယင်ကြစဉ်က အင်္ဂလိပ်မျက်နှာဖြူ အမြောက်အမြား လာရောက် ကြည့်ရှုကြသည်ဟု သိရပေရာ အနီအင်္ဂလိပ် သတ္တ၀ါဝေနေယျတို့သည် တချိန်က ကြာဖက်ပေါ်တွင် ထိုင်နေသော ဖားသတ္တ၀ါကဲ့သို့ဖြစ်ပြီး ကြာအရသာကို မရခဲ့ကြ။ ယခုမှသာ ကြာ၀တ်ဆံ၊ ကြာစွယ်နှင့်တူသော ဗုဒ္ဓ၏ ဓမ္မအရသာတို့ကို ခံစားရဟန်တူပေသည်။

အင်္ဂလန်နိုင်ငံသည် မြန်မာပြည်ထက်သေးငယ်၍ ဂျပန်နိုင်ငံကဲ့သို့ ပင်လယ်ကမ်းရိုးတန်း ပေါများသော ကျွန်းနိုင်ငံတခုဖြစ်သည်။ သို့သော် အထက်တွင်ရေးခဲ့သည့်အတိုင်း တချိန်ကမူ ကမ္ဘာကြီးကိုပင်အုပ်စိုးလျက် သူတို့၏ အင်္ဂလိပ်စာပေကိုလည်း ကမ္ဘာသုံး စာပေဖြစ်အောင် ဆောင်ကြဉ်းနိုင်ခဲ့ကြသည်မှာ ''လို့လ၊ ဇွဲ၊ သတ္တိ၊ **ဉာဏ်ပညာ၊ စည်းကမ်းကလနားကောင်းမှန်မှု**''များ၏သက်သေသာဓကများပင်ဖြစ်လေသည်။ကြီးမြင့်သူတို့၏ စွမ်းဆောင်မှုကား ကြီးမားကြရမြဲဖြစ်ပေသည်။

စာရေးသူသည် ချမ်းမြေ့ဆရာတော်၏ နိုင်ငံတကာသို့ သာသနာပြုသွားစဉ်က ရိုက်လာခဲ့သော ရုပ်သေဆလိုက်များကိုလည်း ကြည့်ခွင့်ကြုံခဲ့ပေရာ အင်္ဂလန်သားတို့၏ ခမ်းနားလှသော စိန်ပေါလ်ဘုရားရှိခိုးကျောင်းကြီး၊ အဲလ်ဗတ်ပြတိုက်၊ ဗြိတိသျှပါလီမန် အဆောက်အဦကြီးနှင့်တကွ ကမ္ဘာကျော် ဘစ်ဘင် နာရီကြီးကိုပါ မြင်ခဲ့ရသည်။ အင်္ဂလိပ် ရာဇ၀င်တလျှောက်မှာလည်းထင်ရှား၍ ကမ္ဘာသားများ အလယ်မှာ

လည်း ကျော်ကြားလှသော ဗြိတိသျှရဲတိုက်ကြီးကိုလည်းဆလိုက် ရုပ်ရှင်ထဲတွင် ကြည့်မြင်ခဲ့ရ၏။ ဓာတ်ပုံမှတ်တမ်းကိုလည်းကြည့်ရှု ရပေရာ အံ့ဖွယ်အဆောက်အဦကြီးတခုပင် ဖြစ်တော့သည်။

ထိုရဲတိုက်ကြီးသည် တင်းမြစ်ကမ်းပေါ်တွင်တည်ရှိပြီး မြေ ၁၃-ဧက အကျယ်အဝန်းရှိသည်။ ကြီးမားသော တံတိုင်းနှင့် ရေကျုံးတို့ကိုပါ ကာရံဆောက်လုပ်ထားသဖြင့် ရှေးခေတ်က သော် လုံခြုံမှုရှိလှသော ခံတပ်ကြီးအဖြစ် အသုံးပြုကြသည်ဟု သိရသည်။

ဆရာတော်တို့အဖွဲ့သည် အင်္ဂလန်မှတဆင့် ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ အီတလီ၊ ဟော်လန်၊ အနောက် ဂျာမနီနိုင်ငံ တို့သို့လည်း သာသနာပြုကြခဲ့ကြောင်း သိရသည်။ အနောက် နိုင်ငံများမှ အပြန်တွင်မူ ထိုင်းနိုင်ငံ၌ ၁၀-ရက်ကြာမျှသီတင်း သုံးကြပြီး မြို့တော်ဗန်ကောက်၌ လည်းကောင်း၊ ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ လန်းပန်မြို့နှင့် ဇင်းမယ်မြို့များသို့လည်းကောင်း၊ ချန်ဘူရီမြို့ရှိ ဝိတ်အဆရမ်ကမ္မဋ္ဌာန်းဌာန၌လည်းကောင်း တရား ဟော တရားပြ တရားစစ်ခြင်းများနှင့်အတူ ဘာသာရေး မေးခွန်းများကို ဖြေကြား ပေးခြင်းဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ တရားထူး တရားမြတ် ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ ကြောင်း ကြားနာမှတ်သားခဲ့ရပါသတည်း။

သာဓု—သာဓု—သာဓု။

**ချမ်းမြေ့ဆရာတော်၏ တနေ့တာလုပ်ငန်း**

ချမ်းမြေ့ရိပ်သာကို ၁၃၃၇-ခုနှစ် တပို့တွဲလတွင်စတင်၍တည်သည်။ ဤရိပ်သာကို တည်ထောင်သော နာယက ဆရာတော်၏ တနေ့တာလုပ်ငန်းမှာ မရပ်မနား ရဟတ်ချားပမာပင် ရှိလှသည်။

ဆရာတော်သည် နံနက် ၄-နာရီတွင် ကျိန်းစက်ရာမှ ထလေ့ရှိသည်၊ မေတ္တာပို့တရားထိုင်ပြီးလျှင် စာရေး - စာကြည့်၍လည်းကောင်း၊ ယောဂီများအား ကိုယ်တိုင်ကိုယ်ကြပ် စောင့်ရှောက်၍လည်းကောင်း အရုဏ်မဘုဉ်းပေးမီ အချိန်ကို အသုံးပြုသည်။

၅-နာရီတွင် ဆန်ပြုတ်ဘုဉ်းပေးသည်၊ အဖြူရောင်သက်သက်မျှသာတည်း။ ဤဆန်ပြုတ်မှာလည်း သီးခြားပြုတ်သည် မဟုတ် ယောဂီများအတွက်ပြုတ်သောအိုးမှဖြစ်သည်။ ဆန်ပြုတ်ဘုဉ်းပေးရာ၌မူ ဝေယျာဝစ္စများ ပြင်ဆင်ကပ်လှူသည့်အတိုင်းသာ ဘုဉ်းပေးလေ့ရှိသည်။ ''ဘာယူခဲ့အုံး၊ဘာလိုသေးတယ်'' စသည်ဖြင့် လည်းကောင်း၊ ''ချိုတယ်၊ ငန်တယ်၊ ကောင်းတယ်၊ ဆိုးတယ်''စသည်ဖြင့်လည်းကောင်း တစုံတရာမိန့်ကြားလေ့မရှိ၊ ရှိတိုင်းသော အာဟာရဖြင့်သာဘုဉ်းပေးမှုပြီးလေ့ရှိသည်။

ဆန်ပြုတ်ဘုဉ်းပေးပြီးလျှင် အချိုပွဲဘုဉ်းပေးသည် (အခြားရဟန်းတော်များလည်း ဆန်ပြုတ်နှင့် ဖွယ်ဖွယ်ရာရာများ ဘုဉ်းပေးပြီးလျှင် အချိုပွဲဘုဉ်းပေးကြသည်။)

၆-နာရီထိုးသော် အရုဏ်ဆွမ်းဝိုင်းမှထ၍ဆွမ်းစားကျောင်း မြောက်စပ်တွင်ရှိသော စာကြည့်စားပွဲသို့ကြွသည်၊ အနယ်နယ်မှ ကိစ္စအမျိုးမျိုးဖြင့် ရောက်လာကြသော တပည့်ဒကာ ဒကာမ များကို ကိစ္စပြီးရုံမျှ ညွှန်ခံစကားပြောသည်၊ နံနက် အရုဏ် အလှူရှင်ရှိလျှင် နေ့ ၂-နာရီ ပုံမှန်တရားဟောချိန်အထိ မစောင့် နိုင်ပါက ဤနေရာမှပင်တရားဟောရေစက်ချပေးသည်။ ထိုကိစ္စ ပြီးသော် စာကြည့်စာရေးတခုခုဖြင့် အချိန်ကို အသုံးပြုသည်။ ဆရာတော်သည် လွန်စွာ စာကြည့်သည်။ ပြည်တွင်းပြည်ပ စာနယ်ဇင်းအမျိုးမျိုးတို့သည် ဆရာတော်၏ ဗီရိုကြီးငယ်တို့၌ များပြားလှသည်။ ၂-ထောင်ကျော်ပင် ရှိပေလိမ့်မည်။

ဆရာတော်သည် ဆူကြုံနိမ့်မြင့် မခွဲခြား၊ လာရောက်ဖူးမြော် သော ဒကာ ဒကာမများကို လက်ခံတွေ့ဆုံလျက် သက်ဆိုင်ရာ ကိစ္စနှင့် ပတ်သက်သော စကားကို ပြောဟောလေ့ရှိသည်။

**မိခင်စာပေ** ရုံဖန်ရံခါ ကမ္ဘာလှည့် ပုဂ္ဂိုလ်များ လာရောက် တတ်သည်၊ မြန်မာနိုင်ငံသို့ လာရောက် အမှု ထမ်းသော နိုင်ငံခြားသားများလဲ လာရောက်တတ်သည်။ ထိုအခါမျိုးတွင် ဆရာတော်သည် အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဟောဆက်ဆံသည်။ အခြားအချိန်၌မူ အင်္ဂလိပ်ဘာသာ စကားကို အသုံးမပြု၊ မိခင်ဘာသာစကားကိုသာ အမြတ်တနိုး သုံးစွဲပြောဆိုသည်။ ဆရာတော်သည် မြန်မာ အချင်းချင်း မြန်မာစကားသုံးစွဲမှ နှစ်သက်သည်။ အင်္ဂလိပ် ဘာသာစကား ဖြင့် သုံးစွဲပြောဆိုလာပါက လက်ခံလေ့မရှိ။ မိခင်စာပေကို ဤမျှအထိ တန်ဖိုးထား မြတ်နိုးလှသည်။

၈-နာရီထိုးသော် ရဟန်းယောဂီနှင့် အမျိုးသား ယောဂီများအား တရားစစ်သည်။ ယောဂီ အနည်းအများ အလိုက် အချိန်ကုန်တတ်သည်၊ ၉-နာရီအထိလည်းကောင်း၊ ၉-နာရီ ၃၀-မိနစ်အထိ လည်းကောင်း ကြာတတ်သည်။ တရားစစ်ပြီးလျှင် စံကျောင်းပေါ်သို့ကြွ၍ ရေသုံးသပ်သည်၊ ထိုအခါ ၁၀-နာရီထိုးလေပြီ။

ဆရာတော်၏ သင်္ကန်းဝတ်ရုံပုံမှာ (ရွှေကျင် ဆရာတော်ဖြစ်သည် အားလျော်စွာ) ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်လေ့ရှိသည်၊ အဝန်းအဝိုင်း ညီညာလှသည်။ သင်္ကန်းမှာမူ ရုံခါပိတ်သင်္ကန်းဝတ်၍ ရုံခါ လေယာဉ်မောင်နှင့် တက်ထရွန်တို့ကို ဝတ်သည်။ တော်သလင်းလလိုပူပြင်းအိုက်စပ်ဘည့် ရာသီတွင်မူ ယိုးဒယားသင်္ကန်းနှင့် ပဒုမ္မာပိတ်သင်္ကန်းများကို ဝတ်ရုံသည်။ ဆန်းပြားလှသော ဖော့ရှ်န်၊ လေယာဉ်ရှန်နှင့် တက်ထရက်ရှန် လတ်လတ်ရှန် သင်္ကန်းများဝတ်ရုံသည်ကိုမတွေ့ရပေ။ ချမ်းအေးသည့်အခါတွင်လည်း တက်ထရွန်စဖြင့်ကပ်၍ ချုပ်ထားသော သက္ကလတ်ခြုံထည်ကိုသာသုံးသည်။ ဆန်းပြားလှသော ခြုံထည်အမျိုးမျိုးကို မသုံးစွဲ။

၁၀-နာရီတွင် နေ့ဆွမ်းခေါင်းလောင်းထိုး၍ ယောဂီများ ဆွမ်းဘုဉ်းပေးကြသည်။ အလှူရှိလျှင် ခေတ်ပုံရိုက်၍ ကြည်ညိုကြသဖြင့် ဆရာတော်သည် ယောဂီများမလာမကြွနှင့်၍ ဆွမ်းကပ်ခံသည်။ ယောဂီများ ရှုမှတ်မှု ပါ-မပါကြည့်ရှုလေ့ရှိသည်။ ရဟန်းယောဂီများ၏ သင်္ကန်းရုံမှု ဆွမ်းဘုဉ်းပေးမှု စသည်ကို

လည်း အထူးကြပ်မ စောင့်ရှောက်ပေးတော်မူသည်။ လိုအပ်လျှင် ကိုယ်တိုင်ပင် ပြောဆိုညွှန်ပြပြင်ဆင်ပေးလေ့ရှိသည်။

နေ့ဆွမ်းကိစ္စပြီးစီးလျှင် ဆွမ်းကျောင်းစာကြည့်စားပွဲ၌ပင် ရပ်ဝေးရပ်နီးမှ အလျှောက်အထား၊ အပင့်အဖိတ်၊ အလှူအတန်း၊အဖူးအမြော် အကန်တော့လာကြသော ဒကာ ဒကာမများကို လက်ခံတွေ့ဆုံသည်။ စကားကိုမူ ကိစ္စပြီးရုံမျှ ထိုက်သင့်သလောက်သာ ပြောဟောလေ့ရှိသည်။ ထိုအကြောင်းများ မရှိလျှင် အင်္ဂလိပ်မြန်မာသတင်းစာများကိုကြည့်နေတတ်သည်။

ဆရာတော်သည် ကျောင်းတွင်း၌ သီတင်းသုံးစဉ် အခါဖြစ်စေ၊ နယ်မှပင့်လျှင်ဖြစ်စေ ဝိနည်းတော်အရသာ ပြုမူကျင့်သုံးဆက်ဆံလေ့ရှိသည်။ ကျောင်းအပြင်သို့ ကြွလျှင်မူ အခါခပ်သိမ်းပင် သင်္ကန်းရုံလျက် ကြွလေ့ရှိသည်။ပြည်တွင်းတရားပွဲများဟောရန် ကြွချိန်ကို မဆိုထားဘိ၊ ပြည်ပရပ်ခြား တိုင်းတပါးသို့ ကြွရာ၌ပင် သင်္ကန်းရုံလျက်, ယပ်ကိုင်လျက်နှင့်ပင် ကြွတော်မူသည်။ (အပြည်ပြည်ဆိုင်ရာ ရန်ကုန် မင်္ဂလာဒုံ လေဆိပ်သို့ ၂-ကြိမ်မျှလိုက်ပါပို့ဘူးသဖြင့် မြင်တွေ့ဖူးမြင်ခဲ့ရသည်။)

၁၂-နာရီမှ ၁-နာရီအချိန်တွင်မူ စံကျောင်းပေါ်သို့ကြွ၍ ခေတ္တအပန်းဖြေ နားတော်မူသည်။ထိုအချိန်၌ မည်သည့် ဧည့်သည်မျှ လက်ခံလေ့မရှိ၊ စံကျောင်းပေါ်သို့လည်း ဧည့်သည်များ တက်၍မဖြစ်ပေ၊ ယောဂီများတရားရှုမှတ်လျက် ရှိနေပေသည်။

၁-နာရီမှ ၂-နာရီအချိန်တွင် ဆွမ်းကျောင်းသို့ဆင်း၍လည်းကောင်း၊ စံကျောင်းပေါ်မှာပင် စာရေး စာကြည့်၍လည်းကောင်း အချိန်ကို အသုံးပြုသည်။ ၂-နာရီတွင် နေ့စဉ်တရားပွဲခေါင်းလောင်းခေါက်၍ ဆရာတော်တရားဟောသည်။

တနင်းလာနှင့် သောကြာနေ့ကိုမူ အခြားရဟန်းတော်များ အလှည့်ကျဟောသည်။ တရားဟောချိန်မှာ ၃-နာရီအထိလည်းကောင်း၊ ရံခါ ၄-နာရီအထိလည်းကောင်း ကြာတတ်သည်။ သို့ရာတွင် ပရိသတ်မှာ စိတ်ဝင်တစားပင်နာလေ့ရှိသည်။ ဆရာတော်သည် မြန်မာစကားပြေဖြင့် ပြေပြေပြစ်ပြစ် ဟောလေ့ရှိသည်။ ဝိနည်းဥပဒေက မြစ်တားထားသော ငိုချင်းရယ်ချင်း တေးသီချင်းတို့ကို ဟောပြောလေ့မရှိ၊ ဂါထာဗန္ဓစုဏ္ဏိယများ ရွတ်ရာတွင်လည်း စာအရှိအတိုင်းသာ ရွတ်သည်၊ ဂီတသံပါအောင် ရွတ်လေ့မရှိ၊ ပါဠိတော်အရသာကို မူရင်းအတိုင်း ကြားနာခံစားနိုင်ကြသည်။

တရားဟောပြီးချိန်တွင်မူ ကျောင်းရှိ ရဟန်းတော်များနှင့် သာမဏေများအား ပရိယတ်စာပေပို့ချတော်မူသည်။ ချမ်းမြေ့ရိပ်သာသည် ပဋိပတ္တိဌာနပင်ဖြစ်သော်လည်း ပရိယတ္တိစာပေကိုပါတွဲဖက်၍ ပို့ချသင်ကြားသောရိပ်သာတခုဖြစ်သည်။ ဝိနည်းစာဝါ၊ အဘိဓာန်စာဝါ၊ အခြေခံပါဠိစာနှင့် ဆရာတော်ကိုယ်တိုင်သင်ကြားသော အင်္ဂလိပ်စာဝါများဖြစ်သည်။

**ချမ်းမြေ့** ချမ်းမြေ့ရိပ်သာသည် ပြည်တွင်းပြည်ပ ဆက်ဆံမှုရှိနေပေရာ အင်္ဂလိပ်စာပေသည်လိုအပ်လျက်ရှိနေသည်။ ထိုလိုအပ်မှုကို ဆရာတော်သည် မအားမလပ်သည့်ကြား

ကပင် တပည့်များအတွက် ချပို့တော်မူသည်။ ဆရာတော်မှာမူ နားနေချိန်နည်းလှ၏။

ဤအခွေ့ဝါသိက တပည့်ရဟန်းသာမဏေများကား ဆရာတော်အနီးနားတွင် ရေပူရေချမ်း ဆက်ကပ်၍လည်းကောင်း၊ အဝတ်သင်္ကန်းလျှော်ဖွပ်၍လည်းကောင်း ကိစ္စကြီးငယ်အသွယ်သွယ်သော ဝေယျာဝစ္စများကိုဆောင်ကြဉ်းနေသူတို့ပေတည်း။

ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌသည်လည်းကောင်း၊အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည်လည်းကောင်း ရိပ်သာသို့ မပြတ်လာရောက်ကြ၏။ ဤ ကပ္ပိယကာရကဒါယကာကြီးများသည် စေတနာသဒ္ဓါထက်သန်စွာဖြင့် ဆရာတော်ညွှန်ကြားသမျှ ဆောင်ရွက်ကာ ဗုဒ္ဓ၏ ပရိယတ် ပဋိပတ် ၂-ရပ်သော သာသနာ့ဝန်ကိုဆောင်ကြသည်။ ဤဒကာတို့သည် ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့ ဖွဲ့စည်းပုံ စည်းမျဉ်းကိုလည်း ရေးဆွဲ သတ်မှတ်ကာ ကျယ်ကျယ်ပြန့်ပြန့်ပင်ဆောင်ရွက်ကြသည်။ အဖွဲ့ဝင် ၂၅၀၀-ကျော်ရှိသည်။

ညနေ ၆-နာရီတွင် ဆွမ်းစားကျောင်း၌စုပေါင်း၍ ဘုရားဝတ်တက်သည်။ ပရိတ်ရွတ်၊ မေတ္တာပို့၊ဝိနည်းပါဠိကို တကဏ္ဍစီရွတ်၊ နာရီဝက်တရားထိုင်ကြသည်။ ပြီးလျှင် သံဃာတော်များပြန်ကြ၍ ဆရာတော်ကမူ အမျိုးသမီးယောဂီများအား တရားစစ်တော်မူသည်။ ယောဂီတို့သည်တရားလျှောက်ရာ၌စုပေါင်း၍ လာရောက်ကြရသည်။ တကြိမ်လျှင် ၃-ယောက်ထက်မနည်း

ဂ-ယောက်ထက်မများစေပဲ စုပေါင်း၍ လာရောက်လျှောက် ထားကြရသည်။

တရားစစ်ချိန်သည် ယောဂီနည်းလျှင်စောစောပြီး၍ ယောဂီ များလျှင်မူ ၉-နာရီ ၁၀-နာရီအထိကြာမြင့်သည်။ ၁၀-နာရီ ထိုးလျှင် ယောဂီများအားထုတ်မှုရပ်နားကြ၍ အိပ်စက်နားနေ ချိန်ရောက်လေပြီ။ ထိုအခါ ဆရာတော်၏တနေ့တာဆောင်ရွက်မှု ပြီးစီး၍ ဓမ္မာရုံကြီးအရှေ့ဘက်ရှိ ကွန်ကရိလမ်းပေါ်တွင် အချိန် အနည်းငယ်မျှ စင်္ကြံလျှောက်တော်မူသည်။ ပြီးလျှင်စံကျောင်း ပေါ်သို့ကြွ၍ စာရေး စာကြည့်ဖြင့်သာ အချိန်ကိုကုန်စေသည်။

ဆရာတော်၏ ဝီရိယကား ကြီးမားလှ၏၊ မြဲမြံလှ၏။

သည်ဝီရိယသည် မြဲမြံမှုများကြောင့်ပင် ဆရာတော်သည် ၁၃၁၄-ခုနှစ်၌ အစိုးရပါဠိတက္ကသိုလ်များအနေဖြင့် ဦးစွာ ကျင်းပသော ပါဠိတက္ကသိုလ်စာချတန်းစာမေးပွဲတွင်ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးငါးကျမ်းတို့ကို တပြိုင်တည်း အောင်မြင် ခဲ့သည်။ ကျန်ရှိသော ဂုဏ်ထူးတကျမ်းကိုမူ ၁၃၁၅-ခုနှစ် ရောက်မှ ရန်ကုန်တွင် ဖြေဆိုအောင်မြင်သည်။

မန္တလေး မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ကျောင်းတိုက်၌ လည်း '**ကထိက**' အဖြစ်တာဝန်ယူစာချတော်မူခဲ့၏။ ထိုစဥ်က သကျသီဟစာချတန်း၌ အဋ္ဌကထာ ၂-ကျမ်း အောင်မြင်ပြီး လေပြီ။

၁၉၅၇-ခုနှစ် ဇွန်လတွင် သီဟိုဠ် ( **သီရိလင်္ကာ** ) သို့ကြွ၍ ကိုလံဘိုမြို့မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံးသည်။ အင်္ဂလိပ်

ဘာသာ သက္ကဋဘာသာနှင့် အခြား ခေတ်ပညာရပ်များကို လေ့လာဆည်းပူးသည်။ သီဟိုဠ်ဘာသာနှင့် ဟိန္ဒီဘာသာတို့ကို လည်း အတော်အသင့်လေ့လာခဲ့သည်။ ထိုစဉ်ကလန်ဒန် ဂျီစီအီး စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။

ချမ်းမြေ့ဆရာတော်၏ ဝီရိယ သစ်ပင်သည် ကြီးမား၏၊ သမာဓိပင်စည်သည်တုတ်ခိုင်၏၊ သီလသစ်ရွက်တို့ကားဝေဆာ၏၊ ပညာအဆီ ရသာရည်တို့ကား ချိုမြိန် အေးမြ လှတော့၏။ ထိုအခါ သတ္တဝါအပေါင်း ရှင်လူတသောင်းတို့၏ မှီခိုရာ အားထားရာဖြစ်တော့သည်။

❁

၁၃၄၁-ခုနှစ်၊ဝါခေါင်လဆန်း ၉-ရက်၊ ဗုဒ္ဓဟူးနေ့။
၁-၈-၇၉

ချဉ်ဟင်းဍှိကာအမွန်း ယနေ့ တရားပွဲတွင် ဆရာတော်က ချဉ်ဟင်းအကြောင်း စိတ်ဝင်စားဖွယ် ဟောသည်၊ အင်္ဂလန်ပြည်တွင် တရားပြုစဉ်က ချဉ်ရေဟင်း ဘုဉ်းပေးရပုံကလေးပါပဲ။ သူတို့ဆီမှာက ဆောင်းရာသီ အအေး လွန်ကဲလျှင် သစ်ပင် သေအောင်ပင် အေးလှ၏။ စိုက်ပျိုး၍ မရ၊ မိုးရာသီမှ စိုက်ရသည်ဟု ဆိုသည်။ သို့ဖြင့် ဆောင်းရာသီ စားသုံးရန် ဟင်းရွက်များကို အတုံးအခဲများ လုပ်ပြီး ရေခဲသေတ္တာတွင် သိုမှီး သိမ်းဆည်း ထားရ၏။

တည်င်းသီး၊ပုစွန်၊ ကြက်သား စသည်တို့ကိုလည်းထိုသေတ္တာထဲမှာပင် အကန့်လိုက်အကန့်လိုက် ထား၍ သိမ်းဆည်း ထားကြရသည်။

ဆရာတော်တို့ ဘုဉ်းပေးရသော ချဉ်ရေဟင်းမှာ 'ရေခဲသေတ္တာထဲမှ ချဉ်ပေါင်ရွက် အတုံးကြီးကို ဓားနဲ့ခုတ်ဖြတ်၍ တည်လုံး ရေနွေးနဲ့ ပြုတ်ပြီးမှ ချက်နိုင်သည်။ တခါတခံ ကြက်သားအတုံးကြီးထင်၍ခုတ်ဖြတ်ပြီး ချက်ခါနီးမှ ချဉ်ပေါင်ရွက်ဖြစ်နေတတ်သည်လည်းရှိသည်ဟုသိရသည်။အချို့ အနောက်တိုင်း ဆန်၍ ခေတ်မီသော မြန်မာများလည်း ဤသို့စားကြသည်ကို စာရေးသူကြားဘူး၏။ ဆရာတော်ကား ထိုအဖြစ်မျိုးကို ''ပြိတ္တာဘုံဘဝနဲ့တူလှသည်''ဟု နှိုင်း၍ဟောသည်။

တဖန် ဝါရှင်တန်မြို့တော်မှာ တရားပြနေစဉ်ကလည်း ချဉ်ပေါင်ရွက်ကြော် ဘုဉ်းပေးရကြောင်းကို ပြောပြသည်။ ဆရာတော်က ''ဘာကြောင့် ချဉ်ရေဟင်းတွေချည်း နှစ်သက်နေမှန်းမသိဘူး၊ အဆီအဆိမ့်တွေတော့ ခံတွင်းမလိုက်ပါဘူး'' ဟုဆက်လက်မိန့်သည်။

ခေတ်မီသော ယနေ့ အနောက်တိုင်းသားတို့ကား အဆီအဆိမ့် အသား ဥအမျိုးမျိုးကိုမစားတော့ပြီ။ ရှောင်နေကြပြီ၊ ဗေဒစတန်ဆေးသိပ္ပံပြပွဲကို ဝင်ကြည့်ခဲ့စဉ်က ဝက်သားစားသူ၊ ကြက်ဥစားသူများ၏အူများသည် ဖြောင့်တန်းမှုမရှိပဲ ပိတ်နေသည်ဟုသိရသည်။ ဤပြပွဲမှအပြန်တွင်မူဆရာတော်က'အော်....

လက်စသတ်တော့ ငါ...တယ် ခေတ်မီနေပါလား'ဟု ဟာသ-နှော၍ ပြောသည်။

စာရေးသူသည် တခါက ဆွာမြို့မှ လယ်သမားကြီးဦးအုန်းမောင်၏တဲသို့ ညီဘုန်းကြီးနှင့်အတူ ဆွမ်းစားကြွလာကြသည်။ တဲသို့ရောက်သော်'ရန်ကုန်ဘုန်းကြီး ဟင်းကောင်းဟင်းမွန်တွေ ဘုဉ်းပေးနေကြမို့ လယ်သမားများကပ်တဲ့ချဉ်ရေဟင်း ခံတွင်းတွေ့ပါ့မလားပဲ'ဟုလျှောက်၏။ ထိုအခါ—

"မြို့မှာ နေပေမဲ့ တောသားဘုန်းကြီးပါ၊ နတ်မောက်ဆိုတာဟာ တောမြို့ပါပဲ၊ ဗိုလ်ချုပ်တို့ငယ်ငယ်ကဖြင့် ရွာကြီးပဲ ရှိပါသေးတယ်၊ တောစိတ် မပျောက်သေးလို့ ချဉ်ရေဟင်းလဲ ဘုဉ်းပေးနိုင်ပါတယ်"ဟု ပြောပြောဆိုဆို ဘုဉ်းပေးကြ၏။ ထိုနေ့က ညီအစ်ကိုရဟန်းနှစ်ပါးသည် ချဉ်ရေဟင်းနှစ်ပန်းကန်စီကုန်ခဲ့၏။ ဆွမ်းကပ်သော လယ်သမားကြီး ဦးအုန်းမောင်တို့မိသားစုမှာ ဝမ်းသာမဆုံး ပီတိတွေ တပြုံးပြုံးနှင့်။

ဆွမ်း အနုမောဒနာ ပြုပြီးလျှင် 'ကဲ...ချဉ်ရေဟင်းကောင်းကြောင်းလေးတော့ အဆစ်ထည့်၍ ပြောဦးမှပဲ'ဟု စတဲ့ကာ—

"ရာသီသူမလင့်၊ လွန်မမြင့်ပင်နဂို။
ဖူးပွင့်ရယ် စီရရီနှင့်၊
ရိုးတန်ခ်ီ သဏ္ဌာန်ဲ၊ ဆူးလှဲ့လိုခို။
ပြည်ရွှေဘို မူလရင်းပေမို့၊ စားတော်သွင်း မြရွက်ညို၊
စာဆိုလို့ မဆုံး။
အောင်တိုးငယ်ခေါ်၊

ဝက်သားကြော် ဆယ်ပြန်လိုက်စေတော့၊
မထိုက်တယ်ဆိုလျှင် ခံရမယ်၊
နရကန် ချဉ်ပေါင်ရွက်ကယ်နှင့် — [ကွယ်]....
လဲလျက် မသုံး....''။

ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး—ရသာ ခြောက်ပါးတို့ကား တခုတည်း အမြဲသုံးရလျှင် အီနေတတ်၏။ ချိုတလှည့်ချဉ်တခါ သုံးရမှ မြိန်သည်။ စပ်တခါ၊ ငန်တလှည့်နှင့် ဖန်ဖန်ခါးခါး များကိုလည်း အလဲအလှယ်နှင့် သုံးဆောင်ကြရလျှင် မြိန်ရည် ရှက်ရည် စားနိုင်ကြသည်။ ယနေ့ ဆရာတော်၏ ဥပုသ်တရား ပွဲကား ချဉ်ရေဟင်းကိုဋီကာချဲ့၍ အမွှမ်းတင်ထားသောကြောင့် စာရေးသူလည်း တခါက မက်မက် မောမော သုံးဆောင်ခဲ့ရ သော လယ်တောက ချဉ်ရေဟင်းလေးကို ပြန်လည် သတိရမိ ခဲ့တော့သည်။

❁

၁၃၄၁–ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ရက်၊ တနင်္ဂနွေနေ့။
၅–၈–၇၉

**သူတို့ဆိကယောဂီများ** ယနေ့ တရားနာယင်း သူတို့ ဆိက ယောဂီများအကြောင်း သိခွင့်ကြုံခဲ့ ရ၏။ သူတို့ဆိုသည်မှာအနေောက်နိုင်ငံကို ဆိုလိုသည်။ တရားကို လေးလေးစားစား အားထုတ်သူရှိသလိုပင် အစမ်းသဘောမျ

အားထုတ်သူများလဲ ရှိပေသည်။ အပန်းဖြေရုံ သက်သက် လာရောက်သူများလဲ ရှိသည်ဟု ဆိုသည်။ သို့ရာတွင် ယောဂီ တဦး၏တနေ့တာစရိတ်မှာ မနည်းလှပါ။ ရေ၊ မီး၊ စားစရိတ် အပါအဝင် ၈-ဒေါ်လာနှင့် ၂၅-ဆင့်ပေးရသည်။ မြန်မာငွေ ဖြင့်တွက်သျှင် ၅၇ - ခန့်ကျသည်ဟုသိရသည်။ဆွစ်ဇာလန်နိုင်ငံရှိ မောင့်ဆိုလေ တရားစခန်းတွင်မူ တနေ့တာအတွက် ၃၅-ဖရန့်၊ ကျပ်ငွေ ၁၆၂-ပင် ကုန်ကျသည်ဟုသိရသည်။ ဖွံ့ဖြိုးဆဲ မြန်မာ ပြည်နှင့်ကွာလှသည်။

ဤမှာကား ယောဂီတဦးအတွက် တနေ့တာ ကျွေးမွေး စရိတ်မှာ ၃ိ-မျှသာ ပေးရ၏။မကျန်းမာလျှင်ဆရာဝန်ခေါ်ပေး သည်၊ ဆေးထိုးဆေးကု အလကားသက်သက်မျှသာ ဖြစ်သည်။ ဗုဒ္ဓဘာသာ ရေမြေနှင့် သူတို့ရေမြေ ကွာခြား လှတော့သည်။

ယောဂီချင်းယှဉ်လျှင်လည်း ဤနိုင်ငံကယောဂီကသာ ပိုပေ မည်၊ အားထုတ်မှု, တရားတွေ့မှု စသည်....အချိုမိဘတိုက်တွန်း လွန်း၍ လာရသူလည်းရှိသည်။ ထိုသူများကို တွေ့ရသောအခါ ဗုဒ္ဓခေတ် '**ကာလ**' အမျိုးသားကို အမှတ်ရမိသည်။ ထိုအမျိုး သားအား သူ့ဖခင်က ဗုဒ္ဓထံ တရားနာခိုင်းသည်။တရားနာပြန် လာတိုင်း ငွေတရာ ဆုချသည်။ ငွေလိုချင်၍ တရားနာသဖြင့် ငွေကားရ၏၊ တရားကားမရ။ တနေ့သ၌ ဂါထာတပုဒ် ရလျှင် ငွေတစ်ထောင်ပေးမည်ဟု ဖခင်ကပြောရာ တရားနာ စဉ်၌ ဂါထာကို ရအောင် ကြိုးပမ်းယင်းနှင့် တရားထူးပါ ရရှိ တော့သည်။ အိမ်ရောက်၍ ငွေတစ်ထောင်ပေးရာ မယူတော့

ခဲ့ပေ။ ထို့ထက်တန်ဖိုးရှိသော အမြိုက်ရသာကို ရရှိခဲ့ပြီးဖြစ်သော ကြောင့်တည်း။

ထို့ကြောင့် မိဘဆွေမျိုး ဆရာသမား မည်သူက နားချ၍ လာလာ အားသုတ်အားထုတ် မိမိအမြင်ဖြင့်မူ သာခုခေါ်စရာ ချည်းသာ ဖြစ်သည်ဟု ခံယူသည် ကဲ့ရဲ့ဖွယ် မဟုတ်ပေ။

အစဟူသည်မှာ စမ်းတဝါးဝါးသာ များတတ်ကြသည်။ ထိုမှတဆင့် အလေ့အကျင့် အတွေ့အကြုံက သင်ပြ လာသော အခါ အချိုးတကျဖြစ်လာတတ်သည်။ လုပ်ငန်းခွင်နှင့် အံဝင် ခွင်ကျ ဖြစ်လာတတ်သည်။

ယောဂီအလုပ် ဟူသည်မှာ စင်စစ်အားဖြင့်တော့ မလွယ် ကူပါ၊ စိတ်အလုပ်ဖြစ်သဖြင့် စိတ်ကို ရှုမှတ်နေရပေရာ၊ ရံခါ တိမ်းတတ်၊ ယိမ်းတတ်ပါ၏၊ ထိုအခါမျိုးတွင် သတိဖြင့် စောင့်မှတ်၊ စောင့်ရှုခြင်းဖြင့် တိမ်းသောစိတ်၊ ယိမ်းသော စိတ်ကို ပြန်လည် ထိန်းပေးရသည်။

ကောင်းမှုလုပ်ငန်းပင် ဖြစ်တုံလျက်လည်း စိတ်သည် မပျော် မွေ့တတ်ပါ၊ မတည်ငြိမ်တတ်ပါ၊ သူ၏ ကျက်စားရာဖြစ်သော မကောင်းမှု၌သာ ပျော်မွေ့တတ်သည်။ ထို့ကြောင့် **ပါပသ္မိံ ရမတိ မနော** စိတ်သည် မကောင်းမှု၌ မွေ့လျော်၏-ဟုဆိုတော် မူခဲ့ခြင်း ဖြစ်သည်။

ဥပမာ—ချစ်ခြင်းကြောင့် စိုးရိမ်ရ၏၊ တမ်းတရ၏၊ ပူဆွေး ရ၏၊ ထိုအဖြစ်သည်မကောင်း။ ထိုသဘောတရားများကို

ရှုမှတ်ရ၏။ ရှုပင်ရှုသော်လည်း ချစ်ခင်စိတ်ကားမပျောက်နိုင်။ ထိုစိတ်မပျောက်၍ စိုးရိမ်မှုလည်းမကင်း၊ ထိုအခါ လွမ်းတပူဆွေး ငိုကြွေးမှုများ ခံစားရရှာသည်။ ဤအရာတို့သည် စိတ်က ဦးဆောင်သော ခံစားမှုဝေဒနာများသာဖြစ်ကြသည်။ ဤသို့သော စိတ်ညစ်မှု စိတ်ဆင်းရဲမှု သောကဝေဒနာအဖြာဖြာ တို့မှ ကင်းဝေးရန် "သတိပဋ္ဌာန်" တရားတော်သည် လွန်စွာ သင့်လျော်သည်။

မိမိတို့သည် ဤတရားတော်ထက် ပိုမိုလွယ်ကူသော ချစ်စိတ်ပြေနည်း၊ သောကနုတ်နည်း မရရှိသေးပါမူ ဤသတိပဋ္ဌာန်နည်းကိုပင် သုံးစွဲရပါမည်။ ဤနည်းသည် မဂ်ဖိုလ်ရောက်ရန်ပင် ညွှန်ပြထားသည်မဟုတ်ပါလော။

❁

၁၃၄၁-ခု၊ ဝါခေါင်လဆုတ် ၃-ရက်၊ သောကြာနေ့။
၁၀-၈-၇၉

**ယောဂီအရသာ** တလ အားထုတ်ပြီး၍ သင် ရောင့်ရဲမနေပါနှင့်ဦး၊ ဆက်လက်အားထုတ်ပါ၊ ပြင်းပြင်း ထန်ထန်အားထုတ်ပါ၊ ခြသေ့်မင်းသည် သားကောင်ကို ဖမ်းရာ၌ ကြီးသည် ငယ်သည် မဟူ ဝီရိယကို တန်းတူထား၍ လေးလေးစားစား ခုန်အုပ်ဖမ်းဆီးသကဲ့သို့ သင်လည်း ဝီရိယကို အယင်လ နောက်လ မခွဲခြားပဲ တန်းတူထားပါ၊ တိုးနိုင်

သမျှတိုး၍ မြင့်နိုင်သမျှမြင့်ပေးပါ၊ ရိရိသေသေ ဆက်ရှုပါ၊ စူးစူးစိုက်စိုက်ရှုပါ၊ စေ့စေ့စပ်စပ်ရှုပါ၊ စိပ်နိုင်သမျှ အမှတ်စိပ်ပါစေ။

တင်ပလ္လင်ခွေ လက်နှစ်ဖက်ကို ရင်ခွင်ထဲမှာဖြန့်၍ထားပါ၊ မျက်စိကိုစုံမှိတ် ခါးကိုဖြောင့်မတ်စွာထား၊ အသက်မှန်မှန်ရှူ၊ ဖောင်းတာပိန်တာ တွေ့ရာတွေ့ရာကိုရှု၊ နာကျင်မှု ဝေဒနာ ခံစားမှုအာရုံ ဆိုသမျှမှတ်ပေး၊ တနာရီထိုင် တနာရီလျှောက် ဘာဝမှ နှစ်နာရီထိုင် တနာရီခွဲလျှောက်အထိ တိုးမြှင့်ပေးပါ။

''တရားအားထုတ်သင့်အလုပ်၊ အဟုတ်ကြိုးစားပါ''။

ပြည်သူ့ဆွမ်းကို စားနေသော ရဟန်းဘဝသည် ထိုဆွမ်းဖိုးကျေအောင် အလုပ်လုပ်ရပေမည်၊ တိုင်းသူ ပြည်သားတို့၏ ဆွမ်းသည် အချည်းနှီးမဖြစ်စေသင့်။ နေ့များရက်ကြာ၊ စားကာအိပ်နေ၊ မရှိစေနှင့်၊ ဖွေဖွေရှာရှာ ပညာဆည်းပူး၍သော အချိန်ကို အသုံးချရမည်၊ တရားမမှကျင့်ကြံ၍သော ကုန်ဆုံးရမည်။ ဤသို့ကျင့်ကြံခြင်းနှင့်စာပေသင်ကြားချပို့ခြင်းသည် ဗုဒ္ဓသာသနာတော်အား လွန်စွာ လျှောက်ပတ်သည်မဟုတ်လော။

''အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရော သိယာ။

အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘာတိ ဒုလ္လဘံ''။

ဤလောက၌ မိမိကိုယ်သာ အားကိုးရာ ဖြစ်သည်။ အခြားအားကိုးရာမရှိ၊ အားကိုးရာမဟုတ်၊ တကယ့်အရေးကြုံ ဘယ်သွေး ဘယ်သားကမှ လာကယ်သည်မရှိ။ မသေခင် နေမဝင်

မိမှာ ကောင်းသောလမ်းအတွက် ပြင်ဆင်ထားရမည်။ သတ္တဝါတို့သည် ကိုယ့်လမ်းကိုယ်ထွင်၍ ကိုယ်တိုင် လျှောက်ကြရပေသည်။ ကောင်းကောင်းလျှောက်နိုင်ရန် လမ်းကောင်းထွင်ပါလေ။

"မကောင်းမှု ဟူသရွေ့ကိုရှောင် ကောင်းမှု ဟူသရွေ့ကိုဆောင်၊ မိမိစိတ်ကို ဖြူစင်စွာထား၊ ဤကား ဗုဒ္ဓ၏အဆုံးအမတော်တည်း"။

ဤဆုံးမချက်ကို ဦးစထိပ်မှာ သံနှက်သကဲ့သို့ စွဲစွဲမြဲမြဲမှတ်၍ ဆက်လက်ရှုမှတ်ပွားများပါလေ။ ယောဂီ၏အလုပ် ယောဂီ၏ ရှုမှတ်မှုသည် သင်၏ သောကပရိဒေဝတို့ကို သက်သာရာရခဲ့ပေပြီ။ ဉာဏ်ဗျာသနတရားတို့မှ အေးခွင့်ကိုလည်းရရှိစေခဲ့ပေပြီ။ သည်ထက် ခိုင်မြဲသော ချမ်းသာမှုကို အလိုရှိပါမူ သည်ထက် တိုး၍ ကြိုးပမ်းရန်သာတည်း။ ယနေ့ ဤသုံးသပ်ချက်၊ ဤဆုံးဖြတ်ချက်များကြောင့် တည်ငြိမ်သော ယောဂီရဟန်းအဖြစ်ကို ကျေနပ်မိသည်။ ကျေနပ်နေမိပါသည်။

❁

၁၃၄၁–ခုနှစ်၊ ဝါခေါင်လဆုတ် ၄–ရက်၊ စနေနေ့။
၁၁–၈–၇၉

**အချစ်ဆိုတာ ဘာလဲ** ယနေ့ ချမ်းမြေ့ ဆရာတော် ကိုယ်တိုင် တရား စစ်ဆေးတော်မူသည်။ ရိပ်သာရောက်စမှ တရားရှုမှတ်ပုံ အဆင့်ဆင့်ဖြစ်စဉ်ကို လျှောက်ထား

ရသည်။ စကြိံရှုမှတ်ခါစ၌ "ဗယ်လှမ်းတယ်၊ ညာလှမ်းတယ်" မှတ်ရသည်ကို ရယ်ချင်စိတ် ဖြစ်ပေါ်မိခဲ့ကြောင်း လျှောက်လိုက်၏။ ထိုအခါ စကြိံနှင့်ပတ်သက်၍ အသေးစိတ် ရှင်းပြတော်မူသည်။ စကြိံ၏ အကျိုးရှိပုံ အရာရောက်ပုံ များကိုလည်း မိန့်တော်မူပါသည်။

တဖန် တနေ့လုံး ရှုမှတ်မှုခြင်း ဆက်စပ်အောင် မှတ်ဖို့နှင့် အသေးစိတ်အမှုအယာကိုလည်း နိုင်နင်းအောင်မှတ်ဖို့ တဆက်တည်း-မိန့်တော်မူသည်။ "အသေးစိတ် အမူအရာဟာ ယောဂီရဲ့အသက်ဖြစ်တယ်၊ အဲဒီ အမူအရာကို မရှုမှတ်လျှင် ယောဂီသေတာပဲ"ဟုလည်း တိတိပပ မိန့်တော်မူပြန်ပါသည်။

ဆရာတော်ကား စေတနာပြည့်ဝ၏၊ မေတ္တာခိုင်ကျည်လှ၏၊ တပည့်များအပေါ် ဤသို့လျှင် အကျိုး လိုလားတော်မူသည်။

နေ့လယ် ၂-နာရီတွင် ဆရာတော်ကိုယ်တိုင် တရားချီးမြှင့်သည်။ နိုင်ငံတကာ ခရီးအတွေ့အကြုံကိုဟောတော်မူသည်။

အမေရိကန်နိုင်ငံ ဘယ်ရိတရားစခန်း၌ တရားပြစဉ်က အကြောင်းတခုကို ထည့်ဟော၏။ ထိုစဉ် တရားပွဲအပြီးတွင် အနောက်တိုင်းထုံးစံအရ မေးခွန်းမေးခွင့်ပြုခဲ့ရာ အသက် ၃၀-ရွယ် မိန်းမပျိုတဦးက မေးသည်။ မေးသည်က အချစ်အကြောင်းတည်း။ မေးပုံကလည်း "ဘုန်းကြီးဘုရား အချစ်ဆိုတာ ဘာလဲ ရှင်းပြနိုင်ပါသလား" ဟူ၏။

ယောဂီပရိသတ်မှာ ထိုမေးခွန်းအတွက် ရယ်ကြရ၏။ အချို့ ထိန်းသိမ်း၍ ပြုံးကြ၏။ စာရေးသူမှာကား ရယ်မိခဲ့သည်။

"ဒီတော့ ဘုန်းကြီးက ဒီလိုဖြေခဲ့တယ်၊ ဘုန်းကြီးမို့လို့ အချစ်အကြောင်း နားမလည်ပါ၊ မေတ္တာ အကြောင်းတော့ နားလည်ပါတယ်၊ သိချင်ယင် ပြောပြမယ်လို့ ဖြေခဲ့ပါတယ်"

ထိုနောက်ဆရာတော်က အချစ်၊ တဏှာ၊ [redacted]င့်သဘောတရားနှင့် မေတ္တာ [redacted]င့်သဘောတရားတို့ကို ရှင်းပြ၏။ အင်္ဂလိပ် စာလုံးပေါင်းနှင့်ပါ ပြောပြသဖြင့်စေတနာကြီးမြင့်မှန်းခံစားရ၏၊ အထူးပင် ကြည်ညိုလေးစားခဲ့ရပါသည်။

ယနေ့ တရားရှုမှတ်၍ ကောင်းသည်၊ ဖောင်းမှုပိန်မှုသဘောကို ကောင်းစွာ မှတ်နိုင်သည်။ စိတ်ငြိမ်သည်၊ စင်္ကြံဦယိမ်းယိုင်မှု မရှိတော့၊ မိုးဒေဝါက ဖြိုးဝေစွာ ရွာသွန်းနေသဖြင့် ရာသီမှာ အေးမြလှ၏။ ည ၁၀-နာရီ ၁၅-မိနစ်ကျမှ အိပ်ရာသို့ ရှုမှတ်မှုဖြင့် ဝင်ဖြစ်ခဲ့၏။ ဖောင်းမှုပိန်မှုကို မှတ်ယင်းပင် အိပ်ပျော်သွားခဲ့၏။ အိပ်ချိန်အတွက် ခက်ခဲမှု မရှိတော့ပါချေ....။

၁၃၄၁-ခု၊ ဝါခေါင်လဆုတ် ၅-ရက် တနင်္ဂနွေ။
၁၂-၈-၇၉

**ရှင်လန်းကြည်ဖြူ ဝါဆိုသင်္ကန်းအလှူ** ယနေ့ကား ချမ်းမြေ့ရိပ်သာ ကျောင်း၌ ဝါဆိုသင်္ကန်း လှူဒါန်းပွဲ ကျင်းပသော နေ့တည်း။ ကျောင်းရှိ ရဟန်းသံဃာတော်များနှင့် ပင့်သံဃာတော်များပါ ဝါဆို သင်္ကန်းများ အလှူခံရရှိကြသည်။ ၁၀၀-ကျပ်တန် ပေါ်ပလင်သင်္ကန်းတစုံစီ၊ ထီးတလက်၊ ဖိနပ်တရံ၊ စတုမဓုဆေး၊ လျက်ဆား၊ ပရုတ်ဆီ၊ ပရုတ်လုံး၊ မျက်နှာသုတ်တဘက်၊ နဝကမ္မဝတ္ထုငွေ ၁၀၀-ကျပ်စီ အသီးသီး အလှူခံရရှိကြသည်။

ဤလှူဒါန်းပွဲ ချောမောပြေပြစ်စွာ ပြီးစီးရေး အတွက် ကမကထ ဆောင်ရွက်သူများမှာ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စ အဖွဲ့ဝင် သူတော်စင်များပင် ဖြစ်သည်။ စိတ်တူကိုယ်မျှရှိကြ ပေသော အဖွဲ့ဝင်တို့သည် နိုးဆော်စာလေးများ ကမ်းလှမ်း၍ ဒါနဝတ္ထု အစုစုကို စုဆောင်းခဲ့ကြရသည်။ သူတို့၏ စီစဉ် ဆောင်ရွက်ပုံ လေးများမှာ စိတ်ကြည်နူးဖွယ် အတုယူဖွယ် ကောင်းလှ၏။

## ဝါဆိုဦး အလှူအတွက် စီစဉ်ချက်

(၁) ဝါဆိုသင်္ကန်းတစုံလျှင် ၁၀၀-ကျပ်၊
(၂) ဝါကို သံဃာတော်တပါးအတွက် ၁၀၀-ကျပ်တန် ပစ္စည်းလေးပါး ပဒေသာပင် တပင်၊

(၃) သံဃာတော်များ အသုံး အဆောင် ဖြစ်သော စာအုပ်၊ ခဲတန်၊ ဆပ်ပြာ၊ ဆေးဝါး စသည်များ လှူဒါန်းလိုပါက တမျိုးလျှင် အရေအတွက် ၂၀- လှူဒါန်းကြပါရန်၊

(၄) ဆွမ်း ဆက်ကပ်ရေးနှင့် ကျွေးမွေး လှူဒါန်းရေး အတွက် ကုသိုလ် ပါဝင်လိုခဲ့ပါလျှင် ၅-ကျပ်၊ ၁၀- ကျပ်မှစ၍ နည်းများမဆို (ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ အလှူငွေ) အဖြစ် လှူဒါန်းနိုင်ပါသည်။

အထက်ဖော်ပြပါ လှူဒါန်းမှုအစီအစဉ်အတိုင်း မိမိတို့သဒ္ဓါ တရားစွမ်းအားရှိသလောက်ချမ်းမြေ့ရိပ်သာကျောင်း (ရုံးခန်း) တွင် လည်းကောင်း၊ ရပ်ကွက် အကျိုးဆောင်များ ထံတွင် လည်းကောင်း၊ မိမိ တဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လှူဒါန်း ကုသိုလ်ပါဝင်နိုင်ကြပါသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အစီအစဉ်နှင့် ဖိတ်ကြား လွှာများကိုဝါခေါင်လတွင် ထပ်မံပေးပို့မည်။ (ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဆရာတော် အရှင်ဇနကာဘိဝံသရောက် ရှိမည့် ဝါခေါင်လတွင်းမှ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။)

**ဝါဆိုသင်္ကန်းအလှူမျိုး အကျိုးတရား ဆောင်ပုဒ်**

(၁) တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ။

(၂) ဆယ့်ငါးရက်ဆွမ်း၊ ဝါသင်္ကန်း၊ လှူဒါန်း သောက်ရေကန်၊

(၃) ကျောင်းလူ့တဝ၊ နိဗဒ္ဓ၊ ပုညရှိသူမှန်၊
(၄) သောတာလိုပဲ၊ ဂတိမြဲ၊ သူလဲပါယ်မပြန်။

(မဟာစည် ဆရာတော်)

ဝါတွင်းသုံးလဟူသည်မှာ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့အတွင်းကို ခေါ်သည်။ ရဟန်း သံဃာတော်များသည် ထိုသုံးလအတွင်း၌ မိမိတို့၏ ကျောင်း အရမ်အတွင်း၌သာ နေထိုင်ပါမည်ဟု ပါဠိလို 'ဣမသ္မိံ ဝိဟာရေ ဣမံ–တေမာသံ ဝဿံ ဥပေမိ' ဟု သုံးကြိမ်ဆိုရသည်။ တပါး ဆိုပြီးလျှင် ကျန် သံဃာတော်များက ကောင်းပါပေ တယ်၊ ကောင်းပါပေတယ် (သာဓု·သာဓု·သာဓု) ဟု သုံးကြိမ် ခေါ်ရသည်၊ ဤသို့ ဆို၍ နေထိုင်ခြင်းကို ဝါဆိုသည်ဟု ခေါ်သည်။

ဝါဆိုခြင်းနှင့်ပတ်သက်၍ ကျမ်းဂန်လာကို ထုတ်ဆိုရသော် ဝါသည် ပထမဝါ-ဒုတိယဝါဟု နှစ်မျိုးရှိသည်။ ဝါဆိုလပြည့် ကျော် ၁-ရက်နေ့၌ ဝါဆိုသော ရဟန်းများကို 'ပထမ' ဝါဆို ရဟန်းများဟု ခေါ်သည်။ ထိုနေ့၌ အကြောင်းမညီညွတ်၍ ဝါ မဆိုနိုင်သော ရဟန်းများသည် ဝါခေါင်လပြည့်ကျော် ၁-ရက် နေ့မှာ ဝါဆိုရသည်။ ဒုတိယဝါဆိုရဟန်းများဟု ခေါ်သည်။ ပထမဝါဆိုရဟန်းတော်များသည် သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာပြု၍ လပြည့်ကျော် ၁-ရက်နေ့တွင် ဝါကျွတ်သည်။ ခြေဆန့်လက်ဆန့် ဒေသစာရီခရီး ကြွမြန်း ိုင်ကြ ေပြီ၊ ကထိန်

ခင်းနိုင်ခွင့်လည်း ရှိကြပြီး ကထိန်အာနိသင်လည်း ရတော်မူကြသည်။ ထိုအာနိသင်မှာ ဝိနည်းဥပဒေ စည်းမျဉ်း အချို့မှ ကင်းလွတ်ရခြင်းပင် ဖြစ်သည်။ သီတင်းကျွတ် လပြည့်ကျော် ၁-ရက်မှ တပေါင်းလပြည့်အထိ ဒုတိယ ဝါဆိုရဟန်းတော်များမှာ ဝါ မကျွတ်သေး၊ တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက် ရောက်အောင် ဆက်လက် နေထိုင်ရပေဦးမည်၊ ဒုတိယ ဝါဆိုရဟန်းတော်များမှာမူ ကထိန် မခင်းနိုင်၊ ကထိန်အာနိသင်လည်း လက်လွတ်ရပေသည်။

သို့ရာတွင် တူညီသောအကျိုး ရကြသည့်အချက်မှာ ဝါတွင်းသုံးလခရီးမထွက်မူပဲ ပရိယတ်တာဝန်( ဂန္ထဓူရ )ကို သင်အံရွတ်ဖတ် ချပို့ခြင်းဖြင့်လည်းကောင်း၊ ပဋိပတ်တာဝန်(ဝိပဿနာဓူရ)ကို ကျင့်ကြံ ရှုမှတ် ပွားများခြင်းဖြင့် လည်းကောင်း၊ သီတင်းသုံးတော်မူကြသဖြင့် သာသနာ့အခြေကိုခိုင်မာစေခြင်း၊ ကျစ်လစ် သိပ်သည်းစေခြင်း၊ အဆင့် မြင့်နိုင်စေခြင်းများပင် ဖြစ်သည်။ ဤသို့ အချိန်ပြည့် သင်အံ၊ ရွတ်ဖတ်၊ ချပို့ခြင်းနှင့် ကျင့်ကြံ ရှုမှတ် ပွားများခြင်းများကို နှစ်ထောင်းအားရ ရှင်ကြည်ကြသဖြင့်လည်း အထူးမြတ်ပူကာ ဝါဆိုသင်္ကန်းလှူဒါန်းကြခြင်းဖြစ်ပေသည်။

ထိုဝါဆိုသင်္ကန်းလှူဒါန်းသူများသည် သောတာပန်အရိယာများကဲ့သို့ပင် ဂတိမြဲသဖြင့် အပါယ်ငရဲ မကျနိုင်တော့ပေ။ သရဏဂုံမြဲသူ၊ ငါးပါးသီလ မြဲသူများသည်လည်းကောင်း၊ သောက်ရေကန်လှူဒါန်းသူ၊ ကျောင်းလှူသူ၊ ဆွဲငါးရက်ဆွမ်းလှူ

သူ၊ နေ့စဉ် ဆွမ်းလှူသူများသည်လည်းကောင်း၊ သောတာပန် အရိယာများ၊ ဂတိမြဲသကဲ့သို့ မြဲသည်ဟု ဟောတော်မူသည်။ ထိုသဘောကို ခြုံငုံမိအောင် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးက လင်္ကာသီကုံးထားခြင်းဖြစ်သည်။ အလှူရှင်များ ဝမ်းမြောက်ဖွယ်ပေတည်း၊ ရှင်လန်းကြည်နူးဖွယ်ပေတည်း။

**ရိပ်သာမှာ** စက္ကန့် မိနစ် နာရီမခြား ကြိုးစား၍ရှုမှတ်ခဲ့သဖြင့် ယောဂီရှုမှတ်မှု လုပ်ငန်းအဝဝမှန်သမျှ အချိုး တကျဖြစ်လာပါပြီ။ ဝင်ရောက်စက ဖြစ်မှဖြစ်ပါမည်လောဟု ကြောက်ရွံ့နောက်တွန့်ခဲ့သမျှအားလုံးကိုပင် ချောမောလွယ်ကူ ခဲ့သည်။ 'ဖြစ်ရမည်'ဟူသော ပြဋ္ဌာန်းစိတ်ဖြင့် ကြိုးပမ်းချက် သည် အမှန်ပင် ဖြစ်မြောက်ခဲ့ရတော့သည်။ မိမိနည်းတူပင် အဖော်ရဟန်းတော်များလည်း တစိုက်မတ်မတ်ရှုမှတ်ကြသည်ကို တွေ့ရသည်။ သူတို့လည်း ဝါမငယ်လှ။ တချို့ ၁၃-ဝါ၊ ၎င်း တချို့ ၁၇-ဝါပင် ရကြပြီဖြစ်သည်။ ထိုရဟန်းတော်များသည် ဤအရှင်နှင့် တရားကျင့်ဖော်ကျင့်ဘက်လည်းဖြစ်ကြ၊ ဆွမ်းဝိုင်း တွင်လည်း တဝိုင်းတည်း ဘုဉ်းပေးကြရသဖြင့် သဗြဟ္မစာရီ သီတင်းသုံးဖော်များ ဖြစ်လာရပေသည်။

အခြား အမျိုးသားများ ရှိကြသေး၏၊ အဖျောက်မှ မောင်အောင်သိန်းမှာ သုံးလကြာ ရှုမှတ်အားထုတ်၏။ အချို့ အမျိုးသားယောဂီတို့မှာ ရန်ကုန်မှဖြစ်ကြ၍ အိမ်မှသားမယား များ မကြာမကြာလာတတ်ကြသည်ကို တွေ့ရသည်။

တကယ်တန်း ကျတ်တန်းဝင်ချင်၍ တရားအားထုတ်သူများ ရှိသလိုပင် အစမ်းသဘော လာသူများလည်းရှိသည်။ ထောက်လှမ်းရေးဌာနမှာ အမှုထမ်းခဲ့ဘူးသည် ဆိုသော အမျိုးသား တဦးသည် တရားတော်၏ ဂုဏ်သတင်းကြီးမြင့်မှုကို ကြား၍ ဝင်ရောက်ခဲ့၏။

ထိုယောဂီလည်း တရားကို လေးစားစွာမရှုမှတ်ပဲ ရဟန်းတော်များအား "ဘယ်နှစ်ဝါရပါပြီလဲ၊ ဘာစာမေးပွဲအောင်မြင်ပါသလဲ"ဟုမေးလေ့ရှိ၏။ စင်စစ် ထိုမေးခွန်းများသည် မယဉ်ကျေးလှပေ၊ ရိပ်သာ၌ တရားအားထုတ်စဉ်ကာလများတွင်မူ ပို၍မမေးသင့်လှပေ။

အမျိုးသားများသည် ရဟန်းတော်များနှင့်အတူပင် နံနက် (၈)နာရီမှာ တရားလျှောက်ကြရသည်။ တနေ့သ၌အထက်ပါ ယောဂီသည် ဆရာတော်အား အင်္ဂလိပ်စာ တပိုင်းတစနှင့် တရားလျှောက်လေ၏။ ဆရာတော်သည် မြန်မာအချင်းချင်း မြန်မာစကားကိုသာ ပြောဆိုလေ့ရှိသည်ကို ကြားဘူးဟန်မတူချေ။ လျှောက်သူကလျှောက်လာသောအခါ ဆရာတော်သည် အင်္ဂလိပ်လိုပင် တဆက်တည်း ပြောပြလိုက်လေသည်။ ထိုပုဂ္ဂိုလ်သည် အကုန်နားလည်ဟန် မပေါ်ပါ၊ အင်းအဲ မလုပ်နှင့် နောက်ကာလများတွင် မြန်မာလိုသာ တရားလျှောက်သည်ကို တွေ့ရတော့သည်။

**ဘုရားလျှောက်လျှင်** တရား လျှောက်ရာတွင် ယောဂီသည် အကြွင်းမဲ့ ရှိးသားဖို့ လို အပ်သည်။ မိမိတတ်ကြောင်း သိကြောင်း ကြွားဝါရန် မလိုပါ။ ရာထူး ဂုဏ်သိရ်စည်းစိမ်တို့သည် တရားလျှောက်ရာ၌ နောက်ချန်၍ ထားခဲ့ကြရပါမည်။ ထိုအရာများကိုရှေ့တန်းတင်၍ ကမ္မဋ္ဌာန်း ဆရာတဦးဦးအားသော်လည်းကောင်း၊ ဆရာတော်တပါးပါး အားသော်လည်းကောင်း မဝင့်ဝါသင့်ပါ။ ပထမ အကျိုး ဆုတ်ယုတ်မည်မှာ ကာယကံရှင်သာ ဖြစ်ပါသည်။ ဒုတိယ အကျိုးနည်းမည်မှာလည်း ထိုကာယကံရှင်သာဖြစ်၍ မိမိကိုယ်ကို တူးဖို့ခြင်းနှင့် အလားတူသော ဝါကြွား ပလွှားမှုကိုလုံးဝ ရှောင်ကြဉ်ရပေလိမ့်မည်။ ဤကား မိမိ အနီးကပ် တွေ့မြင်ခဲ့ရ သောပတ်ဝန်းကျင် တစိတ်တဒေသပင်ဖြစ်သတည်း။

၁၃၄၁-ခု၊ ဝါခေါင်လဆုတ် ၁၃-ရက်။
၂၀-၈-၇၉

**တဏှာစေရာ မနေသာ** ယနေ့ တရားဟော ရဟန်းတော်သည် "သံဝေဂ" ရဖွယ် ဟောပြသွားပါသည်။ သံဝေဂ—သံသရာရေးကို ထိတ်လန့်ဖွယ်သောတရား။ ဥပတိဿနှင့် ကောလိတ သူငယ်ချင်း ၂-ယောက် တို့သည် တောင်ထိပ်ပွဲကိုကြည့်ရာမှ သံဝေဂရကာ တရားအရှာ ထွက်ခဲ့

ကြသည်။ ယသ သဋ္ဌေးသားသည် ဇနီးမောင်းမ ကခြေသည်တို့၏ ပိုးစိုးပက်စက် ရှက်ရွံ့ဖွယ်အိပ်မှုကို မြင်တွေ့ရာမှ သံဝေဂရသည်။ သန္တတိအမတ်ကြီးသည် ချစ်လှစွာသော ဇနီးသည် သေဆုံးမှုကြောင့် သံဝေဂရသည်။ ပဋာစာရီသည်လည်း သားသေ လင်ဆုံး ဆွေမျိုးအားလုံးပျက်စီးရာမှ သံဝေဂရသည်။

ဗုဒ္ဓ၏ ဦးရီးတော် သုပ္ပဗုဒ္ဓမှာမူ ၇-ရက်ကြာယင် မြေမျို၍ သေမည်ဟု မိန့်ကြားသည့်တိုင် သံဝေဂမရရှာ၊ သေဘေးကို ကြိုတင်၍ ကာကွယ်ခဲ့သေး၏။

မာဂဏ္ဍီ အမျိုးသမီးသည် ဗုဒ္ဓက အမှန်ဟောသည်ကိုပင် ရန်ငြိုးဖွဲ့ကာ အမျိုးမျိုး ဆဲရေးစေခဲ့သေးသည်။ သံဝေဂရဖို့ကား ဝေးလှသည်။

အဇာတသတ်သည် ဆရာပေါင်းမှား၍ အမိန့်မပေးသင့်သည်ကို ပေးသည်။ အာဏာကို အလွဲသုံးသည်။ ရရှိသည့် ဘုရင့်အာဏာဖြင့် တိုင်းပြည်အတွက် အသုံးမပြု ဘခင်အား သေစေရန်သာ အသုံးပြုခဲ့သည်။ သို့ဖြစ်၍ မှားသည်၊ မှားပြီးမှ သံဝေဂရသည်။ လူမိုက်၏ နောင်တမျိုး။

ရှင်ဒေဝဒတ်မှာ ဗုဒ္ဓရှင်တော်မြတ်က ထုံးပြ၍ ဆုံးမသော်လည်းမရ၊ အမျိုးမျိုးသေကြောင်းကြံစည်သူမှာ ဤရဟန်းပင် ဖြစ်သည်။ ကျောက်မောင်းဆင်၍သတ်ခြင်း၊ နာဠာဂီရိဆင်ဖြင့် သတ်ခြင်း၊ လူသတ်သမားများစွာအား ချိန်ကိုက် လွှတ်ကျင့်၍ သတ်ခြင်းများမှာလည်း ဤရဟန်းပင်ဖြစ်သည်။ အဆိုးဆုံးမှာ သံဃာသင်းခွဲခြင်း။ ဤသို့သော အမှားများစွာကို ကျူးလွန်ပြီးမှ သံဝေဂရရှာသည်။ သို့သော် နောက်ကျလွန်းပြီ၊ သူသည်

ဇေတဝန်ရေကန်ဘေးမှာ ခြေဆေးယင်း မြေမျိုခံရသည်။ ဖမျက်မှစ၍ အစဉ်အတိုင်း ကိုယ်လုံးမြုပ်အောင် အမျိုခံရသည်။ နောက်ဆုံး အချိန်ရောက်မှ "ကြွင်းကျန်သော တပည့်တော်၏ အရိုးတို့ဖြင့် ရှိခိုးပါသည်ဘုရား" စသည်ဖြင့် တောင်းပန်သွားခဲ့သည်။

သံဝေဂယူဖွယ်ဟု မြင်တတ်လျှင် သံဝေဂရလွယ်သည်။ သံဝေဂယူဖွယ်ဟု မမြင်တတ်လျှင် မရ၊ သေသည့်တိုင် မရပါ။

**ခိုးမိလေသောအခါ** တခါက ဗာရာဏသီမြို့တွင် ဝတ်ပန်း ခိုးမှု ဖြစ်ပွားခဲ့သည်။ အခိုးခိုင်းသူက မယား၊ ခိုးသူကား လင်။ ထို ၂-ယောက်ပေါင်းမိ၍ ခိုးမှု အကောင်အထည်ပေါ်ခဲ့သည်။ ထိုခိုးမှုကို ဥယျာဉ်စောင့်များက လက်ပူးလက်ကြပ် ဖမ်းမိခဲ့သည်။ ရိုက်ကြ နှက်ကြ ထိုးကြ ကြိတ်ကြနှင့် ကြည့်၍မကောင်း။ ဒါတောင် ထောင်းသူက ထောင်းလိုက်သေးသည်။

ကားစင်တင်၍ တံကျင်လျှိုကြသည်။ မောင်မင်းကြီးသား၏ အဖြစ်ကို ကိုယ်ချင်းစာ၍ ကြည့်လျှင် မည်မျှကြောက်ဖွယ် လိလိရှိမည်နည်း။ မည်သူမတော အပြုခံရဆဲ ကျီးကန်းသူရဲတို့က လည်း မျက်စိနှိုက်လိုက် ခေါင်းဆိတ်လိုက်နှင့် ဆင်းရဲပဒေသာ ခံရရှာသည်။

သို့သော်—အာဂယောကျ်ား၊ သူကား သည်ဆင်းရဲများကို ဆင်းရဲဟု မထင်သတတ်။ သူထင်သည်ကား သူ၏ ချစ်ဇနီးကလေး ဝတ်ပန်းရောင်ဆိုးပြီး လှလှပပ မဝတ်ရမည်ကိုသာ

ဖြစ်သတတ်။ သံဝေဂယူဖွယ်ဟု မမြင်တတ်လျှင်တံကျင်အလျှို ခံရသူပင် မိမိအဖြစ်ကို သံဝေဂဟု မယူမိပါချေ....။

''ဘယ်အရာကများခံနေရ၍ပေနည်း....''

''တဏှာ....''

တဏှာစေရာ မနေသာ၍ ဖွေရှာဆက်ခဲ့ရသည် မဟုတ်ပါလော။ ဇနီးက ဝတ်ချင်သောတဏှာ လှချင်သောတဏှာဖြင့် ပူဆာသည်။ လင်ယောကျ်ားက အလှကို ကြည့်ချင်သော အလှကို ပိုင်ဆိုင်ချင်သော တဏှာဖြင့်ခိုးသည်။ ထိုသို့ တဏှာစေရာကို မနေသာ မဖြေသာ မနေတတ် မဖြေတတ် မရောင့်ရဲတတ်ကြပဲ ခိုးမိလေသောအခါ ယောကျ်ား သေသည်၊ မယား မုဆိုးမ ဖြစ်ရသည်။

''မကောင်း-မကောင်း၊ ခိုင်းသူလည်း မကောင်း၊ ခိုးသူလည်းမကောင်း၊ ဆက်စပ်သမျှ ဆွေမျိုးများလည်း မကောင်း ဖြစ်ရပေဦးမည်။ သံဝေဂယူဖွယ်၊ ဆင်ခြင်ဖွယ်တို့ပေတည်း''

ဗုဒ္ဓရှင်တော်မြတ်သည် နတ်လူပြဟ္မာ ချမ်းသာရေးအတွက် ခန္တိတရားဟောခဲ့သည်။ စားဝတ်နေရေး သည်းခံအောင့်အီးရမည်။ တပေါ်စတရား ဟောခဲ့သည်။ စားဝတ်နေရေး ချိုးခြံရမည်။ သန္တုဋ္ဌိတရားလည်း ဟောခဲ့သည်။ စားဝတ်နေရေး ရောင့်ရဲရမည်။ ထိုထိုအာရုံတကာတို့၌ သည်းခံတတ်ခြင်း၊ ချိုးခြံတတ်ခြင်း၊ ရောင့်ရဲတတ်ခြင်းများသည် ခုရောနောင်ပါ ချမ်းသာကြောင်းပင်ဖြစ်သည်။ ''ရောင့်ရဲ၊ချိုးခြံ၊သည်းခံကြည့်ပါ''

မရောင့်ရဲ မချိုးခြံ သည်းမခံပါလျှင် အာဏာကို မက်လှသော အဇာတသတ်အဖြစ်မျိုး၊ ဇနီးအလှကို စွန့်ခွါ၍ သေပွဲဝင်ရရှာသော ဝတ်ပန်းသူခိုး အဖြစ်ဆိုးကဲ့သို့ တဏှာ၏ သားကောင်အဖြစ်ဖြင့် အပါယ်ဇာတ်မျောရပေလိမ့်မည်ဟု ဆင်ခြင်ဖွယ်ပါတည်း။

❁

၁၃၄၁-ခု၊ ဝါခေါင်လကွယ်၊ အင်္ဂါနေ့။
၂၁-၈-၇၉

## ဝါခေါင်လကွယ်

**မိုးကိုသိသူများ** စောင်းဆရာသည် မိုးရွာမည်ကိုကြိုတင်သိ၏။ စောင်းကြိုး တင်းလာသောကြောင့်တည်း။

ယားနာ၊ ပွေးနာ၊ ပါဒရက်ရောဂါ ရှိသူတို့လည်း ကြိုတင်သိကြ၏။ မိုးရွာမည်ပြုလျှင် သူတို့၏ ရောဂါများက တစခန်းသာ၍ ဒုက္ခပေးကြလေသည်။ ဥပုသ်သီတင်းသည်တို့ကလည်း မိုးရွာမည်ကိုကြိုတင်သိနိုင်ပြန်၏၊ သူတို့၏သိခြင်းကား လက်၌ကိုင်စွဲ ထားသော ပုတီးကြိုး တင်းသောကြောင့်တည်း။ မျက်မှောက်ခေတ် ဥပုသ်သည်များကား ပုတီး ကိုင်စွဲမှုမရှိကြပေ။ သို့သော် သူတို့လည်း မိုးရွာမည်ကို ကြိုတင်၍သိကြပြန်၏။ ဘယ်လိုသိကြသနည်း။ မိုးလေဝသဌာန၏ ကြေငြာချက်ကြောင့်ပင်ဖြစ်သတည်း။

**ဝါခေါင်မှာရေဖောင်လှ၏** ရှေးရေး မိုးလက်ာအရမှူ''ဝါခေါင် တကြောင်း၊ထနောင်းကြောင်ခြစ် ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း''ဟု ရှိသည်။ ဝါခေါင်လ၌ ထနောင်းတို့ပွင့်ကြသည်။ ကြောင်ခြစ် ပန်းနှင့် ဆူးရစ်ပန်းတို့လည်း ပွင့်ကြ၏။ မိုးကား သည်းထန်စွာ မရွာ။

ယခုနှစ် ဝါခေါင်လမိုးကား အငြိုးကြီးစွာ ရွာသွန်းခဲ့၏။ ချမ်းမြေ့ရိပ်သာအတွင်းရှိ ရေနုတ်မြောင်းသည် တဝေါဝေါ အသံမြည်ဟီးလျက် ကြောက်ဖွယ် စီးဆင်းနေသည်။ မည်မျှ ရေစီးသန်သည်းဟူမူ ဆင်တကောင်ကိုပင် မျောပါသွားစေနိုင် ပေသည်။ ထိုမြောင်းသည် ကမ္ဘာအေးကန်မှလည်းကောင်း၊ ဖုဏ်းကိုကန်မှလည်းကောင်း စီးဆင်းမှုလည်းရှိ၏။ ချော်တွင်း ကုန်းအတွင်းမှလည်းစီးဆင်း၏။ ယင်းကြောင့်လည်း နွေ၊ မိုး၊ ဆောင်း ကာလမရွေး ရေမပြတ်ဟုသိရသည်။

**ကိုယ့်အာရုံကိုယ်ရှာ** ပုထုဇဉ် လူသားတို့သည် မျှော့ကောင် ပမာ ကိုယ့်အာရုံကိုယ်ရှာမှီးလျက် ကာမ ဂုဏ်အညော်ဝလျှင် ဒုက္ခဆင်းရဲကြရရှာ၏။အာရုံကိုခံမင်စွဲလန်း တပ်မက်တွယ်တာချိန်၌ ဘေးရန်မမြင် အန္တရာယ်မသိနှင့် အာရုံ နောက်သို့သာဖြောင့်ဖြောင့်မသွေ လိုက်ပါကြ၏။ မိမိအသက် စည်းစိမ်ခန္ဓာအိမ်လေးကို မြဲသယောင် ထင်မှား၍လည်း အာရုံ နှင့်သာပျော်ပါးနေချေ၏။ စင်စစ်အားဖြင့် ''အသက်စည်းစိမ် ခန္ဓာအိမ်ကား တိမ်ဘခဲနက်၊ ကြည့်ယင်းပျက်သို့၊ မျက်စိ

အောက်တွင် လွင့်ပျောက်စင်၍၊ သခ်ါရစက်၊ သူ့ပိုင်နက်ဥ၊ သွက်သွက်လည်ကာ၊ ပါရရှာသည်၊ ခန္ဓာအနိစ္စပါတကား၊ ဒုက္ခပါတကား၊ခန္ဓာအနတ္တပါတကား''ဟု မသိနိုင်ကြချေ။ ငါး အာရုံ ဘင်အစုနှင့်သာ ခင်မင်၍ နေ့ကုန်ရက်စားကြလေသည်။

ဘုရားအဆူဆူပွင့်တော်မူလျက် မိမိတို့ယနေ့တိုင်ကျန်ရှိနေရ သေးသည်မှာ အာရုံငါးပါးကို ခုံမင်လိုက်စားနေဆဲဖြစ်၍သာ တည်း။ ယင်းလိုက်စားမှုကြောင့်လည်း ထိုအာရုံတို့၏ တုံ့ပြန် သက်ရောက်မှုအရ ဆင်းရဲရရှာသည်။ ပိုးဖလံမျိုး မီးရောင် ကို ရွှေတောင်ထင်မှား၍ တိုးဘိသို့ ကာမဂုဏ် မီးလောင်တိုက် တွင်းသို့ဇွတ်နင်း၍ ဝင်ရောက်တတ်ကြချေသည်။

> ''အမိဝမ်းခေါင်း၊ ဆယ်လညောင်းမျှ၊အောင်းခဲ့ရချေ၊
> တည်သန္ဓေနှင့်၊ လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း၊
> အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊
> မနေနိုင်ခဲ့ကြပါချေ။'' (မဃဒေဝ)

အဘယ့်ကြောင့်နည်း၊ ဆင်းရဲကိုတွေ့ရလျက် ဆင်းရဲဟု မရှု မှတ်ကြသောကြောင့် ဟုသာ ဖြေရပေမည်။ မ ရှု မှတ် လျှင် ဆင်းရဲကိုလည်း မသိ၊ ချမ်းသာကိုလည်း မသိပါ၊ ထိုနှစ်ခု၏ အလယ်အာရုံကိုလည်း မသိနိုင်ပါချေ။ ဤသို့ ကြားဘူးခဲ့၏။ မျောက်တကောင် ဒုက္ခခံစားချင်၍ ရသေ့ထံ သွားပြီး ဒုက္ခ တောင်းရာ ရသေ့က ခွေးတကောင် ထုပ်ပိုး၍ ပေးလိုက်သည်၊ ကန္တာရအလယ်တွင် ဖြေကြည့်ရာ ခွေးစိတ်ဆိုး၍ လိုက်ကိုက်၏၊ မျောက်သည် အမြီးလည်း ပြတ်၏၊ ပေါင်လည်းပဲ့၏၊ သွေး

ချင်းချင်းလည်းရှဲနေပြီ၊ပင်ပန်းမောဟိုက်မှုလည်းဖြစ်ရပြီ၊မသေ ရုံတမယ်သာတည်း။ သို့သော်ဒုက္ခဆင်းရဲကို မသိသေးတကား။

ဒုက္ခဆင်းရဲကို မသိကြခြင်းကား ဤမျှောက်၏ သဘော မျှသာတည်း။ မရှုမှတ်နိုင်ခြင်း၏ အကြောင်းမျှသာတည်း။ အဘယ့်ကြောင့် မရှုမှတ်နိုင်ကြသနည်း မောဟ၏ လွှမ်းမိုးမှု ကြောင့်သာဖြင်သည်။ မှန်သည်၊ အရင်းမူလတဏှာတွင် အဝိဇ္ဇာ နှင့် တဏှာက မူလအကြောင်းကြီး အဖြစ်ဖြင့် ခံတပ်ဆောက် ထား၏။ လူသားတို့သည် ထိုခံတပ်မှနေ၍ ခုခံနေသောအခါ ဓမ္မအလင်းရောင်သည် ရှေသို့မတိုးသာ၊ ထိုခံတပ်လည်း အလင်း ရောင်ရှိရာသို့ မလာနိုင်၊ အလင်းနှင့် အမှောင်ကား သို့လျှင် ဝေးကွာလှတော့၏။ "မြေပြင်ဝေဟင်၊ သမုဒ်ပြင်နှင့်၊ကမ်းပြင် နှစ်ဘက်၊ နေထွက်နေဝင်၊ ထို့ပြင် သူတော်၊ မသူတော်ဟု၊ နှစ်ဖော်ဓမ္မ၊ ဤလေးဝ၊ ဝေးလှသည်သာ"ဟူဘိသို့ ဝေးခြင်း ကြီးဝေးလှလေသည်။

**ကိုယ့်ကိုယ်ကိုသနားပါ မျှားသတ္တဝါ**

"ရေဘေး၊ မီးဘေး၊ ပြည်ပျက်ဘေး ကား ဆယ်ရေး တရေး ကယ်နိုင် သေး၏၊ အိုဘေး၊နာဘေး သေခြင်း ဘေးဟူ၍ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက် သက် ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစ္စာရှင့်..." မာန်လည် ဆရာတော်ဘုရားက ဗုဒ္ဓရှင်တော်မြတ်၏ ကျမ်းဂန် ထွက်စကားကို သို့လျှင် စီကုံးမှာထားခဲ့၏။ သိပ္ပံ ပညာတွေ

မည်သည့်ရာစုနှစ်နှင့်မျှ မတူအောင် တိုးတက် နေသော်လည်း 'သေဘေး' ကိုမူ မကယ်နိုင်ကြသေးပေ။ သေသူများအား ပြာချရန်အတွက် မီးရှို့စက်ပင် တီထွင်ပေးခဲ့ရပြန်သည် မဟုတ်လော။ ထိုစက်သည် ၄၅-မိနစ်ခန့်အတွင်း၌ လူသေတခုလုံးကို ပြာကျအောင် စွမ်းနိုင်လေသည်။ သင်နှင့် လူသားအားလုံးပင် မွေးဖွားခြင်းနှင့်အတူ သေခြင်း တရားလည်း ထပ်ချပ်မကွာ ပါရှိခဲ့သည်။ 'မရဏံ မေဓုဝံ၊ ဇီဝိတံ မေ အဓုဝံ—ငါ၏ သေခြင်းကားမြဲ၏။ အသက်ရှင်ခြင်းကား မမြဲ'ဟူသည်ကို ဆင်ခြင်ရမည်။ နှလုံးသွင်းရပေမည်။ မျက်ကွယ်ပြု၍ မသိကျိုးကျွံပြု နေလျှင် ကိုယ့်ကိုယ်ကို မသနားရာရောက်လိမ့်မည်။

**သနားလျှင်ရှုပေးပါ** လောက၌ ချမ်းသာသူများက ဆင်းရဲသူများကို တွေ့မြင်လျှင် သနားတတ်ကြ၏။ သနား၍ မေတ္တာကရုဏာ ရှေ့ရှုပြီး ထောက်ပံ့ကြ၏။ အားပေးကြ၏။ ချမ်းသာသူတို့၏ ကြည့်ရှုထောက်ပံ့မှုကိုခံရလျှင် ဆင်းရဲသူလည်း ချမ်းသာရသည်။ ထိုရှင်းလင်းလွယ်ကူသော ဥပမာစကား အတိုင်းပင် သတ္တဝါဝေနေယျတို့၏ ဆင်းရဲကို မြင်၍ ဗုဒ္ဓရှင်တော်မြတ်သည် မဟာကရုဏာ ဖြစ်တော်မူခဲ့၏။ ပြင်းစွာ သနားတော်မူ၍ ၄၅-ဝါ ကာလပတ်လုံး မနေမနား တရားဓမ္မများကို ဟောကြားတော်မူခဲ့သည်။ ထိုဟောကြားချက်များသည် သင်နှင့် ကျွန်ုပ်တို့အတွက် ဖြစ်သည် မဟုတ်လော။

ချမ်းသာအစစ်ကို ကိုယ်တိုင်သုံးဆောင် ခံစားတော်မူသော

ဗုဒ္ဓရှင်တော်မြတ်ဘုရားကား ကူညီခဲ့ပါပြီ၊ ထောက်ပံ့ခဲ့ပါပြီ၊ ပေးအပ်ခဲ့ပါပြီ၊ ချီးမြှောက်ခဲ့ပါပြီ၊ မိဘသည်သားသမီးအား အမွေခွဲဝေပေးသကဲ့သို့ မိမိတို့အား အသီးအသီး ပေးအပ်ခဲ့ပြီ။ ကိုယ့်ကိုယ်ကို သနားပါရဲ့လား၊ ငရဲရှိသည်၊ တိရစ္ဆာန်ရှိသည်၊ လူဆင်းရဲရှိသည်၊ လူမွဲရှိသည်၊ လူချမ်းသာရှိသည်၊ ယုံပါရဲ့လား၊ ကိုယ့်ကိုယ်တိုင် ခံစားနေရသော ဆင်းရဲကို ဆင်းရဲဟု မြင်ပါပြီလား၊ မြင်အောင်ရှု။ သိအောင်ရှုလေ။ ရှုသောသူသည် မြင်၏။ မြင်အောင် ရှုနိုင်လျှင် ယခုအဆင့်က ကျော်နိုင်ပေလိမ့်မည်။ မောဟ အဝိဇ္ဇာပိတ်ဆည်းကာကွယ်မှုကြောင့် တဏှာလက်သမား၏ အိမ်ယာ ဆောက်လုပ်မှုကို သင်-မသိကျိုးကျွံပြုနေလျှင် ထိုအိမ်သည် မကြာမကြာ မီး တဆယ့်တမျိုးတို့၏ လောင်မြိုက်မှုကို ခံရပေမည်။ သင်-ကိုယ်မီးကို ငြိမ်းအောင် သတ်ရလိမ့်မည်။ ကိုယ့်ဇာတ်ကို နိုင်အောင် က,ရပေလိမ့်မည်။

## တရက်တည်းပင် အသက်ရှင်ရ သော်လည်း

ယောစ ဝဿ သတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

" ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါပဲ၊ တရာအသက်ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊ တရက်တာမျှ သက်ရှည်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်သာသည်၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း "။

( မဟာစည်ဆရာတော် )

ဗုဒ္ဓရှင်တော်မြတ်၏ဤဟောထားချက်သည် ယောဂီတို့အား ရှုမှတ်မှု အားကောင်းရန် ဖြစ်စေသည်။ မရှုမှတ်ပဲ မနေလင့်၊ ရှုလော့၊ မှတ်လော့၊ ယင်းသို့ ရှုမှတ်ခြင်းသည် ရုပ်နာမ်တရား အစားစားတို့၏ ဖြစ်ပျက်မှုအစုစုကို သိခြင်းကေန် အမှန်ပေ တည်း။ ဖြစ်ပျက်မှုဉဒယဘဉာဏ်ရလျက် အသက်ရှင်ရခြင်းကား တရက်မျှ ရှင်ရသော်လည်း မြတ်၏။ မနုဿတ္တံ သုလဒ္ဓံ ဝတ အစစ်ကြီးဖြစ်၏။ ရခဲလှသောလူ့ဘဝကို ရကြသည့် လူ့ကံ ကောင်းများအား လည်းကောင်း၊ ထိုထက် ရှင်ရဟန်းအဖြစ်ကို ရခဲ့ပေသော ရဟန်းမြတ်များအားလည်းကောင်း 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ မေ့မနေကြနှင့် သတိရှိကြ၊ သတိပဋ္ဌာန် လေးပါးကိုပွားများကြ'' ဟု မိန့်တော်မူခဲ့ပေသည်။ ပရိနိဗ္ဗာန် စံလွန်ခါနီးအချိန်တွင်လည်း သတိရှိကြရန် ထပ်မံ၍ မိန့်တော်မူ ပါသေး၏။ ''ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ''

(မဟာပရိနိဗ္ဗာနသုတ်)

**လက်တွေ့ပျောက်သွားပြီ** ယနေ့ လက္ခယ်ဥပုသ်နေ့တွင် တရား မလျှောက်ရ၊ တရား လျှောက် လျှင်လည်း ယမန်နေ့ကနှင့် ထူးလှသည်မဟုတ်သေး။ ယမန် နေ့က တရားလျှောက်ရာတွင် တနာရီခွဲထိုင်ချိန်(၅)ကြိမ် ထိုင်ခဲ့ ကြောင်းလျှောက်၏။ ပင်တိုင်အရှုခံအာရုံကို ရှုမှတ်နေစဉ်မှာပင် လက်တွေ့ ပျောက်နေကြောင်း ကုဋ္ဌီသို့ ဘယ်လှမ်းတယ်၊ ညာ လှမ်းတယ် အမှတ်ဖြင့်သွားရာ လက်တဘက်ကို လက်တဘက်မှ ဆုပ်ကိုင်ထားလျက် မတွေ့ရ၊ ပြတ်နေဘိသို့ ဖြစ်နေသည်။

**အ**ကြိမ်များစွာလည်း အခြား ပုဂ္ဂိုလ်များအား မြင်တွေ့ရာ၌ ကမောက်ကမဟု ဆိုရလောက်အောင်ပင် အပြတ်ပြတ် အပိုင်းပိုင်းတွေ့ချည်းမြင်နေရသည်။ ထိုအာရုံပေါ်တိုင်း ကြောက်သလို ရွံ့သလိုရှိ၏။ ရံခါ ဝမ်းသာသလို ဖြစ်ပြီး မြောင်းတခုကို ခုန်ကူးရာ၌ ရင်တလှပ်လှပ်ခံစားရဘိသို့ ထိုသဘောလည်း ပေါ်ပေါက်လာတတ်၏။

စောင့်၍ရှုနေရုံနှင့် ဝင်သမျှ ပေါ်သမျှတွေကို သိနိုင်သည်။ ဤ သဘောများမှာ မိမိအား မဟုတ်ဘူးပဲ အခြားပုဂ္ဂိုလ်က ပြောလာလျှင် သုတံ၊ ကြားလိုက်ရ၏သာ အဖတ်တင်ခဲ့ပါမည်။ န ဥပလက္ခိတံ၊ မှတ်ရသော အဖြစ်သို့ရောက်မည် မဟုတ်ပေ။ ယခု မိမိမှာ လက်တွေ့ လုပ်ကြည့်၍သိရပြီ။

**ကံတမလွန်တရားတော်** ယနေ့ဥပုသ်နေ့တွင် ကံတမလွန်တရားတော်ကိုဟောသည်။ တခါက ကြယ်ငါးပွင့် အမှုထမ်းများအား ၃-နာရီကြာ ဟောခဲ့ဘူးသည်ဟု မိန့်သည်။ ယနေ့တရားပွဲကား အဆီအနှစ်ပြည့်ဝလှ၏။ ဓမ္မရသပေါ်အောင် နာရ၏။ "သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ" ကျမ်းရှိစကားမှာ မှန်လှန်းလှပေသည်။ 'ချင်ဝိတ်'ကိုရှုပါ။ စာတွေ့နာတွေ့မဟုတ်ဘူး၊ ကိုယ်တွေ့ တွေ့လာမည်ဟု မှတ်သားရ၏။ ယနေ့ ဆောင်ပုဒ် သုံးပုဒ်လည်း ရခဲ့၏။

(၁) တောတောင်အရိပ်၊ သစ်ပင်အရိပ်၊ တိတ်ဆိတ်ရာမှာနေ။

(၂) မပြတ်ရှုကြ၊ မမေ့ရ၊ နှောင်တကင်းကြစေ။

(၃) ကောင်းစွာဟောကြား၊ဤတရား၊ ဘုရားဆုံးမပေ။

**အသက်ရှည်ဆေး တွေ့ပြီ** ဩကာသဖြင့် ကန်တော့ပြီးတိုင်း ၃၅-သန်းကျော်ရှိသော မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် အများတို့သည် အသက်ရှည်ကြာအနာမဲ့ကြောင်း ဆုတောင်းကြသည်ချည်းပင် ဖြစ်ကြ၊ သည်။ စတုမဓုကို လျှုရသောကောင်းမှုကြောင့်၊ ဘားပလက်ဆေးကို လျှုရသောကောင်းမှုကြောင့်၊ ဆေးရုံသုံးပစ္စည်းများကို လျှုရသောစေတနာကြောင့် အသက်ရှည်ရပါလို၏ဟုပင် မြွက်ဆိုတတ်ကြသည်။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး သာသနာထောက်ပံ့မှုများ၌ ဆုတောင်းကြသည်ကားဆိုဖွယ်မရှိတော့ပြီ။

ဘာ့ကြောင့် အသက်ရှည်ချင်ကြသနည်း၊ **ဘဝနိကန္တိက** လောဘဇောခေါ် သတ္တဝါမှန်လျှင် မိမိတို့၏ဘဝကို နှစ်သက်တွယ်တာတတ်သောကြောင့်ဟုပင် ရိုးရိုးလေး အဖြေ ထွက်လာပါသည်။

''မရဏာသ အ ဘယာနကသတ္တော နာမ နတ္ထိ'' သေခြင်းကို ကြောက်ရွံ့မှုကင်းသူမရှိ ဟူသော စကားတော်အတိုင်းပင်သေမှုကိုကြောက်၍ ရှင်မှုကို တောင့်တကြခြင်းပင် ဖြစ်သည်။ ယင်းတောင့်တခြင်းနှင့်ထပ်တူ ကြောင့်ကြကြသည်များကား သန်းပေါင်းများစွာသော ကမ္ဘာ့လူထုကြီးတရပ်လုံးပင်ပါဝင်လေသည်။ သို့ဖြင့် အသက်ရှည်ဆေးအမျိုးမျိုး ဖော်စပ်ကြရောင်းချကြနှင့် တချို့ဆေးဖော်စပ်သူ ကုမ္ပဏီတို့ကား သူတို့၏ဆေး စွမ်းအား များကြောင့် ကင်ဆာ ဖြစ်ပေါ်စေခြင်း၊ ကိုယ်ဝန်ပျက်ကျစေခြင်းတည်းဟူသော ချက်ချင်း ရောဂါရလက်ငင်းသေလွန်ကုန်ကြသဖြင့် မိမိတို့ ဆေးများကို လိုက်လံ

သိမ်းရခြင်း၊ တရားစွဲဆိုလာသူများအား လျော်ကြေး ပေးရခြင်းဖြင့် လက်မှိုင်ချကြရရှာလေသည်။

**ဗုဒ္ဓက ဒီလိုဟောတယ်** ကံ စိတ် ဥတု အာဟာရ ဤလေးပါးတွင် တခုခု ချို့ယွင်းပါက အသက် တိုနိုင်သည်၊ ချို့ယွင်းမှုမရှိပဲ အချင်းချင်း အညမည ပစ္စည်းတပ်နေပါမူ အသက်ရှည်နိုင်သည်။

အတိတ်ဘဝမှ သတ်ဖြတ်မှုကံ အားကြီးသူများ ယခုဘဝမှာလဲ သတ်ဖြတ်မှု အားကြီးသူများသည် မုချပင် အနာရောဂါများရ၍၊ အသက် တိုရ၍၊ မရှုမလှ ကွယ်လွန်ကြရရှာသည်၊ မကောင်းမှုသည် မကောင်းကျိုးကို ပေးခြင်းပင် ဖြစ်သည်။

ဝိက္ခိတ္တကစိတ္တ=စိတ်ပျံ့လွင့်သူများ (ဝါ) စိတ္တဇ ရောဂါသည်များဖြစ်လာလျှင် အကောင်းအဆိုး မသိကြတော့သဖြင့် မိမိအသက်၏ တန်ဖိုးကို မသိနိုင်၊ စောင့်ရှောက်ကာကွယ်မှုလည်း မပြုနိုင်တော့ပေ။ "စိတ်ဆင်းရဲသူများ အသက် တို၍ စိတ်ချမ်းသာသူများ အသက် ရှည်နိုင်သည်။ အသက် ရှည်သူတိုင်းပင် တရားတခုခုကိုလက်ကိုင်ထားမိကြသဖြင့် စိတ်ချမ်းသာနေကြခြင်းပင် ဖြစ်သည်"။

ဥတု—အချမ်းအပူ ဥတုသပ္ပာယ မျှတအောင် နေတတ်မှ အသက်ရှည်မည်၊ မနေတတ်လျှင် တိုမည်၊ ဥတု သဘောကို လိုက်လျောစွာ နေတတ်မှ အာယုဝဍ္ဎနဆေး စားရခြင်းမှ လွတ်မည်။ ဥတု သဘောကား အတိတ်ဘဝမှ ဆောင်ယူခဲ့သော အရာမျိုးမဟုတ်သဖြင့် ယခုဘဝမှာပဲ ပူ+အေး သင့်တင့်စွာ ရွေးတတ် နေတတ်မှ အသက်ရှည်မှု ကြောင်းတခု ဖြစ်သည်။

အာဟာရ—သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ ကျမ်းလာ စကားအတိုင်းပင် မည်သည့်ကမ္ဘာမည်သည့်ဘုံနန်းက သတ္တဝါပဲ ဖြစ်ဖြစ် အာဟာရကို မှီခိုရသည်ချည်းပင်ဖြစ်သည်၊ နတ်ဩဇာ မှီဝဲနေကြသော နတ်များပင် အချိန်မှန် စားသုံးမှု မပြုလျှင် နတ်သက်ကို ပျက်ပြားစေတတ်ပေသည်။ လူသားတို့မှာမူ အစာ ဆန်းပြားမှု၊ အစာအဆိပ်ဖြစ်မှု၊ အစာအာဟာရမလုံလောက်မှု များကြောင့် အသက်တိုနိုင်သည်၊ ချက်ချင်း လက်ငင်းပင်လျှင် သေလွန်နိုင်သည်။ သို့ရကား ဗုဒ္ဓဟောတော်မူသော သမ္မပ္ပဓာန် လေးပါးကို မျှတလျော်ကန်အောင် အသုံးချတတ်ပါမှ အသက် ရှည်နိုင်မည်ကို သတိရသင့်လှတော့သည်။

**ဘိုးဘိုးသက်ရှည် ဖွားသက်ရှည်များ** နတ်မောက် မြို့နယ်မှ နဘူးတောင်ရွာ၊ သက်ရင်းတော ရွာများသို့ ရောက်ခဲ့စဉ်က ဖြစ်သည်။အသက် ၉၀-ကျော်လျက်သွမ်း ချက်လောင်းနေနိုင်သော အဘွားဒေါ်ရွှေနှစ်ဆိုသူ ဒါယိကာမ ကြီး တဦးအား တွေ့ခဲ့ရသည်။

ထိုအဘွားကြီးသည် မြန်မာ့ ယဉ်ကျေးမှုနှင့် ပတ်သက်၍ အင်မတန် ရှေးဆန်လှသည်၊ ဗျန်နံ့လုံချည်ကို အမြဲဝတ်သည်၊ (ဗျန်နံ့လုံချည်ဟူသည် ရှေးမြန်မာအမျိုးသမီးများဝတ်ဆင်သော ကိုယ်ဝတ်လုံချည်ဖြစ်သည်၊ ရဟန်းတော်များ၏ သင်းပိုင်ကဲ့သို့ ဖြစ်သည်။) ဘာသာရေးနှင့်ပတ်သက်လျှင်လည်းထိခြင်းငါးပါး နှင့်ရှိခိုးလေ့ရှိပြီး ရတနာသုံးပါးကိုင်းရှိုင်းလှသည်။ထိုအဘွား၏ အသက်ရှည်ဆေးကား....

မေတ္တာပို့ခြင်း၊ ဥပုသ်သီတင်းစောင့်သုံးခြင်း၊ဣဿာမစ္ဆရိယ၊ ဩျစူဝန်တိုမှု မရှိခြင်းများပင်ဖြစ်သည်။ မေတ္တာတန်ခိုးကြောင့် မြွေရန်မှ လည်းကောင်း၊ ခွေးရူးရန်မှ လည်းကောင်း ထူးထူး ခြားခြား လွတ်ကင်းခဲ့ပုံများပါသိရသဖြင့် ကပ်သုံးပါးမှ ဝေး ကွာလိုသူတိုင်း ဆုတောင်းယင်း လက်တွေ့ကျင့်ပြီး လက်တွေ့ ကျင့်ယင်း ဆုတောင်းသင့်လှသည်။

ဒဟတ်ကုန်းရွာမှ ဆရာတော်ကြီးနှင့် ပေကုန်းမှ ဆရာတော် ကြီး စာရန်အိုင့်ရွာမှ ဆရာတော်ကြီး(ဆောင်းပါးဖြင့် တင်ပြ ပြီး)များလည်း ဗုဒ္ဓဟောတော်မူသော နည်းနာနိဿယများကို ကျကျနန ခံယူကာ လက်တွေ့ ကျင့်သုံးနေထိုင်ကြသဖြင့် အနာ ကင်းရာ အသက်ရှည်စွာ နေကြရကြောင်း ကောင်းသတင်း ပါးချင်သည်။

## ပြောပြပါမည်

ဘိုးသက်ရှည် ဘွားသက်ရှည်တို့ အသက်ရှည်ကြရာတွင်—

(၁) စိတ်ကောင်း နှလုံးကောင်း ရှိကြသည်၊ ပြောမှုဆိုမှု များ၌ သောဝစဿတာဂုဏ် ရှိကြသည်၊ နူးညံ့ ပြေပြစ်မှုရှိသည်၊ ဝန်တိုမှု ဩျစူမှု ကင်းကြသည်၊ မိမိပိုင် ရှိပစ္စည်းများဖြင့် ရောင့်ရဲကြသည်၊ သန္တုဋ္ဌိ မင်္ဂလာနှင့်ပြည့်ဝကြသည်။

(၂) အများ ချမ်းသာရန် စွန့်ကြဲလေ့ရှိဟည်၊ ရေအိုး ရေချမ်းစင် တည်တင်ကြသည်၊ မကောင်းမှုကို ရာဇဝတ်ဘေးမှ လည်းကောင်း၊ သံသရာဘေးမှ

လည်းကောင်း ကြောက်ရွံ့၍ ကင်းရှင်းစွာ နေကြသည်။

(၃) အချမ်းအပူအတွက် မျှတစွာ နေထိုင်ဝတ်ဆင်တတ်ကြသည်၊ ဆောင်းဥတု၌ ယာဂု သုံးဆောင်မှီဝဲလေ့ရှိကြသည်၊ ပျားရည်နှင့် မန်ကျည်းသီးမှည့်ရော၍လည်း ဆောင်းဝမ်းနှုတ်ဆေးအဖြစ် မှီဝဲကြသည်၊ ဆန်းပြားသော အစာများ မစားကြပေ။

အိုဘယ့် .... ဘယ် အိုဘယ့် စာရှုသူ စာရေးသူတွေ့သော အသက်ရှည်ဆေးကား အခနောက်တိုင်းဖြစ်မဟုတ်ပါ၊ မြောက်ဘင်ရိုးစွန်းမှလည်းကောင်း၊ တောင်ဝင်ရိုးစွန်းမှလည်းကောင်း ဖော်ယူစပ်ထားခြင်းမျိုးလည်းမဟုတ်ရိုးအမှန်ပါ၊ ဟိုမှန်းခုတ် အမျိုးမျိုးနှင့် ဖော်စပ်ခြင်းလည်းမရှိပါ။ ဗုဒ္ဓဘုရားဟောကြားတော်မူသော "**သဗ္ဗ ပါပဿ အကရဏံ**" မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်း၊ "**ကုသလဿ ဥပသမ္ပဒါ**" ကောင်းမှုသုစရိုက်ကို ဆောင်ထားခြင်းနှင့် "**သစိတ္တပရိယောဒပနံ**" မိမိစိတ်ကို ဖြူစင်ဖြောင့်မတ်အောင် ထားခြင်းတို့ပင်ဖြစ်သည်။

ဤဆေးနည်းများသည် စာရေးသူတို့ နိုင်ငံမှာပင် နှစ်ကြိမ်တိုင်တိုင်သံဂါယနာတင်ကာဖော်စပ်ထားပါသဖြင့် အလွန်ပေါဘိသည်၊ ဗုဒ္ဓဘုရား၏ ကရုဏာတော်ကြောင့် ပေါခြင်းပါ၊ ထို့ကြောင့် **တကယ်ဘမ်း အသက်ရှည်ချင်ယင်ဖြင့် အဟုတ်လုပ်ကြည့်ပါဟုသာ နိဂုံးချုပ် တိုက်တွန်းလိုက်ပါသည်** ....။

---

**မှတ်ချက်**။ ဤဆောင်းပါးသည် ဗုဒ္ဓခန္ဓာကာ စာစောင်တွင် ၁၃၄၁-ခု၊ ဝါခေါင်လကွယ်နေ့၌ ဖော်ပြပြီးဖြစ်သည်။

SEPTEMBER 1979
20th THURSDAY

၁၃၄၁ ခု၊ တော်သလင်းလကွယ်၊ ကြာသပတေး။

[illegible]

[illegible]

[illegible]

[illegible]

၁၄၄၁-ခု၊ တော်သလင်းလဆန်း ၄-ရက်။နေ့။
၂၅-၈-၇၉

**ယင်းမာကြိုင်သင်း တော်သလင်း** ယင်းမာ သင်းသည့် တော်သလင်းလ ရောက်ပေပြီ၊ နေမင်းကလည်း ပူပြင်းလှသည်။ ပူတယ်လေ ဆယ်နေကဲ့ဟုပင်ဆိုရပေမည်။ ကောင်းကင်ဟင်ခွင်တွင်မူ တိမ်ဂွမ်းဆိုင်ကြီးများသည် တောင်မှသည် မြောက်သို့ တအိအိရွေ့ရှားနေကြသည်။ မြစ်ပြင်တွင်မူ သင်ဖြူးခင်းထားသကဲ့သို့ ရေပြင်သည် ငြိမ်သက်နေပေလိမ့်မည်။

"အော် သည်ရာသီ, သည်လ-သည်အခါ သမယ ဆိုပါကသည်သို့ပင် ယင်းမာတို့ ပွင့်ကြသတတ်၊ တိမ်ဂွမ်းဆိုင်တို့ရွေ့ရှားနေကြသတတ်၊ မြစ်ပြင်သည် ငြိမ်သက်နေသတတ်" ဤသည့် နိယာမကို စဉ်းစားမိတော့ မိမိ၏ရှုမှတ်ဆဲ ဓမ္မနိယာမကိုလည်း မမိုတ်မသုန် ယုံကြည်ရပြန်သည်။

ဓမ္မသဘောတွင် ပူလောင် စေတတ်သော တရားများ၊ ညစ်နွမ်းစေတတ်သော တရားများ၊ အေးမြ စေတတ်သော တရားများ၊ ဖြူစင်စေတတ်သော တရားများသည် အမှန်ပင်ရှိသည်၊ ထိုတရားများသည် သူ့လက္ခဏာအတိုင်းရှိကြ၍ သူ့သဘာဝအမှန်အတိုင်း အကျိုးပြုကြပေသည်။

ပူလောင်စေတတ်သော တရားမျိုးကို ပြုမိချေက ထိုတရားသည် ယောကျ်ားသော-မိန်းမသော ညှာမည်မဟုတ်၊ ပူလိမ့်

မည်သာ။ အာဏာရှိသော, မရှိသောဟူ၍လည်း ခွဲခြမ်းနေမည် မဟုတ် ပူလိမ့်မည်သာ ဖြစ်သည်။

"ညစ်နွမ်းစေတတ်သောတရားဆိုးကလည်း သူ့ကိုခင်တွယ် ဖက်လှဲ၍ မျိုးတူးပျော်ပါးမိချေက မှန်သော နိယာမအဟုန်ဖြင့် တုံ့ပြန်မည်ဖြစ်သည်။ ယောကျ်ား-မိန်းမ၊ ဘုန်းကြီး-ရဟန်း၊ အာဏာရှိ-မဲ့ဟူ၍ ညှာတာရွေးချယ် ခွဲခြမ်းလိမ့်မည်မဟုတ်ပေ"

"အေးမြသောတရားနှင့် ဖြူစင်သော တရားများကလည်း သူ့ကိုယုံကြည်၍ ကျင့်ကြံပွားများအားထုတ်ပါလျှင် အစွမ်းကုန် အောင် အကျိုးပေးကြပေလိမ့်မည်။ အေးမြစေလိုသောသဘော ဖြင့် ပြုမူလျှင် မိမိသူတပါး နှစ်ဦးသားလုံး အေးမြမည်၊ ဖြူစင် စေလိုသောသဘောဖြင့် ပြုမူလျှင်လည်း ထို့အတူနှစ်ဦးသားလုံး ဖြူစင်မှုကို ရရှိကြပေမည်"။

အဘိဓမ္မာကျမ်း၌ "**သုက္ကာ ဓမ္မာ ကဏှာ ဓမ္မာ**" ဟူ၍ဟော တော်မူထားသည်ကို သတိရမိပါသည်။ ဖြူစင်သောတရားနှင့် မဲညစ်သောတရား။ ငါဒ္ဓရှင်တော်မြတ်သည် သုတ်ကိုလည်း ကောင်း၊ အဘိဓမ္မာကိုလည်းကောင်း၊ ဝိနည်းတရားကိုလည်း ကောင်း ဟောတော်မူခဲ့ပေပြီ။ ထိုတရားမှန်များကို မိမိတို့ ဝေနေယျသတ္တဝါအများအတွက်ဟောတော်မူခဲ့ခြင်းဖြစ်သည်။ မိမိတို့သည် ယုံကြည်စွာဖြင့် ရှုမှတ် ပွားများ ကျင့်ကြပါလျှင် သန္ဒိဋ္ဌိက-မျက်မှောက်ဘဝမှာပင် အကျိုးခံစားရပေမည်။

၁၃၄၁-ခုနှစ် တော်သလင်းလဆန်း ၅-ရက် တနင်္ဂနွေနေ့။
၂၆-၈-၇၉

**ချမ်းမြေ့ကြည်ဖြူ** တရားမှတ်၍ ဖြောင့်သည်။ ထိုင်ချိန် ၂-နာရီရလာပြီ။ အသေးစိတ်များလည်း အတော်မှတ်၍ရနေပြီ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်လည်း အကြိမ်ကြိမ်။

အကျိုးကို မြင်သဖြင့် အကြောင်းကိုဆင်ခြင်မိသည် ထိုအခါ သံယောဇဉ်မရှိသောအဖြစ်ကိုသတိပြုမိသည်။ တစုံတခု ပယ်သတ်၍ကား မဟုတ်ပါ။ အပြစ်ဟုမြင်၍ သံယောဇဉ်မဖြစ်မိအောင် ထိန်းသိမ်းထားသောကြောင့်ပင် ဖြစ်သည်။ ထိုထိန်းသိမ်းမှု မြဲနေသောအခါ ချစ်သော ခင်သော တွယ်တာရသောအဖြစ်သို့ မရောက်နိုင်တော့။

"**ရဟန်းသာမဏေဘဝတွင် သံယောဇဉ်ဟူသည်ရှိသလော**" ဟု မေးကြပေမည်။ ရဟန်းတို့၏ သံယောဇဉ်ဟူသည် လူတို့၏ သံယောဇဉ်နှင့်ကားမတူ။ ထိုမတူသောသံယောဇဉ်ကား အနည်းအများဆိုသလိုရှိတတ်ကြပါသည်။ အဘယ်နည်း၊ ကျောင်းကန် အာဝါသနှင့် တပည့် ဒကာ ဒကာမများပင် ဖြစ်သည်။

ဒကာ ဒကာမများနှင့် ပတ်သက်၍ ဟောထားသည်မှာ 'ကုလေသု - ဒကာ ဒကာမတို့၌၊ အနနုဂိဒ္ဓေါစ - မတွယ်တာ မကပ်ငြိရခြင်းလည်းကောင်း' ဟု မေတ္တသုတ် ပရိတ်တော်တွင် ပါသည်။ တွယ်တာကပ်ငြိမှုသံယောဇဉ်ရှိနေလျှင် ထိုသံယောဇဉ်

တို့၏နှောင်ဖွဲ့မှုကိုခံရပေမည်။ ထိုအခါ မလွတ်လပ်၊ မလွတ်လပ်လျှင် အကျင့်မြတ်ပဋိပတ်ကို ဘယ်သို့လျှင် ကျင့်ကြံ ရှာဖွေနိုင်မည်နည်း။

ဤအရှင်တွင် ယနေ့ထိ ငါ့ဒကာဟူ၍ စွဲစွဲမြဲမြဲ ညွှန်ပြရန် မရှိသေး၊ သွားလိုရာအရပ်သို့ မသွားပါနှင့်ဦးဟု တားမြစ်နိုင်မည့်ဒကာ မရှိသေးပေ။ ထိုသို့ မရှိသဖြင့်လည်း မိမိသည် ကေစာဆန်ပါသည်၊ ငင်စစ် ရဟန်းဘဝသည် အမှန်ပင် ကေစာဆန်လှသည်။ ထိုကေစာဘဝတွင်ဓမ္မနှင့် ပျော်မွေ့ရန်မှတပါး အခြားနည်းလမ်းမရှိချေ။

ရဟန်းငယ်ဘဝ ၄-ဝါနှင့်ပင် မန္တလေးမြို့နန်းဦး ကျောင်းတိုက်၌ကျောင်းရခဲ့၏။ ၂-သောင်းတန် ကျောင်းသည် ရေမီး ပြည့်စုံသဖြင့် နေပျော်သည်။ သို့ရာတွင် ကျောင်းကိုလက်ခံသဖြင့် ကျောင်းမှရရှိမည့် ဒုက္ခဆင်းရဲကိုမြင်ကာ ငြင်းပယ်ခဲ့သည်။

ဆရာသမားတို့ကမူ ကျောင်းလက်မခံ၍ ကြည်သာတော်မမူကြ။ လောကီနယ်တွင် မိဘပေးစားသည်ကို ငြင်းပယ်သော သားသမီးကဲ့သို့ ဆရာသမား၏စိတ်ကွက်မှုကို အနည်းငယ်ခံစားရ၏။ သို့သော်လည်း **'ငါရဟန်းပဲ၊ သပိတ်တလုံး သင်္ကန်းသုံးထည်ရှိနေသမျှ သာသနာမှာ နေနိုင်သည်'**ဟု ရဲရဲဆုံးဖြတ်၍ ယုံကြည်စွာ ရပ်တည်ခဲ့၏။

ရဟန်း ၉-ဝါအရတွင်မူ ''ကျောင်းထိုင်ရမည်''ဟုဆိုကာ မိမိ၏ငယ်ဂုဏ်ကိုဗန်းပြ၍ အမြတ်ထုတ်ခံရပြန်သည်။ သို့တစေ

သာသနာပြုစိတ်ထားဖြင့် တတ်စွမ်းသရွေ့ဆောင်ရွက်ကာစွန့်ခဲ့ပါ ခဲ့၏။ စင်စစ် ကျောင်းနှင့်ပတ်သက်၍ ပူးတုံခွါတုံပြုကြည့်ဘူးပြီ ဖြစ်၍ ကေစာရဟန်းဘဝလောက် မကောင်းသည်ကိုသာတွေ့ ရ၏၊ မပျော်မွေ့သည်ကိုသာ တွေ့ရပါ၏။

**ဘုရားမြတ်စွာ** ဤကေစာဘဝဝယ် အိမ်စဉ်ရပ်၍ "ဆွမ်းကြမ်းရာကျော်ငါးပိရေဖျော်နှင့် ဘုဉ်းပေးရသော်လည်း စိတ်မှာ ပျော်မွေ့သည်"။ ဓမ္မစာပေကို ပီတိသုခသောမနဿ ဇောအတန်တန် ကြွလျက် ခံစားနိုင်သည်။ အလောင်းတော် တေမိမင်းသည်ပင် သစ်ရွက်သစ်ဖုတ့်ဖြင့် ပြီးသော အာဟာရကို မှီဝဲသုံးဆောင်ခဲ့သည်မဟုတ်လော၊ ငါက ဘာမှုရမည်နည်း။

မိမိနှင့်ဘဝတူဖြစ်သော ကေစာဘဝ ရဟန်းသမဏတို့ သိရှိစေရန် ဘဝမှန်တခုကို ပြောချင်မိသည်။ မိမိ၏ ကေစာဘဝ ဝယ် သက်န်းချုပ်၍ဝတ်ရ၊ ဖာ၍ဝတ်ရသဖြင့် ဆင်းရဲလှသည်ဟု လူ့အမြင်ဖြင့် မြင်ကြသည်၊

စင်စစ် သင်္ကန်းချုပ်၍ ဝတ်ခြင်းသည် ကောင်းသည်။ ဖာထေး၍ ဝတ်ခြင်းလည်း ကောင်းသည်။ ထိုအရာသည် တကြိမ်ကရဟန်းတပါးအား ဘုရားမြတ်စွာပင် သာဓုခေါ် နှစ်သက်စေပါသည်။ သို့ဖြင့် ကောင်းသည်ဟု မိမိခံယူဖွင့်ပြောရပါသည်။

သင်္ကန်းကောင်းကောင်းရရန် အပြော ကြွယ်ရသည်ထက် စာသော် ရှိပြီးသင်္ကန်းအိုကိုချုပ်၊ ဆိုး၊ ဖာထေး၍ဝတ်ရုံရခြင်းသည် အမှန်ပင် ရဟန်းကိစ္စ နှစ်မှုရအတွက် အားတက်ဖွယ်ရာ

ဖြစ်သည်။ ဤတာဝန်များ ဆောင်ရွက်နိုင်ရန်မိမိတို့ ကေစာ လွင်ပြင်ဝယ် မည်သည့်သစ်ပင်မှ အပေါက်မခံသင့်ပေ။ သစ်ပင် ပေါက်သော် ခက်လက်ဝေဆာ၍ သီးပါမည်။ ထိုအခါ လူခပ် သိမ်းတို့၏ ပုတ်ခတ်ခြင်းကိုခံရပါမည်။ သစ်ပင်ကား သမုဒယ သံယောဇဉ်၊ အသီးကား မီးတဆယ့်တပါးတည်း။

မိမိသည် ခဝါပြန်ဆိုးထားသော သမိုင်းပေါ်ပလင်သင်္ကန်း ကို သပ်ရပ်စွာ ဝတ်ရုံလျက် ဗုဒ္ဓရှေ့တွင် ရှမှတ်မှုဖြင့် ထိုင်သည်။ ဖြည်းဖြည်းချင်း ဦးချပြီးသော် သတ္တဌာနဘုရားရှိခိုးဖြင့် ရှိခိုး မိမိသည်။ ထိုဘုရားရှိခိုးကို ငယ်စဉ်ကပင် ရရှိခဲ့သည်။ ယနေ့ တွင်မူ ‘ချမ်းမြေ့’ စကားလုံးလေးများ အမှတ်ထင်ထင် စွဲ၍စွဲ၍ ကျန်နေပါသည်ကို သတိပြုမိသည်။

“ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊
ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊
ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်”....
“ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊
ချမ်းမြေ့စိုညီ၊ လုမ္ဗိနီဥ၊ မဟီလိုက်ဆူ၊
ဖွားတော်မူသည်”....
“ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊
ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်”....
“ကုသိန္နာရုံ၊ အင်ကြင်းစုံဥ၊
ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊
ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်”....

"ထိုခုနှစ်နေ့၊ သာချမ်းမြေ့ကို၊
ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်"....

ယင်းသို့ အာရုံယူလျက် ရှိခိုးနေသောအခါ ဘ၀င်ချမ်းမြေ့ ပျော်မွေ့လှတော့သည်။ မိမိနှင့်သက်တူရွယ်တူငယ်သူငယ်ချင်းတို့ ဆိုပါမူ သားတွေကဆော့ သမီးတွေကနှော့သဖြင့် မိမိလို ချမ်းမြေ့နိုင်ကြမည်မဟုတ်ပါ။ မိမိသည် မရှိခြင်းကြောင့် ရလာ သောချမ်းမြေ့မှုကို အသုံးပြုလျက် တနေ့တာ ၀ိပဿနာလုပ်ငန်း ကို ပြောင့်တန်းစွာ ရှုမှတ်နိုင်ခဲ့ပါသတည်း။

မရှိဖော်ရွေ ကိုယ်တည်းနေ၍ လောဘမစော လူမနှော့ပဲ နေရခြင်းကား လွတ်လပ်ပေစွ၊ မြင့်မြတ်ပေစွ။ အော်....ရဟန်း ဘ၀ ကောစာ ချမ်းမြေ့မှုပေတကား....။

၁၃၄၁-ခု၊ တော်သလင်းလဆန်း ၆-ရက်။
၂၀-၇-၇၉

ဦးဇင်းဖုဏ်းကို ဦးဇင်းဖုဏ်းကို သူ၏နာမည်ရင်းမှာ ဦးခင် မောင်ဖုဏ်းကို ဖြစ်သည်။ ဒုလ္လဘ ရဟန်းခံ၍ ၀ိပဿနာတရားအားထုတ်သောအခါ သူသည် မိမိနှင့် ဆရာတူ တပည့်အဖြစ် ဆုံမိတော့သည်။ သူသည် အင်္ဂလန်ပြည်သို့ ပညာ

တော်သင် သွားရောက်ဘူးသည်။ ဗိသုကာ အတတ်ပညာကို ကောင်းစွာတတ်သည်။ သူသည် B. Sc. (London), Dip. of Photogranetrg, M. Sc. (Glasgow)· ဘွဲ့ကိုလည်းရရှိပြီး ဖြစ်သည်။ ချမ်းမြေ့သိမ်ဓမ္မာရုံတွင် စေတနာ ကုသိုလ်သည် အဖြစ်ပါဝင်ဆောက်လုပ်သည်။ ဤဓမ္မာရုံမှာနှစ်ပေါင်း ၅၀၀-ခိုင်မည်ဟု စက်မှုတက္ကသိုလ်မှ ပါမောက္ခတဦးက ဆိုသည်ဟု သိရသည်။ ထိုသို့ခိုင်ခံ့အောင်လည်း ခေတ်သစ် ဆောက်လုပ်ရေး နည်းပညာတို့ဖြင့် သုံးစွဲထားကြောင်း သိရသည်။

**ကုသိုလ်ရှင် အမျိုးသမီး** ချမ်းမြေ့ ဓမ္မာရုံသိမ် ပုံစံကို အမျိုးသမီးပညာရှင်ဗိသုကာ **ဒေါ်ဝင်းဝင်းသန်း**က ရေးဆွဲသည်။ အခြားအမျိုးသမီး မြို့ပြအင်ဂျင်နီယာ ဒေါ်ခင်လေးဖြူလည်း ဆောက်လုပ်ရေးပညာရပ်များဖြင့်ပါဝင် ကုသိုလ်ပြုသည်ကို တွေ့ရသည်။ ဤ အတတ်ပညာရှင် မြန်မာ အမျိုးသမီးများသည် ဘာသာတရားကိုလည်း ရိုသေကိုင်းရှိုင်းလှသည်။

ယနေ့ဆိုပါမူ ဦးငင်းဖုဏ်းကို ရဟန်းဝတ်သည်မှာ ၅-ရက်မျှ ရှိလာပေပြီ။ သူသည် ဆရာတော်၏ ညွှန်ကြားမှုဖြင့် သတိပဋ္ဌာန် နည်းကျ ရှုမှတ်အားထုတ်သည်။ ငြိမ်သက်စွာထိုင်သည်။ ဖြောင့်တန်းစွာ စင်္ကြံလျှောက်သည်။ သာသနာရေးကို စိတ်ဝင်စားပြီး ဘာသာတင့်တယ်၍ ထိပ်တန်းကျမှုကို လိုလားသော ဒကာတဦးပင် ဖြစ်သည်။

"တပည့်တော်တို့နိုင်ငံမှာ ဗုဒ္ဓဘာသာ အမြစ်တွယ်တာ ဘယ်လောက် ကြာပြီလဲဘုရား" ဦးဇင်းဖုဏ်းကို၏ လွယ်ခက် မေးခွန်းဖြစ်သည်။

"အနော်ရထာ မတိုင်မီက ဘယ်လောက်ကြာမှာ ဗုဒ္ဓဘာသာ ရောက်တယ်ဆိုတာတော့ မသိဘူး၊ အနော်ရထာ စိုးစံချိန်က အမြစ်တွယ်တာကို စ-ရေယင်တော့ နှစ်ပေါင်း ၉၃၀-ကျော်လောက် ရှိပြီလို့ သိရတယ်...."

"ဒါဆိုအတော်ကြာပြီပေါ့ဘုရား...."

"ဟုတ်ပါတယ်၊ သက်တမ်းရှည် သမိုင်းကြောင်း တခု ပါပဲ...."

"ဗုဒ္ဓဘာသာ မူလအိန္ဒိယမှာမတည်ပဲ တပည့်တော်တို့ နိုင်ငံမှာ ဘာကြောင့် တည်ပါသလဲ...."

ရဟန်းပြည်သူလွန်ကြည်ဖြူ "ဒါက ဒီလိုရှိပါတယ်၊ မူလက တော့ အိန္ဒိယမှာလဲ သာသနာ ထွန်းကားတယ်၊ တည်တယ်။ နောက်တော့ သာသနာဖျက် ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တွေ ပေါ်လာတယ်။ မင်းဆိုး ကိုယ် တိုင်ကလဲ အဖျက်လုပ်ငန်းကို အားပေးတော့ ငြိမ်းချမ်းမှုလက် ကိုင်ထားတဲ့ ဗုဒ္ဓသာသနာဟာ ဘယ်မှာတည်နိုင်မလဲ၊ မြန်မာ နိုင်ငံမှာ သာသနာ ထွန်းကားတာကတော့ ရဟန်း ပြည်သူ ကြည်ဖြူစွာ ဆောင်ရွက်ကြတယ်။ ဆရာဒကာ လက်တွဲပြီး သာ သနာ့ရန်သူမှန်သမျှ ညီညွတ်စွာ ရှင်းလင်းခဲ့တယ်၊ ဆရာ ဒကာ အမြင်တူပြီး ဆက်၍ဆောင်ရွက်ကြယင် သာသနာဟာလဲ ဆက်ပြီး ထွန်းကားအုံးမှာပါပဲ—"

မိမိသည် ဗုဒ္ဓ၏ ဓမ္မစက်ကိုလည်းကောင်း၊ မင်းနှင့် ပြည်သူတို့၏ အာဏာစက်ကိုလည်းကောင်း ကောင်းစွာယုံကြည်သည်။ မျက်မှောက်ခေတ်၌ သာသနာပြုသူတို့က နေ့မနား ညမအား သင်အံချပို့ ဟောပြောညွှန်ကြားနေသလို သာသနာဖျက်သူတို့ကလည်း လောကီပညာနည်းစုံစွာဖြင့် တပည့်တပန်း မွေးကာ ဖျက်ဆီးနေကြသည်။

အပြုနှင့် အဖျက်သည် ဒွန်တွဲလျက် ရှိနေသည်။ အပြုသဘောများ ရှင်သန်ထွန်းကားလျှင် အဖျက်သဘောများမှာ မေးမှိန်ပျောက်ကွယ်သွားပေလိမ့်မည်။ ထို့အတူ လောကီနည်းမျိုးစုံဖြင့် ကြွယ်ဝစွာပူးသတ်ဖျက်ဆီးကြသောအဖျက်သမားတို့အားကြီး၍ နိုင်သွားလျှင်လည်း သာသနာတော်သည် မူလအိန္ဒိယနိုင်ငံကဲ့သို့ မဖြစ်ဟု အသူပြောနိုင်ပါအံ့နည်း။ ဗုဒ္ဓပွင့်ရာ မဇ္ဈိမဒေသသည် ဗုဒ္ဓအထိမ်းအမှတ် နေရာဒေသများစွာ ကျန်ရှိသေးသော်လည်း သာသနာပြုရဟန်းတော်မှာ ဆယ်ဂဏန်းပင် မပြည့်တော့ဟု သိရသည်။

ထို့ကြောင့် မိမိတို့သည် တောရောမြို့ပါ ဆရာဒကာ ညီညွတ်စွာ တိုင်ပင်လက်တွဲ၍ ရှေးမင်းကောင်း မင်းမြတ်များ ခေတ်ကဲ့သို့ ဘာသာ သာသနာအတွက် ကိုယ်နှင့် အသက် မငဲ့ကွက်ပဲ ဆောင်ရွက်ကြရပါမည်။

ဗုဒ္ဓသာသနာသည် မှတ်တင်ခံသော ရွှေကဲ့သို့ အမျိုးမှန်၍ အဖိုးတန်သည်၊ ခိုးချင်သူ လုချင်သူပေါသည်၊ ဖျက်ဆီးချင်သူများလှသည်။ ဆန့်ကျင်ဘက်များနှင့် ငြင်းခုံခိုက်ရန် ကြုံရတတ်

သည်။ "ဤသည်တို့အတွက် ဘာသာရေး ခေါင်းဆောင်များနှင့် ဘာသာဝင်များ စည်းလုံးညီညွတ်စွာ တည်ရှိနေလျှင် ကြီးမားသော အား၊ စုစည်းသော အားပင်ဖြစ်သည်။ ထိုညီညွတ်ကြီးမားသော အားသည် ဗုဒ္ဓသာသနာ့ အန္တရာယ်များကို အမှန်တကယ် ပယ်ရှင်းနိုင်မည် "ဟု ယုံကြည်ပါသတည်း။

❁

၁၃၄၁-ခု၊ တော်သလင်းလဆန်း ၇-ရက် အင်္ဂါနေ့။
၂၈-၈-၇၉

**ပူသဘော အေးသဘော** "ရာသီထန်ပြင်း၊ တော်သလင်း၊ မယွင်းပူလှသည်"

ယနေ့ ဤအတိုင်း စာဆိုမိသည်။ မိုးဥတုပင် ဖြစ်သော်လည်း တော်သလင်းလ၏နေမင်းသည် ပြင်းထန်စွာပူလှသည်။ ပိတ်သက်န်းပါးပါးပင် ဝတ်ရုံသော်လည်း ပူအိုက်သည့်ဒဏ်ကြောင့် ချွေးဒီးဒီးကျလာသည်။ အရှေ့တက်သည်မှမိုးချုပ်၍ နေဝင်သည့်တိုင် သည်လ သည်အပူက ပြင်းလှသည်။

အပူများ၏ အအေးကို တောင့်တမိသည်။ ဆောင်းကာလတွင် ဖြစ်ဘိမူ သည်အပူကိုပင် တောင့်တမိပေဦးမည်။ 'အော်.... သတ္တဝါ ဟူသည်က ဆန္ဒ အမျိုးမျိုးကို တောင့်တကြပါတကား ...'ဟု သတိပြုမိပါသည်။

သို့ရာတွင် သတ္တဝါတို့သည်တောင့်တတိုင်းရကြပါသလော၊ မရပေ။ ထိုအခါမျိုးတွင် ဥတုနှင့် ရန်ဖြစ်ကြ၏။ 'ပူနိုင်ရန် ကောဟယ်'ဟု လည်းကောင်း၊ 'အေးပဲ အေးနိုင်ရန်ကော'ဟု လည်းကောင်း ပူမှု အေးမှု ထိုနှစ်ခုနှင့် ရန်ပြုနေတတ်ကြသည်။

အမှန်အားဖြင့်မူ ပူမှုသည် အပူသဘောဆောင်၍ အေးမှုသည်လည်း အအေးသဘောကို ဆောင်မြဲဖြစ်သည်။ အပူသည် ပူသဘောမှ မဖောက်ပြန်၊ အအေးသည်လည်း အေးသဘောမှ မဖောက်ပြန်၊ ထိုသို့ မှန်ကန်သောကြောင့်လည်း ယင်းတရားတို့ကို ပရမတ္ထများဟု ခေါ်ရပေတော့သည်။

ယောဂီဘဝ ရှုမှတ်မှု အာရုံဝယ် ပူသဘော ပေါ်ပေါက်လာပါက 'ပူတယ်-ပူတယ်'ဟု ရှုမှတ်ရပါသည်။ အေးသဘော ပေါ်ပေါက်လာပါကလည်း 'အေးတယ်-အေးတယ်'ဟု ရှုမှတ်ရပြန်သည်။ ယင်းသို့ပေါ်ရာပေါ်ရာကို စူးစူးစိုက်စိုက် ရှုဖန်များလတ်သော် အပူကို လည်းကောင်း၊ ပူတယ်ဟု ရှုမှတ်မှုကို လည်းကောင်း၊ ပူသောရှုသိမှုကို လည်းကောင်း ပိုင်းခြား၍ သိလာရသည်။ အအေး၌လည်း ထို့အတူ ရှုသိရသည်။

ထိုအခါ ငါပူတယ်ဟုယူဆ၍မဖြစ်၊ ငါအေးတယ်ဟုလည်း ပြောဆို၍မဖြစ်တော့၊ ပူသဘောကိုတွေ့ခြင်း၊ အေးသဘောကို တွေ့ခြင်းမျှသာ ဖြစ်ပါတကားဟု သိရတော့သည်။ ဤအသိ ရလာသောအခါဝယ်'မပူနဲ့ဟယ်-မအေးနဲ့ဟယ်'ဟုတောင့်တ၍ မရသည်ကို ပိုင်းပိုင်းခြားခြား သိရပေပြီ။ အမှန်အားဖြင့်မူ ဤဘဝ ဤခန္ဓာ ဤသံသရာစက်ရဟတ်တွင် တရစပ်လည်ပတ်

နေသမျှ ဤသဘောများကို တွေ့ကြုံ ခံစားနေရ ပေဦးမည်။ စင်စစ် ဘဝကိုတောင့်တခြင်းသည် အပူကို တောင့်တခြင်းပင် ဖြစ်သည်၊ အအေးကိုတပ်မက်ခြင်းပင် ဖြစ်နေသည်မဟုတ်လော၊ အပူ အအေး ဝေဒနာသဘောများကို မခံစားလိုလျှင် ဘဝပြတ် ချုပ်ငြိမ်းအောင် ပြုကျင့်မှသာ ရနိုင်ပေမည်။ “ ဘဝပြတ်မှ သံသရာပြတ်မှသာ လွတ်ငြိမ်းကြပေလိမ့်မည်....”

၁၃၄၁-ခု၊ တော်သလင်းလဆန်း ၁၃-ရက်။ တနင်္လာနေ့။
၃-၉-၇၉

**ယောဂီရယ်၊ချီးရယ်၊ တာဝတီးရယ်** ချမ်းမြေ့ရိပ်သာ၌ အမျိုးသားယောဂီများနှင့် ဒုလ္လဘရဟန်း ယောဂီများ တိုးလျှက်ရှိရာ ဆရာတော့် စံကျောင်း အပေါ်ထပ်ဝယ် ပြည့်ကျပ်နေပါသည်၊ ရာသီကလည်း ပူပြင်းသည့် တော်သလင်း၊ မိုးလေကလည်း ပြတ်လပ်နေသဖြင့် ချွေးများ တဒီးဒီး ကျကာသုတ်၍ မနိုင်အောင်ရှိတော့သည်။ ချွေးနံ့လူနံ့ ရောနှော၍နံနေသောအနံ့ကား ရင်ကို မွန်းကျပ်စေသည်၊ ကြာသော် မူးနောက်နောက်ပင် ဖြစ်လာသည်။

ယောဂီများ အားလုံး လိုပင် ပန်ကာ အောက်သို့ စင်္ကြံ လျှောက်ကြ၏။ အချို့ယောဂီများမှာယပ်တောင်တဖျပ်ဖျပ်ခတ်

သူခတ် နေကြ၏။ 'ပူတယ်·ပူတယ်' ဟု ရှုမှတ်ကြသော်လည်း မရနိုင်အောင် ရှိသည်။ မိမိမှာလည်း ထိုင်၍မရ စကြံ လျှောက်၍လည်း မဖြစ်သဖြင့် အောက်သို့ဆင်းရန် စိတ်ကူးဝင် လာသည်။ ချွေးထွက်လွန်၍ မောပန်းသလိုလည်း ဖြစ်လာရာ သောက်ရေလည်းသောက်ရပေဦးမည်၊ ယောဂီဘဝအထိုင်များ သော်လည်း ဝမ်းလေ မချုပ်ခဲ့သည်မှာ ရေများများ သောက် သုံးမှုကို တွေ့ရ၏။ ငှက်ပျောဖူးပုလင်းနှင့် ၄-လုံးခန့် နေ့စဉ် သောက်၏။ ထိုသောက်သုံးမှုသည် ဆေးတပါးဖြစ်၍ ကျန်းမာ ရေးကို အထူးကောင်းမွန်စေခဲ့၏။

ရေများ တဝသောက်ပြီးသော် ကျောင်းအောက်သို့ ဆင်းခဲ့ ၏။ ကျောင်းမြောက်ဘက်တွင် ဝင်းထရံတခုသာ ခြားသော ခြံလွတ်တခုရှိသည်။ထိုခြံသည် ကားလမ်းနှင့်ဝေးသဖြင့် ချောင် ကျနေရာ ရောင်း၍မစွံသေးဟု သိရသည်။ ယင်းကြောင့်လည်း မပြုမပြင် သူ့အသွင်အတိုင်း တောချုံများ ပိတ်ပိတ်ပိန်းလျက် တော ပန်းလေးများ သင်းကြူအောင် ပွင့်နေနိုင်ခြင်း ဖြစ်သည်။ ထိုရန့်တို့ကား သင်းပျံ့လှပါဘိ။

သက်ရှိသတ္တဝါများဖြစ်သော ငှက်ငယ်လေးများနှင့် စာ ဘုန်းကြီးငှက်များကလည်း ဆူဆူညံညံ ရှိလှ၏။ ရံခါ ချိုး လင်မယားတို့ လာ၍ ထင်းရှူးပင်မြင့်ပေါ်နားကာ 'ကူကူး' မှုဘ်နေတတ်၏။ 'ချိုးနှစ်ကောင် ထနောင်းပင် ညီနောင်က လွမ်းအောင် ကူခွဲ' ဟု စာဆိုရှိသော်လည်း ရန်ကုန်မြေတွင် ထနောင်းပင်များမပေါက်နိုင်သဖြင့် ထင်းရှူးပင် ညီနောင်ပေါ် မှာ လာ၍ ခွဲကြရသည်ထင်ပါ၏။

ဗယ်လှမ်းတယ်၊ ညာလှမ်းတယ် ရှုမှတ်မှုအစဉ်ဖြင့် လာခဲ့ရာ စံကျောင်း တံစက်မြိတ်အောက်ရှိ သမံတလင်းပေါ်သို့ ရောက်သော် ရေသနုပ်သင်းပိုင်ကို အောက်ခံခင်းလျက် ကိုယ်အပေါ်မှာ နေရာထိုင်ကို ညင်သာစွာ ဖြန့်ခင်းလိုက်၏။ ထို့နောက် ရတနာသုံးပါးအား စိတ်ထဲမှ ရှိခိုးကန်တော့လျက် တရားစထိုင်သည်။ ဖောင်းမှု ပိန်မှု သဘောများ ထင်ရှားစွာပေါ်လာသဖြင့် တပြည်းပြည်း စိပ်စိပ်ပင် အချက်တိုင်းမိအောင် ရှုမှတ်ပွားများနေသည်။

မတုန်မလှုပ် ကျေးငှက်သာရကာတို့၏ အသံစာစာလေးများ ကြားလိုက်၊ ချိုးမောင်နှံတို့၏ ခွန်းတုံ့ခွန်းလှယ် ကူကူးမှုတ်သံ ကြားလိုက်နှင့် ပတ်ဝန်းကျင် အသံဗလံလေးများ ဝင်ရောက် လာတတ်သည်။ ရံခါတွင်မူ လေ၏ တွန်းကန်လှုပ်ရှားမှုနှင့်အတူ ပါလာသော တောပန်းရနံ့တို့၏ သင်းကြူကြူအနံ့လေးများကလည်း နှာခေါင်းဝသို့ ကလိကာ စမ်းလာသည်။ နံတယ်နံတယ်ဟုရှုမှတ်ရ၏၊ ရံခါတွင်ကုဋီဘက်မှ မိလ္လာနံ့များ ဝင်ရောက်လာ၏။ ထိုအခါတွင်လည်း နံတယ်၊ နံတယ်ဟုပင်ရှုမှတ်ရ၏၊ သည်းခံရ၏။ ယင်းသို့ ရှုမှတ်မှု မပြတ် မလပ်အောင် အားထုတ်နေသောအခါ ခန္ဓာကိုယ်သည် မတုန်မလှုပ် ကျောက်ဆစ်ရုပ်နှယ်ရှိတော့သည်။

ထိုအခါ ကျီးဇနီးခင်ပွန်းတို့ကလည်း သက်မဲ့အသွင်ထင်မှတ်ကာ ဖမ်းချိမိနိုင်လောက်သော လက်တကမ်းအထိ နားယင်း 'အာ'နေလေသည်။ သူတို့အတွက် ဘေးမဲ့တော၊ ဘေးမဲ့နေရာ

ဖြစ်၍ လွှတ်လပ်နေကြသည်ကား မှန်၏။ မိမိ၏ရှုမှတ်မှုတွင်ကား 'ပေါ်ရာပေါ်ရာ'ကိုရှုဟု ဆုံးမချက်ရှိသဖြင့် ကြားရာကိုပင် 'ကြားတယ်ကြားတယ်'ဟု ရှုရပြန်သည်။ ထိုကျီးမောင်နှံပြိုင်တူပျံသွားသံကြားပြီးလျှင် စာဝတီးတအုပ် အလုပ်ရှုပ်ကြပြန်ပြီ။ ထင်းရှူးပင်မှ အသိုက်လုပ်၍ ဖြစ်နိုင်သော အရွယ်သေးသေးလေးများကိုသယ်ယူနေခြင်းပင်ဖြစ်သည်။ထိုငှက်များပျံသွားသော် နားချမ်းသာရာ ရခဲ့၏။ တိတ်ဆိတ်နေသောခြံသည် ယောဂီအတွက် ရှုမှတ်မှု ရင့်သန်စေရန် ကူညီပံ့ပိုးပေးလျက်ရှိတော့၏။

တရားရှုမှတ်ခါစတွင် မကြာမကြာ ပေါ်လာလေ့ရှိသော ညီမောင်ဝါသဝ၏ သက်ရှိရုပ်သွင်နှင့် သက်မဲ့ ရုပ်သွင်တို့သည်လည်းကောင်း၊ ဈာပနချရာ အသွင်အပြင်များနှင့် ဆွာမြို့သူတို့ချုံးပွဲချငိုကြွေးပုံ အခြင်းအရာတို့သည်လည်းကောင်း ယခုမူမပီဝိုးဝါး ရေးရေးမျှသာ ထင်ဟပ်လျက်ရှိ၏။တခါတရံမူပူဆွေးမှုသောကမှကင်းလျက်သက်သာရာရနေခဲ့၏။ တဖြည်းဖြည်း အထုံရင့်လာသောအခါတွင် မေ့ပျောက်၍သွားလေသည်။

လောက လူသားတို့ကား ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း တရားတို့ဖြင့် တည်ဆောက်ထားလေရာ အခါခပ်သိမ်း ဝမ်းမသာနိုင်သလိုပင် အခါခပ်သိမ်းလည်း ဝမ်းမနည်း ရချေ။ ရုပ်တရားတို့သည် ရုပ်ဖြစ်စဉ် ရုပ်နိယာမ သဘာဝအတိုင်း ဖြစ်ပျက်ပြောင်းလဲ၍နေသည်။ နာမ်ခေါ်သော စိတ်တရားတို့လည်း သူ၏ဖြစ်စဉ် နိယာမသဘာဝအတိုင်း မဆိုင်းမတွ ခဏ

မစဲ တဖွဲဖွဲ ဖြစ်ပျက် ပြောင်းလဲနေသည်။ တဒင်္ဂမျှပင် ရပ်တန့်မနေကြ။ ဤသဘာဝသည် လူသားတို့အတွက် လက်ခံရာ ဖြေသိမ့်စရာ အကောင်းဆုံးပင်ဖြစ်ပေလိမ့်မည်။ ထိုသို့ မဟုတ်ပါမူ ဝမ်းနည်းပူဆွေးသူအား ထိုတရားချည်းသာမြဲမြံနေချေက မခက်ပြီလော။ လွန်စွာပင်ခက်ခဲပင်ပန်းလှပေမည်။ ထို့အတူ ဝမ်းသာနေသူအားလည်း တစိုက်မတ်မတ် ဝမ်းသာမှုချည်း ရရှိနေချေက ထိုသူအဖို့ ဝမ်းသာမှုမှတပါး အခြား ခံစားစရာ သိစရာပင်မရှိဖြစ်ပေမည်။ ဤသဘာဝ နှစ်ခုကို ပေါင်းစပ်ကြည့်လျှင် လူသားတို့အတွက် ဝမ်းနည်း ပူဆွေးမှုသည်လည်းကောင်း၊ ဝမ်းမြောက် ဝမ်းသာမှုသည် လည်းကောင်း အမြဲမရှိချေ။ ရံခါ ဝမ်းသာ၍ ရံခါ ဝမ်းနည်းရသည်။ ဝမ်းနည်းဝမ်းသာဟူသည်အမြဲမရှိ၊ ဝမ်းနည်းမှုသည်လည်း အမြဲမရှိချေ။ ထိုဆန့်ကျင်ဘက်ခံစားမှု နာမ်တရားတို့သည် လူသားတို့အား မွေးဖွားသည်မှ ကွယ်လွန်သည်အထိ တလှည့်စီပင် ခံစားကြရသည်သာ ဖြစ်လေသည်။

●

၁၃၄၁-ခုနှစ် တော်သလင်းလပြည့် သောကြာနေ့။

၅-၉-၇၉

**လပြည့်နေ့မှာဆုံကြတယ်** ယနေ့ကား ဥပုသ်နေ့တည်း၊ ဝါတွင်းကာလ ဥပုသ်နေ့များတွင် ရိပ်သာသို့ လာရောက်၍ ဥပုသ်စောင့်သူ၊ တရားနာသူ၊ တရားကျင့်ကြံ

သူတို့ကား များပြားလှသည်။ ဆောက်လုပ်ဆဲသိမ်ဓမ္မာရုံကြီးမှာ တဖြည်းဖြည်း ပြီးစီးလာသဖြင့် ထိုအဆောက်အဦ၌ ရံဖန်ရံခါ တရားပွဲများ ကျင်းပနိုင်လာပေပြီ။

ဥပုသ်နေ့ကား ထူးခြားသည်၊ နံနက်အရုဏ်တွင် သောက်နေကျ အဖြူရောင် ဆန်ပြုတ်အစား မုန့်ဟင်းခါး သော်လည်းကောင်း၊ ခေါက်ဆွဲကြော်သော်လည်းကောင်း ကျွေးမွေးတတ်သည်။ ဝါတွင်း အလှူရှင်များက တကူးတက လှူဒါန်းကြခြင်းပင်၊ နေ့လယ်စားသောက်ဘုဉ်းပေးချိန်မှာမူ ယောဂီတို့အတွက် သင့်တင့် လျောက်ပတ်သော ဆွမ်းနှင့် ဆွမ်းဟင်း များကို ဘုဉ်းပေး သုံးဆောင်ကြရသည်။ ယောဂီ အသိစိတ်ခေတ်ဖြင့် လည်းကောင်း၊ တရား ရှုမှတ်မှုဖြင့်လည်းကောင်း ဘုဉ်းပေး ကြရာတွင် ကြည်ညိုဖွယ်ရာကို ဆောင်ကြသည်။ ဆွမ်းစားကျောင်းသည် တိတ်ဆိတ်ငြိမ်သက်လျက်ပင် ဖြစ်သည်။

ဥပုသ်နေ့၏ ထူးခြားမှုတခုမှာ တရားမလျှောက်ရခြင်းပင် ဖြစ်သည်။ သို့သော် ရဟန်းတော်များမှာမူ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသံဂါယနာတင် မဟာသိမ်တော်ကြီးဆီသို့ ဥပုသ်ပြုကြရသည်။ ယနေ့အထိဆိုလျှင် ဥပုသ် လေးကြိမ် ပြုရပေပြီ။ ဥပုသ်ပြုတိုင်းပင် ကမ္ဘာအေးကုန်းမြေရှိ ကျောင်းဆောင် အသီးသီးမှ ဆရာတော်များနှင့် ဆုံကြရသည်။ သံဃာတော်များမှာ ရံခါ နှစ်ကျိပ်ရှိ၍ ရံခါ ထို့ထက် ပိုလွန်တတ်သည်။ မည်သို့ဆိုစေ ဥပုသ်ပြုရသည်မှာ နှစ်သက်ဖွယ်ရှိသည်။ ဥပုသ်ပြုရာမှ အပြန်တွင်လည်း ပြင်ပလေကိုရှူယင်း လမ်းလျှောက်၍ ပြန်သည့်

**အခါ** ပြန်သည်။ ထိုအခါ ပြင်ပလောကနှင့် ခေတ္တခဏသာ ထိတွေ့ခွင့်ရ၍ လောကတခွင်လုံးက စိမ်းကားသလို ထင်မိခဲ့သည်။ မိမိသည်လောကနှင့် မဆိုင်သလို လောကကလည်း မိမိအား အသိအမှတ် မပြုတော့သလို ခံစားရသည်။

ယင်းသို့ ဖြစ်ရသည်မှာ အချိန်ပြည့် ယောဂီတဦးအတွက် တရားရှုမှတ်မှုအာရုံတရားများက ကြီးစိုးလွှမ်းမိုးခဲ့၍ပင် ဖြစ်ပေလိမ့်မည်။

ထို တင်ပြမှုသည် လျော်ကန်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဆွမ်းဘုဉ်းပေးရာတွင် တင်ပြစရာတခု ကျန်ရှိနေပါသည်၊ ယောဂီ၏ ရှုမှတ်မှုဖြင့် ဘုဉ်းပေးသောအခါ ဆွမ်း (တဆယ့်ငါးလုတ်)ရသည်။ ထိုမျှဖြင့် တင်းတိမ်ခဲ့သည်၊ ဝလင်ခဲ့သည်။ ထိုအခါ မိမိကိုယ်ကိုပင် ကြည်နူးကြည်ညို မိခဲ့ရသေးသည်။

**စာတွေက သတိပေးတယ်** ''ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုထ်မျှလစ်၊ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း....''

ရှင်ငယ်ဘဝမှပင်“ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဣန္ဒြိယာ-ရာမ ရွှေဂူဆရာတော်ဘုရားကြီး”သင်ကြားထားသော လက်ာ လေးက ဆွမ်းဘုဉ်းပေးတိုင်း ပေါ်၍ပေါ်လာသည်၊ယခုအခါ ဆွမ်းလုတ်ပြင်လျှင်ပြင်တယ်ဟုမှတ်နိုင်၏။ယူလျှင်လည်းကောင်း၊ ဝါးလျှင်လည်းကောင်း၊ မျိုလျှင်လည်းကောင်း သူ့အမူအရာ အစိတ်အပိုင်းတိုင်းမှာပင် ရှုမှတ်နိုင်သည်၊ ထိုသို့ မှတ်နိုင်လာ သောအခါ“လက်ာ ပြောပြသောအဓိပ္ပာယ်များကိုအလိုလိုပင် နားလည်ခဲ့ရသည်၊စာတွေကလည်း တရားရှုမှတ်မှုကို ဖြည့်တင်း ပေးပါတကား”ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသေး၏။

ယနေ့ လပြည့်နေ့တွင် ချမ်းမြေ့ဆရာတော်သည် သာ သနာ့ရေးဦးစီးဌာနနှင့် မြန်မာ့အသံတို့၏ စီစဉ်ပင့်လျှောက် ချက်အရ အသံလွှင့်တရားချီးမြှင့်သည်။တရားတော်၏အမည်မှာ “သိ၊ ပယ်၊ ဆိုက်၊ ပွား”ဖြစ်သည်။ ယမန်နှစ်ကလည်း အသံ လွှင့်ရုံမှ တရားချီးမြှင့်ခဲ့သေးကြောင်း သိရသည်။ ထိုစဉ်က တရားအမည်မှာ “အသိအမြင်မှန်မှ ချမ်းသာရ”ဖြစ်သည်။

---

**မှတ်ချက်**။ ။ဆရာတော်သည် ၁၃၄၂-ခုနှစ် တော်သလင်းလပြည့် နေ့တွင်လည်း တရားချီးမြှင့်ရပြန်သည်။ တရားနာမည် မှာ “ဗုဒ္ဓနည်းကျ ချမ်းသာစွာနေထိုင်နည်း”ဖြစ်သည်၊ တရား သုံးပုဒ်စလုံးကို စာအုပ်များအဖြစ် ရိုက်နှိပ် ဖြန့်ချိသည်။ နိုင်ငံခြားမှ ပေးစာများနှင့် လူငယ်သင် ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာစာအုပ်များလည်းပြုစု ထုတ်ဝေပြီးဖြစ်သည်။

၁၃၄၁-ခုနှစ်၊ တော်သလင်းလဆုတ် ၁၊၂၊၃-ရက်။
၆,၇,၈-၉-၇၉

## ဣရိယာပုထ်လေးပါး စုံသွားပြီ

**သွားတယ်** အလုပ်ပေး တရားတော်တွင် ဗယ်လှမ်းတယ်၊ ညာလှမ်းတယ် ရှုမှတ်ရန်ပါသဖြင့် ကျမ်းရင်းတွင် ပါရှိသော ''ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ'' ဟူသော စကားရပ်နှင့် တိုက်ဆိုင်ကြည့်ရှုမိခဲ့၏။ စင်စစ်အားဖြင့် ''သွားတယ်''ဟူသော အမှတ်ပါနေလျှင် ပြီးပါသည်။ သို့ရာတွင် 'ဗယ်လှမ်းတယ် ညာလှမ်းတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်'ဟု သုံးပိုင်းပိုင်း၍ ရှုနေသဖြင့် သွားတယ်-တခုတည်း ရှုရသည်မှာ 'ဟာ'နေ၏။ တခုခုလိုသလိုပင် ဖြစ်နေသည်။ သို့ဖြစ်၍ 'မှားမှန်'ခွဲခြားမှု ပြုစရာ မလိုတော့မှန်း သိပြီးဖြစ်၍ ဆရာညွှန်သည့်အတိုင်းသာ လုပ်ခဲ့တော့သည်။

## ဌိတောဝါ ဌိတောမှိတိ ပဇာနာတိ

**ရပ်တယ်** ဤရှုမှတ်မှုကို စကြံ၏ အဆုံးအလှည့် အပြောင်း ပြုလုပ်ရာ၌သာ ရှုမှတ်များခဲ့သည်၊ သူ့ချည်းသက်သက် ရပ်၍ကား မရှုဖြစ်ခဲ့။ အသို့နည်း ရှု၍ မဖြစ်ပြီလော၊ ဣရိယာပုထ်လေးပါးတွင် အပါအဝင် ဖြစ်သော ထိုရပ် ဣရိယာပုထ်ကိုစမ်း၍ရှုကြည့်ခဲ့၏။ အစသော မိနစ် ၃၀-ခန့်သာ ရှု၍ ရသည်။ ရပ်တယ် ရပ်တယ်ဟူသော တောင့်တင်းရုပ်

ကိုယ်ကြီးအား ခြုံငုံ၍ရှုကြည့်၏။ ထိုရပ် ဣရိယာပုထ်ရှုပြီးလျှင် အရှုများခဲ့သော ဖောင်းကြွမှု ပိန်ကျမှုကလည်း သိသိသာသာ ထင်ထင်ရှားရှားပင် ပေါ်လာသည်။ ထိုအခါ ''ရပ်တယ်၊ ဖောင်းတယ်၊ ပိန်တယ်'' ဟုရှုခဲ့၏။ ယင်းသို့ဖြင့် ရပ်ဣရိယာပုထ်တွင် ၄၅-မိနစ်အထိ တိုး၍တိုး၍ ရှုမှတ်နိုင်တော့သည်။

## နိသိန္နောဝါ နိသိန္နောမှိတိ ပဇာနာတိ

**ထိုင်တယ်** ထိုင်ယင် ထိုင်တယ်လို့မှတ်၊ ထိုင်တယ်လို့ ရှုသိ။ ဟုတ်၏။ ခန္ဓာကိုယ်သည် တောင့်တင်းဖြောင့်စင်းစွာ တည်နေသည်၊မတ်နေသည်၊ငြိမ်နေသည်။ ထိုင်တခုတည်းကို 'ထိုင်တယ်၊ထိုင်တယ်'ဟု စဉ်ဆက်မပြတ်မှတ်ကြည့်ပါ။ ရကား ရ၏၊ ကျဲသယောင်ပင်ရှိခဲ့၏။သို့ဖြစ်၍ အလုပ်ပေးတရားအတိုင်း **ဖောင်းတယ်၊ပိန်တယ်က** စ၍ မှတ်ရတော့၏။ထိုအခါဖြောင့်၏၊ အစဉ်တည့်၏၊ ခက်ခဲမှုမရှိတော့ ''**ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်**''ရှုမှတ်မှုအစဉ် လေးခုစလုံးတဖြောင့်တည်း ရှုနိုင်လေသည်။

၂-လပိုင်းကုန်ခါနီးတွင် ထိုင်ဣရိယာပုထ် ရှုမှတ်စဉ်၌ခန္ဓာကိုယ်သည် ပေါ့နေသည်။ဒူး ၂-ဖက်ကြွသည့် အခါကြွနေသည်၊ လက်ခြေတို့က မြောက်တက်သည့်အခါ မြောက်၏၊ တခါကမူ မျက်စိကိုဖွင့်ကြည့်ချင်လှသည်နှင့် ဖွင့်ကြည့်ရာလက်နှစ်ဖက်မှာ လက်အုပ်ချီသလို မြောက်နေသည်ကို တွေ့ရသည်။ မှတ်သားမှုအရ မိနစ် ၃၀၊၄၅-အထိပင်ရှိပေလိမ့်မည်။ သာမန်အချိန်၌ လက်နှစ်ဖက်ကိုထိုမျှအချိန်ကြာအောင် မြောက်နိုင်စွမ်း

မည်မဟုတ်ပေ။ မိမိကိုယ်ကို စိတ်ခေတ် တက်ကြွပြီး ရွှင်လန်းနေခဲ့၏။ ထိုသို့ ပေါ့ပါးစဉ်ကာလများက ညတရားထိုင်ချိန်သည် ၁၀း၃၀-နာရီအထိ ပုံမှန်လိုလို ကြာမြင့်ခဲ့၏။ ထိုသို့သော ပေါ့ပါးမှုများကို တရားလျှောက်စဉ် ထည့်၍ လျှောက်၏။ ဆရာတော်ကား အထူးမဆိုပါ၊ ''ကောင်းတယ်''ဟုသာ တိုတို မိန့်သည်။ မည်သို့ဆိုစေ ထိုမိန့်ကြားချက်သည်ပင် အားထုတ်မှုအတွက် တအားတက်စေခဲ့ပေသည်။

အဘယ့်ကြောင့်ဆိုသော် တခုသောရက်က စင်္ကြံကြွစဉ်တွင် မိမိ၏ခြေထောက်အား တစုံတဦးက တွန်း၍တွန်း၍လွှတ်လိုက်ဘိသို့ ခံစားရ၏။ စင်္ကြံသည် သမာဓိအားကို ဖြည့်တင်းပေးနေလေရာ မှတ်၍ကောင်းခဲ့၏။ တရက်တွင်လည်း ဘောလုံးကိုနင်းရသည့် ပမာ ပေ ၅၀-ရှည်လျားသော စင်္ကြံလမ်းတလျှောက်လုံး၌ တွေ့ထိရှုခဲ့ရ၏။ ထိုအကြောင်းကို တရားလျှောက်စဉ်၌ ထည့်၍ လျှောက်ရာ ''ကောင်းတယ်၊ တရားသဘောကို တွေ့လာပြီ''ဟု ဆရာတော်မိန့်သည်။

ဆရာတော်ဘုရား၏ နေ့စဉ် တရားပွဲများကလည်း ရှုမှတ်မှုအတွက် သဒ္ဓါတရားအားဖြင့်လည်းကောင်း၊ ဝီရိယအားဖြင့်လည်းကောင်း ပိုမိုတိုးတက်စေခဲ့သည်။ တခုခုသော အတိုင်းအတာမျိုးအထိပင် ရရှိစေခဲ့သည်။ တရား နာရခြင်းသည် ကောင်းလှ၏။ ထိုတရားတော်အတိုင်း ကျင့်ကြံရခြင်းသည်လည်း မွန်မြတ်၏။ တရားကို ရိုသေစွာ လိုက်နာနိုင်ခြင်းကား အကောင်းဆုံးပင်ဖြစ်တော့သည်။

## သယာနေ့ဝါ သယာနေ့မှိတိ ပဇာနာတိ

**လျောင်းတယ်** အလုပ်ပေးတရားတွင် အိပ်၍ တရားမရှုရဟု ညွှန်ကြားထား၏။ အမြဲတမ်းအားဖြင့်သာ ထိုသို့မရှုရန်ဖြစ်သည်။ အိပ်ရာဝင်ချိန်၌ ခြင်ထောင်ထောင်သည်မှ စကာ အိပ်ရာခင်းပုံ၊ ခေါင်းအုံးချပုံ (ဤအရှင်မှာ ယောဂီဘဝ သုံးလတာ ကာလပတ်လုံး ခေါင်းအုံး မပါပေ၊ သက်နိုး နှစ်ထည်ကိုသာ သပ်ရပ်စွာ ခေါက်လျက် အိပ်စက်ခဲ့သည်၊ နိုးကြားမှုရှိစေရန်အတွက်ခေါင်းအုံးနှင့်မအိပ်ပါ။) ကိုယ်ခန္ဓာ တဖြည်းဖြည်းညွတ်ကွေးပြီး ကျောဆန့်ပုံတို့ကို မှတ်ရပါသည်၊ မှတ်နိုင်သည်။ မျက်စိကို စုံမှိတ်၍ လက်နှစ်ဖက်ကို ရင်ဘတ် ပေါ်တင်ကာ ထင်ရှားစွာ ဖောင်းနေ ပိန်နေသော ရုပ်သဘော ကို ရှုမှတ်ယင်း အိပ်ပျော်ခဲ့သည်။ ပက်လက်လှန်နေသော ဝမ်းဗိုက်ပေါ်မှ ဖောင်းမှု ပိန်မှုသည် ပိုမို ထင်ရှားနေသည်။ ထိုကိုမှတ်လိုက်လျှင်ပင် မကြာမီ အိပ်ပျော်သွားတော့သည်။

**စိတ်လေ့ကျင့်ခန်းများ** စိတ်သည် လောကကြီးကို ဈေဆောင် နိုင်၏။ ထိုစိတ်ကို လိမ္မာယဉ်ကျေး အောင် ဆုံးမနိုင်လျှင် ချမ်းသာသို့ဆောင်ကြဉ်းတတ်လေသည်။ မှန်၏၊ စိတ်၏ ဈေဆောင်မှုနောက်သို့လူများလိုက်ကြ၏၊ စိတ်က ကောင်းမှုဘက်သို့ဈေဆောင်လျှင် ထို့နောက်သို့လူများလိုက်ကြ ရ၏။ စိတ်က မကောင်းမှုဘက်သို့ ဈေဆောင်လျှင်လည်း လူတို့ လိုက်ရ၏၊ ထိုအခါ ပျက်စီးကြတော့သည်။ စိတ်ကကောင်းရာ ဘက်သို့ဈေဆောင်ပြုမှသာ လူချမ်းသာနတ်ချမ်းသာဘက်ရောက် ကြ၏။ စိတ်ကားထိုသို့ပင် အစွမ်းထက်လေသည်။

"ဆန္ဒဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ" ပြီးမြောက်အောင်မြင်လိုသော စိတ်ဆန္ဒ ရှိသူမှာ မပြီးမမြောက်သော အမှုကိစ္စဟူ၍ မရှိ။ လူတို့သည် လူဖြစ်ချင်လိုသော စိတ်ဆန္ဒကြောင့် လူ့အပြုအမူများကို ပြုကြ၏၊ ကျင့်ကြ၏။ ထိုဆန္ဒစေတသိက်သည် စေတနာနှင့်တကွ လူ့အဖြစ်ကို အကျိုးပေးတော့သည်။ နတ်အဖြစ်ကို ဆန္ဒပြုရာ၌လည်း နတ်ဖြစ်ကြောင်းကောင်းမှု ကုသိုလ်ဟူသမျှကို ပြုစုဆည်းပူးကြ၏။ ထိုကံသည်လည်းကောင်း၊ ထိုစေတနာသည်လည်းကောင်း နတ်အဖြစ်သို့ရောက်လေသည်။ လောကဥပမာဖြင့် ရှင်းပြရသော် "လမ်းဆုံ၌ရပ်နေသော လူတယောက်သည် သူဘယ်လမ်းသို့ သွားမည်ကို အခြားသူများမသိနိုင်။ သူကား သူ၏စိတ်ကို အစိုးရသူတည်း။ သူသည် တောင်လမ်းသို့ဆန္ဒရှိက တောင်သို့စိတ်ညွတ်လိုက်ရုံသာရှိသည်။ ထိုအခါ စိတ်နောက်သို့ ခြေထောက်လိုက်၍ လှုပ်ရှားလိမ့်မည်။ ထိုထို ဘုံဌာနသို့ ရောက်ရ ဖြစ်ရသည်မှာလည်း ဤသဘောအတိုင်းပင်တည်း။ သတ္တဝါတို့၏ ပြုမူလှုပ်ရှားမှုမှာ စိတ်သဘောအတိုင်းပင်ရောက်ရသည်။"

ထို့ကြောင့် ထိုစိတ်ကို လိမ္မာအောင် လေ့ကျင့်ပေးသင့်၏။ မြင်းကောင်းကိုင်လိုက ကောင်းအောင်ပင် လေ့ကျင့်ပေးရသလို စိတ်ကောင်းရှိလိုလျှင်လည်း မိမိတို့ဘာသာပင် စိတ်ကောင်းရှိအောင်လေ့ကျင့်ပေးရ၏။ လေ့မှ ကျင်သည်၊လုပ်မှ ဖြစ်သည်၊ ဖြစ်ချင်ရာကို လေ့ကျင့်ယူရ၏။

ဤအရှင် ယောဂီဘဝ နိုးကြားမှုရှိစေရန် ခေါင်းအုံးနှင့် မအိပ်ခဲ့ကြောင်း ရှင်းပြခဲ့ပြီ၊ နိုးကြားမှု ရရှိစေရန် အတွက် မိမိစိတ်ကို လေ့ကျင့်ခိုင်းခဲ့၏။ "ငါမနက်သုံးနာရီခွဲ ထမယ်၊ ထရမယ်၊ ထကိုထရမယ်" ဤအတိုင်း ပြင်းပြင်းထန်ထန်စိတ်ကို လေ့ကျင့်ပေးခဲ့၏။စွဲစွဲမြဲမြဲ လေ့ကျင့်ဖန်များလတ်သော် သုံးနာရီခွဲသံကိုပင်ကြားနိုင်ခဲ့၏။ ယောဂီဘဝတလျှောက် အိပ်မှုနှင့်စပ်၍ အဟန့်အတားလည်း မဖြစ်ခဲ့။ ၂၄-နာရီတွင် ၅-နာရီခန့်မျှသာအိပ်ရသော်လည်း ကျန်းမာရေး မထိခိုက်ချေ၊ အသားအရေကြည်လင်လန်းဆန်း၍ စိတ်ဓာတ်လည်း ရွှင်လန်းတက်ကြွခဲ့၏။ ဘဝသစ်တခု ရရှိသလိုပင် ခံစားရ၏။ ဆိုလိုသည်မှာ ယောဂီမဖြစ်မီနှင့် ကွဲလွဲမှုရရှိခဲ့ခြင်းပင်ဖြစ်သည်။

## ယောဂီကျင့်ထုံး အကုန်လုံး

၁။ ယောဂီဆိုတာ၊ ငြိမ်ငြိမ်သက်သက်၊ ဣန္ဒြေမပျက် နေရတယ်။

၂။ သွားလာရာမှာ၊ ဘယ်ညာ မှတ်လို့၊ မပြတ် မလပ် ရှုရတယ်။

၃။ ထိုင်သောအခါ၊ ဖောင်းပိန်ရှုကွဲ့၊ မငဲ့ညာနဲ့ယောဂီရယ်။

၄။ ကောင်းဆိုး ဝေဒနာ၊ ဖြစ်ပေါ်ငြားလဲ၊ ဇွဲမာန်ခဲလို့ ရှုအုံးကွယ်၊

၅။ ထိုင်တယ် ထိတယ် အဆင့်များကို၊ ဆရာသမားက ပြောပြမယ်။

၆။ ညောင်းတာ ကိုက်တာ၊ ဝေဒနာများမတော့၊ သေခြာပွားလို့ ရှုရတယ်။

၇။ သေးစိတ်မှုရာ ရှုမှတ်ပွားလို့၊ မပြတ်မခြား ဆက်စေကွယ်။

ဤသို့ရှုပွား၊ ယောဂီများ၊ ရငြားချမ်းသာတယ်။

❁

၁၃၄၁-ခုနှစ်၊ တော်သလင်းလဆုတ် ၄-ရက်၊ တနင်္ဂနွေ။

၉-၉-၇၉

**ဗောဇျင်တန်ခိုး** တရားရှုမှတ်မှု ခရီးတာသည် သုံးလပိုင်းသို့ ရောက်ခဲ့ပေပြီ။ ဆရာတော်ထံတရားလျှောက်ရာတွင် 'ကောင်းတယ်'ဟု ပြော၏။ တရားရှုမှတ်မှုဖြင့် မေတ္တာတရား အားကောင်းလာသည်။ သည်းခံစိတ်၊ ခွင့်လွှတ်နိုင်စိတ်တို့ အားကြီးလာသဖြင့် ရန်ပြုသူများ အပေါ်၌ပင် ခွင့်လွှတ်နိုင်၏။ ကျေအေးနိုင်၏။ မိမိဘဝကို တန်ဖိုးထား၍ သူတပါးဘဝကိုလည်း တန်ဖိုးထား လေးစားလာသည်။

ယောဂီဘဝ အားထုတ်မှု သုံးလပိုင်းသို့ ရောက်လာသဖြင့် ဝီရိယစွမ်းရည်နှင့် သမာဓိအား အစွမ်းများလည်း ပိုမိုထက်မြက်

စူးရှလာသည်။ ၃-နာရီအထိ မထတမ်း မလှုပ်တမ်း ထိုင်နိုင်လာ၏။ မျက်စိလုံခြုံစွာဖြင့် စင်္ကြံ ရှုမှတ်နိုင်လာ၏။ ယခင်လများက ည ၁၀-နာရီတွင် အိပ်၍ နံနက် ၃း၃၀-နာရီတွင် ထ, သော်လည်းယခုကား ည ၁၁-နာရီတွင် အိပ်သည့်အခါအိပ်၍ ၁၁း၃၀-နာရီအိပ်သည့်ရက်လည်းအိပ်၏။ ထ,ချိန်မှာ ၃း၃၀-နာရီသာ ဖြစ်၏။ ကျန်းမာလန်းဆန်းလျက်ပင် ရှိရာ 'ဗောဇ္ဈင်တန်ခိုးပေပဲ'ဟု ဆင်ခြင်မိခဲ့၏။ 'တရားရှုမှတ်သူအား တရားတော်က ပြန်လည် စောင့်ရှောက်၏'ဟု မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့သည် မဟုတ်ပါလော။

**ယောဂီအလုပ်ကား လူတိုင်းလုပ်သင့်လှ၏။** ဗုဒ္ဓဘာသာဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လုပ်နိုင်သည်။ လုပ်လျှင်လုပ်သလောက် အကျိုး များစေသည်မှာ ယုံမှား သံသယရှိစရာပင် မလိုပြီ။ ယနေ့မျက်မှောက်ကာလသည် ဗုဒ္ဓဘာသာနေလို့ လလို့ ထွန်းလင်းလျက် တိုက်ကြီးခြောက်တိုက်သို့ ပျံ့နှံ့နေလေပြီ။ ထိုထို တိုက်သားတို့၏ လက်ခံမှုသည် ဗုဒ္ဓဝါဒ၏ကောင်းမြတ်မှုမှတပါး အခြားမရှိပြီ။ ဤမျှအထိ လိုက်စားနေကြပြီ ဖြစ်သော ဗုဒ္ဓဝါဒအတွက် အမိ မြန်မာပြည်သားတို့သည် မျက်နှာလည်းပွင့် ဉာဏ်လည်းတင့်၍ အခွင့်ကောင်းကြီးနှင့်တိုက်ဆိုင်နေချိန်ပင် ဖြစ်ပါသည်။ ဤအခွင့်သာခိုက်မှာ မလိုက်စားကြ လျှင်ဖြင့် 'အမိုက် နှင့်ပြင် ရှိသေးလိမ့်လား' ဟူသော လယ်တီဆရာတော်၏ ဆုံးမချက်ကို သတိရသင့်လှတော့သည်။

၁၃၄၁-ခု၊ တော်သလင်းလဆုတ် ၅-ရက်၊ တနင်းလာ။
၁၀-၉-၇၉

**အမှောင်လမ်းမှာ စမ်းတဝါးဝါး** ဖောင်းကြွမှုသဘောသည်ငါဖြစ်သလော၊ မဟုတ်၊ သူဖြစ်သလော၊ မဟုတ်၊ငါနှင့်သူ မဟုတ်လျှင် တခြားဖြစ်သလော၊ ထိုသို့လည်းမဟုတ်ချေ။ စင်စစ်အားဖြင့် ဖောင်းကြွမှုသဘောမျှသာတည်း။

ရုံခါ၌ နေသာသော သုခဝေဒနာကိုခံစားရသည်။ လေပြည်လေညင်းလာသည်၊ ရာသီဥတု မျှတနေသည်၊ နေသာသည်။ ဤသဘောလည်း ငါလား သူလား တခြားလားဟု မေးခွန်းထုတ်ကြည့်သည်။ စင်စစ်အားဖြင့် နေသာသော သုခဝေဒနာသဘောမျှပင် ဖြစ်ပါသည်။

ရုံခါ၌ ညောင်းကိုက်မှုကြောင့်မခံသာဖြစ်၏။ ညောင်းတယ်ဟု ဆက်ကာဆက်ကာ မပြတ်မှတ်သော်လဲ ညောင်းမှုပျောက်မသွား။ ထိုအခါ' ငါ့နှယ်နော်....ညောင်းရန်ကော'ဟု ပြစ်တင်စောမိခဲ့သည်။ စင်စစ်အားဖြင့်မူ ညောင်းကိုက်မှုသဘောမျှသာဖြစ်သည်။

တရားအားထုတ်ခြင်း၌ ပျော်မွေ့လာ၍ တရားကို ခင်မင်လာသည်။ ဆန္ဒ ပြင်းပြလာသည်။ တရားမိုးရေ ချိုးချင်လာသည်။ ဤ ဆန္ဒများကြောင့် ကုန်လွန်ခဲ့သော အချိန်ကိုပင်နှမြောမိ၏။ နောက်နောင် အချိန်ကို အလဟဿ မဖြစ်စေရန်

သတိရလာသည်။ "**မောဃကာလံ န ခေပယေ**" ဟု ဗုဒ္ဓရှင်တော် မြတ် ဟောတော်မူ ခဲ့ပါသည်။' 'အချိန်ကိုအလကားမဖြစ်စေလင့်' သဒ္ဓမ္မသဝန ဒုလ္လဘတရားကို ရနေပြီဖြစ်ရာ လက်လွတ်ဆုံးရှုံးမှု မဖြစ်အောင် သတိဆောင်၍ ကြိုးပမ်းရန်လိုသည်။

"**တရားမသိယင် သံသရာရှည်သည်၊ အိပ်မပျော်ယင် ညတာရှည်သည်၊ မောပန်းယင် ခရီးရှည်သည်**" ဟူသော တရားစကားကို ကြားဘူးခဲ့သည်။ ဟုတ်ပေသည် အဝိဇ္ဇာအမှောင်လမ်းမှာ ဝိဇ္ဇာဉာဏ်အလင်းကို မရကြသဖြင့် မိမိတို့ စမ်းတဝါးဝါး ဖြစ်ခဲ့ရပြီ မဟုတ်ပါလော။

ထိုသို့ဖြစ်၍ သုခကိုသာ တောင့်တ၏။ သို့ရာတွင် ဒုက္ခကိုပါ ရလာသဖြင့် ဘဝင်မကျချင်လှ။ ဝမ်းမြောက်မှုကို တောင့်တ၏။ သို့ရာတွင် ဝမ်းနည်းမှုကိုလဲ ရလာခဲ့၏။ ဘဝင်မကျချင်လှ။ ထိုသို့ဖြင့် ချမ်းသာတောင့်တတိုင်း ဆင်းရဲဒုက္ခကလဲ ထက်ချပ်မကွာ ပါလာလေ့ရှိသည်ကို သတိ မမူမိကြ။ သတိမမူ၍ အမှောင် လမ်းမှာ စမ်းတဝါးဝါး လျှောက်ရသော အခါ ငါ တည်းဟူသော အတ္တဝါဒူပါဒါန် အစွဲဆိုးကြောင့်—

သိသင့်သော တရားစုကိုမသိ၊
မသိသင့်သော တရားစုကိုမူ သိ၏။
ပြုသင့်သော တရားကိုမပြု၊
မပြုသင့်သော တရားကိုမူ ပြု၏။

ထိုအခါ–မောဟ တိမ်သလ္လာ ပိတ်ဖုံးကာ၍ လောဘကို လောဘဟု မရှုမိကြ၊ ဒေါသကိုလဲ ဒေါသဟု မရှုမိကြ၊ ဒုက္ခကိုလဲ ဒုက္ခဟု မရှုမိကြ။ ထိုသို့ မရှုမိကြသောအခါ အမှောင်လမ်းတွင် လောဘသမားချင်း ဆုံမိတော့သည်၊ တိုက်မိတော့သည်၊ ခိုက်မိတော့သည်။ ဒေါသသမားချင်းလဲ မီးတောက်မီးလျှံတပြောင်ပြောင်ဖြင့် လောင်မြိုက်ကြသည်။ ဒုက္ခသမားချင်းလဲ တယောက်ပေါ်တယောက်တက်၊အိမ်သာထဲမှလောက်တက်သည့်သဖွယ် တက်ယင်းတက်ယင်း ပျက်ယွင်း၍ ဆင်းရဲရပြန်ပါသည်။

မသိခြင်းသည် ခက်၏။
သိခြင်းသည် လွယ်၏။
သိလျက်မကျင့်ခြင်းသည် ဆိုး၏။
ဆိုးလျက်မပြင်သူမှာ လူမိုက်သာဖြစ်၏။

လူမိုက်သည် မိမိ၏ မိုက်ပုံကိုမသိ၊ မဆင်ခြင်မိ၊ မိုက်မှုကိုပင် အမွမ်းတင်တတ်သေး၏။တဖန် လူမိုက်တယောက်သည် လူမိုက်များစွာကို ဖြစ်ပေါ်စေ၏။ ထိုအခါ ဂိုဏ်းဂဏဖွဲ့၍ သောင်းကျန်းလာပေမည်။ စဉ်းစားကြည့်လျှင် မိမိတို့သည် လူမိုက်ဘယ်နှစ်ခါဖြစ်ခဲ့မှန်းမသိရ၊ လူမိုက်ခေါင်းဆောင်လဲ ဘယ်နှစ်ဘဝ ဖြစ်ခဲ့မှန်းမသိရ၊ အစမထင်သော သံသရာပြင် ခရီးခဲ၌ မရေမတွက်နိုင်အောင်ပင် ဖြစ်ခဲ့ဘူးပေလိမ့်မည်။

ယခု သူတော်ကောင်းတရားနှင့်တွေ့၍ အမှန်ကိုသိရသည်။ သိ၍ကျင့်သည်။ ကျင့်၍ရသည်။ ရ၍ချမ်းသာသည်။ သို့မဟုတ်

ယောနိသောမနသိကာရဖြင့် အသင့်အတင့် နှလုံးသွင်းတတ်သည်။ လောကကိုလည်းကောင်း လူကိုလည်းကောင်း၊ အပြစ်မတင် ခွင့်လွှတ်သည်။ စင်စစ် လူနှင့် လောကတို့သည် ပညတ်တရားများသာ ဖြစ်ကြသည်။ မည်သို့မှ မလှည့်စားကြ၊ လှည့်စားဘတ်သည် များမှာ– မောဟဆိုသော အမှောင်ဓာတ် အဝိဇ္ဇာ၊ ဒေါသဆိုသော ကြမ်းတမ်းရက်စက်မှု အပူဓာတ်၊ လောဘဆိုသော လိုချင်ခြင်း တဏှာတို့ဖြစ်သည်။

ဤတရားဆိုးများသည် သွားလမ်းပြန်လမ်းကို မှားစေနိုင်ကြသည်။ လမ်းမှားသို့လိုက်မိလျှင် မျက်စိလည်၍ မှားတော့မည်။ ဆင်းရဲဦးမည်။ ထိုအခါ အမှောင်လမ်းမှာ စမ်းတဝါးဝါးနှင့် ကျင်လည်ရဦးမည်။ ကြောက်လန့်ဖွယ် မဖြစ်ပါသလော။ သံဝေဂရဖွယ် မဖြစ်ပါသလော။ ကြောက်ဖွယ်၊ လန့်ဖွယ်ပါတကား။

❀

၁၃၄၁–ခုနှစ်၊ တော်သလင်းလဆုတ် ၇–ရက်၊ ဗုဒ္ဓဟူးနေ့။
၁၂–၉–၇၉

**တရားတိုးတက်မှုရှိသည်၊ တွေ့လာပြီ** ယနေ့ဆိုပါလျှင် ဝိပဿနာတရားအားထုတ်လာသည်
မှာ ၂-လနှင့် ၇-ရက်ရှိပြီ၊ တရားထိုင်ရာတွင် ခန္ဓာကိုယ်မှာ လှုပ်ရှားမှုမရှိတော့ပဲ ကျောက်စာတိုင်ကဲ့သို့ ငြိမ်မတ်နေသည်။

မျက်နှာပြင်မှ နှာခေါင်းပေါက်၊ ပါးစပ်ပေါက် ပျောက်ကွယ်နေသည်။ မိမိ၏ ရုပ်ကိုယ်သဏ္ဍာန် ပျောက်လျက် ကျောက်တုံးသဖွယ်မျှလည်းကောင်း၊ ထင်းတုံးသဖွယ်လည်းကောင်း ထင်မြင်မိခဲ့တော့သည်။ စိတ်လှုပ်မှုလည်းမရှိ၊ ရံခါရံခါမှသာ နှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်း ထွက်၏။ ထိုအခါလည်း ထွက်လျှင်ထွက်ချင်း သိလိုက်၍ ရှုမှတ်နိုင်ပြန်သည်။ ထိုအခါတွင် မိမိကိုယ်ကို ကျေနပ်မှုဖြစ်ရသည်။ တရားအားထုတ်မှု၌ ပီတိပွားရတော့သည်။

ရှုမှတ်မှု၌ စူးစူးစိုက်စိုက် မြဲမြံနေသောအခါဝယ် လိုချင်မှုလောဘ သဘောတရားများ မရှိပေ။ စိတ်ဆိုးကြမ်းတမ်းမှု ဒေါသတရားလည်း မတွေ့ပေ။ တစုံတဦးဦးအား ချစ်ခင်မှုသဘောတရားစိတ်လည်း မပေါ်ချေ။ ယင်း အခါတွင် တရားရှုမှတ်မှု၏ သဘောကိုလည်းကောင်း၊ အကျိုးတရားကိုလည်းကောင်း၊ ကွက်ကွက်ကွင်းကွင်း သိရပေပြီ။ တရားအားထုတ်မှုဖြစ်မြောက်အောင်ဖန်တီးပေးသောဆရာတော်ဦးဣန္ဒကအား ဦးတိုက်မိတော့၏။နေ့စဉ်နေ့တိုင်း စိတ်လက်ရှည်စွာဖြင့် တရားစစ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အားထုတ်မှု၌ လိုအပ်သမျှ ညွှန်ကြားပေးတော်မူသော ချမ်းမြေ့ဆရာတော်ဘုရားအားလည်း တကြိမ် နှစ်ကြိမ် သုံးကြိမ်မက ဦးနှိမ်ချ၍ ကန်တော့မိလေပြီ။

ထိုနေ့က တရားလျှောက်ရာတွင် ဆရာတော်က ဤသို့ မှတ်ချက်ချ၏။ "တိုးတက်မှုရှိသည်။ တွေ့လာပြီပဲ" ဟူသတည်း။

ဆရာ၏ ညွှန်ပြမှုအတိုင်း အားထုတ်သဖြင့် အကျိုးခံစားမှုများ ရရှိနေရာ ကြည်နူးဝမ်းသာခဲ့ရသည်။ ဤဖြစ်ရပ်မျိုးမှာ ယောဂီ တိုင်းပင် ခံစားရပေလိမ့်မည်။

ယနေ့ တရားပွဲမှ ဆောင်ပုဒ်တခု ရသည်။ အလုပ်ပေး သဘောပါ၍ လေးနက်လှပါသည်။

"ရုပ်နာမ်ဆင်းရဲကို ဆင်းရဲဟု အမှန်အတိုင်း ပိုင်းပိုင်း ခြားခြား **ရှုရမည်၊ သိအောင် ရှုရမည်၊ ရှုမှ သိသည်၊ သိမှ မငြီးငွေ့သည်၊ မငြီးငွေ့မှ ဆင်းရဲငြိမ်းသည်၊ ဆင်းရဲငြိမ်းမှ ချမ်းသာရသည်။**

(ချမ်းမြေ့ဆရာတော်)

၁၃၄၁–ခုနှစ်၊ တော်သလင်းလဆုတ် ၈–ရက်၊ ကြာသပတေးနေ့။
၁၃–၉–၇၉

**အသက်ကယ်တဲ့ ရှည်စေလို** မြန်မာလူမျိုးများမှာ များသော အားဖြင့် "အသက် ၁၂၀·ရှည်စေ သော်"ဟူသော ဆုပေးပါသည် ဇာတာရက်ချုပ်ရှိကြသည်။ တတ်နိုင်သူများက တတ်နိုင်သလိုချဲ့ထွင်ကာ "၁၂၀·တန် ဇာ တာများ"ပင် ဖွဲ့ထားတတ်ကြသည်၊ လူလတ်တန်းစားများ ကမူ ငါးကျပ်တန် တဆယ်တန်များဖြင့်သာ အဖွဲ့များကြ

သည်။ လုံးဝမတတ်နိုင်သူများမှာဆေးတလိပ်လက်ဖက်တပွဲဖြင့် မဟာဘုတ် ဆရာများထံမှ "အသက် ၁၂ဝ ရှည်စေသော" ပါသည့်ရက်ချုပ်ကို ပိုင်ဆိုင်နိုင်ကြသည်။

ဤမျှော်လင့်တောင့်တချက်များကို ကြည့်၍ လူတန်းစား မရွေး အသက်ရှည်ချင်ကြသည်မှာ ထင်ရှားသည်။ သို့သော် အားလုံး ၁၂ဝ-ရှည်ကြပါ့သလား၊ အသက်ရှည်အောင် ဘာ လုပ်ရမည်နည်း။

လူမျိုး တရာ့တပါးရှိ၍ အသက် ရှည်နည်းလည်း တရာ့ တမျိုးပင် ရှိနေပေလိမ့်မည်။ သို့သော် လူမျိုးနွယ်တစု၏ နည်း သည် အခြားလူမျိုးနွယ်တစုအား သင့်လျော် လျောက်ပတ်နိုင် သည်ဟု တထစ်ချယူဆ၍ မဖြစ်နိုင်ပေ။ ရေမြေပထဝီက ကွာ ခြားနေသည် မဟုတ်လော။

**သမ္မတနှင့် ဘိုးသက်ရှည်** တခါက သမ္မတ တဦးသည် လူမျိုးချင်းမတူသော ဘိုးသက် ရှည်တဦးအား ရေခဲမုန့် အပါအဝင် သမ္မတ စားပွဲသောက်ပွဲ ဖြင့် ဧည့်ခံလေသည်။ ဘိုးဘိုးသက်ရှည်သည်မိမိတသက်တာတွင် စားသုံးမြဲ မဟုတ်သော အာဟာရတို့ကို မမှိဝဲလိုသော်လည်း သမ္မတကြီးအား အားနာလှသဖြင့် မြိန်ရည်ရှက်ရည် သုံးဆောင် မိသည်။ မိမိအိမ်ဂေဟာသို့ ရောက်လျှင် ဝမ်းလျှော၍ ကွယ် လွန်ရရှာလေသည်။ သမ္မတကြီးကား ဝမ်းနည်း၍ မဆုံးပြီ။

ဆရာဝန်များစွာက အသက်ရှည်ရာ အနာမဲ့ကြောင်းအဖြစ် ဆေးလိပ်မသောက်ရန် ညွှန်ကြသည်။ သို့သော် ဆရာဝန်အချို့ ကပါ ဆေးလိပ်မရှောင်ကြသဖြင့် ထိုဆရာဝန်တို့ အဆိုဝါဒ

လည်းလူတိုင်းလက်မခံကြသေးပေ။ အထူးသဖြင့် ဆေးသောက် ဆေးငုံနေသော အသက်ရှည် အဘိုးအဘွားတို့ကို တွေ့ရပြန်သောအခါ ဆေးလိပ်သောက်ရုံဖြင့် အသက်တိုနိုင်သည်မှာ အမှန်ပင်ဖြစ်ပါသလော၊ ဆေးလိပ်သောက်ပါလျက် ဤအဘိုးအဘွားတို့သည် ဘယ့်အတွက် အသက်ရှည်နေရသနည်း။

ကျေးလက် တောရွာများသို့ လှည့်လည်တိုင်း အသက် ၈၀-ကျော် ၉၀-အဘိုးအဘွားတို့ထံ တကူးတက သွားရောက်မေးမိသည်။ သူတို့ကား ရိုးသားဖြောင့်မတ်သူများပီပီ 'ဉပုသ်စောင့်လို့ပေါ့'' ဟု ဖြေတတ်ကြသည်။

သူတို့ လက်ထဲမှာ အညာပြောင်းဖူးဖက် ဆေးလိပ်ကြီးများကိုကြည့်၍....

'အဲဒီ ဆေးလိပ်တွေ သောက်တာ မမောဘူးလား၊ ဆေးငုံတော့ သွားတွေ ကျိုးကုန်မှာပေါ့'' ဟု မေးမိသည်။

'တပည့်တော်အသက် ၇၈-နှစ်ရှိပါပြီ၊ ခုထက်ထိ နွားစားကျင်း ပေါက်နိုင်တုန်းပါပဲ၊ ဆေးကတော့ မြင်းခြံဆေးတရွက်ဆို နှစ်ရက်ပဲ ဝါးရပါတယ်၊ တပည့်တော်သားတွေတချို့ အသက် ၄၀ တချို့ ၃၀-ရှိသေးတယ်၊ အလုပ်လုပ်ယင် သူတို့ကပဲ မောနေသေးတယ်ဘုရား''

**သက်ရင်းတောသူ** ''ဖွားဖွားကြီး တောင်ဝှေး တချောင်းနဲ့ ကျောင်းလာရတာ မောရောပေါ့'' ဟု

ဉပုသ်စောင့်လာသူများအထဲမှအသက်အရှည်ဆုံးဘွားစောတင်အား နှုတ်ဆက်လိုက်ရာ ...

"မောပါဘူး မောင်ပဇင်းနှယ်၊ တပည့်တော်တို့ရွာမှာ အသက် ၉၂-နှစ်ကြာမှသေတဲ့လူတွေ အပုံကြီးရှိတယ်၊ ဒကာမကြီးလဲ ၉၀-ကျော်အောင် နေမလို့ဘုရား၊ ဟေ့-သူငယ်လေး ဖွားဖွားဆေးလိပ် ညှိပေးစမ်းကွယ်"

ဘွားစောတင်ကား နတ်မောက်မြို့နယ်မှသရင်းတောရွာသူ၊ စကားပြောရာမှာပင် လေသံက မာတုန်းရှိသေးသည်၊ သူမှန်းသလိုပင် ၉၀-ကျော်နေနိုင်လောက်ပေသည်။ သောတာပန်သကဒါဂါမိအကြောင်း မပြောတတ်သော်လည်း ဦးချပုံ အရိုအသေပြုပုံတို့မှာ ခုခေတ် ဗုဒ္ဓသာသနာ၀င်တို့က အတုယူလောက်သည်၊ မင်္ဂလာရှိသည်၊ ကျက်သရေရှိသည်၊ ထိခြင်းငါးပါးပြည့်၀သည်။

ငါးပါးသီလယူယူ၊ ရှစ်ပါးသီလ တောင်းတောင်း ဘွားစောတင်ကား အလွတ်ရသည်၊ ဓမ္မစကြာပင် ရသည်ဟုဆိုပြီး ရွတ်ပြသည်၊ ဉပုသ် စောင့်ကလည်း ၀ါတွင်း၀ါပ တလလေးသီတင်းတော့မှန်သည်၊ ဤအဘွားမျိုးကို ဆ႑ာမြို့မှာလည်း တွေ့ခဲ့သေးသည်။ ဈေးမြောက်ဖက် ကပ်လျက် နေသည်၊ အသက်ရှစ်ဆယ်ပင်ပြည့်နေပြီ၊ နာမည်က ဒေါ်အုံ့မယ်၊ သူတို့ ဉပုသ်စောင့်ပုံကား—

နူးညံ့သော ကော်ဇောများဖြင့် ဇိမ်ခံမှုမပြု၊ ကိုယ်လက်လှုပ်ရှားခြင်းမရှိကြ။

၀စီကံ အားဖြင့်လည်း ပေါက်ကရ လေးဆယ် မပြော၊ သမ္ဖပ္ပလာပ စကားမျိုးကို ရှောင်ကြ၏။ လယ်တီဆရာတော်ကြီး

နှင့် ဦးဥေယျတို့အား မှီခဲ့ကြသဖြင့် ထိုဆရာတော်ကြီးများ ဟောပုံ ပြောပုံ ဆိုဆုံးမပုံများကို ပြောလေ့ရှိကြသည်။

မနောကံအားဖြင့်လည်း ရိုင်းစိုင်းမှုမပြု၊ ကျောင်းမှ ပြန်ခါနီး အမှိုက်လှဲသွားခြင်း ပေါင်းမြက် သုတ်သင်သွားခြင်းကို ထောက်၍ နူးညံ့သန့်ရှင်းမှုရှိကြောင်း သိနိုင်သည်။ ရှေးအဖွားကြီးများဟု ပြောရ၍ဖြစ်သော သူတို့ ဥပုသ် စောင့်ခြင်းကား ဒုစရိုက်ကိုရှောင်ကြဉ်၍ သုစရိုက်ကို ပြုကျင့်ခြင်းပင် ဖြစ်တော့သည်။

မြန်မာလူမျိုး ဗုဒ္ဓသာသနာဝင်မှန်လျှင် 'ဩကာသ ကန်တော့ခန်း' နှင့် မကင်းကြ။ ယင်းသို့ ကန်တော့ရာ၌ ဘုန်းတော်ကြီး ရှေ့ဖြစ်လျှင် 'အဘိဝါဒန သီလိဿ-ရတနာသုံးပါးအား ရိုသေစွာ ရှိခိုးခြင်း အလေ့ရှိထသော နိစ္စံ-အမြဲ၊ ဝုဍ္ဍာ-ပစာယိနော-အသက်ဖြင့် ကြီးသောသူ, ဂုဏ်ဖြင့် ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိသောသူအား၊ အာယုစ-အသက်ရှည်ခြင်းလည်းကောင်း၊ ဝဏ္ဏောစ-အဆင်းလှခြင်းလည်းကောင်း၊ သုခဉ္စ-ချမ်းသာခြင်းလည်းကောင်း၊ ဗလဉ္စ-ကိုယ်အား ဉာဏ်အား ကြီးခြင်းလည်းကောင်း၊ စတ္တာရော ဓမ္မာ-ဤလေးပါးသော အကျိုးတရားတို့သည်၊ ဝဍ္ဎန္တိ - ပွားများကုန်၏ဟူသော ဆုပေးကို ကြားဘူးကြပေလိမ့်မည်။ မှန်ပါသည်၊ ဤဆုပေးမှ အသိရကာ ရှေးဗမာကြီးတို့သည် တကယ်ပင် ရိုးရိုးသားသား စိတ်ဓာတ်များဖြင့် ရတနာသုံးပါးအား ရိုသေ ကိုင်းရှိုင်းခဲ့ကြသည်။ နိုင်ငံရပ်ခြားမှ လည်းကောင်း၊ ဘာသာတပါးမှလည်း

ကောင်း ထူးဆန်းထွေလာ နည်းပဒေသာတို့ကို မရှာခဲ့ကြ။ မိမိတို့နိုင်ငံတွင် ထွန်းကားနေသော ဗုဒ္ဓဝါဒ ဆိုဆုံးမချက်များကိုသာအားကိုးတခု လက်ကိုင်ပြု၍ ကျင့်သုံးခဲ့ကြသည်။

ရတနာမြတ်သုံးပါးအား ယုံကြည် သဒ္ဓါ ခိုင်မြဲစွာဖြင့် ဆည်းကပ်မိပါလျှင် ထိုရတနာသုံးပါးတို့၏အေးမြမှု၊ကြည်လင်မှု အရှိန်အဝါကြောင့် ဆည်းကပ်သူ မိမိတို့မှာလည်း ဒုစရိုက်တရားဆိုးတို့မှ အနည်းနှင့်အများဆိုသလို ပယ်ခွါနိုင်ပေလိမ့်မည်။ ထိုအခါ ဖြူစင်သန့်ရှင်းသော စိတ်ဓာတ်ပိုင်ရှင်များဖြစ်လာကြမည်။ ငြိမ်သက်တည်ကြည်သော စိတ်ဓာတ် ရုပ်ဓာတ်ပိုင်ရှင်များ ဖြစ်လာကြမည်။ ထိုကောင်းမြတ်သော စိတ်နှင့်ရုပ်ပိုင်ရှင်တို့သည် ပညာ ဥစ္စာ စီးပွား မည်သည့်တရားကိုပင်ရှာဖွေရှာဖွေအလွယ်တကူ ရရှိပေလိမ့်မည်။ ထိုပညာဥစ္စာများကိုအခြေခံ လက်ကိုင်ပြုထားနိုင်ပါလျှင် အသက်ရှည်ရေးအတွက်အထောက်အပံ့ကောင်းတို့ရရှိပေပြီး ဆင်းလှ ကျန်းမာလိုသမျှလူ့ဆ္တာတရားတို့ကို ရရှိနိုင်မှာဖြစ်သတည်း။

**ဘုရားဖက်ယင် အသက်ရှည်တယ်** ဤနေရာ၌ ဘုရားစကားတော်အတိုင်း လိုက်နာပြုကျင့်ခဲ့သဖြင့် သေအံ့မူးမူးအချိန်မှ လွတ်ကင်းခဲ့သော ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တခုကို ဆက်လက်ရေးသားလိုသည်။

ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှား ရှိစဉ်က ပဏ္ဏားဇနီးခင်ပွန်းနှစ်ယောက်တို့သည် ဗုဒ္ဓထံတော်သို့ မျက်နှာငယ်ငယ်

ဖြင့်ရောက်လာကြသည်။ သားလူမမယ်လေးလည်းပါလာသည်။ အရိုအသေပြုပြီးသောအခါ ဗုဒ္ဓရှင်တော်မြတ်က မိဘနှစ်ပါးတို့အား "အသက်တရာ့နှစ်ဆယ် ရှည်စေသတည်း"ဟု ဆုပေးသော်လည်း ကလေးသူငယ်အားမူ မပေးချေ။ အကြောင်းမှာ ကလေး၏ သေမည့်ရက်ကို သိတော်မူသောကြောင့် ဖြစ်သည်။ ထိုသို့ဆုမပေးသောအခါ မိဘနှစ်ပါးကလျှောက်ထားကြ၏။

"ဤကလေး အသက်ရှည်အောင် မည်သို့ပြုရပါမည်နည်း"

"သင်တို့အိမ်မှာ မဏ္ဍပ်ထိုးထားပြီး တရားနာရန်ပြင်ဆင်ပါ၊ ရဟန်းတော် ၈ ပါးကြွလာပြီး အန္တရာယ်ကင်း တရားတော်များရွတ်ဖတ်တော်မူကြမည်။ ခုနစ်ရက်မြောက်နေ့မှာ ငါဘုရားကိုယ်တိုင်ကြွလာပြီး တရားဟောတော်မူမယ်"

ပုဏ္ဏားမောင်နှံတို့သည် ဗုဒ္ဓစကားတော်အတိုင်း ဆောင်ရွက်ခဲ့ကြ၏။ ယင်းကြောင့်ပင် သူတို့၏သားလေးသည်အသက်တရာ့နှစ်ဆယ်အထိပင် ရှည်ခဲ့လေသည်။ အာယုဝဍ္ဎန ဖိုးသက်ရှည်အမည်ပင်ရရှိခဲ့၏။ "ဘုရားဖက်ယင် အသက်ရှည်" ကား လွန်စွာမှန်ပေတော့သည်။

---

**မှတ်ချက်။** ။ဤဆောင်းပါးသည် ဗုဒ္ဓဓမ္မလောကစာစောင်တွင် အထက်ပါနေ့စွဲဖြင့် ဖော်ပြပြီးဖြစ်သည်။ ၂၆-နှစ်မြောက် နှစ်လည် စာအုပ်တွင်လည်း ပါဝင်ပြီးဖြစ်သည်။

၁၃၄၁-ခု တော်သလင်းလဆုတ် ၁၀-ရက် စနေနေ့။
၁၄-၉-၇၉

**သောကပရိဒေဝါနံ** ယနေ့ဘုန်းကြီးဦးဇဝနတရားဟောသည်။ သူ၏မိခင် ဒါယိကာမကြီး ကွယ်လွန်သွားကြောင်းကို ဣန္ဒြေမပျက်ဟောသွားသည်။ ဒါယကာကြီးလည်း ကွယ်လွန်ပြီးပြီဟု ဟောပြန်သည်။ ကွယ်လွန်သည်၊ သေသည်၊ အနိစ္စရောက်သည် စသည်ဖြင့် ဝေါဟာရ ကွဲပြားသော်လည်း စင်စစ်အားဖြင့်မူ သေကွဲ ကွဲရခြင်းပင် ဖြစ်ပါတကား။

တရားဟောယင်း မဟာဂန္ဓာရုံ ဆရာတော်၏ လင်္ကာကို ချပေးသည်။

ဤလင်္ကာသည် ဂန္ဓာရုံဆရာတော်၏ နောက်ဆုံးစာမူဟု သိရသည်။

၁။ ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။
၂။ တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရသည်။
၃။ ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွာသွားရသည်။
၄။ တကယ့်အရေး၊တကယ့်ဘေး၊ ဘယ်သွေး ဘယ်သား မကယ်ပြီ။
၅။ ငါနှင့်ရွယ်တူ၊ငါ့အောက်လူ၊ကြီးသူသေကြများ လှပြီ။
၆။ ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လဲသေဘက်နီးခဲ့ပြီ။

၇။ ဇရာ မီးတောင်၊ ကိုယ်ထည်းလောင်၊ သေအောင် မြိုက်တော့သည်။

၈။ မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်ပြီ။

၉။ ဒါနသီလာ၊ ဘာဝနာ၊ လမ်းသာထွင်လိမ့်မည်။

၁၀။ မဂ္ဂင်ယာဉ်ကြီး၊ အမြန်စီး၊ ခရီးထွက်လိမ့်မည်။

ယောဂီတိုင်း ဆိုလည်းဆို၊ ရေးလည်း ရေးမှတ်ကြသည်။ အနှစ်အဆီ ပြည့်ဝလှသည်။ မိမိသည် ဤဆရာတော်၏စာပေများကို ရှင်ငယ်ဘဝမှပင် ကြည့်ရှု သုံးစွဲခဲ့ရသည်။ သုဓမ္မာဆရာတော်များထံတွင် အနေများခဲ့သော်လည်း မိမိကြည့်ရှုမှုများခဲ့သည်မှာ ဤဂန္ဓာရုံ ရွှေကျင်ဆရာတော်၏ စာပေများပင် ဖြစ်သည်။ ဆရာတော်ပျံတော်မူသည့်သတင်းကို "**နတ်မောက်မြို့နယ် နဘူးတောင်ရွာ**" ရောက်ခိုက်တွင် ရေဒီယိုမှကြားရသည်။ မည်မျှဝေးသောဒေသမှကြားရသည်ပင်ဖြစ်စေ သာသနာတော်အတွက် ဆုံးရှုံးမှု၊ စာပေရေးအားကောင်းလှသော ကျမ်းပြုပုဂ္ဂိုလ်ကျော်တပါးဆုံးရှုံးမှုဖြစ်၍ နှမြောလှသည်။

အကယ်၍သာမိမိသည် အနီးကပ်ဆည်းကပ်ဘူးသော အန္တေဝါသိကတပည့်ဖြစ်ခဲ့ပါမူ မည်မျှပူဆွေးမိမည်မသိ။

ဤပူဆွေးမှုသောက တရားများကား သတ္တဝါတို့ မနှစ်မြို့ကြသော်လည်း တဖေးလက်ကိုင်မရှိပါမူ ပရမ်းပတာ ဖြစ်သွားတတ်ပေသည်။ "ပူလိုက်တာ၊ ဆွေးလိုက်တာ၊ ဝမ်းနည်းလိုက်တာ၊ ဇမ္ဗူတခွင် ငါ့အပြင် ပူပင်သူတော့ ရှိတော့မည်

မဟုတ်၊ ငါသာအဆိုးဆုံး''ဟု ကိုယ့်ကိုယ်ကို ပုပင်လယ်မျှော၍ ငါရယ် ပူမှုရယ်၊ ပူမှုရယ် ငါရယ် နပန်းလုံးကာ အကြမ်းတမ်းဆုံးခရီးကိုရွေးမိမှားတတ်ကြပါသည်။

အကြမ်းတမ်းဆုံး ခရီးဟူသည် အသို့နည်း....။

'' ငါ့အဖြစ်က ဘယ်သူ့အဖြစ်နဲ့မှမတူဘူး၊ထူးကိုထူးတယ်၊ ရှူးလောက်တဲ့ အဖြစ်ပါလား၊ ငါက သံယောဇဉ်ထားရက်နဲ့ သင်းက မငဲ့ဘူး....'' စသည်ဖြင့် လည်းကောင်း၊ ငါ့အမှုက မလွတ်မြောက်နိုင်တော့ ဆိုးလိုက်တာ၊ဆိုးလိုက်တာ စသည်ဖြင့် လည်းကောင်း၊ ကိုယ့်ကိုယ်ကို ''အပူဆုံးအကယ်ဒမီ ' ပေးကာ ယူကျုံးမရဆင်းရဲနေတတ်ကြရှာသည်။ ဤဆင်းရဲမှလွတ်မြောက်ရာကို မသိသောအခါ ရေတွင်းထဲခုန်ချလိုချ၊ အဆိပ်သောက်လိုသောက်၊ ကြိုးဆွဲချလိုချ စသည်ဖြင့် အမျိုးမျိုး သေကြောင်းကြံစည်တတ်ကြသည်။

မှား...မှားလေစွ တကား-။

''မနုဿတ္တဘာဝေါ ဒုလ္လဘော၊ လူအဖြစ်သည် ရခဲလှ၏'' ဟု ဗုဒ္ဓရှင်တော်မြတ် ကရုဏာထား၍ ဟောတော်မူခဲ့သည်ကိုမှ သတိမပြုမိကြချေတကား။ မည်သို့ပင်ပူပင်ရသည်ဖြစ်စေ ဆင်းရဲဒုက္ခကြုံရသည်ဖြစ်စေ ထိုအပူ ထိုဆင်းရဲမှ လွတ်မြောက်ရန်နည်းလမ်းသည် အမှန်ပင်ရှိသည်။ **သင်- သတိရစမ်းပါ''**

''ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခ

ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိ ပဋ္ဌာနာ ”စသည်ဖြင့် ဟောတော်မူခဲ့ပါပြီ။

၁။ ကိလေသစ်ကြေး၊ ဆိုးပူဆွေး၊ ငိုကြွေးကင်းပါသည်။

၂။ ကိုယ်စိတ်ဆင်းရဲ၊ မတွေ့ပဲ၊ အမြဲချမ်းသာသည်။

၄။ မဂ်ဖိုလ်နိဗ္ဗာန်၊ တရားမှန်၊ ကျေနပ်ရပါသည်။

ဗုဒ္ဓအားယုံကြည်လျှင် ဗုဒ္ဓ၏တရားတော်ကိုလည်းယုံကြည်ရပါမည်။ သင် ယုံကြည်ပါရဲ့လား....၊ တကယ် ယုံကြည်လျှင် တကယ်လိုက်နာ ရှုမှတ် ပွားများပါရဲ့လား....၊ ဗုဒ္ဓတရားတော်များသည် ထိုင်၍ဆုတောင်းနေရုံနှင့်ပြီးသောတရားမဟုတ်ပေ။ လက်တွေ့လုပ်မှ၊ ရှုမှ၊ ပွားများမှ လိုရာကိစ္စပြီးနိုင်ကြသည်။

သင်—ပူပင်မှု၊ ဝမ်းနည်းမှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့မှ အမှန်တကယ် လွတ်မြောက်လိုပါမူ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြင့် သေတပန်, သက်တဆုံး နှလုံးအေးစွာ နေ၊ စိတ်ဝမ်းရွှင်လန်း ချမ်းမြေ့စွာ နေသွားလိုပါမူ၊ ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်များသည် တခုတည်းသော လမ်းစဉ်မြတ် ဖြစ်ပါသည်။ ထိုလမ်းစဉ်ကို လိုက်၍ရှုမှတ် ပွားများနိုင်ပါလျှင် သင်-အမှန် ငြိမ်းချမ်းပေလိမ့်မည်။

ကဲ....ရှုရအောင်၊ ပွားများရအောင်၊ ရက်ရွှေ့,လရွှေ့ ရွှေ့ မနေမူပဲ ယခုကတည်းက စ,ရအောင်၊ ဤဘဝ, ဤခန္ဓာမှာ ဘယ်ရွှေ့ ဘယ်မျှ နေရမည် မသိနိုင်ပေ။ ဘယ်နေ့ - ဘယ်ရက် သေရမည် မသိနိုင်ပါချေ။

၁၃၄၁-ခု၊ တော်သလင်းလဆုတ် ၁၄-ရက်၊ ဗုဒ္ဓဟူး။
၁၉-၉-၇၉

**ပြည်ထောင်စုရိပ်သာမှအပြန်** ယနေ့ ပြည်ထောင်စု ရိပ်သာလမ်းရှိ ဆရာဝန်တဦး၏အိမ်သို့ ဆွမ်းစားလိုက်ရသည်။ ရှိသေစွာပင့်ဖိတ်၍ မွန်မြတ်သော ဆွမ်း ခဲဖွယ်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။ ဆွမ်းကိစ္စ ပြီးသော် ပရိတ်တရားတော်များကို စုပေါင်းရွတ်ဆို မေတ္တာပို့ကြသည်။ ပြီးလျှင် ဆရာတော်တရားချီးမြှင့်သည်။ ဒါနအကြောင်း၊ သီလအကြောင်း ဟောပြီးလျှင် ဝိပဿနာဘာဝနာအကြောင်းလည်း ဟောသေးသည်။

အနောက်ဘက်တလွှားမှ နိုင်ငံသူနိုင်ငံသားများ ဗုဒ္ဓတရား လေ့လာစူးစမ်းပုံ၊ လိုက်နာကျင့်သုံးကြပုံများပါသည်။ အလှူရှင်များမှာ ရှိသေလေးစားစွာ နာယူကြသည်။ ငိုက်သူ၊ သမ်းသူ မရှိ၊ စိတ်ဝင်စားလှသည်။ သူတို့လည်းတရားဆာကြပုံရသည်။ ဆုတောင်း အမျှဝေ ရေစက်ချသည့်တိုင် ကျေနပ် ရောင့်ရဲပုံ မပေါ်။ ဆရာတော်ကား ကျောင်းတွင် အလုပ်များ လှသည်၊ အနုမောဒနာတရား ဟောပြီးလျှင် ပြန်ကြွကြသည်။

ဤအိမ်၌ **Piano** ကို တွေ့ရသည်။ မသစ် မဟောင်း ခပ်ကောင်းကောင်းပင် ဖြစ်သည်။ သည်ပီယာနိုကို မြင်လျှင် စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်အား သတိရမိသည်။ ဤဆရာသည် ပီယာနိုနှင့် စာရေးလေ့ ရှိသည်ဟု မိမိ ယူဆသည်။ သူ

စာပေများတွင် ပိယာနိုပါသည်က များသည်။ ဤသည်ကို အမှတ်မထင် ဖတ်ဘူးထားသောမိမိမှာ "ပိယာနို ဘုန်းနိုင်" ဟုပင် သညာပြုခဲ့ဘူးသည်။

အပြန်တွင် ရွှေတိဂုံအနောက်ဘက် ဦးဝိစာရလမ်းမှ ပြန်ပို့ကြသည်။ ကားပေါ်မှနေ၍ ဆရာတော်ဦးဝိစာရ ရုပ်တုအား ဖူးခဲ့ရသည်။ **"ဦးဝိစာရသည် သာသနာ့ အာဇာနည်း ရဟန်းတော်တပါးဖြစ်သည်။နယ်ချဲ့အင်္ဂလိပ်တို့၏ နှိပ်စက်မှု၊ သံဖနောင့်အောက်ဝယ် ဝိနည်း တရားတော်ကို အသက်ပမာ မြတ်နိုး ထိန်းသိမ်းလျက် ပျံလွန်တော်မူသွားသည်"**

ဆရာတော်ဦးဝိစာရ၏ ထေရုပ္ပတ္တိကို မှတ်မိနေသည်။ ဆရာတော်တို့ခေတ်ကား ခေတ်ဆိုးကြီးတည်း။ သဿမေဓ အခွန်စသော ပြည်သူလူထုဆင်းရဲစေသည့် အခွန်အတုတ်ထူပြောသော ခေတ်လည်းဖြစ်သည်။ ရှေးဟောင်း ဘုရား ကျောင်းကန်များမှ အဖိုးတန် ပစ္စည်းများ ခိုးယူထွင်းဖောက်ခံရသော ခေတ်လည်း ဖြစ်သည်။ မြတ်ဘုရား ရွှေတိဂုံပေါ်မှ ခေါင်းလောင်းကြီးကို အင်္ဂလိပ်တို့ခိုးယူဘူးသည်။မြစ်ထဲကျသွား၍ ဆယ်မရသဖြင့်သာ သူတို့နိုင်ငံသို့ မရောက်ခြင်းဖြစ်သည်။

**အဖိနှိပ်ခံဘဝ** ဆရာတော်သည် အမျိုးဘာသာ သာသနာ အတွက် အနှိမ်ခံ အဖိနှိပ်ခံဘဝ ကျရောက်နေသည်ကို သိမြင်သည်။ ထိုအခါ မျိုးချစ်စိတ်၊ ဘာသာ-သာသနာချစ်စိတ်တို့ဖြင့်အမျိုးသားရေး၊သာသနာရေးများကို အနုနည်းဖြင့် ကျယ်လောင်စွာကြွေးကြော်သွားသည်။

ယနေ့ တကြိမ်ထိုင်လျှင် ၂-နာရီကြာထိုင်နိုင်သည်။ ၄-ကြိမ် ထိုင်ခဲ့သည်။ ကျန်အချိန်တွင် စင်္ကြံလျှောက်သည်။ ဘာဝနာ ကုသိုလ်အဖို့ အစုစုကို ဆရာတော် ဦးဝိစာရအား မှန်း၍ အမျှ ဝေမိသည်။ ပြီးမှ တနိုင်ငံလုံးသို့ အမျှဝေသည်။ ပြီးမှ.... တကမ္ဘာလုံးသို့ အမျှဝေသည်။

❁

၁၃၄၁-ခုနှစ်၊ တော်သလင်း လကွယ်၊ ကြာသပတေးနေ့။
၂၀-၉-၇၉

**လကွယ်ကာလ မိုးမှောင်ကျ၍** ဗုဒ္ဓ ရှင်တော်မြတ်၏ သာသနာတော်သည် နှစ်ပေါင်း ၂၅၂၃-ခုနှစ်သို့ပင် ယွန်းခဲ့သော်လည်း ဗုဒ္ဓရှင်တော်မြတ်၏ ပညတ်တော်များကား ရှင်သန်လျက်ပင် ရှိသည်။ သက်ဝင် လှုပ်ရှားလျက်ပင် ရှိချေသည်။ ယနေ့ကား လကွယ်နေ့တည်း။ လပြည့်နေ့မှာ ဥပုသ် ပြုကြရသည့်နည်းတူ လကွယ်နေ့မှာလည်း ပြုကြရမည်ဟု ပညတ်တော်ရှိသဖြင့် ယနေ့ဥပုသ်ပြုကြရသည်။

ယခင်ဥပုသ်နေ့များကဒကာဖြစ်သော ''ဦးတင်ထွန်း''ကပင် သူ့ကားဖြင့် အပို့အကြိုပြုသည်။ သူ့စေတနာမှာ ထက်သန် လှ၏။ ထိုစေတနာကပင် သူ့အား ထောက်ပံ့ ကူညီနေသဖြင့် မျက်နှာတပြင်လုံး အစဉ်ပြုံးရွှင်နေသည်ကို တွေ့ရသည်။ လူလတ် ပိုင်းဖြစ်သော်လည်း သူကား ဘာသာတရား ကိုင်းရှိုင်းလှ၏။

အတွင်းကျကျပင် ရှိသေ လေးစားသူ ဖြစ်သဖြင့် သူ့ထံမှပင် ဝ-ခါတရံ မြန်မာနိုင်ငံရှိ ထင်ရှားကျော်ကြားသော ဆရာတော် များ၏ အကြောင်းချင်းရာများကို ကြားသိခွင့် ရခဲ့သည်။ သူသည် ဘွဲ့ရ အင်ဂျင်နီယာတဦး ဖြစ်သည်။ ယင်းကြောင့်ပင် မဟာသိမ်တော်ကြီး၏ ပျက်စီးမှုများအတွက် မည်သို့ ပြင် ဆင်လျှင်မည်မျှကြာကြာခိုင်ခံ့ဦးမည်ကို ပြောနိုင်ခြင်းဖြစ်သည်။

ထိုမဟာသိမ်တော်ကြီးမှာ ၁၃၁၄—ခုနှစ်ကတည်ဆောက်ခဲ့ သဖြင့် ယခု ၁၃၄၁-ခုနှစ်ဆိုပါလျှင် နှစ်ပေါင်း၂၇-နှစ် ကြာခဲ့ ပေပြီ။

အလျဉ်းသင့်၍ ထိုသိမ်တော်ကြီးအကြောင်းကို ဆက်လက် ဖော်ပြလိုသည်။ ထို သိမ်သည် ကမ္ဘာအေးစေတီ အနောက် ယွန်းယွန်းတွင် ဝည်ရှိသည်။ ရေကန်ဘေးရှိ ကုန်းမို့မို့တွင် တည်ဆောက်ထားသဖြင့် မိုးကာလများတွင် ရေပြင်ကျယ်မှ လှိုင်းလုံးများ တအိအိ တက်လာသည်ကို မြင်တွေ့နိုင်သည်။ သိမ်တော်ဘေးတွင် အောင်မြင် ဖွံ့ဖြိုးလှသော အကျော်ပင်တို့ ကိုလည်း စိတ်ကြည်နူးဖွယ်ရာ တွေ့နိုင်သည်။

သိမ်ဟုဆိုသော်လည်း သာမန်ပုံစံမျိုးမဟုတ်၊ သီဟိုဠ်နိုင်ငံရှိ ပုံစံများနှင့် တူသော တိုက်ခံ အဝိုင်း ပုံစံဖြစ်သည်။ ထို့ အထက်မှာမှ စေတီပုံ တည်ထားသည်။ သုတ်သင် ပြင်ဆင်မှု မရှိသဖြင့် ဖြူဖွေးမနေပါ။ မဲမှောင် နေသည်။ ယနေ့လို လကွယ်ရက်၌ မိုးမှောင်လည်းကျနေရာ မိုးသားနှင့်စေတီဘုရား ရောသွားသလိုပင် ရှိချေသည်။ ထိုမဟာ သိမ်တော်ကြီးသည်

အောက်ချေမှထီးအထိ ဉာဏ်တော် ၁၅၀-ပေ ရှိသည်။ အောက်ထပ်၌ ၁၀-ပေ၊ အလယ်၌ ၂၅-ပေ အထက်ပြာသာဒ် ၁၁၅-ပေ ရှိသည်။ ထို့ပြင် အချင်းပေ ၁၀၀-ရှိ၍ လုံးဝန်းအကျယ်မှာ ၃၁၅-ပေရှိကြောင်း သိရသည်။ ထိုခေတ် ဆောက်လုပ်ရေး စရိတ်နှင့် ကုန်ကျမှုမှာ ၁၀-သိန်းနီးပါး ရှိသည်ဟု သိရသည်။ သိမ်တော်ကြီးအတွင်း၌ ကြီးမား သပ္ပာယ်တော်မူလှသော ဗုဒ္ဓ ရုပ်တုတော်နှင့် အသီတိမဟာသာဝကရဟန္တာအရှင်မြတ်များ၏ ရုပ်တုတော်များကိုလည်း တင့်တယ် သပ်ရပ်စွာ ကိုးကွယ်ထား ပါသည်။

ယနေ့ ဉပုသ်ပြုသံဃာသည် နှစ်ကျိပ်ခုနစ်ပါးရှိသည်။ ဉပုသ် ပြုပြီးလျှင် ထိုသံဃာတော်တို့ တပြိုင်နက် မေတ္တာပို့သကြသည်။ မေတ္တာပို့သံကြောင့် တကျီကျီ တကျက်ကျက်နှင့် သိမ်တော် အလှကိုဖျက်ဆီးနေကြသော စာငှက်တို့သည် အဝေးသို့ပြေးသူ ပြေးကြ၏။ ငြိမ်သူငြိမ်နေကြသည်။ မေတ္တာစာတ်ကို လွှမ်းပတ် ခံယူရရှိဘိသို့ ပြုမူနေထိုင်ကြလေသည်။ သူ့သက်စား တိန်ညင်း ငှက်တကောင်မှာမူ ဗုဒ္ဓ ရှင်တော်မြတ်၏ ဦးခေါင်းထက်ဝယ် ကျောက်ဆစ်ရုပ်ပမာ ငြိမ်သက်နေမှုကား အရုပ်ဆိုးလှသည်။ ပြင်ပရုပ်က မည်သို့ပင် ငြိမ်သက်သော်လည်း သူ၏ အတွင်းမှာမူ သားငါး သတ်ဖြတ်ရန်သာလျှင် ဖြစ်သတည်း။

ဘုရားနှင့် နီးကာမျှမဟုတ်၊ ဘုရားထက်ပင်တက်၍ နားနေ သော်လည်း ထိုငှက်၏စိတ်ထားကား ကြောက်ဖွယ် ရှိစွတကား၊ လန့်ဖွယ် ရှိစွတကား။

ဥပုသ်ပြုပြီးလျှင် ကျောင်းဆိုပြန်ရန် သက်နှံ့ရှိကြ၏။ မိမိမှာ ရွှေကျင်ဂိုဏ်း ဆရာတော်များထံ မှီခိုလိုက်၊ သုဓမ္မာဂိုဏ်း ဆရာတော်များထံမှီခိုလိုက်နှင့် များစွာသော ဆရာတော်တို့ထံမှီခိုနေခဲ့ဘူးပေပြီ။ ယခုနှစ်ကား ရွှေကျင်ဆရာတော်တပါးဖြစ်သော ချမ်းမြေ့ရိပ်သာဆရာတော်ထံ၌ မှီခိုနေခဲ့၏။ ယင်းကြောင့်လည်း မိမိသည် နေရာထိုင်ယူဆောင်ခြင်း၊ သက်နှံ့ရုံခြင်းအလေ့အထများ အသားကျလျက်ရှိလေပြီ။ ကွမ်းစား ဆေးသောက်မှာ အလျှင်ကပင် မရှိခဲ့သဖြင့် ရွှေကျင်ဂိုဏ်းစည်းမျဉ်းကို တိကျစွာ လိုက်နာနိုင်လျက် ရှိတော့လည်း။ နှစ်သက်ဖွယ်တခု တင်ပြလိုသည်မှာ ကျောင်းတွင်း – ကျောင်းပြင် ဆွမ်းစား ကြရာ၌ သပိတ်နှင့် ဘုဉ်းပေးကြရခြင်းပင် ဖြစ်သည်။ သပိတ်ကိုယ်စီလွယ်လျက် နေရာထိုင်ကိုယ်စီတင်လျက် ကြွကြသည်မှာ အသွင်ဆန်း၍ အမြင် အေးချမ်းလှသည်။

**နှစ်သက်ဖွယ်** အခြားတခုမှာ နဝကမ္မခေါ် သောငွေကို မကိုင်မခံကြခြင်းပင် ဖြစ်သည်။ ဝိနည်းတော်တွင် တိုက်ရိုက်လာသော ထိုပညတ်ချက်ကို ကပ္ပိယကာရကများဖြင့် သာ အပ်စပ်အောင်ပြု၍ ပစ္စည်းလေးပါး ခံယူကြရ၏။ ယောဂီရဟန်းတော်များအတွက်လည်း ကပ္ပိယ ကာရကထံ အပ်နှံကာ နဝကမ္မစာရင်းဖွင့်၍ ဝိနည်းတော်နှင့် လျော်ညီစွာ ဆောင်ရွက်ပေးကြသည်၊ အတုယူဖွယ် ကောင်းလှသည်။

ဤသို့လျှင် ဗုဒ္ဓရှင်တော်မြတ်၏သားချစ်ရဟန်းတော်များက ဝိနည်းစည်းမျဉ်းကိုလေးစားလျက်၊ လိုက်နာလျက် ကြည်ညိုဖွယ်

ဆောင်အောင် ကျင့်ကြံ နေထိုင်ကြပါသော်လည်း ရံဖန် ရံခါ အားဖြင့်မူ သာသနာ့ဂုဏ်ကို မှေးမှိန်အောင် ဖျက်ဆီးနေသော ရဟန်းဆိုးများကို တွေ့ရတတ်သေးသည်။ ယနေ့ လက္ခယ်နေ့ ကျောင်းသို့ ခြေလျင်ပြန်ကြလာရာ ကမ္ဘာအေးစေတီအတွင်း၌ 'သက်န်းရောင်ညို တည်စ်၊ မှတ်ဆိတ်မွေးထူလပျစ်နှင့် ညစ်ကြေး ချေးထူ နှုတ်ခမ်းတော် စုစုရှိလှသော အလှူခံတဦးအား တွေ့ခဲ့ ရ၏။ သူ့အား အလ္လာပ-သလ္လာပပြောရန် မဝံ့ပေ။

'အလုံမြို့နယ် အောင်မင်္ဂလာတိုက်သစ်'တွင် သီတင်းသုံးခဲ့ စဉ်ကမူ ကျောင်းအနီးသို့လာရောက်အလှူခံတတ်သော အထက် ပါ ပုဂ္ဂိုလ်မျိုးအား ရဟန်းအများ စုပေါင်းလျက် စစ်ဆေး မေးမြန်းခဲ့ဘူး၏။ အတုအယောင်မှန်း သိသောအခါ ပုဆိုး ဝတ်၍ ဆိုးမလွှတ်ခဲ့ကြသည်။ ယခုကား ကြောက်ဖွယ်အသွင် ဆောင်နေသောပုဂ္ဂိုလ်အား ယောဂီစိတ်ဖြင့်မြင်ကာမျှ ရှုမှတ်၍ ဝေရမဏီ ဝေးဝေးက ကြဉ်ရှောင်ခဲ့ရသည်။

ကမ္ဘာအေးဝင်းမှထွက်သော် ကြောက်ဖွယ်ကောင်းသော အထက်ပါပုဂ္ဂိုလ်မျိုး တွေ့ရပြန်သည်။ သူကား ဈေးပေါက်ဝ တွင် ခွေးခြေတလုံးပေါ်၌ ငုတ်တုတ်ထိုင်နေသည်၊ အသွင် အပြင်ကား အထက်နည်းတူပင်ဖြစ်၏။

အရှင်ဥပနန္ဒကိုအကြောင်းပြု၍ ပေါ်ပေါက်ခဲ့သောငွေကိုင် ခံမှုသည် သာသနာရေးတလျှောက် ရေးကြီးခွင့်ကျယ် ဖြစ်ခဲ့

ဘူးပါသည်။ သံဃါယနာတင်ရသည့်အထိပင်ကျယ်ပြန့်နက်ရှိုင်းခဲ့ပါသေး၏။ ထိုဇာစ်မြစ်ကို သိတော်မူ, မြင်တော်မူကြသော သာသနာတော်ကို ချစ်မြတ်နိုးသည့် မဟာထေရ်မြတ်တို့ကား ဝိနည်းသာသနာ အရှည်တည်တံ့ခိုင်ခံ့ရန် ဝိနည်းစာပြန်ပွဲများ ကျင်းပပေးခြင်းဖြင့် အပတ်တကုတ်အားထုတ်နေကြပါသည်။ ထိုထိုသော အရှင်ကောင်းအရှင်မြတ်တို့၏ လုံ့လဝီရိယအားဖြင့် ဤကဲ့သို့ မဖွယ်မရာမြင်ကွင်းများ ဖယ်ရှားပေးနိုင်ပါမူ အလွန်အဟောသုခံ ချမ်းသာလေစွ။

"အနာဂတေ လဇ္ဇီ ရက္ခိဿတိ၊အနာဂတေ လဇ္ဇီ ရက္ခိဿတိ၊ အနာဂတ်ကာလ၌ သာသနာတော်ကို လဇ္ဇီသူမွန် သီလဝန် အရှင်ကောင်း အရှင်မြတ်တို့က စောင့်ရှောက်ရစ်လိမ့်မည်" ဟူသော ရဟန္တာအရှင်မြတ်တို့၏ ဩဝါဒ စကားတော်မြတ် အတိုင်း သာသနာ့ပုဂ္ဂိုလ်များ ပေါ်ပေါက်ပါစေသတည်း၊ ထွန်းတောက်ပါစေသတည်း။

လက္ခယ်ညကား မှောင်၏၊ ဝသန်ကာလ မိုးမှောင်ကျနေပြန်ရာ အမှောင်ထုသည် ပို၍သိပ်သိပ်သည်းသည်းရှိလှတော့၏။ ယောဂီသူတော်စင်တို့ကား အမှောင်ထုတွင်းမှ လွတ်မြောက်ရန် အလို့ငှာ ကြိုးပမ်းရှုမှတ်နေကြ၏။ အချို့လည်း စင်္ကြံရှု၏၊ အချို့လည်း ထိုင်လျက်ရှု၏၊ အချို့ရပ်၍ရှု၏၊ ချမ်းမြေ့ဖွယ်ရာ မြင်ကွင်းများပေတကား။

၁၃၄၁-ခု သီတင်းကျွတ်လဆန်း ၈-ရက် သောကြာနေ့။
၂၈-၉-၇၉

**ကျိုးရှိဟုတ်မှန်** သုဂတော - ကျိုးရှိဟုတ်မှန် နှစ်တန်သော စကားကိုသာ မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား၊ (ဝါ) ကျိုးရှိဟုတ်မှန် သူခံသာသောစကားနှင့် ကျိုးရှိဟုတ်မှန် သူမခံသာသောစကား ဤနှစ်ပါး ကိုသာ မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား။

တရာကျော်မျှသော ပရိသတ်တို့၏ အသံမှာ စည်းဝါး ကိုက်ထားဘိသို့ ညီညာလှသည်။ စာကလည်း ဆို၍ချော၊ အနက်သဘောကလည်း ပီပီပြင်ပြင် ရှိလှပေရာ ယနေ့ချပေး တော်မူသော တရားတော်သည် ယောဂီတို့၏နှုတ်ဝယ် စွဲကျန် နေပေလိမ့်မည်။

မျက်မှောက်ခေတ်ဗုဒ္ဓဘာသာဝင် ကြီးကြီးငယ်ငယ်တို့သည် ဗုဒ္ဓဘာသာစာပေနှင့်ကင်းကွာသူများ တစတစများလာသည်။ ဗုဒ္ဓယဉ်ကျေးမှုဆိတ်သုဉ်းသော လူဦးရေလည်း တိုးလာသည်။ ခြုံ၍ဆိုရပါမူ ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဘာသာနှင့်ကင်းကွာ နေပေသည်။

ဤအကျိုးတရားအတွက် အကြောင်းရှာပါမူ အခြေခံ ဗုဒ္ဓ စာပေသင်ကြားမှု အခွင့်အရေးမရှိသည်ကိုတွေ့ရသည်။ မြန်မာ ပြည် ရဟန်းတော်ဦးရေ တသိန်းကိုးထောင်ကျော်ပင် ရှိသော်

လည်း ထိုရဟန်းတော်တို့သည် ဗုဒ္ဓဘာသာဝင်တို့ အတွက် အခြေခံစာပေသင်ကြားမှု မပြုနိုင်ကြပေ။

အချို့တို့သည် မိမိတို့ ပရိယတ်လုပ်ငန်း၌သာ အချိန်ကုန်နေကြသည်။ အချို့ ပရိယတ်ပြည့်ဝ၍ ကျောင်းထိုင်ကြသော်သည်း ကျောင်းသားမရှိသဖြင့် ဗုဒ္ဓစာပေ သင်ကြားခွင့်မှ ဆုံးရှုံးရပြန်သည်။ ကျောင်းသားမိဘများမှာလည်း ကျောင်းသားရှိရာသာ သွားကြသဖြင့် ရဟန်းတော်များနှင့် အတန်ပင်ကင်းကွာပြန်လေသည်။ ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓစာပေကားသို့လျင် ဝေးကွာလျက်ရှိတော့သည်။

မျက်မှောက်ခေတ်၌ တရားရိပ်သာများသည် တခုပြီးတခုဆိုသလို အလျဉ်မပျက်ပေါ်ထွက်နေသည်။ ပေါ်ထွက်လာသောတရားရိပ်သာတိုင်းသည် ဆရာဒကာ ညီညွတ်စွာဖြင့် ပဋိပတ်တာဝန်ကို ထမ်းဆောင်နေကြသည်။ ဗုဒ္ဓ၏ကျင့်စဉ် ပဋိပတ်ကိုဦးတည်ယင်းမှသည် ဗုဒ္ဓ၏ပရိယတ်ဝန်ကိုလည်း ဆောင်တော်မူကြရပြန်သည်။ ပရိယတ်ပဋိပတ် ၂-ရပ်လုံးကို ဆောင်တော်မူကြသည်ဟု မိမိအမြင်ဖြင့်ကြည်ညိုမိသည်။

ထင်ရှားသောတရားရိပ်သာဆရာတော်များသည် ပရိယတ်ပဋိပတ်စွယ်စုံချွန်တော်မူကြသည်။ သို့ဖြစ်၍လည်း အားအင်အပြည့်ဖြင့် သာသနာ့ဝန်ကို ဆောင်တော် မူနိုင်ကြခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာနှင့် ကင်းကွာနေသော မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင်များမှာ ရိပ်သာရောက်မှပင် မိမိတို့ဗုဒ္ဓဘာသာ၏

မွန်မြတ်နူးညံ့ပုံများ၊ ယဉ်ကျေးသိမ်မွေ့ပုံများ၊ ဝမ်းမြောက်ရွှင်လန်းဖွယ်ရာများ၊ ဘဝအမြုတေရတနာများအကြောင်းကို သိရှိကြရသည်။ ထိုမှတပါး အခြေခံယဉ်ကျေးမှုဖြစ်သော ဘုန်းကြီး ရဟန်းတော် များနှင့် ဆက်ဆံနည်းများ၊ လူလူချင်း ညှာတာ ထောက်ထားဖွယ်ရာ စိတ်ထားများကိုလည်း ရရှိကြပြန်သည်။

ဩကာသမရသူများ၊ သရဏဂုံမရသူများ၊ ငါးပါးသီလမရသူများ၊ ဘုရားရှိခိုးမရသူများသည် တရားရိပ်သာ၌ ရက်သတ္တပတ် တရားဝင်လျှင် လွယ်လွယ်ကူကူ ရရှိသွားတတ်ကြသည်။ တချို့လည်း ထိုအခါမှပင် ဗုဒ္ဓဘာသာဝင် တဦးအဖို့ အခြေခံအားဖြင့် ရှိထားရမည်မှာ ဤတရားများပါတကားဟု ရှင်းရှင်းလင်းလင်း သိရှိသွားပေတော့သည်။

ထို့ကြောင့် မျက်မှောက်ခေတ် တရားရိပ်သာများ ပေါ်ပေါက်သည်မှာ ခေတ်၏ တောင်းဆိုမှုတရပ်ဖြစ်၍ ခေတ်လူငယ်များအတွက် အကျိုးရှိသည်။ အကျိုးရှိသော အရာမှန်လျှင် အကျိုးပြုနိုင်သည်နှင့်အမျှ ဆက်လက်တည်တံ့ နေပေဦးမည်။

ယနေ့ တရားဂုဏ်ရည်ကို ပိုမိုပွားများမိသည်။ ကြည်နူးရသည်။ ပီတိသောမနဿတို့ အကြိမ်ကြိမ်ဖြစ်ပွားသော နေ့တနေ့ပင် ဖြစ်ပါသည်။

**၂၄-နာရီယောဂီ** နေခြည်နုနုသန်းလာချိန်တွင် ယောဂီများသည် စကြံလျှောက်သူ ရှုမှတ်သူနှင့် တရားလုပ်ခွင် ဝင်လေပြီ။

နံနက်အရုဏ်တက် ခေါင်းလောင်းနှက်ချိန်တွင် အိပ်ရာမှထ၍ ရှုကြမှတ်ကြ ပွားများကြနှင့် မနက်ပိုင်းမှာပင် အထိုင် ၂-ကြိမ်ရသူတို့ရကြပြီ၊ စင်္ကြံ ၂-ကြိမ်ရသူတို့လည်းရကြလေပြီ။

၆-နာရီထိုင်သော် ၇-နာရီမှထဖြစ်၏။ ၇-နာရီတွင် တရားလျှောက်ကြရသည်။ ဆွမ်းကျောင်း၌ တရားလျှောက်ရသောအခါ မိမိအလျင်ရောက်နှင့်သူရှိပါက ထိုင်လျက် စောင့်ရသေး၏။ ထိုအခါ အခြားယောဂီများ၏ တရားလျှောက်ပုံ တရားမှတ်ပုံ တရားသိပုံများကို မှတ်သားနိုင်သည်။ ဆရာတော်အမိန့်ရှိပုံ၊ ပြုပြင်ပေးပုံ၊ စစ်ဆေးမေးမြန်းပုံများကိုလည်း မှတ်သားနိုင်သည်။

မိမိသည် မှတ်သားမှု၌ ဝါသနာထုံသဖြင့် မှတ်သည်။ ရုံခါ၌မူ ကျောင်းတောင်ဘက် ရေမြောင်းမကြီးသို့ စီးကျလာသော ရေဆင်းသံကိုသာ နားစိုက်နေမိပြန်ပါ သည်။ ထိုရေဆင်းသံသည် မိမိ တွေ့မြင်၊ ကြားသိခဲ့ဘူးသော ရေတံခွန်မှ ရေကျသံနှင့် တူညီနေပေရာ မိမိသည် ထိုရေတံခွန်ကြီးရှိရာတောထဲသို့ ရောက်သွားသလို ခံစားရသည်။

စိမ့်တော မြိုင်တောထဲသို့ လည်းကောင်း၊ မိုးထိမြင့်မားတောင်အစားစား ပေါ်သို့လည်းကောင်း သွားဘူး တက်ဘူးသဖြင့် တော၏အရသာ၊ တောင်၏အရသာတို့ကို နှစ်သက်စွာ ခံစားမိဘူးသည်။ ရံခါ၌မူ ထိုတောတောင်များရှိရာသို့ သွား၍ အေးဆေးစွာ နေလိုမိသည်။ ကျောက်တောင် ကျောက်ဘန်း ကျောက်ခါးပန်း၌ ကျောက်ပန်းခက်ဝေ ကျောက်စက်

ရေနှင့် ကျောက်ငွေဘော်ဖြူ ကျောက်တောင်ငူဝယ် ကျောက်ဂူ ထွင်းဖောက်၍ တယောက်ထည်းပင် နေချင်မိသည်။

ဤသို့ အတွေးကြွယ်၍ အဝေးနယ်ခြားသို့ စိတ်ရောက်နေစဉ် 'ဦးသုစိတ္တလျှောက်' ဟု ဆရာတော် မိန့်သံကြားရပါမှ သတိဝင်လာတတ်ပါသည်။

တရားလျှောက်ပြီးချိန်မှာ ၉-နာရီလည်း ဖြစ်တတ်၏။ ရံခါ ၉-နာရီခွဲလည်း ဖြစ်တတ်သေး၏။ တရား လျှောက်၍ ပြီးလျှင်မူ မိမိနေရာသို့ ရှုမှတ်မှုနှင့်ပြန်၊ ရေချိုးလိုကချိုး၊ မချိုးလိုက ရှုမှတ်ယင်း ၁၀-နာရီခေါင်းလောင်းကို စောင့်ပေရော့။

၁၀-နာရီထိုးလျှင်မူ ခေါင်းလောင်းသံချိုချိုအေးကို ကြားရပေပြီ။ ပြင်းထန်မာကျောသော အချက်ပေးသံခေါင်းလောင်းသံကြောင့် ယောဂီများ တရားမပျက်စေရန် ချိုအေးသော လျှပ်စစ် ခေါင်းလောင်းသံကို စီမံထားခြင်းပင် ဖြစ်၏။ ယောဂီများမှာ ဆွမ်းအတွက် နေ့တွက် ၃-ပေးရသော်လည်း ဘဉ်းပေးသုံးဆောင်ကြရသည်မှာမူ ထိုမျှမက တန်သည်။ သာမန်နေ့သည်ပင် ဆွမ်းဟင်း ၅-ခွက်ပါသည်။ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် တွေချည်းဖြစ်သည်။ အချိုပွဲတွင်လည်း စုံသည်။ နာနတ်သီး၊ သရက်သီး၊ မင်းကွတ်သီး၊ ပန်းသီး၊ ငှက်ပျောသီး၊ စပျစ်သီး၊သူ့ရာသီအလိုက် ဆက်ကပ်ကြသည်။ ဤဆွမ်ကွမ်းအတွက် ဆွမ်းကွမ်း ဝေယျာဝစ္စအဖွဲ့ ရှိလေသည်။ ထိုအဖွဲ့မှ နေ့စဉ်ဝယ်ခြမ်းချက်ပြုတ် ကြော်ချက်ကပ်ကြသည်။

**ဟိုတယ်စာ** အလှူအတန်းရှိသောအခါတွင်မူ ဆွမ်းဟင်းနှင့် အချိုပွဲများမှာ ခိုနှင့် မဆန့်အောင်ပင် များလှသည်။ အမျိုးအမည် များကလည်း စုံသည်။ တချို့ဘုဉ်းသာ ဘုဉ်းပေးရသည် ဘာမှန်းမသိလိုက် အင်းယားလိပ်ဟိုတယ်မှ မုန့်များလည်း ရံခါ ပါလာတတ်သည်၊ ထိုသို့စုံစုံလင်လင် ဆက်ကပ်သော်လည်း ယောဂီဘဝ ရှုမှတ်မှုကြောင့် ပေလောမသိ၊ များစွာ မဘုဉ်းပေးနိုင်ခဲ့ပေ။

ဆွမ်းကျောင်းအတွက် ဆွမ်းကျောင်းဘုန်းကြီး ရှိသော်လည်း ဆရာတော်သည် လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ညွှန်ကြားတော်မူ၏။ မိမိတို့အား အသေးစိတ် ရှုမှတ်ရန် မိန့်ကြားသကဲ့သို့ အရာရာတွင် အသေးစိတ် မြင်တော်မူလှသည်။ ရံခါ၌ ခက်နေသည်မှာ မိမိတို့သည် ယောဂီများ ဖြစ်လျက်နှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်၏စကားကို ကောင်းစွာ သဘောမပိကြပါ။ သို့ရာတွင် မိမိတို့ကိုယ်ကို မိမိတို့ သဘောမပိသေးဟု ကား ဝန်ခံချက်မပေးလိုကြ။ ပရိယတ်ဂုဏ်က မာန်ခံ၍ တင်းနေတတ်ပါသည်။

ပရိယတ်သဘောမျှသာ ရှိသူဖြစ်ပါမူ ပဋိပတ်ကို တမျိုးမြင်မိတတ်၏။ မိမိတို့မြင်ဘူးခဲ့သည်၊ ထိုအမြင်သည် မကျေလည်ပါ၊ မပီပြင်ပါ၊ မရှင်းလင်းပါချေ။

ပဋိပတ်သဘောသက်သက် ရှိသူတို့ဆိုလျှင်လည်း ပရိယတ်အပေါ်၌ တမျိုးမြင်တတ်ပြန်သည်။ ထိုအမြင်လည်း မရှင်းသေးပေ။ စင်စစ်အားဖြင့်မူ ပရိယတ်ဝန်ဆောင်တို့သည်လည်း

ကောင်း၊ ပဋိပတ်ဝန်ဆောင်တို့သည်လည်းကောင်း မြတ်ဘုရား၏သားတော်များချည်းသာ ဖြစ်ကြသည်။ အသွင်တူဘိသို့ အမြင်ခြင်းတူရန်လိုသည်။ ထိုအခါ ပရိယတ် ပဋိပတ် ပေါင်းစပ်နိုင်ပေလိမ့်မည်။ ဝါ၊ သင်ကြားမှုဘာသာတရား ပရိယတ်နှင့် ကျင့်ကြံမှုလက်တွေ့ ပဋိပတ်တို့ ပေါင်းစပ်နိုင်ပေလိမ့်မည်၊

ယောဂီဘဝ ရှုမှတ်မှုချင်း ဆက်စပ်နေသောအခါ နေ့တာတိုလာသည်၊ ညသည်လည်းတိုလာသည်၊ အချိန်ကာလတို့ကို ကုန်လွန်စေရန် မစောင့်ရတော့၊ကုန်ပင်ကုန်လွယ်နေသည်ထင်မိ၏။ စားရန်ခေါင်းလောင်းသံ၊ တရားနာရန်ခေါင်းလောင်းသံ၊ အချက်ပေး နာရီသံချောင်းတို့ကား တထိုင်တည်း ခေါက်နေသည်ဟုထင်ရ၏။ မကြာမကြာဘုဉ်းပေးသုံးဆောင်ရ၊ မကြာမကြာ တရားနာရ၊ မကြာမကြာ ရေချိုးရ၊ ကုဋီတက်ရနှင့် ဤအလုပ်ကိစ္စများ အတွက် အသက်ရှင်နေရသလို ထင်လာပါသည်။

အိပ်ရာတွင်လည်း ခေါင်းအုံးမပါပေမင့် ခဏလေးရှုမှတ်ရုံနှင့် အိပ်ပျော်သည်။အိပ်မပျော်သောနေ့ဟူသည် ယောဂီဘဝ၌ မရှိခဲ့၊ ထို့အတူ စားမကောင်းသောနေ့လည်းမရှိခဲ့ပေ။ စင်စစ် အိပ်မှုစားမှု ထိုနှစ်ခုသည် ရှုမှတ်နေသောယောဂီအား ပြဿနာ မဖြစ်နိုင်ပေ။

နေ့ ၂-နာရီတွင် နေ့စဉ်တရားနာ၍ ၃-နာရီ ၃-နာရီခွဲတွင် ပြီးတတ်သည်။ ရံခါ ၄-နာရီမှပြီးတတ်၏။ ထိုအခါမှာဆရာတော် ဟောသောအခါသာဖြစ်သည်။

ယောဂီများအတွက် ညနေမှောင်ရီပျိုးစအချိန်တွင် အဖျော်ဖြစ်စေ၊ ထန်းလျက်, စတုမဓုဖြစ်စေ တခုခုကပ်တတ်သည်။ လိုအပ်မှုမရှိအောင် အဘက်ဘက်မှ ဆောင်ကြဉ်းပေးနိုင်ကြသည်။ ချမ်းမြေ့ရိပ်သာကား ပြည့်စုံလှ၏။

မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ ရိပ်သာ၏လည်ပတ်မှုကား အဆက်မပြတ် တရစပ်တည်း။ "ယောဂီ၊ ဓမ္မကထိက၊ ဝေယျာဝစ္စအဖွဲ့၊ ခေါင်းလောင်းသံ၊ ရေဆင်းသံ၊ အတွင်းရေးမှူး ဦးစံလှ၏ နှိုးဆော်သံ"တို့မှာ ချမ်းမြေ့ရိပ်သာ၏ အစိတ်အပိုင်းများပင်ဖြစ်ပါသည်။

**အရွယ်စုံ** ယောဂီများမှာ အရွယ်စုံ၏၊ ဆံတုံးတော်ကြီး တမာသီးနှင့် အရွယ်ကြီးလည်းပါ၏။ ခါးကိုင်းကိုင်းနှင့် နားလည်းထိုင်းသောအရွယ်လည်းပါ၏။ ပျိုမျစ်နုနယ် ငယ်ရွယ်သူလည်းပါ၏။ ဝင်သူထွက်သူ၊ သွားသူလာသူနှင့် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ရှိလှသည်။

ချမ်းမြေ့ရိပ်သာသည်စည်းကမ်းနှင့်စနစ်အရာတွင် နာမည်ကြီး၏။ ယောဂီစည်းကမ်းတွင်လည်း တင်းတင်း ကျပ်ကျပ်ရှိလှ၏။ အားထုတ်နိုင်သူများ အားထုတ်ရန်၊ အချောင်ခိုသူများရှိမနေစေရန် ကောင်းပါသည်။ ချမ်းမြေ့ရိပ်သာ ဆရာတော်သည် စည်းကမ်းရှိသောရိပ်သာကို တည်ထောင်နေပါသည်။ စည်းကမ်းရှိစွာ အားထုတ်လိုသူများချမ်းမြေ့သို့ ကြွကြပေရော့ဟု မိမိကိုယ်တွေ့နှင့် နတ်လမ်းညွှန်လိုပါသည်။

စနစ်တကျ အားထုတ်ပါမူ မိမိရည်မှန်းချက် တောင့်တချက်သည် အလိုလိုပင်ပြည့်ဝလာလိမ့်မည်ဟုဆိုပါရစေ။ မိမိ၏ ယောဂီဘဝ ၂၄-နာရီကား ရှုမှတ်မှုဖြင့်စ၍ ရှုမှတ်မှုဖြင့်ပင် ကုန်ဆုံးခဲ့ရသည်။ ထိုသို့ကုန်ဆုံးခဲ့ရာတွင်လည်း ပျော်ရွှင်စွာ၊ ချမ်းမြေ့စွာ၊ ပီတိသောမနဿ မြောက်များစွာ တို့ဖြင့်သာ ကုန်ဆုံးခဲ့ရခြင်း ဖြစ်ပါသည်။

❀

၁၃၄၁-ခု၊ သီတင်းကျွတ်လဆန်း ၂-ရက်၊ စနေနေ့။
၂၂-၁၀-၇၉

## ဒါန ဆိုယင် သာဓုခေါ်တဲ့ လူမျိုးနွယ်

**ဆရာမောင်ဆေးတိုက် ပိုင်ရှင်အိမ်သို့** အပြင်လိုက်၍ ဆွမ်းစား ကြွရမည်ဟု ရဟန်းတော် တပါးက တိုးတိုးလေး လာပြောသည်။ သပိတ် သက်န်းပြင်၍ နေရာထိုင်ကိုလည်း သပ်သပ်ရပ်ရပ်ခေါက်၊ ဓမ္မာရုံ အောက်မှာ စုကြရသည်။ ဆွမ်းပင့်သောအိမ်မှ ဆလွန်းကားနှစ်စီးလာသော အခါ အသင့်ပင်ကြွကြရသည်။ မြန်မာ့ဆေးဝါးထုတ်လုပ်သော ဒကာတဦး၏အိမ်က ပင့်သည်ဆိုသဖြင့် ထိုအိမ်သည် သစ်သားလော၊ တိုက်လော၊ ယခု လာပင့်သောကားတို့ကား ကိုယ်ပိုင်များပင်လောဟု အတွေးစုံစွာတွေးမိသည်။ အင်းလျားဟိုတယ် လမ်းအတိုင်း မောင်းကြပြီး လမ်းတဝက်လောက်ရှိသောအခါ

မြောက်သို့ ကွေ့သည်။ ဟိုတယ်ကြီးအား ထီးထီး မားမား မြင်ရသေး၏။ ထိုမြင်ကွင်း မပျောက်ပဲနှင့် တိုက်ကြီး ခြံကျယ်ကျယ် ဝန်းတခုသို့ ကားများ ရောက်ကြသည်။ တံခါးလုပ်သူကြီးဆိုသူများနှင့် တွေ့လိုက်ရာ မုဒိတာစေတသိက်တို့ ယိုဖိတ်ရတော့သည်။ ဤသည်ပင် မြန်မာ့ဆေးဝါး ထုတ်လုပ်သူ၏ အိမ်ပေတကား။

တိုက်ကြီးကား ဟီးလျှ၏၊ သပ်ရပ်၏၊ လှပ၏၊ ခိုင်ခံ့၏၊ ဗိသုကာကောင်းတို့ဖြင့် တည်ဆောက် ထားသော တိုက်ကြီးတလုံးပင် ဖြစ်ချေ၏။ ခြံဝင်းတလျှောက် ဝင်ကြည့်ကြသေး၏။ ကျယ်သလောက် အဖိုးတန် သစ်ပင်များ၊ ပန်းပင်များကိုလည်း တွေ့ရ၏။ တိုက် မျက်နှာစာရှေ့ရှိ စိမ်းလဲ့လဲ့ မြက်ခင်းပြင်မှာ စက္ခုပသာဒကိုရှင်ကြည်အေးမြစေပါသည်။ တောရိပ်-သစ်ရိပ် ကလေးများလည်း အတန်အသင့်ရှိနေ၍ ကျေးငှက်သာရကာ တို့၏ အော်မြည်သံလေးများလည်း ရှင်လန်းဖွယ်ကြားကြရ၏။ ဆိတ်ငြိမ်ဂေဟာတခုပင်တည်း။

တောင်ဘက်တွင်မူလမ်းတလျှောက်မြင်ခဲ့ရသောအင်းလျား ဟိုတယ်ကြီးကို မြင့်မားစွာ တွေ့မြင်ရ၏။ အိမ်ရှင်ဒကာများ၏ တောင်းပန် လျှောက်ထားချက်အရ ခြံတပတ် ကြည့်ပြီးလျှင် အိမ်၏တောင်ဘက်ရှိ လသာဆင်ဝင်တခုမှ အထဲသို့ ဝင်ကြကြသည်။ ခြေသုတ်သူ ကြိုဆိုသူများနှင့် သပ်ရပ် ခမ်းနားသော ညှော့ခန်းသို့ ပင့်ဆောင်ကြသည်။ နေရာအသင့် ယူပြီးသောအခါ သီလယူခြင်း၊ ပရိတ်ရွတ်ခြင်း၊ အနုမောဒနာတရား ဟောခြင်း

စသည့် ဆိုင်ရာကိစ္စများကို ဆောင်ရွက်ကြသည်။ သံဃာတော် ၁၀-ပါးတို့ကစုပေါင်းပရိတ်ရွတ်ကြသည်။ ချမ်းမြေ့ဆရာတော်ဘုရားက အနုမောဒနာတရား ဟောကြားသည်။

**ငွေပဒေသာ တသောင်းပါ** ချမ်းမြေ့ရိပ်သာငွေပဒေသာပင်အတွက် တသောင်းကျပ် လှူဒါန်းသည်။ ဆောက်ပြီးစ သံဃာဆောင်အတွက် ငါးထောင်ကျပ် လှူဒါန်းသည်။ ဤလှူဒါန်းမှု အသီးသီးကို အားလုံးသာဓုခေါ်ကြသည်။ ကြားကြားသမျှပင် သာဓုခေါ်ကြသည်။ မြန်မာတို့သည် ဒါနဆိုယင် သာဓုခေါ်သည့် လူမျိုးနွယ်များ မဟုတ်ပါလော။

တရားဟော တရားနာပြီးလျှင် ဆွမ်းပန်းဖြူဖြူကို ဆက်ကပ်သည်။ ဟင်းကောင်း-ဟင်းမွန်များကို ဆက်ကပ်သဖြင့် "သဗ္ဗသတ္တာ အာဟာရဋ္ဌိတိကာ"အရအသက်ရှည်ရာအနာမဲ့ကြောင်းကောင်းမှု အဖြာဖြာ တိုးပွားစရာများပင် ဖြစ်သည်။ ထို့နောက် အချိုပွဲဆက်ကပ်သည်။ ပြီးခါနီးတွင် ဟိုတယ်မှ အစားအစာများရောက်လာပြန်သည်၊ ဟိုတယ်စာပင်ဘုဉ်းပေးရသော်လည်း ရှုမှတ်မှုမပျက် ဘုဉ်းပေးကြရသည်မို့ မြူးတူးခြင်းမဖြစ်ပေါ်မှီ တတ်မက်ခြင်းသို့ မတက်ရောက်မိချေ။

ဆွမ်းကိစ္စပြီးသော် အိမ်ရှေ့မှကြွကြ၏။ ဧည့်ခန်းတံခါးမကြီးအထွက်တွင် စန္ဒယားကို ရုတ်ချည်းတွေ့မြင်လိုက်၏။ တချိန်က ကြည်နူးမြူးကြွစွာ တီးခတ်ခဲ့သည်များကိုရုတ်ချည်း သတိရမိ၏။ သို့သော် ထိုအတွေးအိမ်သည် မှေးမှိန်စွာ ပျောက်ကွယ်သွား

ပါ၏။အဘယ့်ကြောင့်ဟူမူ **'ယောဂီ'**ဟူသောအသိစိတ်ဓာတ်၏ ရစ်ပတ် လွှမ်းမိုးမှုကြောင့်တည်း။ ကောင်းလေစွ တကား။ အတိတ်သည် ပျောက်ကွယ်ခဲ့ပြီ။ ထိုပျောက်သော အတိတ်ကို လိုက်၍ရှာဖွေတွေးနေပါက တံလျှပ်ကိုရေထင်သည့် ရွှေသမင် ပမာ ပင်ပန်းမောဟိုက်ရ ပေလိမ့်မည်။

**ဒါနရှင်များနှင့်စပ်လျဉ်း၍** ယခုမိမိမျက်မြင်များကို အနည်းငယ် ဆက်လက် တင်ပြလိုသည်။

အားလုံး ဝမ်းမြောက်ရန်ပါ။ တံတားအလှူအမ ဒေါ်သန်းရီ ကား ငွေတသောင်းကျပ် မှန်းလျက် တံတား ဆောက်လုပ် လှူဒါန်းခဲ့၏။ပြီးစီးသောအခါတွင် တသောင်းငါးထောင်ပင် ကုန်ကျခဲ့သည်။

ထိုကုသိုလ်ရှင်သည် ထိုအလှူနှင့် **အား**မရ၍လည်း ဓမ္မာရုံ သိမ်အပေါ် ထပ်ရှိပန်ကာရှစ်လုံးကို ထပ်မံလှူဒါန်းခဲ့ပြန်သည်။ ထိုအလှူများ အသီးအသီးလှူပြီးလျှင် မြေးများအား ရှင်ပြု ပြန်၏။ အလှူပဒေသာ လှူဒါန်းလိုက်ခြင်းပင်ဖြစ်သည်။

ထိုအလှူအမ**ကြီး**သည် ကျောင်းသို့လည်း မကြာမကြာ ရောက်တတ်၏။ တံတား ဆောက်လုပ်စဉ်ကဆိုလျှင် နေ့ပူလျှင် ယောဂီတဘက်လေး ခေါင်းပေါ်တင်၍ ကြည့်ရှု ဝမ်းမြောက် နေတတ်၏။ပီတိတွေတဖွားဖွားနှင့်။

ဤအရှင်သည်ကား ထိုစဉ်က ယောဂီထွက်ပြီးဖြစ်၍ သူ၏ မြေးများ ရှင်ပြုသောအခါ ဆရာတော်၏ ချီးမြှောက်မှုဖြင့်

ဘာသာရေး စာပေများ၊ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာများ သင်ပြခွင့်ရခဲ့၏။ ကိုရင်ငယ်နှစ်ပါးတို့သည် တလကြာမျှလိမ္မာသေဝပ်စွာ နေထိုင်ခဲ့ကြ၏။ ထိုသို့နေထိုင်နိုင်ရန်အတွက် များစွာသော ကိုရင်ကလေးများနည်းတူအောက်ပါကဗျာကို သင်ကြရသည်။

လူ့တန်ဘိုး

"ချမ်းမြေ့ရိပ်သာ ကျောင်းတော်ကြီးမှာ၊ ဝေးနီးရပ်က လာကြတယ်၊ တရားရှာရန်ရည်သန်ချက်နဲ့၊ သတိပဋ္ဌာန်ပန်းကို မှန်းကာရှယ်၊ ဆရာပြောတာ ကောင်းစွာမှတ်လို့၊ ကျောင်းမှာ လာကျိုး နပ်အောင်ကွယ်၊ စည်းကမ်းဆိုတာ လူ့တန်ဖိုးကွဲ့၊အကျိုးများမှုတိုးပွားမယ်၊ တိုးပွားချင်လျှင် တွင်တွင်မှတ်စို့၊ ယဉ်ယဉ်ကျေးကျေးနေရမယ်....နေရမယ် နေရမယ် ။

**ဦးဘညိန်ဆေးတိုက်ပိုင်ရှင်အိမ်သို့** ဝမ်းမြောက်ကြည်နူးဖွယ်ရာဒါနပွဲတခုကို ဆက်လက်တင်ပြချင်သေးသည်။ ထိုအလှူရှင်လည်းမြန်မာ့ဆေးဝါးထုတ်လုပ်မှုဖြင့် ကြီးပွားနေသူဖြစ်သည်။ မြန်မာတို့ဝမ်းသာကြရန်ပါ၊ ငါတို့လူမျိုးကြီးပွားမှုအတွက်လည်း ဂုဏ်ယူကြရန်ပါ။

အိမ်သို့ ဆရာတော်နှင့်တကွ သံဃာငါးပါး ကြွရသည်။ ကမ္ဘာအေးစေတီလမ်း၏အရှေ့ဘက် ပတ်ကလိန်းလမ်း အဝင်ဝသို့ရောက်သော် အလှူရှင် ဦးအေးမောင်နှင့်အလှူ့အမ ဒေါ်မြထွေးတို့အားတွေ့ရသည်။ဒကာကြီးဦးအေးမောင်မှာ ချမ်းမြေ့

ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌဖြစ်၍ သိမြင်ဘူးပေပြီ။ မိမိ 'ရက်ပေါင်းကိုးဆယ် ချမ်းမြေ့ယောဂီ ဝင်ရောက်ဆဲ ကာလက ဆွမ်းအလှူရှင်များပင် ဖြစ်ကြသည်။ ယနေ့အလှူကား ချမ်းမြေ့ မမ္မာရုံ သိမ်တော်ဘုရားခန်းအတွက် ငွေကျပ် တသောင်းနှင့် စံကျောင်းမြေအတွက် ကျပ်တသောင်း လှူဒါန်းခြင်းဖြစ်သည်။ သံဃာတော် ငါးပါးအားလည်း နဝကမ္မ တရာတန်ပစ္စည်း လေးပါးအသီးသီးလှူဒါန်းပြီး အောင်မြင်ကျော်ကြားနေသော ဦးဘညိန်အမှတ်တံဆိပ် စဟုမဒူတဗူးစီလည်း လှူဒါန်းသည်။

ဤဒကာကြီးမိသားစုသည် ချမ်းမြေ့ရိပ်သာ မုခ်ဦးတံတား နှင့် တံခါးကိုလည်းလှူဒါန်းခဲ့သေးသည်။ အလှူဒါန ဝါသနာ ပါခြင်းကို မိမိအမြင်ဖြင့် လေ့လာကြည့်မိသည်မှာ "မဟာစည် ရိပ်သာကြီးရှိ 'ဟိတေသီ'အဖွဲ့ကို စတင်တည်ထောင်သော ဦးဘ ညိန်သည် ဒကာကြီး ဦးအေးမောင်၏ ဖခင်ဖြစ်၍ ဗုဒ္ဓဘာသာ ဥပသကာကောင်းကြီးဖြစ်နေသည်ကိုတွေ့ရ၏။ ဖခင်၏ခြေရာကို ထပ်တူလိုက်နိုင်သည်မှာအနုဇာတသားပင်မဟုတ်ပါလော....။" သင် ရှင်လန်းဝမ်းမြောက်လိမ့်မည် ထင်ပါသည်။ ဒါနရှင်များ သည် မနေဥစ္စာရှိကြသည်၊ မနေဥစ္စာရှိရန်အတွက်လည်း ခုဘဝ နောင်ဘဝလှူဒါန်းမှုရှိခဲ့သည် ရှိနေမည်ကို သိနိုင်ကြပါသည်။

**စံကျောင်းအလှူ သုံးသိန်းလှူ** ဗိုလ်ချုပ်ဈေး မြင့်မြင့်စတိုးပိုင်ရှင် ဒေါ်သန်းမြင့်၏ စံကျောင်းတော်

အလှူ ဒါနဥမင်္ဂလာကို ကြားသိ အတုယူကြရန် ဆက်လက် တင်ပြလိုသည်။

''ချမ်းမြေ့ရိပ်သာကျောင်းဝိုင်းသည် တကေသာသာမျှသာ ရှိသဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ''ကျောင်းမြေ ကျဉ်းနေသေးကြောင်း'' အမိန့်ရှိဘူးသည်ကို အဖွဲ့၏ သင်းလုံးကျွတ်အစည်းအဝေးမှ ကြားသိခဲ့ရ၏။ အခါ အားလျော်စွာ အမှုဆောင်တို့၏ ပြောပြမှုဖြင့်လည်း ကြားသိရ ပြန်၏။ သို့နှင့်ပင် ချမ်းမြေ့ရိပ်သာဝယျာဝစ္စအဖွဲ့ဝင်အားလုံး တို့၏ သဒ္ဓါစေတနာထက်သန်စွာ လှူဒါန်းမှုကြောင့် ကျောင်း တောင်ဘက်ရှိ မြေတကေကို ကျပ်ငွေလေးသိန်းငါးသောင်းဖြင့် ဝယ်ဖြစ်ကြသည်။

ထိုမြေ၌ ဆရာတော်သီတင်းသုံးရန်စံကျောင်းတော်၊ယောဂီ သံဃာတော်များအတွက် သံဃာဆောင်၊ အာဂန္တုဆရာတော် များသီတင်းသုံးရန် အာဂန္တုဆောင် စသည်တို့ကို ဆက်လက် ဆောက်လုပ်မည်ဟုသိရ၏။ စံကျောင်းတော်ကိုမူ ဗိုလ်ချုပ်ဈေးမှ မြင့်မြင့်စတိုးပိုင်ရှင် ဒေါ်သန်းမြင့်က တဦးတည်းဒကာအဖြစ် ခံယူထား၏။ ၂၀-၄-၇၉ နေ့ကမူ ပထမအကြိမ်အဖြစ်ငွေကျပ် တသိန်းလှူဒါန်းခဲ့၏။ ထိုလှူဒါန်းမှုနှင့် စပ်လျဉ်း၍ ချမ်းမြေ့ ဆရာတော်က ကျောင်းအလှူ၏အကျိုးတရားကြီးပုံကို ရောဟိဏီ ဝတ္ထုဖြင့် အကျယ်တဝင့် ဟောကြားတော်မူသည်။ (ဆွမ်းကို လှူက ခွန်အားရ၊ ဆီမီးလှူက မျက်စိလှ၊ ယာဉ်ကိုလှူကချမ်းသာ ရ၊ ကျောင်းကိုလှူက လုံးစုံရ)ဟူသောလင်္ကာတိုကလေးကိုလည်း ချပေးတော်မူပါသေးသည်။

သုံးသိန်းတန် စံကျောင်းလှူဒါန်းမည့် ကျောင်းအမကြီးမှာ ဝင့်ဝါမှုမရှိချေ။ တည်တည်ငြိမ်ငြိမ်ဣန္ဒြေရရနှင့် ရှေးကျောင်း

အမကြီးများနှယ် သဒ္ဓါတရားပြည့်ဝလှသည်။ ဒါနစေတနာရှင်တို့သည် လောကီအရာ ပြည့်စုံနိုင်ကြလေရာ တမလွန်အရေးအတွက်လည်း စိတ်အေးချမ်းသာရှိမည်မဟုတ်ပါလော။ မဟာဒုဂ်၏ ဆွမ်းဒါနကုသိုလ်သည် ပစ္စုပ္ပန်ဘဝမှာပင် အကျိုးရ၍ချမ်းသာခဲ့ရ၏။ မောင်ပုဏ္ဏ၏ မဖြစ်စလောက်သော လှူဒါန်းမှုမှာလည်း အံ့ဩဖွယ်ရာပင် အကျိုးပေးခဲ့သည်မဟုတ်ပါလော။ အလှူဒါန၏သဘောမှာ ဆန်းကြယ်လှ၏၊ ထက်လည်းထက်မြက်လှ၏၊ ယင်းသို့သော ဂုဏ်ရည်ထူးများရှိသဖြင့်လည်း ပါရမီဆယ်ပါးတွင် ဘုရားအလောင်းတော်တို့ ထည့်သွင်း၍ဖြည့်ကျင့်ခဲ့ခြင်းမဟုတ်ပါလော။

"ဗုဒ္ဓညွန်ပြ၊ သံယုတ္တတွင်၊ စားသမျှမစင်၊
ထားသမျှမသေခင်၊ ပြုသမျှကုသိုလ်အပင်၊
စားလဲစား၊ ထားလဲထား၊ ပြုလဲပြုမှ
တော်မည်ပင်။"

(ဒိပဲရင်းဆရာတော်)

❀

၁၃၄၁–ခု၊ သီတင်းကျွတ်လဆန်း ၄–ရက်၊ တနင်းလာနေ့။
၂၄-၉-၇၉

**အငယ်ဆုံးယောဂီ** ယနေ့ တရားရှုမှတ်ရာတွင် အသေးစိတ်နှင့် တကွ နိုင်နင်းစွာမှတ်ခဲ့သည်။ လက်တကွေး လက်တဆန့်မှာပင် "ကွေးတယ်၊ ကွေးတယ်၊ ကွေးတယ်" ဟု

စည်ဆက်မပြတ် ၁၀-ချက် ၁၂-ချက်အထိ မှတ်၍ရသည်။ ကွေးချင်သောနာမ်၊ ကွေးသောရုပ်၊ ထို ၂-ခုပေါင်းဆုံမှုကြောင့် ကွေးဟန်ပေါ်လာသည်။ ကွေးချင်သည်မှာ နာမ်၊ ကွေးတဲ့ဟန်မှာ ရုပ်၊ ဤ၂-ခုသည် ငါဟု ညွှန်ပြသည်မဟုတ်၊ သူဟုလည်း ညွှန်ပြသည် မဟုတ်ပေ။ စင်စစ်အားဖြင့် နာမ်တရားနှင့် ရုပ်တရား ၂-ပါးစုပေါင်း၍ ဖြစ်ပျက်မှုကိုသာ ညွှန်ပြသည်၊ သိစေသည်။

ယနေ့နံနက် တရားလျှောက်ရာတွင် ၁၀-မိနစ်ခန့်ကြာသည်။ "ကောင်းတယ်၊ အသေးစိတ်ကလေးတွေဆက်မှတ်" ဟု ဆရာတော်မိန့်သည်။

နေ့ ၂-နာရီတရားပွဲတွင် ယောဂီ ခင်မမသည် ခါတိုင်းနေ့များကဲ့သို့ အသံမထွက်ပေ။ ဆရာတော်ဟောသော နေ့များဆိုလျှင် ခင်မမသည် ဆောင်ပုဒ်များကို စိတ်ပါလက်ပါဆိုသည်။သုံးခေါက်မျှ ဆိုလိုက်ရလျှင်ပင် ရလေ့ရှိသည်။ ခင်မမ ဉာဏ်ကောင်းလှသည်။ သို့ရာတွင် သူမအသက်မှာ ၅-နှစ်နှင့် ၆-လမျှရှိသေးသည်။ ဤယောဂီငယ်လေးသည် ၈-ပါးသီလကို အစအဆုံး ဆိုတတ်သည်။ သွက်သွက်လက်လက်ရသည်။ ဆရာတော်ချပေးလေ့ရှိသော ဂုဏ်တော်ကိုးပါး ဘုရားရှိခိုးကိုလည်း အလွတ်ရသည်။

---

**မှတ်ချက်။** ။ယခုအခါ ထိုဘုရားရှိခိုးများကို လူငယ်သင် ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာစာအုပ်တွင် အပြည့်အစုံ ထည့်သွင်းရိုက်နှိပ်ထားသည်။

ဤယောဂီယိ ခင်မမမှာ ကျောင်းမနေဘူးသေး၍ တစ်၊ နှစ်ပင် မှန်အောင် မဆိုတတ်သေးပေ။ တနေ့သော တရားပွဲတွင် ''ခင်မမ ကနေ့ ဘယ်နှစ်ရက်လဲ''ဟု ဆရာတော် မေးသည်ကို—

''သုံးဆယ်ရက်ပါဘုရား''ဟု သွက်လက်စွာ လျှောက်လိုက်၏။

''ဒါဖြင့် မနက်ဖြန် ဘယ်နှစ်ရက်လဲ''ဟု မေးသောအခါ-

''လေးဆယ်ရက်ပါဘုရား''ဟု ကျယ်ကျယ်ပိပိ လျှောက်လိုက်လေသည်။ တရားနာပရိသတ်ပွဲကြ ရယ်မိကြသော်လဲ ခင်မမှာ သူ့ကို ရယ်မှန်းမသိပေ။ သူကား သုံးဆယ်နှင့် လေးဆယ်ကိုသာ သိသည်။ ထို ၂-ခုအကြား၌ အခြားရေတွက်မှု ရှိနေသေးသည်ကို မသိပေ။

❁

၁၃၄၁-ခု၊ သီတင်းကျွတ်လဆန်း ၅-ရက် အင်္ဂါနေ့။

၂၅-၉-၇၉

**လူတိုင်းအတွက် လမ်းညွှန်ချက်** ''ဝီရိယေန ဒုက္ခံ အစ္စေတိ'' ဝီရိယဖြင့် ဒုက္ခဆင်းရဲ ဟူသမျှကို လွန်မြောက်နိုင်၏။ ဝီရိယသည် ဘုရားအလောင်း ဖြည့်ကျင့်သော ပါရမီ ၁၀-ပါးတွင် ပါဝင်သည်။ ဝီရိယအကျိုးကို မိမိ သိမြင်ပြီးဖြစ်၍ ယုံကြည်သည်။ ရှုသည်၊ မှတ်သည်၊ အသေးစိတ်ကို ပို၍မိုများပြားစွာ ရှုမှတ်သည်။

လူဖြစ်လျှင် ကံကောင်းပြီဟု မိမိယုံကြည်သည်။ ဉာဏ်မှာ ဆည်းပူးလျှင်ရ၏။ လေ့ကျင့်လျှင် ရပါ၏။ ဝီရိယမှာ ချမ်းသာကြီးပွားမှုအတွက် သူမပါလျှင်မပြီးပေ။ ကြီးပွား အောင်မြင်သူများသည် အမွေရ၍ချည်းမဟုတ်ကြ၊ ကံဉာဏ်အပေါ်တွင် ဝီရိယဆင့်ကြသဖြင့် မြင့်သည်ထက်မြင့်ကြရခြင်းဖြစ်သည်။ ကံအရာမှာ မပြိုင်သာသော်လည်း ဝီရိယမှာ ပြိုင်နိုင်သည်၊ ယှဉ်နိုင်သည်။ နတ်အဖြစ်ကိုအားကျ၍ပြိုင်လိုက ဝီရိယကြီးစွာဖြင့် ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားခြင်းများ ပြုနိုင်သည်။ နိဗ္ဗာန်၏ ငြိမ်းချမ်းမှုကို အားကျပါကလည်း ဝီရိယကြီးစွာဖြင့် ဘာဝနာပွားများလျှင် ရနိုင်သည်။ ကျင့်ကြံအားထုတ်လျှင် ရနိုင်သည်။

ချမ်းမြေ့ ဆရာတော်၏ အရာရာတွင် အသုံးဝင်သော ဆောင်ပုဒ်လေးပုဒ်ကို မှတ်မိနေသည်။

(၁) ပြောပြုရှေ့တွင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား။

(၂) စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား။

(၃) လို့လနှင့်ဇွဲ၊ မလျှော့ပဲ၊ အမြဲတင်းတင်းထား။

(၄) အရာရာတွင်၊ အသုံးဝင်၊ အောင်မြင်ကြောင်းတရား။

ဤဆောင်ပုဒ်သည် လူတိုင်းအတွက် လမ်းညွှန်ချက်ဟု မိမိတိုက်တွန်း လိုပါသည်။ ဆရာတော်၏ ဤဆောင်ပုဒ်ကို

ရသည်မှ မိမိသည် ပြောရာတွင်လည်းကောင်း၊ တစုံတခု ပြုရာတွင်လည်းကောင်း၊ ဆင်ခြင်သတိထား၍သာ ပြုမူခဲ့သည်။ ထိုအခါ စိတ်ဆင်းရဲမှု မကြုံတော့။

**လူနှင့်ပတ်ဝန်းကျင်** လူသည် လူ့ပတ်ဝန်းကျင်မှာ နေရသည်။ ထို့ကြောင့် လူသည် ပတ်ဝန်းကျင်နှင့်မကင်း။ ထိုအခါ ပတ်ဝန်းကျင်၏ ထင်မြင်ချက်အမျိုးမျိုးဖြင့် ပြောဆိုလာခြင်းကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ခံယူကြရသည်။ မကောင်းသဖြင့် ပြောလာသူအား ရန်သတ္တရုပြုရန်မှာ ဝန်လေးဖွယ်ပင်ဖြစ်သည်။ စင်စစ်မကောင်းသူသည်အရာရာကို မကောင်းမြင်ဝါဒ (အဆိုးမြင်ရှုထောင့်)မှ ကြည့်မြင်လေ့ရှိသည်။ ထိုသူတို့အား စိတ်ထားဖြောင့်မှန်စွာဖြင့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းသည်သာ ဗုဒ္ဓနည်းကျဖြစ်ပါသည်။

ဤသို့ ပြုကျင့်နိုင်ကြလျှင် အတ္တ-ပရ နှစ်ဝလုံးဆင်းရဲလွတ်၍ ချမ်းသာနိုင်ကြပေမည်။

၁၃၄၁–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆–ရက်၊ ဗုဒ္ဓဟူးနေ့။
၂၆–၉–၇၉

**ဖြစ်ရလေသမီးရယ်** ယနေ့ တရားလျှောက်သွားစဉ် ညှော်သည်များ ရောက်နေ၍ စောင့်ရ သေး၏။ တော်တော်နှင့် တရားမလျှောက်ရပါ။ ညှော်သည်များနှင့်

ဆရာတော် စကားပြောကြသည်ကို စူးစူးစိုက်စိုက် မှတ်နေမိသည်။ ညှော်သည်များမှာ သူတို့သမီးလေးက တရားအားထုတ်ချင်လှချည့်ဟု ပူဆာသည်ကို "နင်ကျောင်းသူပဲရှိသေး၊ ငယ်သေးတယ်၊ စာမေးပွဲအောင်မြင်ရန်ကြိုးစား"ဟု တားသည်။ မရ၊ ပူဆာမြဲပူဆာနေသည်၊ တားမရသည့်အဆုံး ငေါက်ငမ်း၍ ပိတ်ပင်လိုက်မှပင် သမီးလေးက ငြိမ်သွားသည်။ မပူဆာတော့။ သို့သော်—

မည်သည့်အခါမှ ပူဆာတော့မည်လည်းမဟုတ်၊ စကားပြောတော့မည်လည်း မဟုတ်သော ငြိမ်သွားခြင်းပင် ဖြစ်သတည်း။ ယင်းသို့ သေဆုံးသွားသောအခါမှ နောင်တကို ရင်ဝယ်ပိုက်၍ သမီးအတွက် ရတက်မအေး ပူဆွေးသောကဗျာပါရတွေ့ ဖြစ်ကြရသည်။ ယခုလာကြသည်ကား ထိုသမီးအတွက်ရည်စူး၍ ၁၅၀-ကျပ်တန် ဖလ်မီးလုံး လှူဒါန်းရန်ပင်ဖြစ်သည်။

"အဇ္ဇေဝ သုဝေဝေ" ဘယ်နေ့ကျမှ သေရမည်ဆိုတာကို မည်သူ တပ်အပ်သေချာ သိမည်နည်း၊ မသိနိုင်။ သို့စင်လျက် တရားအားထုတ်မှုကို မိဘမိုက်တို့သည် တားမြစ်ဘိ၏၊ ပိတ်ပင်ဘိ၏။ယခုမူ မိမိတို့၏ မိုက်မောဟအကောင် နောင်တမောင်ကို ရင်ဝယ်ပိုက်ကာ တဟိုက်မောမော ရှိနေရပြီ။ ဝမ်းနည်းမဆုံး ယူကျုံးမရနှင့် သမီးအတွက်သောကမီး ကြီးရလေတော့သည်။

ဤလောက၌ လူမိုက်တို့သည် သားသမီးရေးတွေနှင့်အချိန်ကုန်၊ စီးပွားရေးတွေနှင့်အချိန်ကုန်၊ ဟိုဟာသည်ဟာ မည်မည်ရရ မဟုတ်သည်များနှင့်လည်း အချိန်ကုန်၍ တန်ဖိုးရှိလှသော

လူ့ဘဝကို အချည်းနှီးဖြုန်းတီးပြစ်ကြလေသည်။ လူ့ဘဝသည် တကယ်တွေးတော့ သိပ်ကြာလှသည်မဟုတ်ချေ။ ချက်တဖြုတ်မျှ အသက်ရှင်နေကြရသည်။ မိမိတို့ မျက်စိရှေ့မှာပင် ဟောတယောက်၊ ဟောတယောက်နှင့် ကြက်ငှက်ပမာ သေပျောက်နေကြသည်ကို နေ့စဉ်မြင်နိုင်ကြပါသည်။ ဤမျှ တိုတောင်းလှသော လူ့ဘဝဝယ် ဗုဒ္ဓ၏ ဖြူစင်သော တရားတော်ကို လိုက်နာကျင့်သုံးခြင်းမှတပါး အခြားသက်သာဖွယ် ချမ်းသာဖွယ်နည်းလမ်းမရှိပါချေ။ အို…သူတော်ကောင်း "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ဘုရားစကား လိုက်နာပွားသည့် တရားလက်မလွှတ်ပါစေနှင့်။

၁၃၄၁-ခု သီတင်းကျွတ်လဆန်း ၈-ရက်၊ သောကြာနေ့။
၂၈-၉-၇၉

**မိဘထံမှစာတစောင်** ယနေ့မိဘနှစ်ပါးထံမှ စာတစောင်လာသည်။ အညာသားဖြစ်သည့်အလျောက် မိုးလေဝသကို ဦးစွာသိချင်မိရာ မိုးခေါင်ကြောင်းကြားသိရသဖြင့် စိတ်ဝယ်မရွှင်မပျဖြစ်ရသည်။ နှမ်းကလည်းဖျင်းလိုက်သည်မှာ သုံးတင်းသာရ၏။ မျိုးဆုံးသူများနှင့် စာသော်တော်သေး၏ဟုပင် မှတ်ရမည်ဖြစ်သော်လည်း မိုးမရွာ လယ်မစိုက်ရ၍စပါးမရသောအခါ "မျိုး" ဟူ၍ ချန်ထားနိုင်တော့မည်မဟုတ်။ ဆီနှင့်ဆန် ဆန်ကအရေးကြီးသည်မဟုတ်လော။

စာရေးသူတို့ နတ်မောက်အရှေ့လက်မှာ တောတောင်များ ကြီးမားလှသဖြင့်မိုးလေဝသလည်းမှန်ကန်ခဲ့ပေရာ တောတောင် တခိုမှာ စိမ်းစိမ်းစိုစို ညို့ညို့ မှိုင်းမှိုင်းနှင့် တောင်သူဦးကြီးများ အဖို့ လုပ်ရကိုင်ရအေးချမ်းသာယာလှပါသည်။ အလျှင်ကသော် တနှစ်ရသောစပါးပင် သုံးနှစ်ကြာအောင် စားနိုင်ခဲ့ကြ၏။ ဆောင်းတွင် သီးထပ်စိုက်၍ နွေတွင် မန်ကျည်းနှင့်ဇီးကလည်း ရှိပြန်ရာ ဝင်ငွေမသေးလှပါ။ အားလုံးလောက်ပင်ချောင်ချောင် လည်လည်ရှိကြသဖြင့် ဗျောသံစည်သံ ဘဝဂ်ညံအောင်ရှိခဲ့သည်။ တရွာနှင့်တရွာ အလှူအတန်းလိုက်ကြသည့် သက်ခြောက်ဆယ် ဘသားများမှာလည်း မုန့်ဆီကြော်နီရဲ၊ဆီမွှဲလဘက်ကောင်းနှင့် အနံ့သင်းသည့် ငှက်သားဟင်းကိုခင်မင်ကာ မမောနိုင်မပန်းနိုင် တဟောဝင် တတောထွက်၊ တကုံးတက် တကုံးဆင်းရသည့် ခရီးပင် မညည်းကြပေ။ ခိုနားစရာ သစ်ရိပ်ဝါးရိပ်နှင့် ဇိမ့်စမ်း ရိပ်များကလည်း ပေါပါဘိသည်။

ယခုမူ ယခင်နှင့်မတူ၊ အပြောင်းအလဲကြီး ပြောင်းလဲနေ ပေပြီ။မိုးလေဝသမမှန်၍ စားဝတ်နေရေးကြပ်တည်းလာသော အခါ အရင်းမထုတ်ရသည့် ထင်းခုတ်သည့်အလုပ်ကိုသာ သူသူ ငါငါလုပ်ကြတော့၏။ ထင်းရိုးရိုးသာမက မီးသွေးလည်း ဖုတ် ကြသေး၏။ ရွာတကာ ရပ်တကာသစ်ပင် ရှိသောနေရာမှန်လျှင် မီးခိုး တလူလူနှင့် ဆင်းရဲသားအလံ ထူ၍ ထက်ကောင်းကင် ဝေဟင်များမှာ မီးခိုးချင်း ဆုံကြလေသည်။ ရောင်းသူနှင့် ဝယ်သူကြံဖော်ကြံဖက် နှစ်ဦးသားအနက် မည်သူအား အပြစ်

ချရမည်မသိ၊ ငတ်တော့လည်းမနေသာ တပြေတရွာသို့လည်း မပြောင်းနိုင်၊ ကောင်းမည့်နည်းကား မျှော်လေတိုင်း ဝေးရှာလေပြီ။

''အော်... လူ့ဘုံခန်းဝါ၊ လူ့ပြည်ရွာမှာ၊ ဝမ်းစာခဲခက်၊ မုရင်းထမင်း၊ ချဉ်ပေါင်ဟင်းနှင့်၊ ဆန်တွင်းက နက်လွန်းလို့၊ အသက်ရှိစဉ်၊ မသေခင်ကို၊ ကောက်လျင်ကြီးဆန်၊ နီတာလန်နှင့်၊ ငါးသန်သေးနုပ်၊ ရေလုံပြုတ်များကို၊ တလုပ်ကယ်ဝဝ၊ စားလိုက်ရလျှင်ဖြင့်၊ အာဂပါးစပ်၊ လူဖြစ်ကျိုး နပ်ပဟဲ့ဟု'' ဦးပုညညည်းသကဲ့သို့ ညည်းကြရပေပြီ။

သို့သော်လည်း ဖြေဆေးမပေါ်။ မျှော်ရောင်နှင့် ဝေးကြ ဆဲမို့ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ဆန်ရှာကြရပြန်သည်။ ထိုအထဲ ဘုန်းဘုရားတို့လဲမနေသာ၍တပြေတရွာလာပြီးအလှူခံကြရသည် ဟု လူကြုံပြော၍ သိရပြန်သည်။

ယခုအခါကား မိုးမရွာ၍ထမင်းမရ၊ ထမင်းရှာရန်တောကို ခုတ် ခုတ်သမျှ ပြုတ်ပြုတ်ပြုန်းလို့ မိုးလုံးလုံး ပြတ်သောအခါ ဘုရားခိုးသူ၊ နွားခိုးသူနှင့် ခိုးစရာမကျန်တော့သဖြင့် သိသိ သာသာကြီးတရားရကြလေပြီ။

လူ့ပြည် လူ့ဘဝ ဒုက္ခအဖုံဖုံရှိသည်ကိုပြောပြီး လူမထွက် ပါနှင့်ဟုပင် မိဘနှစ်ပါးက မှာကြားလိုက်သေး၏။ အော်.... ဘိုအခါဆယ့်ရှစ်နှစ်အရွယ်က သက်နှ်းချွတ်၍ အိမ်ထောင်ချပေး ချင်သည့်မိဘနှစ်ပါး အခုကား တားလိုပင်နေချေပြီ။ ကောင်း ပါပေစွ၊ မိဘနှောင်ကြိုးမှ လွတ်ခဲ့သဖြင့် ဗမာပြည်အနှံ့ အရှေ့

အနောက် တောင်နှင့် မြောက်ပါ သွားနိုင်ခဲ့သည်မှာလည်း သမဏာသုခတမျိုးပင်ဖြစ်တော့၏။

မိဘဟူသည် ရိပ်သာမှာနေ၍ ပဋိပတ္တိသာသနာလုပ်ငန်းများကို ဆောင်ရွက်နေသောကြောင့် ဝမ်းသာ ရွှင်ပျ စိတ်လက်ချရကြောင်း ကရုဏာသက်၍ ရေးပြန်၏။ "မိဘ သောကဟူသည် မိဘဖြစ်မှသိသည်"ဟု တခါကမိခင်ပြောပြ၍ နာခဲ့ဘူးသည်။

စာရေးသူတို့ မိသားစုတွင် သား နှစ်ယောက်၊ သမီး နှစ်ယောက်၊ မိဘနှစ်ပါး ပေါင်းခြောက်ယောက်ရှိသည်။ သမီး နှစ်ယောက်မှာ အေးဆေးမှုရှိလှသော်လည်း သားနှစ်ယောက် မှာမူ 'ကျားနှစ်ကောင်ပမာ' တယောက် တမျိုး ဆိုးလှ၏။ သားငယ်သည် ဘောလုံးကန် တော်လှသဖြင့် ဘောလုံးဖြင့် အချိန်ကုန် တတ်၏။ နွားစာစင်း၊ ရေတိုက်၊ ထွန်သွားချွန်၊ ပျိုးကြဲ၊ ပျိုးနှုတ်၊ လယ်ရိပ်၊ လယ်သိမ်း သူ့ရာသီအလျောက် အလုပ်ကို မှန်မှန်လုပ်ပါမည့်အကြောင်း မကြာမကြာ ချွန်းပေး ရသည်။ ရေချိန်လွန်သည့်အခါတွင်မူ ချွန်းမနိုင် ဖြစ်တတ်၏။ ထိုအခါမျိုးတွင် ဘုန်းကြီးဘသည် ပုတီးလက်စွဲလျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုသာ ဆင်ခြင်နေလေသည်။

တခါတရံတွင်မူ "ဘိုးကြီးပြား"နှင့်စာဆွေးနွေးနေတတ်၏။ ဘုန်းကြီးကျောင်းထွက်ခြင်းဖြစ်၍ သင်ရိုးတူကြလေရာ သုဝဏ္ဏ သာမအကြောင်းပြောပြမည်လော ရ၏။ မဟာဇနကအကြောင်း ပြောမည်လော ရ၏။ ကောသလမင်းအကြောင်း နှီးနှောမည်

လော နိုးနေ့ာနိုင်ကြသည်။ ဘိုးကြီးပြားမှာမူ (**နတ်မောက် သာသနာ့ရိပ်သာဆရာတော်ဦးလာဘသာမိ**)ထံတွင် သတိပဋ္ဌာန် နည်းကျ အားထုတ်ဘူး၍ ဝိပဿနာ အကြောင်းနှင့် စပ်လျဉ်း ပြောနိုင်, ဟောနိုင်သည်။ ဘိုးပြားကား တရားသမားတည်း။

စာအဆုံးတွင် အယင်မိုးလည်းမရွာ၊ နောက်မိုးလည်းမရွာ သဖြင့် သမဝါယမဆိုင်မှ ဆန်ကိုသာ အားပြုကြရသည်ဟု လူ့ မလေ့ဖြစ်ထွေကို သံဝေဂရဖွယ် ရေးထားပါသည်။

❀

၁၃၄၁-ခု၊ သီတင်းကျွတ်လဆန်း ၉-ရက်။

**စကြံ အရသာ**

**"ရေးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေကျက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၊ လား၏ စင်္ကြံအကျိုးတည်း။"**

စင်္ကြံရှုမှတ်မှုအားကောင်းလာသည်။မှတ်စိတ်နှင့်ကြွမှု,လှမ်းမှု, ချမှုများ ထိကပ်နေပြီးဖြစ်သည်။ ပေ ၅၀-ခန့် ရှည်လျားသော စင်္ကြံလမ်းပေါ်တွင် တောင်မြောက်ဝဲယာမကြည့်ပါပဲ(ဩက္ခိတ္တ စက္ခု)ရှေ့ လေးတောင်ခန့်မျှသာကြည့်၍ စင်္ကြံ လျှောက်နိုင် သည်။ စင်္ကြံလမ်း၏ညီညာပြေပြစ်ကောင်းမွန်ခြင်း၊သဒ္ဓါတရား အားကြီး ထက်သန်နေခြင်း၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်၏

ညွှန်ပြမှုကို တသဝေမတိမ်း လိုက်နာခြင်းများကြောင့် စကြံ လျှောက်မှု၏ သဘော သဘာ၀ကို လည်းကောင်း၊ ထိုစင်္ကြံ လျှောက်မှုတွင် တွေ့လေ့ရှိသော ဖြစ်စဉ် သဘာ၀ ဓမ္မကို လည်းကောင်း ထင်ထင်ရှားရှား တွေ့ခဲ့ရပြီ ဖြစ်သည်။

စင်္ကြံမှတ်မှုကို စူးစူးစိုက်စိုက်၊ စေ့စေ့စပ်စပ် ရှုမှတ်နိုင်သဖြင့် အာရုံတပါး လွင့်ပါးမှု မရှိတော့ပါ။ တည်ကြည်လာသည်၊ ငြိမ်သက်လာသည်၊ သောက ပရိဒေ၀ စိုးရိမ် ပူဆွေးမှုတို့မှ လည်းကောင်း၊ ချမ်းသာအောင်မြင် ကျော်ကြားချင်မှုတို့မှ လည်းကောင်း နှိပ်စက်မှု နည်းလာသည်။

**မိဘကိုသတိရ** စင်္ကြံ ရှုမှတ်မှုသည် စိတ်ဆိုး စိတ်ညစ်များကို အားနည်းအောင် နှိမ်နင်းရာ၌ အတော် တာသွားသည်ကိုတွေ့ရသည်။ စူးစိုက်မှုရှိသည်နှင့်အမျှ သမာဓိအားကောင်းလာသည်။ ထို သမာဓိကို ပျားမွေးသလို မွေးမြူ၍ ကြီးရင့်လာပါမူ ပျားရည်ကဲ့သို့ ချိုမြိန်သော ဓမ္မပီတိလေးများကို စိုးစဉ်းစိုးစဉ်းခံစားရသည်။ ထိုခံစားမှုသည် ရံခါကြာ၍ ရံခါမြန်ဆန်သည်။ ဤဓမ္မပီတိမှာ ယောဂီကျင့်စဉ်တခု၏ စ, လယ်, ဆုံး, ဖြစ်စဉ်သုံးပါးနှင့်ခွဲခြားသော် အစမျှသာရှိသေး၏။ သို့ပါမူလည်း မတွေ့ဘူးသော ဓမ္မပီတိ ဓမ္မအရသာဖြစ်၍ ကျေးဇူးရှင်မိဘနှစ်ပါးအား 'အားထုတ်' စေချင်သည်မှာ အမှန်ပင် ဖြစ်သည်။ ''ငါ တွေ့သလို တွေ့ပါစေသော၊ ငါ ခံစားရသလို ခံစားနိုင်ကြ ပါစေသော'' ဟု ဆန္ဒ စေတသိက်များ မျိုးသိပ်

မရအောင်ပင် ပေါ်ပေါက်ခဲ့လျက် ဗုဒ္ဓဘာသာဝင် ဖြစ်ရကျိုး နပ်အောင် လက်တွေ့ စမ်းကြည့်စေချင်လှတော့သည်။

စင်္ကြံ လျှောက်မှုသည် ဣရိယာပုထ်လေးပါးတွင် ပါဝင်၍ ယောဂီ တဦး အတွက် သမာဓိကို အားတောင်းစေတတ်သော ဣရိယာပုထ်တခုပင် ဖြစ်သည်။ ဤစင်္ကြံလျှောက် ရှုမှတ်မှုဖြင့် အရိယာဇာတ်ဝင်၍ စာတင်ခံရသော ပုဂ္ဂိုလ်ထူးများလည်း မနည်းလှတော့ပေ။ စာမတင်၍ လူတွင် မထင်ရှားသော ပုဂ္ဂိုလ်မြတ်များလည်း ရှိကြမည်မှာ အမှန်ပင် ဖြစ်သည်။

စင်္ကြံသည် အချိန်မှန်၊ အတိုင်းအတာမှန် လျှောက်ပါမူ (ယောဂီလုပ်ငန်းဖြင့် ဖြစ်မှု ပျက်မှု အစုစုကို ရှုမှတ်နိုင်ပါမူ) ကောင်းသော လေ့ကျင့် ဆည်းပူးမှုဖြစ်၍ "ခရီးသွားနိုင်ခြင်း" အကျိုးရှိသည်။

ထိုစင်္ကြံသည် ကျန်းမာရေး ရှုဒေါင့်မှ ကြည့်လျှင်လည်း မျက်မှောက်ခေတ် လူသားတို့ လက်ခံသည်။ ကျင့်သုံးသည်၊ ကိုယ်ခန္ဓာ ကျန်းမာ သန်စွမ်းစေသည်။ ကြံ့ခိုင်၍ သက်လုံ ကောင်းစေပါသည်။

ထိုအခါ ဆနဝုတိ (၉၆) ပါး ဘေးရောဂါတို့ ကင်းဝေးနိုင်ပေပြီ။ **အဖိုးနည်း ဝန်ပါ ဆေးတပါးဖြစ်သည်မှာ အမှန်ပင် ဖြစ်သည်။**

ကိုယ်လက်လှုပ်ရှားမှု အလျဉ်းမရှိသော ရက်ရှည် ယောဂီများဆိုလျှင် စင်္ကြံ ရှုမှတ်မှုသည်သာ ဝမ်းမီးကို ကောင်းမွန်စေပြီး စားသမျှ ဝါးသမျှ အစားအစာကို ကြေညက်နိုင်သည်။

အစာကြေ၍ ရောဂါကင်း အားအင်ပြည့်စုံလာလျှင် ဓမ္မခရီးဆက်နိုင်ပါပြီ။

ထိုအခါ သမာဓိတရားကိုလည်း မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ စိုက်ထူ ပိုင်ဆိုင်တော့မည်ဖြစ်ရာ စကြံလျှောက်မှု၏ အကျိုးသည် အဖိုးအနဂ္ဃ ထိုက်တန်ပေတော့သည်။

**တိုက်တွန်းလိုပါသည်** စာရှုသူသည် ယောဂီတဦး ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် ယောဂီဖြစ်ရန် ကြိုးစားနေသူနှင့် ယောဂီဟောင်း တဦးလည်း ဖြစ်ကောင်းဖြစ်နိုင်ပေမည်။ မည်သို့ဆိုစေ၊ '**ဗုဒ္ဓဟောကြား စကြံတရား**' ကို စဉ်ဆက်မပြတ် ဒလစပ် ရှုမှတ်ပွားများနိုင်ပါလျှင် အသင့်ခန္ဓာကိုယ်မှ မလိုအပ်သော ရောဂါဆိုးများ ပျောက်ကင်းစေ၍ (အာရောဂျ ပရမ လာဘာ) ကျန်းမာရေးသုခချမ်းသာကြီးနှင့် အမှန်ပင် ပျော်ပျော်ကြီး နေနိုင်ပေလိမ့်မည်။ ဤ ဆေးနည်းသည် ဆေးနည်းမျှပင် ဖြစ်သေး၍ စာရှုသူအကျိုး ခံစားရဦးမည် မဟုတ်ပါ၊ ထို ဆေးနည်းကောင်းအတိုင်း ဖော်စပ်သုံးဆောင်ရန်လိုအပ်သည်မဟုတ်လော။

ယခုအခါ စာရေးသူ၏တာဝန် ကြေပွန်လောက်ပြီ၊ စာဖတ်သူ၏ တာဝန်သာ ကျန်တော့သည်။ အကျိုးခံစားမှုအတွက် စာရှုသူပင် ဆက်လက်ဆောင်ရွက်တော်မူ။

၁၃၄၁-ခုနှစ် သီတင်းကျွတ်လဆန်း ၉-ရက်။

၂၉-၉-၇၉

**ဆီမီးသစ်ပင် ပန်းနုမြင်က** သီတင်းကျွတ်လရောက်ပြီ၊ကြာပန်းရနံ့မွှေးပျံ့မည်၊ ဆီမီးပူဇော် အလှူတော်ပေးကြတော့မည်။ ဤလ ဤရာသီကား ဗုဒ္ဓဘာသာဝင်တို့ နိဗ္ဗာန်အကျိုး မျှော်ကိုးရည်သန် စိတ်သန်သန်ဖြင့် အမိဋ္ဌာန် ပြုကြသောအခါတည်း။

ငါတို့သည်ကား ယောဂီဘဝ သံဝေရလျက် စဉ်ဆက်မပြတ် ရှုမှတ်နေသောအချိန်တည်း။ ဝါကျွတ်ပွဲတော်ကိုတည်း ကြိုသလော၊ရတနာသုံးတန် ကံ-ကံ၏အကျိုးကိုတည်းဆိုလိုသလော မသိ။ တစုံတဦးသည် ဆီမီးသုံးတိုင် ပန်းကြာခိုင်များကို ဆက်ကပ်လှူဒါန်းထားသည်။ လျှပ်စစ်မီးငြိမ်းထားသဖြင့် ဘုရားခန်းတွင် ဆီမီးရောင်ရှိန် မှိန်မှိန်လေးသာ လင်းနေသည်။ ဗုဒ္ဓရှင်တော်မြတ်မှာမူ ရွှေရောင်ကြောင့် ဝင်းဝင်းပါဝါသပ္ပာယ်စွာ ရှိတော်မူလှသည်။

ငါတို့ကြည့်နေသော ဆီမီးသုံးတိုင်သည် ဖြစ်ဖြစ်မြည်လိုက် ရှဲတိုက်လိုက်နှင့် ခယဝယ ကုန်ခန်းမှုသဘောကိုပြောနေသည်။ 'ဆီမီး' ဆီမီးကို မြင်ရသည်ဟု ယူဆစဉ်မှာပင် မူလဆီမီးချုပ်ပျောက်ပြီးလေပြီ။နောက်ရောက်ဆီမီး နောက်ခရီးတွင်မြင်လျှင် မြင်ချင်း ပျက်ယိုယွင်းပြန်၏။ အို....ဒီပဇလာဝိယ-ဆီမီးလျှံကဲ့သို့

သည့်ခန္ဓာကိုယ် ရထားအိုလည်း ယွင်းယိုပျက်ကြ မမြဲကြဟူသည် ဤသို့ပင်ရှိတကား .. ။

ဗယ်ခြေလှမ်းစဉ်၌ ဖြစ်ပေါ်သောရုပ်အစု နာမ်အစုတို့သည် ထိုဗယ်ခြေလှမ်းစဉ်မှာပင် ချုပ်လေကုန်၏။ ညာခြေလှမ်းသည် အထိ တည်တန့်မနေကြ။ ညာခြေလှမ်းစဉ်၌ ဖြစ်ပေါ်သော ရုပ်နာမ်အစုစုတို့သည်လည်း ထိုခဏမှာပင် ဖြစ်ချုပ်ပျက်ကြ၏။ ဗယ်ခြေ လှမ်းသည်အထိ မလိုက်ပါကြပေ....။

ဆီမီးသည်တောက်၏၊ ထိုသို့တောက်ယင်းပင် ချုပ်ငြိမ်းရ၏၊ ကုန်ခန်းရ၏၊ ခန္ဓာကိုယ်သည်လည်း တေဇောဓာတ်၏ တောက်လောင်မှုကြောင့် ပူ၏၊ ဆွေး၏၊ ရိ၏၊ ကြေ၏၊ ပျက်၏၊ ကုန်၏၊ ခန်း၏၊ ဆီမီးလျှံကဲ့သို့ပင်တည်း။

တင့်တယ် သပ်ယပ်စွာ ကပ်လျှအပ်သော ကြာပန်းတို့သည် လည်းကောင်း၊ ပိန်းပွင့်နီတာရဲများနှင့် ရောင်စုံနှင်းဆီတို့သည် လည်းကောင်း ယမန်နေ့ကမူ ကြွကြွရွရွ လှလှလေးရှိနေကြ သည်။ ယခုမူ ထိုသို့မဟုတ်ပြီ၊ ကြာပန်းသည် ညှိုးရှိုင်ုက်ကျ နေသည်၊နှင်းဆီနုနုတို့သည်လည်း ညှိုးသောပန်း ကြွေသောပန်း တို့ဖြင့် ရုပ်ကလာပ်၏ ဖောက်ပြန်ပျက်စီးမှုကို ပြနေကြပြီ။

'**ကံ၊စိတ်၊ဥတု အာဟာရ**' ဤအကြောင်းလေးဝတို့ကြောင့် ဖြစ်လာသော ဤခန္ဓာကိုယ်လည်း မမြဲသော သဘောရှိ၏။ တဖြုတ်ဖြုတ်ကြွေကျနေသောနှင်းဆီပွင့်ဖတ်ကဲ့သို့တဟုတ်ဟုတ် လေခင်ကျွမ်းနေသော မီးအဟုန်တို့ကြောင့် ပျက်ကြွေနေကြသည်။

တကာယ်အားဖြင့်မူ ဘာမဟုတ်သည့် နာမ်ရုပ်ကိုပင် ငါလုပ်နေကြချေသည်။ ငါမဟုတ်၍ အစိုးမရပါ။ သူ့သဘာဝလက္ခဏာအတိုင်း မဆိုင်းမတွ ခဏချင်း ခဏချင်းမှာပင် ပျက်ယွင်းနေသည်။

သစ်တပင်တွင် နုသောသစ်ရွက်၊ စိုသောသစ်ရွက်၊ အိုသောသစ်ရွက်၊ နာသောသစ်ရွက်၊ ကြွေသောသစ်ရွက်၊ အဆက်ဆက်ပင်ရှိဘိသို့ ဤခန္ဓာကိုယ်တွင်လည်း ဖြစ်သောရုပ်က ဖြစ်နေဆဲ၊ ပျက်သောရုပ်ကပျက်ဆဲ စသည်ဖြင့် ရှုမြင်မိတော့၏။ သစ်ပင်အိုသည် အနိစ္စလက္ခဏာကို အထင်းသားပြနိုင်စွမ်းသည်။ သစ်ပင်အိုမှ သံဝေယူသော် ငါတို့လည်း နုပျိုလန်းဆန်းရာမှ အိုကြရနာကြရ သေကြရပေမည်ဟု သိနိုင်ပေသည်။ သစ်ပင်အိုသည် ပိုးရွ ခြပုန်းတို့၏ နှိပ်စက်မှုကြောင့်လည်းကောင်း မိုးလေဥတုတို့၏ ဖျက်ဆီးမှုကြောင့် လည်းကောင်း အချိန်မရွေး လဲကျနိုင်သည်။ တည်ဘို့ ပျက်ဘို့ နှစ်ဘို့ခဲ့လျှင် ပျက်ဘို့သာများသည်။ ငါတို့ခန္ဓာကိုယ်လည်း မစင်မကြယ် ရွံစဖွယ်တို့ဖြင့် ထုပ်ပိုးဆိုင်းထားရသည့်သာ ဖြစ်သည်။ မခိုင်မခန့် ယိုင်တိုင်တိုင် ယဲ့နဲ့နဲ့ဖြစ်သည်။ အချိန်မရွေး ပျက်စီးနိုင်သည်သာတည်း။

ဆံပင်မှာလဲ ကြွေလိုက် ကျွတ်လိုက်၊ နှုတ်ပြန်လိုက်နှင့် ဆေးလိုက် လျှော်လိုက် ရောင်တင်လိုက်နှင့်နည်းရှိသမျှလုပ်သော်လည်း မီးတောက်ပူပြင်း ဇရာမင်းကြောင့် ဖြူရသည်သာဖြစ်သည်။ မွှေးညှင်းလှလှဟုတင်စားရသော အမွှေးအမျှင်တို့ကလည်း နှစ်သက်မရှိ ရွံဘွယ်လိလိဖြစ်နေဘိ၏။

ယနေ့ ဝိပဿနာပွားမှုကိုလဲပြု၏၊ ဆင်ခြင်မှုလဲပြု၏၊ ဘုရားစင်တွင်တင်ထားသော ပန်းနုရောင်နှင်းဆီများ ပွင့်ချပ် ပွင့်ဖတ်ကွာကျနေသည်ကိုလဲ ရုပ်ပျက်မှု နာမ်ပျက်မှုသို့တင်၍ ရှုမိသည်။ ဆီမီးသုံးတိုင် ပန်းကြာခိုင်တို့ဖြစ်ပျက်မှုသဘောကိုလဲ ရှုမိသည်။ သစ်ပင်အို၏ အနိစ္စလက္ခဏာကိုလဲ ရှုမိသည်။ ဖေါင်းတယ် ပိန်တယ်ကား အကြိမ်ကြိမ်။ ကြွတယ်၊ လှမ်းတယ်၊ ချတယ်ကိုလည်း အကြိမ်ကြိမ်ရှုမှတ်၏။

ကေသာ၊ လောမာ၊ သုံးဆဲ့နှစ်ကောဋ္ဌာတို့ကိုလည်းဆင်ခြင်ပွားများ နှလုံးထားခဲ့သည်။

''အို....ဆီမီးသစ်ပင်၊ ပန်းနုမြင်က၊ သံဝေရလျက်၊ ငါ့သက်ခန္ဓာ၊ လေးဖြာအကြောင်း၊ စုပေါင်းဖြစ်ချုပ်၊ တဟုတ်ဟုတ်တည်း၊ ကံကြီးကံငယ်၊ အသွယ်သွယ်တို့၊ ကြာတယ်မရှိ၊ ချုပ်လွယ်ဘိ၏။ စိတ်ရှိသဘာဝ၊လက္ခဏနှင့်၊ သာမညတတန် ချုပ်ကြောင်းမှန်လျက်၊ ပူပျက်ဥတု၊ အေးစုစုလည်း၊ မကြီးနုနယ်၊ စတွယ်ကာလ၊ သညာပြု၏။စားထ အာဟာရ၊ဆီသြဇလဲ၊မမြဲဖြစ်ချုပ်၊ ခပ်သုတ်သုတ်နှင့်၊အခွင့်မရှည်၊ ဖေါက်လွဲမှီသည်၊အရည်ရွှဲရွဲစိုတကား....''

''အို...ဒီပဇလာ၊နဒီသောသော၊ ကျမ်းမိန့်ဟော၏၊ တဝေါဝေါစီး၊ခန္ဓာကြီးတွင်၊ မစင်မကြယ်၊ ရွံစဖွယ်တို့၊

ပြည့်သိပ် ဖို့၏။ နှစ်မျိုးဆံပင်၊ ကေသာမင်လဲ၊ မလှဲ
အနိစ္စ၊ ဖြူကျွတ်ရရှင့်၊ နုနုရွရွ၊ မွေးညှင်းမြဟု၊ တင်စား
ပြုလျက်၊နှစ်သက်မရှိ၊ရွံဖွယ်ပြည့်၏။ အရိပ်ကြည့်လျက်၊
ဆေးခြယ်လက်သည်း၊ ခြေမည်း ကုတ်ကုတ်၊ အံ့ဖွယ်
ရုပ်နှင့်၊ မဟုတ်သူငါ၊ သွားမှာဒန္တီ၊ ရွံ့ဖွယ်ညှီသေး၊
အရေမွေးယှက်၊ ကိုယ်ထက် ဝန်းရံ၊ ပါးပါးခွံလဲ၊
ဖေါက်လှဲဒုက္ခ၊ဆင်းရဲရနှင့်၊ အသင့်ခန္ဓာ၊ သူငါမဟုတ်၊
စက်ဆုတ်အနတ္တ၊စိုးမရသည်၊အတည်မမြဲယိုတကား....”

# ရက်ပေါင်းကိုးဆယ် ရိပ်သာဝယ်

---

## အပိုင်း—၃

# ရိပ်သာဝင်တော့မည်ဆိုလျှင်

(၁) ရိပ်သာဝင်သူ ယောဂီများရဲ့၊
ဖိုးတန်မျှားကိုရှောင်ပါလေ။

(၂) ဝါကြွားမှုကို ရှောင်ကြဉ်ပြုတော့၊
နှောင်စဉ်ယခုချမ်းသာပေ။

(၃) တရားဆိမှာ စိတ်ပျော်မွေ့လို့၊
သူတော်စလေ့နဲ့ညီအောင်နေ။
ဤသို့နေငြား၊ ယောဂီများ–
ရငြားချမ်းသာပေ။

၁၃၄၁-ခု၊ သီတင်းကျွတ်လဆန်း ၁၀-ရက် တနင်္ဂနွေနေ့။

၃၀-၉-၇၉

**ညာဏ်စဉ်တရား** ရိပ်သာဝင်၍ တရား အားထုတ် ကြသည် ဆိုလျှင် တရားအားထုတ်သူ အချင်းချင်းက ဖြစ်စေ၊ တရား အားမထုတ်ဘူးသူကဖြစ်စေ မေးတတ်သည့် မေးခွန်းလေးမှာ ...

" ညာဏ်စဉ် နာရသလား.... "

ပြီး....နောက်တခု ဆက်တတ်သေး၏။ ထိုမေးခွန်းမှာ 'နာရသည်' ဟု အဖြေပေးလျှင်....

" ဘယ်နှစ်ရက်နှင့် နာခဲ့ရသလဲ.... "

ဤသို့လျှင် ညာဏ်စဉ်တရားနှင့် ပတ်သက်ပြီး စိတ်ဝင်တစား မေးမြန်းတတ်ကြသည်။ မိမိ (ဤအရှင်) နှင့် တရားအားထုတ်ဖက်ဖြစ်သော ရဟန်းယောဂီမှာ ညာဏ်စဉ်မနာရမည်ကို အတော်စိုးရိမ်ဟန်ရှိသည်။ တနေ့သ၌—

" ဦးဇင်း.... "

" ဘုရား.... "

" တပည့်တော်တို့ ညာဏ်စဉ် တရားမှ နာရပါ့မလားပဲ၊ လျှောက်လဲ မလျှောက်ရဲဘူးဗျာ.... "

" ဩော် – ခက်ထာလိုက်လို့ အရှင်ဘုရားနှယ်၊ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လဲ သိနိုင်သားပဲဟာ၊ တရားအားမထုတ်မီက

စိတ်ခုတ်နဲ့ ခု အခြေအနေမှာရှိတဲ့ စိတ်ခုတ်ကို နှိုင်းလဲယှဉ် ကြည့်အုံးပေါ့''

''ဟုတ်တော့ ဟုတ်တာပေါ့၊ ရိပ်သာမှ တဝါဆိုပြီး အား ထုတ်ရက်နဲ့မှ ဉာဏ်စဉ်မနှာရယင် ရှက်ဖို့ ကောင်းတယ်''

''ရှက်ဖို့ကောင်းတယ်၊ ဟော-ဗျာ....''

မိမိမှာ အုံ့သြပြီး သံယောင်လိုက်ကာ ဟောဗျာများပင် ဆိုမိသွားသည်။ တရားအားထုတ်သည်မှာ တရားသိရေးနှင့် မိမိ၏ဒုက္ခဆင်းရဲဝေဒနာဆိုးများမှလွတ်မြောက်ပြီး ငြိမ်းချမ်းမှု အစဉ်တည်တံ့ရန်သာ ဖြစ်သင့်သည်။ ယခုမူ တရားသိမှုတွေက အဓိကမဟုတ်ပဲ ဉာဏ်စဉ်နှာရမှုက အဓိကလိုဖြစ်နေသည်။

မိမိမှာမူ ဉာဏ်စဉ်တရားဟူသည်ကိုကြိုတင်လည်းသိမထားခဲ့၊ မျှော်လည်း မမျှော်ခဲ့သဖြင့် ဉာဏ်စဉ်တရား နှာရအံ့လော၊ မနှာ ရအံ့လောဟူသည်ကိုပင် မတွေးတောမိခဲ့၊ ဆရာပြောသမျှကိုသာ မှတ်သားပြီး အားထုတ်ခဲ့သည်။

၃၀-၉-၇၉ နေ့တွင်မူ သာမဏေတပါးက တရားနှာကြွရန် လာပင့်သည်၊ အချိန်က နံနက် ၈-နာရီတွင်ဖြစ်၍ အံ့သြရသည်၊ ပုံမှန်တရားနှာရသည်မှာ နေ့လယ် ၂-နာရီ၊ ယခုမူ နံနက် အချိန်၊ မည်သည့်တရားများ ဖြစ်လေမည်နည်း။

တရားနှာ တရားလျှောက် သွားလျှင် သင်္ကန်းကို ဝဲဘက် လက်မောင်းတခုလုံး လုံခြုံအောင်ရုံ၍ သွားရသည်၊ တဘက်ရုံ ဟုပင် ခေါ်ရပါမည်၊ အယင်ကမူ တကြိမ်မှ မရုံဘူးပေ၊ရိပ်သာ ရောက်မှ မူတခုရရှိခြင်းပင်ဖြစ်သည်။

ဆွမ်းစားကျောင်းပေါ်သို့ မိမိတို့ ရဟန်းယောဂီနှစ်ပါး ရောက်သော် အလျင်ကပင် တင်ကြိုရောက်နေသော ယောဂီ အမျိုးသမီးနှစ်ဦးကိုလည်းတွေ့ရသည်။ သူမတို့သည် လက်အုပ် ချီ၍ တရားနာရန် အသင့်ပင် ဖြစ်နေကြသည်။ မိမိတို့လည်း ခင်းထားသော သင်ဖျာပေါ်တွင် အသင့်နေရာ ယူပြီးသော် စာအုပ်ပါးလေးတအုပ်ဝေပါသည်။ ဆုပ်ကိုင်လျက်ပင် လက် ဝါးထည်းပျောက်သွားနိုင်သော စာအုပ်လေးပါ။ စာအုပ်၏ မျက်နှာဖုံးစာကို ဖတ်ရသောအခါတွင် ရင်သည် တဒိတ်ဒိတ် ခုန်လေပြီ၊ စိတ်သည် တဖျတ်ဖျတ်ခတ်လေပြီ၊ ပီတိသောမနဿ နှင့်တကွဖြစ်သော မိမိ၏စိတ်အစဉ်သည် အတန်ပင် ရွှင်လန်း တက်ကြွနေပါသည်။ စာမှာ ဤသို့တည်း။

''ကိုယ်တွေ့နှင့်တိုက်ဆိုင်၍ ကိုယ့်ဉာဏ်အဆင့်ကို ကိုယ် တိုင်ပင် ဆုံးဖြတ်နိုင်ရန် အလို့ငှာ အပြည့်အစုံ အားထုတ် ပြီးသော ယောဂီတို့အား အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောပြောလေ့ ရှိသော ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်မှ အကျဉ်းဆောင်ပုဒ်များ''

ဟူသတည်း။

စာအုပ်၏ စာမျက်နှာအစတွင် ဓမ္မာဒါသသုတ်လာ သော တာပန်ဂုဏ်အင်္ဂါ ၄-ပါးကို ဖော်ပြထားပါသည်။ ထိုလေး ပါးမှာ—

(၁) ဗုဒ္ဓစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
(၂) ဓမ္မစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။

(၃) သံဃာစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှုစွာ။
(၄) အရိယာကန္တ၊ ငါးသီလ၊ လုံးဝပြည့်စုံရာ။
(၅) မြတ်သောတာပန်၊ တရားမှန်၊ လေးတန်စုံလင်ရာ။
(၆) ကိုယ့်ဉာဏ်အဆင့်၊ ကိုယ်တိုင်နှင့်၊ အသင့်ဆုံးဖြတ်ရာ။

ချမ်းမြေ့ရွှင်လန်းခြင်းများ အလုပ်ပေးတရား ဖွင့်ပေးနေကျ ရဟန်းတော်လေးသည်ပင် ဉာဏ်စဉ်တရားဖွင့်ပေးရန် ပြင်ဆင်နေသည်၊ သူသည် စက်ဖွင့်ခြင်း၌ ကျွမ်းကျင်ဟန်တူသည်၊ ကက်ဆက်၏ ခလုပ်အမျိုးမျိုးကို ဟိုနှိပ် သည်နှိပ်လုပ်ယင်းနှင့် မဟာစည် ဆရာတော်ဘုရားကြီး၏ အသံ တော် ပေါ်လာသည်။ ရှိသေစွာနာကြသည်၊ ဆောင်ပုဒ်များ ချပေးသောအခါ အားလုံးပင် လိုက်ဆိုကြသည်၊ ဆရာ တော်ဘုရားကြီးအသံမှာ တည်ငြိမ်အေးဆေးပြီး ကြည်ဖွာရှိလှ ပါသည်။

မိမိသည် သီတင်းသုံးဖော် ယောဂီရဟန်းအား ရံခါ ကြည့် မိသည်။ သူ၏မျက်နှာမှာ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ လေး ဖြစ်နေသည်။ ကက်ဆက်ခွေတဖက်ပြီး၍ လှည့်ချိန်တွင်မူ မိမိတို့နှစ်ဦးသား အကြည့်ချင်းဆုံမိတော့သည်။

''ဩော်–သူ့မှာလဲ ချမ်းမြေ့ရွှင်လန်း ခြင်းနှင့် ငါ့မှာလဲ ချမ်းမြေ့ရွှင်လန်းခြင်းနှင့်ပါတကား....''။

တရားနာပြီးသော် ၁၀-နာရီထိုးရန် ၁၅-မိနစ်သာလိုတော့သည်။ အမျိုးသမီးယောဂီနှစ်ဦးမှာ မိမိတို့ရဟန်း ၂-ပါးအား ဦးချကန်တော့သည်၊ ပြီးလျှင်—

"တပည့်တော်မတို့ ၁၁-နာရီ ၄၅-မိနစ်နဲ့ တောင်ငူကို ပြန်မှာပါဘုရား...."

"ဩော်—အေးအေး တောင်ငူကို သိပါတယ်၊ အဲဒီမှာ ဆွေမျိုးတွေတောင်ရှိတယ်...."

ဤမျှသာ ပြောဆိုပြီး မိမိတို့ နေရာစံကျောင်း ပေါ်သို့ ကြွကြသည်၊ ခြေတို့သည် မြောက်နေသည်၊ ရင်တို့သည် ခုန်နေဘိသည်၊ ပြုံးခြင်းသည် ဤအခါလောက် ကြည့်ကောင်းချိန် ရှိခဲ့ဘူးမည်မထင်ပါ။ ခန္ဓာကိုယ်သည် လဲ ဝါဂွမ်းပမာ ပေါ့ပါးနေသည်၊ ကာယလဟုတာနှင့် စိတ္တလဟုတာ ဟူသော သဘောတရားသည် ယခုအခါ ကောင်းစွာပင် ပေါ်နေပေသည်။ လှေခါးတွင် မည်သို့ဆင်းခဲ့၍ လမ်း၌လည်း မည်သို့ မှတ်၍ ကြွခဲ့သည်ပင် မသိနိုင်။ စံကျောင်းပေါ်သို့ရောက်လျှင်မူ သီတင်းသုံးဖော် ယောဂီကစ စကားဆိုပါသည်။

"ဘယ့်နှဲ့လဲ...."

"ဘာကို မေးတာလဲ...."

"ဉာဏ်စဉ်လေ...."

"ဩော်—အင်း"ဤသို့ ပြောနေစဉ် ခေါင်းလောင်း ခေါက်၍ စကားစဖြတ်ခါ ဆွမ်းစားကြွရပါသည်။

၁၃၄၁-ခု၊ သီတင်းကျွတ်လဆန်း ၁၂,၁၃,၁၄-ရက်။
၂,၃,၄-၁၀-၇၉

**ဉာဏ်စဉ်နှားပြီးကာလများ၀ယ်** ဉာဏ်စဉ်တရားနာရပုံကို တင်ပြခဲ့ပြီးပါပြီ။ ယခု ဉာဏ်စဉ်နာပြီး နှောင်းကာလ ရှုမှတ်မှု အကြောင်းများကို ဆက်လက်တင်ပြလိုသည်၊ ထိုသဘောကို မတင်ပြမီ ဉာဏ်စဉ်သဘောကို ထပ်မံရှင်းလင်းသင့်သည်ဟု ယူဆမိသည်။ သို့ရာတွင် မိမိ၏ အာဘော်ကို ဖွင့်ဆိုရှင်းလင်းသည်ထက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ မိန့်ဆိုချက်ကိုသာ ကိုးကားတင်ပြပါမည်။

**ကိုယ့်ဉာဏ်အဆင့်ကို သိအောင်လို့** ''ဉာဏ်စဉ် တရား ဆိုတာ ယောဂီပုဂ္ဂိုလ်တွေမှာ အားထုတ်စဉ်ကာလက မိမိကိုယ်တိုင် တွေ့ထားပြီးတဲ့ အသိဉာဏ်တွေ ဖြစ်ပုံနဲ့ တိုက်ဆိုင်ပြီးတော့ ကိုယ်တွေ့ထားတဲ့ အသိဉာဏ်ဟာ ဘယ်အဆင့်အတန်း ရောက်နေတယ် ဆိုတာကို သိအောင်လို့ ဟောတဲ့တရား၊ နာရမဲ့တရား။ အားရကျေနပ် လောက်အောင် ပြောနေတဲ့ ဉာဏ်စဉ်ဖြစ်ပုံ အတွေ့များကို ပြောနေတဲ့ ယောဂီများကိုတော့ ဒီဉာဏ်စဉ်တရားနဲ့ တိုက်ဆိုင်ပြီး သူ့ဘာသာသူ ဆုံးဖြတ် နိုင်အောင်လို့ ဟောရတာပဲ''

''တကယ် ပြည့်စုံနေယင်လဲ ပြည့်စုံတာကိုပိုင်ပိုင်နိုင်နိုင်ကြီး ဆုံးဖြတ်နိုင်အောင်လို့ မပြည့်စုံသေးယင်လဲ မပြည့်စုံမှန်းသိပြီး

ပြည့်စုံသည်အထိ ဆက်လက် အားထုတ် သွားနိုင်အောင်လို့ ပြောရတာပဲ''

''တရားအားထုတ်တဲ့သူမှာ ဝိပဿနာဖြစ်ပုံနဲ့ စပ်ပြီး ဗဟုသုတ က လုံလုံလောက်လောက် ရှိမထားဘူးဆိုယင် ထူးခြားတဲ့ ဉာဏ်တွေကို တွေ့သိနေရပေမဲ့ သူ့ရဲ့အမည်ကိုတော့ မဆုံးဖြတ်နိုင်ဘူး၊ ဒါကြောင့် အဲဒီလို မဆုံးဖြတ်နိုင်တာတွေကို အမည်နာမနှင့်တကွ ကျကျနန ကိုယ်တိုင် ဆုံးဖြတ် နိုင်အောင်လို့ ဒီဉာဏ်စဉ်တရားကို ပြောရတယ်။ ဒီဉာဏ်စဉ်တရားကို နာပြီးတော့ ကိုယ့်ဉာဏ်အဆင့်ကို ကိုယ်တိုင်ဆုံးဖြတ်ကြရုံပါပဲ။''

**ဘုရာမှတပါး မဆုံးဖြတ်ကောင်း** ''ဒီနေရာမှာ ဆရာကတော့ ဘာဖြစ်လို့ ဆုံးဖြတ် မပေးသလဲဆိုလို့ရှိယင် ဒီယောဂီဘယ်တရားရသွားတယ်၊ ဘယ်အဆင့်ရောက်သွားတယ်၊ သောဘာပန်ဖြစ်သွားတယ်၊ သကဒါဂါမ်ဖြစ်သွားတယ်၊ အနာဂါမ် ဖြစ်သွားတယ်၊ ရဟန္တာဖြစ်သွားတယ်ဆိုတာကို ဘုရားမှတပါး ဘယ်သူမှ ဆုံးဖြတ်ပေးလေ့မရှိဘူး၊ ဆုံးလဲမဆုံးဖြတ်ကောင်းဘူး'' (ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်ကြီးမှ)

ဉာဏ်စဉ်တရားနာပြီးသောအခါ ဆက်လက် ရှုမှတ်ရန်သာ ဆရာတော်ကညွှန်ကြားသည်။ ထိုညွှန်ကြားမှုအတိုင်းပင် ဆက်၍ဆက်၍ ရှုမှတ်ခဲ့သည်။ တရားနှင့်ယှဉ်သော ပီတိတို့သည် တဖွားဖွား ပေါ်ပေါက်နေခဲ့သည်။ မနက်—နေ့—ညမဟူ ထိုပီတိအဟုန်

တို့သည် စဉ်ဆက်မပြတ် ပြန့်ပွားနေကြသည်။ ကိုယ်ခန္ဓာသည် ပေါ့လျက် စိတ်ဝိညာဏ်သည် ရှင်ကြည်တောက်ပလျက် ဓမ္မ ရေယာဉ်ကျောတွင် နစ်မျောမိခဲ့သည်။

**ဉာဏ်စဉ်နာပြီးသော်လဲ တရားလျှောက်ရ** ဉာဏ်စဉ် နာပြီးသော်လည်း တရား လျှောက်ရသေးသည်။ ရှုမှတ်မှု အချိန်မှာကား နံနက် ၃-နာရီခွဲ အိပ်ယာထသည်မှ ည ၁၁-နာရီအထိ ကြာမြင့်သည်။ ထိုကာလအတွင်း ရှုမှတ်မှုများသည် အိပ်ချင်စိတ်ကင်းခဲ့သည်။ တင်းတင်းရင်းရင်း ရှုမြဲရှုနိုင်ခဲ့သည်။ ရှုမှတ်မှု အစဉ်ချောမွေ့ ဖြောင့်တန်းလှသည်။ စင်္ကြံတွင်လည်းကောင်း၊ ထိုင်ရာတွင် လည်းကောင်း စံပြည့်ယောဂီများအတိုင်းပင် ရှုမှတ်ပွားများနိုင်သည်။ အထူးအားဖြင့်မူ စင်္ကြံလျှောက်ရာ၌ ခြေတို့သည် ကြမ်းပြင်နှင့် မထိသည့်ပမာ မြောက်၍ မြောက်၍ တက်နေခဲ့သည်။ ပေါ့၍ပေါ့၍ သွားနေသည်။ ထိုစဉ်က တရားလျှောက်ရာတွင် "တာဝန်တခု ပြီးဆုံးသလို ပေါ့ပါးခြင်းဖြစ်လျှင် မဟုတ်သေး"ဟု ဆရာတော်က သတိပေးသည်။ ထိုအခါ မိမိကိုယ်ကို ပြန်လည်သုံးသပ် ရတော့၏။

အလုပ်တခုပြီးဆုံး၍ ပေါ့ပါးခြင်းနှင့် ဉာဏ်စဉ် နာပြီး၍ စိတ်လက်ရှင်ကြည်၍ ပေါ့ပါးခြင်းတို့သည် မတူညီကြပေ။ အလုပ်တခုပြီးဆုံး၍ ပေါ့ပါးခြင်းမှာ တာဝန်တရပ် အနေဖြင့် ရသာဖြစ်၍ဝမ်းမြောက်ဝမ်းသာမှုအားမကောင်းလှပါ။ အခြား

သော အာရုံတရားများ၊ စိတ်ဆိုးမှု၊ အမျက်ထွက်မှုများတွေ့ကြုံပါက ထိုတရားဆိုးတို့ကို အလွယ်တကူပင် တုံ့ပြန်လွယ်တတ်ပါသည်။ လိုချင်စရာ၊ မက်မောစရာများ တွေ့ကြုံပါကလည်း လိုချင်မက်မောလွယ်သည်သာ ဖြစ်ပါသည်။ ဉာဏ်စဉ်နာပြီး ဖြစ်ပေါ်မှုများမှာ ထိုသဘောတရားများနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်လှပါသည်။

နမူနာတခု တနေ့သ၌ ၁၂-နှစ်ကာလကြာ ကွဲကွာနေသော နောင်တော် ရဟန်းတပါးနှင့် ဆုံဆည်းရပါသည်။ ထို နောင်တော်ရဟန်းနှင့် အတူ ရဟန်းနှစ်ပါးလည်း ပါသည်။ ထို ၂-ပါးက ရိပ်သာအကြောင်းကို မေးကြ၏။ တရားအကြောင်းကို မေးကြ၏။ ဉာဏ်စဉ်ကိုလည်း မေးကြ၏။ မေးခွန်းများစွာကိုပင် မေးမြန်းကြပါသည်။ မေးခွန်းတိုင်းကိုပင် ကျေနပ်မှုရသည်အထိ တာဝန်သိစွာ ဖြေခဲ့ပါ၏။ သို့ရာတွင် တုံ့ပြန်မှုရခဲ့သည်ကား ''ဂရဟာသံ''ပါသည့်စကားများသာ ဖြစ်ခဲ့သည်။ အံ့ဩခဲ့ရသည်မှာ မိမိသည် ဒါလျင်ကဆိုပါမူ တဘက်သားအား နစ်နာအောင်လည်းကောင်း၊ အကျိုးပျက်စီးအောင်လည်းကောင်း ပြုမူပြောဆိုသည်ကို ကြားမြင်ရလျှင် ဝင်ပြောရမှ ကျေနပ်၏။ နေသာထိုင်သာလည်း ရှိခဲ့၏။ ယခု မိမိကို တိုက်ရိုက်ရှုတ်ချသံဖြင့် ပြောနေပါလျက် သည်းခံနိုင်ခဲ့သည်။ တရားရှုမှု အကျိုးတည်းဟု ဆုံးဖြတ်လျက် မိမိ၏ အနီးကပ် ကမ္မဋ္ဌာနာစရိယ ဆရာတော်နှင့် မဟာစည် ဆရာတော်ဘုရားကြီးတို့အား ဦးတိုက်မိလိုက်ပါသည်။

ထိုစာပိုဒ်များကို ဝါကျတိုတိုဖြင့်ရေးရလျှင် "**တရားရှုမှတ်မှုဖြင့် စိတ်ဓာတ်ရင့်ကျက်လာသည်၊ သည်းခံအား ကောင်းမွန်လာသည်**"ဟူ၍ပင် ဖြစ်ပါသည်။

**မမိုတ်မသုန် ယုံကြည်ပြီ** ဤအရှင်၏ နေ့စဉ် တရားလျှောက်ချိန်တွင် တခုသောရက်က "ရုပ်ဝါဒ လွှမ်းမိုးခံခဲ့ဘူး၍ အလျင်က ရုပ်ဝါဒ ကြီးစိုးနေသည်ဟု မှတ်ထင်ကြောင်း ယခုမူ ရုပ်နာမ်နှစ်ခု အပြိုင်ဖြစ်နေပုံကို တွေ့မြင်ရကြောင်း ထည့်၍ လျှောက်ဘူးသည်။ တဖန် ရုပ်တိုင်းမှာ အဋ္ဌကလာပ်ရုပ် ရှစ်ခုစီရှိကြောင်း ဟုတ်ပါရဲ့လားဟုလည်း မေးမြန်းလျှောက်ထားမိခဲ့ဘူး၏။

မိမိ၏ စိတ်အစဉ်သည် ရောက်ဘူး ပေါက်ဘူးသော နေရာဒေသ အများအပြားသို့ ဆက်ကာ ဆက်ကာ မပြတ်လှည့်ပတ်နေစဉ် တပြိုင်နက်ပင် မြင်သည်ဟုလည်းကောင်း၊ တွေ့ရသည် ဟူ၍လည်းကောင်း အထင်ရှိခဲ့ဘူး၏။ ထိုစဉ်က –

"ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ" (ဓမ္မပဒ)

ဟူသော တရားတော်ကို နာရခြင်းဖြင့် မိမိအထင်ကို စွန့်လွှတ်နိုင်ခဲ့သည်။ ထိုမှ နောက်ကာလများတွင် တရားတော်ကို မမိုတ်မသုန် ယုံကြည်ခဲ့ပြီး ဦးလည်မသုန် ဆက်လက်ရှုမှတ်ပွားများခဲ့သည်။ တရားတော်အကျိုးကား မျက်မှောက်ထင်တင် ရရှိနိုင်သည်။ ခံစားနိုင်သည်။ မိုးရွာစဉ်ကာလများ၌ မိမိတို့ အိုးခွက်

ပန်းကန်အရှယ်အစားအလျောက် မိုးရေခံယူရရှိနိုင်ဘိသို့ ထို့ အတူပင် တရားမိုးရေရရှိမှုမှာလည်း အားထုတ်သူ၏ ''ဉာဏ်အိုး ခွက်''အလျောက် ရနိုင်ပေသည်။

**ရှင်လန်းဝမ်းမြောက်ဖွယ်ပါ** ရှင်လန်းဝမ်းမြောက်ဖွယ်သတင်း စကားကို ပြောပါမည်။ သင် ရှင်လန်းဝမ်းမြောက်ပါလော။ တရားတော်ကို ရိုသေစွာ နာ ကြားရသဖြင့် လေးစားစွာ အားထုတ်ခဲ့သော သာမာဝတီ မိဖုရားသည် သောတာပန်အဆင့်အထိ တရားထူး ရခဲ့သည်။ ထိုအချိန်မှစ၍ ရတနာသုံးပါး၌ မမှိတ်မသုန် ယုံကြည်ခဲ့လေပြီ၊ မတုန်မလှုပ် သက်ဝင်ကိုင်းရှိုင်းခဲ့လေသည်။ ပြန်လည်ဖော်ပြ ရသော် တနေ့သ၌ သာမာဝတီအား အငြိုး ကြီးလှသော မာဂဏ္ဍီက ကြက်အရှင်ရှစ်ကောင်ပို့၍ ဟင်းချက်ရန် ဥပါယ် တံမျဉ်ဖြင့် ခိုင်းသည်။

''ကြက်အရှင်များဖြစ်၍ တို့များ မသတ်နိုင်ပါ၊ မချက် နိုင်ပါ''ဟု ပြန်ကြားလိုက်သည်။ တနည်းအားဖြင့်ဆိုသော် မင်းအာဏာကို ဖီဆန်ခြင်းပင်ဖြစ်သည်၊ ဤသို့ ဖီဆန်နိုင်မှုမှာ (ဝါ) ပါဏာတိပါတကံ မကျူးလွန်နိုင်ပဲ မင်းအာဏာကို ဖီဆန်ရဲသည်မှာ ဘာအခုအခံရှိ၍နည်း။

ရှင်းပါသည်၊ သောတာပန် တည်းဟူသော တရားထူး ခံတပ်ခံရှိသောကြောင့်ပင်၊ မင်းအာဏာကို မကြောက်မရွံ့ နောက်မတွန့်ပဲ တင်းနိုင်ခြင်းမှာ ယုံကြည်မှုခိုင်မြဲခြင်း၊ (ဝါ)

ဗုဒ္ဓ၏ အဆုံးအမ တည်မြဲခြင်းဖြစ်ကြောင်း ထင်ရှားလှတော့သည်။ သင် ရှင်လန်းဝမ်းမြောက်ပါလော့၊ တရားတော်၏ ဂုဏ်အထူးကား သို့လျှင် ထက်မြက်လှပါ၏။ သို့လျှင် ရဲရင့်ပြတ်သားလှပါ၏။

**တရားရလျှင် မခိုး၊ မလိမ်၊ မကြောက်** ဤသာမာဝတီ၏ အကြောင်းသည် ဓမ္မပဒ အဋ္ဌကထာတွင် အကျယ်တဝင့်ရှိသည်။ ယခု ထိုကျမ်းမှပင် ခုဇ္ဇုတ္တရာအမည်ရှိ ပန်းဝယ်သူမအကြောင်းကို ဆက်လိုသည်။

ထိုခုဇ္ဇုတ္တရာသည် သာမာဝတီ၏ကျွန်မဖြစ်သည်၊ သာမာဝတီအား နေ့စဉ် ပန်းဝယ်၍ဆက်ရသည်။ နေ့စဉ်လည်း ပန်းဖိုးထည်းမှ တဝက်ခိုးဝှက်ခဲ့သည်။ တနေ့သ၌ ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်ကို ရိုသေစွာ နာကြားခဲ့ရသည်။ သောတာပန် တရားထူးပင် ရခဲ့သည်။ ထိုနေ့၌ ပန်းဖိုးအပြည့် ဝယ်ခဲ့၍ ပန်းတွေများနေသည်။ သာမာဝတီရှေ့ရောက်သော်—

''ယနေ့ အဘယ့်ကြောင့် ပန်းတွေများရသလဲ''

ဤမေးခွန်းသည် ဘဝတခုအတွက် အလှည့်အပြောင်းဖြစ်ပေါ်စေနိုင်သော မေးခွန်းခက်တခုပင် ဖြစ်သည်။ 'အဆစ်ရသည်'ဟု လိမ်ညာ၍ ဖြေလိုက်မည်လော မဖြေပါ။ အလျင့်အလျင်နေ့များက ပန်းဖိုးတဝက်သာ ဝယ်ခဲ့ကြောင်း ယနေ့ တရားထူးရ၍ ပန်းဖိုးအပြည့် ဝယ်ခဲ့ကြောင်း ဖြေပါသည်။ ဤအဖြေသည် မှန်ကန်တိကျသော အဖြေဖြစ်ခဲ့သည်။ သို့ဖြစ်၍

လည်း ခုဇ္ဇုတ္တရာ၏ ကျွန်မဘဝသည် ပလ္လင်ပေါ်တက်၍ တရားဟောရသည့်အထိ မြင့်ခဲ့ရတော့သည်။ သူမ၏အရှင်သခင် သာမာဝတီကား အောက်တွင် ငြိမ်သက်စွာ တရားနာကြားခဲ့သည်။ သောတာပန် ပုဂ္ဂိုလ်တို့ကား သို့လျှင် သတ္တိရှိတော့၏။ သို့လျှင် ရဲရင့်လှတော့သည်။

**လင်မုဆိုး မယားသောတာပန်** ရှင်လန်း ဝမ်းမြောက်ဖွယ်တခုကို ထပ်မံ၍တင်ပြလိုသည်။ သူမကား သာဝတ္ထိပြည်သူလေး၊ ၁၅-နှစ်သမီးကပင် သောတာပန်တရားထူးရထားသည်။ တနေ့သ၌ တောမုဆိုးနှင့် ရေစက်ဆုံ၍ ပေါင်းသင်းမိသည်။ သားခုနစ်ယောက် ဖွားမြောက်သည်။ အရွယ်ရောက်သော် အိမ်ထောင်ရက်သားကျကြ၍ ချွေးမခုနစ်ယောက်ရသည်။

ထိုသောတာပန်မလေးသည် ဤမျှသော ကာလများအထိ တောမုဆိုး၏ အထံတွင် လေးယူပေးခြင်း၊ မြားယူပေးခြင်း၊ လှံယူပေးခြင်းစသည်ဖြင့် မယားဝတ္တရားများကို ပြုခဲ့သည်။ သို့သော် သူမ၏စိတ်တွင်မူ သတ္တဝါများ သေစေလိုသော စေတနာမပါခဲ့ပေတကား။

ယင်းသို့ဖြင့် အကြင်လင်မယား ပေါင်းသင်းလာကြရာ တနေ့သ၌ ဗုဒ္ဓရှင်တော်မြတ်သည် ထိုမိသားစု၏ ကျွတ်ချိန်ကို မြင်၍ ကြွတော်မူလာသည်။ ထိုနေ့က သားကောင်ဟူ၍ တကောင်တမြီးမှမရခဲ့၊ မုဆိုးကြီးသည် ဗုဒ္ဓအား သားကောင်များ

ကို လွှတ်ပစ်သူဟု ယူဆလျက် လေးဖြင့်ပစ်ရန်ချိန်သည်။ ပစ်၍ မရ၊ သူသာလျှင် ကျောက်ရုပ်ပမာ တောင့်တင်းသွားတော့သည်။ ထို့နောက် သားခုနစ်ယောက်ရောက်လာသည်။ ဗုဒ္ဓအား ဖခင့် ရန်သူဟု ယူဆလျက် လေးဖြင့်ပစ်ရန် ချိန်ကြပြန်သည်။ ရှေးနည်းတူပင် ပစ်၍မရ၊ ထိုသူတို့သာ ကျောက်ရုပ်ပမာ ဖြစ်သွားကြသည်။ ထိုအခါ မိခင် သောတာပန်မသည် ချွေးမ ခုနစ်ယောက်နှင့်အတူ လိုက်လာသည်။ အဖြစ်စုံကို မြင်ရသောအခါ–

''အို–ကျွန်မရဲ့ ဖခင်ကို မပစ်ကြပါနဲ့၊ အဲဒါ ကျွန်မရဲ့ ဖခင်ပါ၊ ကျေးဇူးရှင်ကြီးပါ''ဟု သံကုန်ဟစ်၍ ပြောလိုက်သည်၊ မုဆိုးကြီး၏ စိတ်အစဉ်ဝယ် ''ငါ့ဇနီး၏ ဖခင်ဆိုလျှင် ငါ၏ယောက္ခမပါတကား''ဟု မေတ္တာစိတ်များ ဝင်လာသည်။ ထိုအခါ လေးချ၍ ရလာသည်။ ပကတိအတိုင်း ကောင်းမွန်လာသည်။ သားခုနစ်ယောက် တို့လည်း ''တို့ရဲ့ အဘိုးပါတကား''ဟူသော ချစ်ခင်စိတ်များကြောင့် ချမ်းသာရာ ရခဲ့ကြသည်။

ဗုဒ္ဓရှင်တော်မြတ်သည် တဆယ့် ခြောက် ယောက် သော မိသားစုအား တရားဟောသည်၊ တရားပြသည်။ သောတာပန် ရ ထားသော ထိုမုဆိုး၏မယားသည် အနာဂါမ် ရသွားသည်။ ကျန်တဆယ့်ငါးယောက်တို့သည် သောတာပန် တရားထူး ရကြသည်။ ရှင်လန်းဝမ်းမြောက်ဖွယ်ရာပါ။ မုဆိုးကြီးသည် မယားကိုမှီ၍ ဘုရားထံမှ တရားရခဲ့သည်၊ ကောင်းလေစွ။

သားခုနစ်ယောက်တို့သည် မိခင်ကျေးဇူးရှင်အား မှီခို၍အပါယ် တံခါးပိတ်ခဲ့သည်။ ချွေးမခုနစ်ယောက်တို့လည်း သောတာပန် ယောက္ခမအားမှီ၍ တရားထူးရအပါယ်တံခါး ပိတ်ကြရသည်။ သင် ရှင်လန်းဝမ်းမြောက်ပါလော့။

**ယောဂီသတိ ဒါမြဲရှိသလော** ဃရာဝါသ သမ္ဗာဓဟု ကိစ္စများ ပြောင် ဤလူ့ဘောင်ဝယ် သား ရေး, သမီးရေး, စီးပွားရေးနှင့် မင်းမှုတဖြာ ဆောင်ရွက်စရာ တို့ကား များပြားလှ၏။ ဘယ်သောအခါမှ 'ပြီးပြီ' ဟုမရှိပေ။ ထိုများပြားလှသော ကိစ္စတွေကြားမှ ရသမျှခွင့်ကလေးကိုယူ၍ လောဘမှု ဒေါသမှု ခပ်စုစုထွက်နေသော အစွန်းလေးများကို ချေဖယ်၊ တိုက်ဖယ်၊ ဖြတ်ဖယ်နှင့် ကြိုးပမ်းယင်းပင် ယောဂီ အမည် ရရှိခဲ့ကြ၏။

မှန်သည်၊ ယောဂီဟူသည် ကိလေသာ တရားဆိုးများမှ ကင်းဝေးစေရန် တရားမှန်ကို အားသန်သန်ဖြင့် ကြိုးပမ်းနေ သူတို့ဖြစ်သည်။ သို့ အားထုတ်ကြသော်လည်း အချို့ခုနစ်ရက် မျှသာသာ၊ အချို့ ၁၄-ရက်အထိ၊ အချို့တလ၊ အချို့ထဲက အချို့မှာမူ တလခွဲ နှစ်လအထိ အားထုတ်ကြပါ၏။

အားမထုတ်ဘူးသူတို့အဖို့မူ ခုနစ်ရက်သည်ပင် များပေပြီ၊ ဟုတ်ပေပြီဟု ယူဆကြ၏။ ၁၄-ရက်၊ တလ၊ နှစ်လဆိုပါမူ ပြောဖွယ်မရှိပြီ။ စင်စစ် ထိုမျှတည်းဖြင့် တရားအားထုတ်မှုသည် မလုံလောက်သေး။ တင်းတိမ်မှု မပြုသင့်သေးချေ။ အဘယ် ကြောင့်ပါနည်း။

တရားသဘောကို သေချာကျနပိုင်နိုင်တွေ့သိရန် လိုအပ်နေသေး၍ပင်တည်း။

အချို့ ယောဂီထွက်တို့သည် ရံဖန်ရံခါ၌ အပြင်လောကတွင် ဆက်ဆံရေးပျက်စီးစေသော အပြုအမူများကို လုပ်ကိုင်မိတတ်ချေသည်။ ယောဂီဘဝ တရားအားထုတ်မှုကို အာရုံခံကာ ရဟန်းသံဃာအား ဦးမချချင်၊ ဆွမ်းမလောင်းချင် (ဝါ) ငါလောက်မှ တရားမကျင့်သူပဲဟု မိမိကိုယ်ကို လွန်စွာ အထင်ရောက်နေတတ်ကြသည်။ ဤသို့ ထင်မြင်မှုသည်ပင် တရားသဘော လိုအပ်ကြောင်း ထင်ရှားနေပါသည်။ ဉာဏ်သစ်လောင်းခြင်း မွမ်းမံခြင်း ခံယူရန် လိုအပ်နေပါသေးသည်။

ယင်းသို့သော ပုဂ္ဂိုလ်များ သိထားသင့်သည်မှာ ရဟန်းသံဃာသည် (၁) ဂန္ထဓူရဝန်ဆောင် ရဟန်းတော်များ (၂) ဝိပဿနာဓူရဝန်ဆောင် ရဟန်းတော်များ ဟူ၍ နှစ်မျိုးရှိကြောင်းပင် ဖြစ်ပါသည်။

ထိုနှစ်မျိုးသော ဝန်ဆောင်ရဟန်းတို့သည် မိမိတို့ ဆောင်ရွက်မှုချင်းမတူသလိုပင် အပြုအမူ အကျင့်အကြံ အနေအထိုင် အပြောအဆိုများလည်း အတန်ပင် ကွဲပြားခြားနားကောင်း ခြားနားပေမည်။ ထိုခြားနားမှုကို ကြည့်၍ ကြည်ညိုခြင်း၊ မကြည်ညိုခြင်းကား မဖြစ်ကောင်း၊ မသတ်မှတ်ကောင်းပေ။ ဝန်ဆောင်နှစ်မျိုးလုံးပင် ဗုဒ္ဓသာသနာအား အထောက်အပံ့

ပြုသူ ကျေးဇူးပြုနေသူများ ဖြစ်သည်။ စည်ပင်ပြန့်ပွားအောင် လက်ဆင့်ကမ်း၍ ဆောင်ကြဉ်းနေသူတို့ပင်ဖြစ်သည်။

အချို့တို့ဆိုပါလျှင် သောတာပန်အဆင့်ဟု မိမိတို့ကိုယ်ကို မိမိပင်ဆုံးဖြတ်၍ လူသိလောက်အောင်ပင် ဝန်ခံပြီးတဲ့ကာ အရက်သေစာပင် သောက်စားလို့နေသတတ်။

စင်စစ် ထိုအယူသည်မှားလှ၏။ သောတာပန်သည် ၅-ပါး သီလကို အသက်နှင့်လဲ၍ပင် ခံယူပြီးလေပြီ၊ ရတနာသုံးပါးကို လည်း လုံးဝပင် ယုံကြည်ပြီးလေပြီ၊ မတုန်လှုပ် မရွေ့ရှား တော့ပေ။

ရုပ်နာမ်အစုကို ငါကောင် သူကောင်ဟုထင်မှားမှု ယူမှားမှု လည်း မရှိတော့ပေ။ ရတနာသုံးပါးအပေါ်၌လည်း ဟုတ်မှ ဟုတ်ပါလေ့ရဲ့လားဟူသော အရွေ့မြင် အနောက်မြင် ဝါဒ အမြင် အမျိုးမျိုးဖြင့် မြင်မှားယုံမှားမှု မရှိတော့ပေ။ မဂ္ဂင် ရှစ်ပါးလည်းမပါမူပဲ သစ္စာတရားကိုလည်း သိမြင်မှုမရှိပဲ ကျင့်ဆောင်လျှင် ထိုကျင့်ဆောင်မှုသည် ချမ်းသာမှန်ကိုရဖို့ရန် မဟုတ်ဟု ယုံကြည်သည်။ ဝါ—သမ်းမှားတည်းဟု သိမြင်သည်။ တပါးသူ၏ ကောင်းစားမှုနှင့် စပ်၍လည်း မနာလိုမှု ငြူစူ စောင်းမြောင်းမှုမရှိတော့။ မိမိကဲ့သို့ တပါးသူ ချမ်းသာလာ၊ ကြီးပွားလာ ကောင်းစားလာမည်ကိုလည်း ဝန်တိုစိတ်မရှိ တော့ပေ။ ပယ်သောတရားတို့မနည်းပြီ၊ အပါယ်သို့လည်းမကျ နိုင်တော့ပြီ၊ သောတာပန်ကား ဂတိမြဲလေပြီတည်း။

ဗုဒ္ဓခေတ်က ဝိသာခါသည် သောတာပန်အမျိုးသမီးတည်း၊ ရဟန်းသံဃာကို ကြည်ညိုလှ၏။ နေ့ရောညဉ့်ပါ ကျောင်းသွားမပျက် အလှူရေစက် လက်နှင့်မကွာပင် ရှိနေခဲ့သူတည်း။ ဗုဒ္ဓ၏တရားကို အမှန်ရထားလျှင် ထိုတရားတော်များကို သင်ကြားပို့ချနေသော ရဟန်းသံဃာများကိုလည်း အမှန်ဟု ကြည်ညိုနိုင်ရပေမည်။

မှန်သည်၊ ယောဂီသည် မိမိ၏အခြေအနေမှန်ကိုသိဖို့လိုအပ်ပါသည်။ လျှော့တွက်ဖို့ မလိုအပ်သလိုပင် ပိုရှိမတွက်မိဖို့လည်း လိုအပ်ပြန်ပါသည်။ အရှိကို အရှိတိုင်း သိမြင်ဖို့ပင်ဖြစ်သည်။

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကမူ "အရေးအကြီးဆုံးအချက်တခုက ကိုယ့်ကိုယ်ကိုယ်လဲ သိပ်အထင်မကြီးဖို့ သူများကိုလဲ အထင်မသေးဖို့ပါပဲ၊ တရားအားမထုတ်တဲ့ပုဂ္ဂိုလ်တွေကို မရှိမသေ နှိမ်ချပြီး မပြောဖို့ အထူးအားဖြင့် ရဟန်းသံဃာတွေကို ရှေးကထက်ပိုပြီး ရိုသေမှုရှိဖို့၊ အဲဒါကိုလဲ အထူးသတိပြုကြရမယ်"ဟု ဉာဏ်စဉ်မှာတမ်း ဩဝါဒကထာ ပေးတော်မူသည်။ မမေ့စေရန် သတိဉာဏ်ဝင်စားစေဖို့ မှာတော်မူသည်။

"ယောဂီဆတိ၊ အမြဲရှိသလော၊
စိတ်ပေါ့စိတ်လျှမ်း၊ စိတ်ကြမ်းတင်းပြည့်၊
ကြည်မမွေ့နှင့်၊ မှတ်လင့်သတိ၊
ရှုမှတ်ရှိလော့"

''ဒိဋ္ဌိသက္ကာ၊
မက္ခာသမျှ၊ လူတွင်စကြာ၊
နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊
ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊
ကုသိုလ်စဲက၊ ဖောက်လဲပါယ်ရွာ၊
ရောက်မြဲသာတည်း။'' (မဃဒေဝ)

အပါယ်ဟူသည် ချမ်းသာကင်းရာအရပ်တည်း၊ နိယံမပြတ် ဆင်းရဲဒုက္ခခံစားရာဘုံတည်း၊ ထိုဘုံ၌ကြုံရပြန်လျှင်လွတ်ကြောင်း မမြင် ဆင်းရဲသာ တွင်တွင်ခံစားကြရရှာသည်။ လောဘမူအစွန်း ထွက်လျှင်လည်း ထိုဘုံသို့ ကျရတတ်သည်။ ဒေါသမူအစွန်း ထွက်၍ မာနကိုတိုင်ထူမိလျှင် အကုသိုလ်ခြစား၍ မြေသို့ဘုံးဘုံး လဲကာ ငရဲရွာသာနေရရှာမည့်။ သို့ဖြစ်၍လည်း ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ မသတ်နိုင်သေးပါလျှင် သောတာပန်ပင်မဖြစ်သေး။ ထိုသို့ မဖြစ်သေးသူမှန်လျှင် ဗြဟ္မာ မင်း၊ သိကြားမင်း၊ စကြာဝတေးမင်းများပင် ဖြစ်စေဦးတော့ သူတို့၏ ကံကုသိုလ်ပြိုပျက်က အမှားမှား အယွင်းယွင်းဖောက်လွဲ ပြီး အပါယ်ငရဲသို့ ကျရောက်နိုင်သည်။ ယောဂီသတိ အမြဲ ရှိဖို့လိုတကား။

**ယောဂီနှင့်ကျန်းမာရေး** တရားရှာမှီးနေသောယောဂီမှန်သမျှ အရေးကြီးဆုံးမှာ ကျန်းမာရေးပင် ဖြစ်သည်။ အရေးကြီး၍လည်း သောတာပတ္တိမဂ် ရနိုင်ရေး

အကြောင်းအင်္ဂါတို့တွင် ဗုဒ္ဓရှင်တော်မြတ်က ထည့်သွင်းဟော တော်မူခြင်းဖြစ်သည်။ (ယုံကြည်၊ ကျန်းမာ၊ ဖြောင့်မှန်စွာ၊ ပညာ၊ ဝီရိယ) ဤငါးပါး ပြည့်မှသာ တရားအားထုတ်နိုင်သည်၊ တရားတွေ့နိုင်သည်။

"ယုံကြည်မှုရှိမှ ဖြစ်သည်၊ ကျန်းမာရေး ပြည့်ဝမှကောင်း သည်၊ စဉ်းလဲကောက်တကျစ်ပြုလျှင် တရားနှင့်ဝေး၏၊ ဖြောင့် ဖြောင့် ဆန့်ကျင်နေ၏။ ထို့ကြောင့် ဖြောင့်မှန်ဖို့လည်းလို၏၊ ကမ္မဋ္ဌာနာစရိယ ညွှန်ပြသောတရားကို သိနားလည်သောပညာ ရှိရပါမည်။ ဟောပြောညွှန်ပြမှုကိုနားမလည်လျှင် ကျင့်တတ်မည် မဟုတ်။ ဤနေရာ၌ စာတတ်ရမည်ဟု မရည်ညွှန်းလိုပါ။ စာတတ်တတ်၊ မတတ်တတ်၊ ဝ-ထ-က-လ-သ ပဲ ဖတ်နိုင်ရေးနိုင် သည်ဖြစ်ဖြစ် ဆရာညွှန်ပြမှုကိုသာ တသဝေမတိမ်း မယိမ်းမယိုင် အောင် လိုက်နာဖို့လိုသည်။ မဆုတ်မနစ်သော ဝီရိယလည်းရှိ ရမည်။ ဝီရိယသည် အရာရာမှာရှိရသည်မဟုတ်လော၊ ဤအချက် ငါးပါးနှင့်ပြည့်စုံသော ယောဂီအတွက်ဆင်းရဲငြိမ်းရန် လက်တ ကမ်းမှာပင်ရှိနေပါသည်။

ယောဂီများ၏ စားသောက်မှုမှာ လူလတ်တန်းစားမိသားစု ၏ ထမင်းဝိုင်းလောက်ဟော့ရှိသည်။ ရံခါ ထို့ထက်သာ၍မွန်မွန် မြတ်မြတ်လည်း ဘုဉ်းပေးသုံးဆောင်ကြရသည်။ သို့သော် ကောင်းကောင်းဆိုးဆိုး ရှုမှတ်မှုနှင့်ဘုဉ်းပေးရသဖြင့် အရသာ မတွေ့။ ဟင်းလျာကို ကော်တယ်၊ ယူတယ်၊ ထည့်တယ်၊ နှယ်တယ်၊ ဆွမ်းလုတ်ကိုလဲ ယူတယ်၊ ငုံတယ်၊ စားတယ်၊

မျိုတယ်ဟု စားသောက်သော အမူအရာအတိုင်းကို ဖြည်းဖြည်းလေး မှတ်ရသဖြင့် အရသာကို မတွေ့။ ရှုမှတ်မှုသာ တွေ့ရတော့သည်။

သောက်ရေတခွက် သောက်ရာမှာပင် ရှုမှတ်မှုနှင့်ရေအိုးရှိရာသို့သွား၍ ရေဖလားဆီသို့လက်လှမ်းသောအခါ ''လှမ်းတယ်၊ လှမ်းတယ်''ဟု (ယောဂီ၏မှတ်စိတ် နိုင်နင်းမှု အလျောက်) မှတ်ယင်းလှမ်းရ၏။ ထိလျှင် 'ထိတယ်၊ ခပ်တယ်၊ ယူတယ်၊ သောက်တယ်၊ မျိုတယ်'ဟု ရှုမှတ်ရ၏။ ဤရှုမှတ်မှုမှာ မိမိ၏ သဒ္ဓါအား ဝီရိယအား ယုံကြည်မှုအားများအပေါ် မူတည်သည်။

ယောဂီသည် မိမိကိုယ်ကို ညာ၍မရ၊ သူတပါးအားလည်း လိမ်၍မဖြစ်၊ အထူးသဖြင့်ကမ္မဋ္ဌာန်းဆရာကိုပို၍လိမ်ညာမရပေ၊ အရှိကို အရှိအတိုင်း အဖြစ်ကို အဖြစ်အတိုင်းသာ ပြောရလျှောက်ရ၏။ ထိုကိုပင် မိမိဆရာက လိုတိုး ပိုလျှော့ပြုပေးသည်၊ မိမိဘာသာလုပ်ခွင့်မရှိ၊ လုပ်လျှင်လည်း အမြီးအမောက်မတည့် စောက်ထိ စောက်ထိုးဖြစ်၍ အကျိုးမရှိပါ။ ဆရာ့ကို ပုံအပ်၍သာ ခိုင်းသမျှ''**အာမဘန္တေ**''ခံ၍ ကြိုးပမ်းရသည်။ ထိုပုဂ္ဂိုလ်မျိုးသာ တရားအတွေ့များ၍ မြန်တတ်ပါသည်။

အရှင်ပေါဋ္ဌိလ ပိဋကတ္တယပါရဂူဆရာတော်ကြီးမှာ ရဟန္တာရှင်သာမဏေငယ် ခိုင်းသမျှလုပ်ပြီး ရှုမှတ်သဖြင့် တရားထူးရခဲ့သည်မှာ အထင်အရှားမဟုတ်ပါလော။ ဆရာဟူသည် ကြီးငယ်မဟူ၊ မိမိမတတ်သည်ကို တတ်လျှင် ဆရာပင်ဖြစ်သည်။ မိမိ

မသွားတတ်သော လမ်းတခုကိုသွားလိုရာ၌ လမ်းသိသောသူငယ်ကို မမေးပဲ (ဆရာမတင်ပဲ) စွတ်ရွတ်သွားလျှင် လမ်းမှားသာရောက်၍ လိုရင်းကိစ္စ ပြီးမြောက်မည်မဟုတ်ပေ။ ဆရာဟူသည် သူ့နေရာနှင့်သူ ဖြစ်သည်။ အရာရာမှာ ဆရာဖြစ်သူမှာ ဗုဒ္ဓရှင်တော်မြတ်သာ ဖြစ်တော်မူသည်။ သာဝကများမှာမူ ကိုယ့်အရာလောက်သာကျွမ်းကျင်တော်မူကြသည်၊ အရှင်သာရိပုတ္တရာသည် ဗုဒ္ဓမှတပါး ဉာဏ်အရာ၌ အထူးမြတ်ဆုံးဖြစ်၏။ အရှင်မောဂ္ဂလ္လာန်မှာ တန်ခိုးအထက်မြက်ဆုံး၊ အရှင်မဟာကဿပမှာ ဓုတင်တေရသ အတော်ဆုံးဖြစ်သည်။ ယနေ့ဆရာများ၊ ပါရဂူများ၊ ပရော်ဖက်ဆာများမှာလည်း သူ့နေရာနှင့်သူ ကိုယ့်နေရာကိုယ်သာ ဖြစ်ကြသည်။ အရာရာမှာ ရှစ်စက လည်သူများ မဟုတ်ပေ။

ထိုကြောင့် သူ့အရာ၌ သူ့ကိုပင်ဆရာတင်၍ ဆရာညွှန်သမျှ ကျွန်ုပ်တို့ အောက်မေ့နိမ့်ချ၍ ကြိုးပမ်းရှာဖွေယူရမည်။ သို့မှသာ မိမိလိုသည်ကို ရနိုင်မည်။ ဆရာဟူသည် တပည့်၏ လိုအင်ကို ဖြည့်စွက်ပေးနေသူများဖြစ်သည်ကို ပီပီပြင်ပြင် သိသင့်သည်။

**ရှုဖန်များသော်** စာရေးသူ ယောဂီဘဝ အားထုတ်စဉ် တနေ့သ၌ တနာရီခွဲစကြံ့ရှုနေ၏၊ ယင်းသို့ ရှုဖန်များလတ်သော် ခြေတွင် သွေးကျလာသည်၊ လေးလံသည်၊ သွေးကြော သေးသေးမျှင်မျှင်လေးများကိုလည်းပကတိမြင်နေရသည်။ တရားစစ်ချိန်၌ ထိုအကြောင်းကို ထည့်လျှောက်ရာ ဆရာတော်သည် ကရုဏာပြည့်ဝစွာဖြင့် ခြေကို ကြည့်ရှုတော်

မူသည်။ရိပ်သာနှင့်တွေ့ကြုံဘူးခြင်းမရှိခဲ့သဖြင့်ရိပ်သာဆရာတော် ဘုရားများ၏ မေတ္တာကရုဏာများကို မသိခဲ့ရပါ၊ မကြည်ညို နိုင်ခဲ့ပါ။ ယခု ကိုယ်တွေ့ကြုံပြီ၊ ယုံပြီ၊ ကြည်ညိုပြီ။ မေတ္တာ စေတနာမပါပဲ အလုပ်လုပ်၍မဖြစ်ပါ၊ သတိပြုရပါမည်။

သားနှင့်အမိ၊ မောင်နှင့်နှမ၊ လင်နှင့်မယားတို့ပင် မေတ္တာ ပါမှ ပြီးသည်။ မေတ္တာဆောင်မှ အောင်သည်။ ထိုတရားသာ အခြေမခံလျှင် ဘာမှလုပ်၍ ဖြစ်မည်မဟုတ်။ ယခု သင်ဖတ်နေ ရသည်ပင် စာရေးသူ၏ စာဖတ်သူအပေါ်၌ထားရှိသောမေတ္တာ စေတနာကြောင့်ဖြစ်သည်။ ကျော်ကြားလို၍ ရေးသည် မဟုတ် ပါ။

**"သင်္ခါရတရားကိုနာကြား၍ အနိစ္စတရားကိုအမြဲနှလုံးသွင်း လျက် ဒုက္ခဘုံတွင် ဘာမှ အစိုးမရသည်ကို သိမြင်နိုင်သောခေတ် ဝယ် ကျော်ကြားမှုသည် မည်မျှ တာရှည်မည်နည်း- ရေပွက်ပမာ သာ ရှိပါမည်...."**

သင်နှင့် ကျွန်ုပ်တို့ အားလုံးပင် သေကြရမည်၊ ဆိုပါအံ့.... မင်းတုန်းမင်း လက်ထက်က ဗမာပြည် လူဦးရေ(၁၃)သန်း ရှိသည်ဟု စာတွင် တွေ့ဘူး၏။ ထိုစဉ်က သာသနာ့ဝန်ထမ်း ရဟန်းတော်များ၌ ၃-သိန်းခန့်ရှိသည်၊ ယခု အနှစ်တရာကျော် သောအခါ ထိုလူဦးရေနှင့် ထိုရဟန်းတော်များ အားလုံးပင် အနိစ္စတရားအတိုင်း အနိစ္စဖြစ်ကုန်လေပြီ။

ယနေ့ဗမာ့လူဦးရေမှာ ၃၂-သန်းကျော်ရှိ၍ အိမ်နားနီးချင်း အဖြူအမည်းတို့မှာ သန်းတထောင်ရှိသူနှင့် သန်းငါးရာရှိသူတို့

ဖြစ်ကြသည်။ ဤသူတွေ အားလုံးပင် နှစ်တရာရှိသောအခါ တဦးမှအသက်ရှင်နိုင်တော့မည်မဟုတ်၊ ယခုပင် လေးဆယ်ကျော် လူသားတို့မှာရောဂါဘယအမျိုးမျိုးကြောင့်အို-နာ-ကျိုး-ကန်း-ဆွံ့-အ၊ သွက်ချာပါဒ ရောဂါ စသည်တို့ဖြင့် လည်းကောင်း၊ သွေးတိုး၊ လေငန်း၊ကင်ဆာစသော ၉၆-ပါးမက ၉၀၆-ပါး ကျော်ပင်ရှိသော ရောဂါဆန်းတို့၏ နှိပ်စက်ကလူ ကျီစယ်မှုများကြောင့်လည်းကောင်း သေလုမျောပါး ဖြစ်နေကြပေပြီ။

မေွးကင်းစမှ လေးဆယ်အတွင်းရှိ ပုဂ္ဂိုလ်များ၏ အသက်မှာလည်း ဘာများ အစိုးတရ အာမခံနိုင်သနည်း။

ကမ္ဘာလောက၌ နေရာအနှံ့ အပြား စစ်မီး တောက်လျက်သည်။ ကိုရီးယား ပြီးတော့ ဗီယက်နမ်၊ ဗီယက်နမ်ပြီးလျှင် အာရပ် အစ္စရေး ထိုမှ ကမ္ဘောဒီးယား၊ လော၊ အီရန်၊ အာဖဂန်နစ္စတန်၊ အိုင်ယာလန်စသည်ဖြင့် တပူတပူတကျွက်ကျွက်တွေများလှ၏။ အာဖရိကမှ ယူဂန္ဒာကလည်း ပွက်လောရိုက်ခဲ့သေး၏။ ယခုခေတ်၌ တနိုင်ငံတည်း ထီးထီးရပ်တည်မနေနိုင်ကြသဖြင့် အုပ်စုဖွဲ့၍ အကြံတူ လုပ်ကိုင်ကြသည်။ အခြားအုပ်စု တခုနှင့် အကြံတူသည့်အခါ တူ၏။ ထိုအခါ ရန်သူဖြစ်ကြပြီ၊ ရန်ဖြစ်ကြပြီ၊ စစ်တိုက်ရန် လက်နက်များကလည်း ပေါပါဘိခြင်း။

ဆယ်နှစ်တန်းတွင် သတ္တန္တရကပ် သတ်ဖြတ်မှုကပ်ဆိုက်ရောက်မည်၊ ထိုအခါ သတ်လိုစိတ်ဖြင့် သမန်းမြက်ကို ကိုင်လျှင်ပင် လက်နက် ဖြစ်တော့သည်ဟု ကျမ်းဂန်တို့တွင် ဆိုသည်။ ယခု ဆယ်နှစ်တမ်း မရောက်သေး၊ သတ်လိုလျှင် ခလုပ်နှိပ်ရုံနှင့်

ကမ္ဘာသားအားလုံး သေသွားနိုင်ပေပြီ။ သေချင်ပါသလား၊ စိတ်ရူးပေါက်သူ တဦးဦးက အင်အားကြီးနိုင်ငံတခုရှိ အဏုမြူ ထိန်းချုပ်ခလုပ်ကို နှိပ်လွှတ်လိုက်ပါလျှင် ကျန် နိုင်ငံကလည်း တန်ပြန် ပစ်ခတ်မည်ဖြစ်၍ "ထိုသောဥသျှစ်နှင့် ခံသောဥသျှစ် နှစ်လုံးစလုံး ကွဲသောကိန်း ရောက်တော့မည်။"

**ကမ္ဘာပျက်ခါနီးမှလူဖြစ်ရ** ယနေ့ကမ္ဘာတွင် လူ လာဖြစ်ရသည်မှာ လုံဖျားပုစဉ်းနား ဆိုဘိသို့ အသည်းထိတ်ဖွယ်ရာ များလှသည်။ ကြောက်လန့်ဖွယ်သာ များလှသည် "ကမ္ဘာပျက်ခါနီးမှလူလာဖြစ်ရသည် ဆိုသည်မှာ တွေးတတ်လျှင် ယခုအခါလည်း ဖြစ်နိုင်သည်။ သင်ကြောက် လန့်သွားပြီလော။ ကြောက်သည် ဖြစ်စေ၊ မကြောက်သည် ဖြစ်စေ ကြားဘူးသလို ပြောဦးမည်။

၁၉၄၅-ခုနှစ်က ဂျပန်ပြည်မှာ အဏုမြူဗုံး အချခံရသည်၊ ဟီရိုရှီးမားနှင့် နာဂါစကီနှစ်မြို့ဖြစ်၍ လူဦးရေ(၂-သိန်း)သေသည်၊ မသေ၍ကျန်သူများရောဂါအမျိုးမျိုးရ၍ယခုအထိအဏုမြူငရဲခံနေရဆဲဟု သိရသည်။ ထိုအဏုမြူဗုံး လုပ်ရန် နည်းပေးသူမှာ ကမ္ဘာကျော် 'အိုင်စတိုင်း' ပင် ဖြစ်သည်။ သူ့ရည်ရွယ်ရင်းမှာ ဖက်ဆစ်ဂျာမဏီရန်ကို ကာကွယ်ရန် ဖြစ်သော်လည်း ဥရောပဂျာမဏီမှာ မချဖြစ်ပဲ၊ အာရှတိုက်ဂျပန်မှာချဖြစ်သည်က ဆန်းလှသည်။ လူပေါင်း အမြောက်အမြားသေသည်၊ မြို့ပျက်သည်ဟု ကြားရသောအခါ ပညာရှင် အိုင်စတိုင်းမှာ စိတ်

မကောင်းခြင်း ပြင်းပြစွာဖြစ်၍ ဆင်းရဲခြင်းကြီး ဆင်းရဲခဲ့သည်ဟုသိရသည်။

ယင်းကြောင့်ပင် သူသည် ငြိမ်းချမ်းရေးကို အရေးတကြီး ပြော၍အရေးတကြီး များများလုပ်ဆောင်ခဲ့သည်။ ယခုတော့ သူလည်း သေပါပြီ၊ သို့သော် –

ဤသို့သော်နှင့်ဆက်ရလျှင် ယခုကမ္ဘာမှာ ရှိနေသောအဏုမြူဆိုသည်မှာ ဗုဒ္ဓဘာသာ စာပေတွင် ပါသော အာဋ္ဌဝက၏ ဘွဲ့ပြုလက်နက်ထက်ပင် ကြောက်ဖွယ် ကောင်းလှ၏။ မိုးကြိုးလက်နက် သိကြားစက်မှာလည်း ပြောပလောက်သည် မဟုတ်တော့ လောင်မီးကျလျက် နတ်တို့စက်မှာလည်း မနိုင်းသာ။ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက် မှာလည်း လကမ္ဘာနှင့် ပိုးစုန်းကြူးသဖွယ်သာ ရှိတော့သည်။ သည့်ထက် အရှင်းဆုံးနှိုင်းရလျှင် ဂျပန်ပြည်မှာချခဲ့သော အဏုမြူဗုံးသည် ပိုးစုန်းကြူးမျှဖြစ်၍ နောက် အသုံးပြုမည့် အဏုမြူဗုံးများမှာ လကမ္ဘာလောက်ရှိလေသည်။

ထိုအဏုမြူ တိုက်ချင်းပစ် ဒုံးပျံများ၏ စွမ်းအင်မှာလည်း မည်သည့်နေရာမှ ပုန်းလျှိုးကွယ်လျှိုးလုပ်၍မရတော့။ ဤကမ္ဘာပေါ် ရှိမည်သည့်နေရာကပစ်မှတ်ကိုမဆို မှန်အောင်ပစ်နိုင်သည်။

ယခု သံမဏိ အပ်ချောင်းလေးများ အသိန်းအသောင်း ထည့်၍ ဒုံးကျည်ထိပ်ဖူးတွင် တပ်ပြီး ပစ်ခတ်နိုင်သည်။ ထို

အပ်သွား များထိလျှင် ခွဲစိပ်၍ပင်မရ၊ သေရပေတော့မည်။ ဗုဒ္ဓရှင်တော်မြတ် ဟောတော်မူခဲ့သော အင်္ဂုတ္တိုရ်ကျမ်းတွင် “သူအို၊ သူနာ၊ သူသေကလေး” တို့ကို သေမင်းတမန်ဟု ပါသည်။ ထိုအရာများကိုမြင်လျှင် ‘သံဝေဂ’ရ၍ ကောင်းမှု ပြုလိုစိတ်ပေါ်ရန် စိတ်ကောင်းထားရန်ပင် ဖြစ်သည်။ ယခုခေတ်၌ သံဝေဂယူချင်လျှင် နေရာတကာမှာ တွေ့နိုင်သည်။

ဘတ်စ်ကားစီးယင်းလည်းဒုက္ခဆင်းရဲကိုတွေ့သည်။ ဆိပ်ကမ်းသို့ သွားလျှင်လည်း သံဝေဂယူဖွယ်တွေ မြင်ရသည်၊ ဈေးတန်းသွားလျှင်လည်း တွေ့နိုင်သည်။ နို့ဆီအတု၊ အထည်တု၊ ရွှေတု၊ ငွေတု၊ ဆေးဝါးအတု၊ နန္ဒင်းမှုန့်အတု စသည် များလှသည်။ စင်စစ် လိမ်ညာမှုသည် အဆိုးဆုံးသော ဒုစရိုက်ကြီးတည်း။ မိုးလေဝသ မမှန်မှုမှာ ထိုလိမ်ညာမှုများနှင့်လည်း ဆက်စပ်နိုင်သည်၊ လူသား အားလုံးနှင့်လည်း ပတ်သက်နိုင်သည်။ ကြောက်ဖွယ်ရာပင်ဖြစ်သည်။

ရထားလမ်း တလျှောက်တွင် လည်းကောင်း၊ ကားလမ်း တလျှောက်ထွင်လည်းကောင်း ပရိယေသန ဝမ်းစာအတွက် ရှာမှီးနေသူများ၊ သံကြိုးတန်းလန်းဖြင့် အချင်းချင်း ရိုက်၍ နှိပ်စက်နေသော လူသားများမှစကာ လောကဇာတ်ခုံတွင် ဖြစ်ရပ်စုံတို့မှာ များပြားလှသည်၊ သံဝေဂ ယူစရာများပင် ဖြစ်သည်။

**သတိပဋ္ဌာန်သည်သာ** ကမ္ဘာလောက၌ ၉၀၆-ပါး မကသော ဆင်းရဲဝေဒနာ အမျိုးမျိုးတို့ တွေ့ကြုံ နေရပြီဖြစ်၍ လောကကြီးတခုလုံး ရောဂါသည်ကြီးပမာဖြစ်နေ သောကြောင့် 'လောကနာ'ကို ကုစားရန် တခါက ရတနာမွန် မဂ္ဂဇင်းတွင် ဆောင်းပါးရေးခဲ့ဘူးသည်။ နည်းမှာ ဗုဒ္ဓရှင်တော် မြတ်ကြီး၏နည်းပင်ဖြစ်သည်။ စာရေးသူရေးခဲ့စဉ်က မဟာစည် ဆရာတော်ဘုရားကြီး၏ ပြည်တွင်း ပြည်ပ သာသနာပြုနေပုံ များကို ကျယ်ကျယ်ပြန့်ပြန့်မသိရသေးပါ။ ဆောင်းပါးရေးခဲ့ စဉ်က ၂၆-နှစ်၊ ရဟန်း ၆-ဝါမျှသာရှိသေး၍ပရိယတ်လောက တွင် နစ်မျောနေဆဲပင်ရှိသည်။

ယခုအခါ ပဋိပတ်လောကသို့သက်ဆင်းဝင်ရောက်ခဲ့ပြီဖြစ်၍ စာရေးသူ အားကိုး အထင်ကြီးခဲ့သော ဗုဒ္ဓရှင်တော်မြတ်၏ ဆင်းရဲငြိမ်းကြောင်းအကျင့်ကောင်းအကျင့်မှန်များကို ကျေးဇူး ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ကံ၊ ဉာဏ်၊ ဝီရိယတော် တို့ကြောင့် ကမ္ဘာတခွင် ပြန့်ဝင်နေသည်ကို ကောင်းစွာသိရ တော့သည်။ ဝမ်းသာသည်မှာ တသက်နှင့်တကိုယ် ထိုအသိ ရချိန်လောက် တခါမျှမဖြစ်ခဲ့သေးပေ။

ယခုအချိန်တွင်မူ မြန်မာဘုန်းတော်ကြီးများ၏ စွမ်းစွမ်း တမံ ဆောင်ရွက်ကြိုးပမ်းမှုကြောင့် ဗုဒ္ဓရှင်တော်မြတ်၏ တရား တော်များသည် အရှေ့အနောက် ကမ္ဘာတလွှားသို့ ပတ်နေ ပေပြီ။ မူလပေါ်ပေါက်ခဲ့ရာ အိန္ဒိယနိုင်ငံတွင်လည်းကောင်း၊ နီပေါတွင်လည်းကောင်း၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှား၊ အမေ

ရိုကန်၊ အင်္ဂလန်၊ ဂျာမဏီ၊ ဥရောပတခွင်အထိပင် ချင်းနင်း ဝင်ရောက်နေပေပြီ။ ထိုအကြောင်းများကို ကမ္ဘာလှည့်ချမ်းမြေ့ ဆရာတော်ဘုရား၏ ဟောပြောမှုမှလည်း သိခွင့်ရခဲ့ပါသည်။

အို စာဖတ်သူ မေတ္တာထား၍ ဤစာကို ရေးသည့်သူက တနေရာ၌ စကားပြောင်းခဲ့ပြီ။ ယခုထပ်မံ၍ ဖိတ်ခေါ်ပါရစေ၊ စာဖတ်သူသည် စာရေးသူနှင့်ဘာသာတူ လူမျိုးတူ ဖြစ်ကောင်း ဖြစ်ပေမည်။ ထိုအကြောင်းများတိုက်ဆိုင်သည်ဖြစ်စေ မတိုက် ဆိုင်သည်ဖြစ်စေ အကြောင်းမဟုတ်ပါ။ စာရေးသူနှင့် စာဖတ် သူတို့သည် ကမ္ဘာ့ဂြိုဟ်ပေါ်တွင် အသက်ရှင်ဆဲ လူသားနှစ်ဦး ဖြစ်သည်ကိုမူ သိကြပြီးပါပြီ။ ယနေ့ ကမ္ဘာ့ဂြိုဟ်သားတို့သည် သိပ္ပံစွမ်းအားဖြင့် အခြား ဂြိုဟ်တခုဖြစ်သော လကမ္ဘာသို့ပင် ရောက်ခဲ့ကြပေပြီ၊ အင်္ဂါဂြိုဟ်သို့ သွားရန်လည်း ကြိုးပမ်းအား ထုတ်နေကြပြီ ဖြစ်သည်။ ထိုမျှပင် တိုးတက် နေသော်လည်း ကမ္ဘာသားတို့၏ စိတ်ဆင်းရဲမှုကုဋေကုဋာအပူ မီးလျှံနာသဖွေး တို့၏ဖြစ်အင်ကိုမူ မတတ်နိုင်ကြသေး၊ မကုစားနိုင်ကြသေးပေ။

ထိုသူတို့အတွက် ဗုဒ္ဓရှင်တော်မြတ်ကြီး၏ သတိပဋ္ဌာန်အကျင့် မှန်သည် အလွန်ကိုက်လှသည်။ တွက်ခြေမိလှပါသည်။ လုပ်ကြည့် လျှင် လုပ်ကြည့်ရကျိုး နပ်သည်။ ထိုနည်းကို နှစ်ပေါင်း များစွာ ဆရာပေါင်းများစွာက လက်တွေ့ စမ်းသပ်ကြည့်ခဲ့ကြ ပါပြီ၊ ယနေ့ကမ္ဘာ့ဂြိုဟ်သားတို့လည်း ထိုနည်းကိုပင် စမ်းနေ ကြပါပြီ။ အဖြူအမဲ အသားရောင်မခွဲခြားပဲ ''အကာလိက ဂုဏ်တော်'' ဖွင့်ဆိုသည့်အတိုင်းပင် အချိန်မဖင့်ချက်ချင်းအကျိုး

ရနိုင်သည်။ နီးရာ တရားရိပ်သာသို့ (၁၀) ရက် ဖြစ်စေ ဝင်၍စမ်းကြည့်ပါ။ ထိုသို့ ဝင်ရောက်တော့မည်ဆိုပါလျှင် ယခုကတည်းက ရှိထားရမည်မှာ 'ကျန်းမာရေး'ပင် ဖြစ်သည်။ သင်သဘောပေါက် ပါလိမ့်မည်။ ''ယောဂီနှင့် ကျန်းမာရေး၊ ကျန်းမာရေးနှင့် ယောဂီသည် ဒင်္ဂါးတပြား၏ ခေါင်းပန်းပမာ ခွဲခြားမရအောင် အရေးကြီးလှ တော့သည်။

**ရိပ်သာဝင်တော့မည်ဆိုလျှင်** ရိပ်သာသို့ဝင်တော့မည်ဆိုလျှင် ရိပ်သာ၌ သုံးစွဲလေ့ ရှိသော အဝတ်အစား၊ အသုံးအဆောင်များကို ယူဆောင်ရ ပါမည်။ ရိပ်သာနှင့် အံဝင်ခွင်ကျ မဖြစ်သော အဝတ်အစားများကို ယူမလာသင့်ပါ။

ဤနေရာ၌ ယောဂီနှင့် သင့်လျော်သောဝတ်စုံကို ညွှန်ရပါမူ အညိုရောင် လုံချည်နှစ်ထည်၊အဖြူရောင်လက်စကအင်္ကျီနှစ်ထည်၊ ယောဂီတဘက်တထည်၊ အဖိုးနည်း လွှာချင်းဖိနပ် တရံနှင့်(မိုးအခါ အတွက်) အဖိုးနည်း ထီးတလက်သာ ဖြစ်သည်။ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်တို့မှာ ရာသီဥတုနှင့် ရိပ်သာတည်ရာနယ်မြေအလိုက် ယူသင့်သည်။ အမျိုးသားများလည်း ဤနည်းတူပင် အဖိုးနည်း ပေါ့ပါးသော အဝတ်အစားအသုံးအဆောင်များကိုသာ ယူဆောင်သင့်သည်။ အဖိုးတန်ပစ္စည်း တစုံတရာမျှ မယူခဲ့သင့်ပါ၊ အဖိုးတန်ပစ္စည်းသည် ယောဂီကို ကြောင့်ကြ ပလိဗောဓ များစေ၍ တရား အန္တရာယ်ဖြစ်စေပါသည်။

အဘယ့်ကြောင့် ဤသို့ အကြံပြုရပါသနည်း၊ သတိပြုပါ။ ရိပ်သာများ၊ ဂေဟာများသည် စုပေါင်းနေထိုင်သော နေရာများဖြစ်သည်၊ လူစုလာသည်၊ ခွဲ့သည်အစစ် လာသည်၊ အတုလည်းလာသည်၊ သူတော်ကောင်းများအား ဒုက္ခပေးရန် သူယုတ်မာများလည်း ရောနှောပါလာတတ်သည်။ ထိုသူတို့သည် ဖိနပ် ထီးမှ စကာ အဝတ်အစား၊ ဖောင်တိန် နာရီ၊ ခေါင်းအုံး စသည်တို့ကိုအလစ်သုတ်တတ်ကြချေသည်၊ ယောဂီတဦးဦးအား ပစ္စည်းတခုခုပျောက်ပြီဟု ကြားရလျှင် ဥစ္စာပျောက် ငရဲကြီး ဖြစ်ကြရ၏။ စိတ်မကောင်းခြင်းလည်း ဖြစ်ကြရ၏၊ လောဘ ဒေါသ စသော တရားတို့မှ ကင်းလွတ်ရန် ကျင့်ပါသော်လည်း ထိုတရားများမကုန်သေးသူအဖို့ မိမိ၏ ( မမ္မယလဒ္ဓ ) သန့်ရှင်းသော ပစ္စည်းအတွက် နှမြောမိတတ်ကြသည်မှာ သဘာဝတရားပင် ဖြစ်သည်။ ''အပြစ်'' မဆိုသာချေ၊ သို့ဖြစ်၍ မှာလိုက်ပါရစေ။

ရိပ်သာသို့ ဝင်တော့မည်ဆိုပါလျှင် အိမ်ကျင့်ကလေးများ ဖျောက်ခဲ့ပါ၊ရပ်ကျင့် ရွာကျင့်လေးများကိုလည်းစွန့်လွှတ်ခဲ့ပါ။ ပညာဂုဏ်၊ ပစ္စည်းဂုဏ်၊ အလှဂုဏ်၊ ငွေဂုဏ် ကြေးဂုဏ် အဖုံဖုံ တို့ကိုခွါခဲ့ပါ။ ထိုလောကီဂုဏ်များသည် လောကုတ္တရာတရား ရှာမှီးသူများအလယ်၌ မည်သို့မျှအသုံးမကျသည့်ပြင် ထိုဂုဏ်ဖြင့် မာနခံနေပါက ကမ္မဋ္ဌာန်းဆရာကို ရန်တွေ့၍ပင် ပြန်တတ်ပါသေး၏။

အို....ယောဂီ၊ တရားရှာရန်လာသလော၊ အကြွားရှာရန် လာသလော။ ခွဲခြား၍ဖြေဆိုပါဘိ၊ တရားရှာရန်ဟုဖြေဆိုပါမူ

ကောင်းလေစွ၊ နှစ်သက်ဖွယ်ရှိပေစွ၊ သွား-ရပ်-ထိုင်-လျောင်း ဣရိယာပုထ်လေးပါးစလုံး၌ပင် တရားဖြင့်သာ အချိန်ကုန်ပါစေတော့။

''ရိပ်သာဝင်သူ ယောဂီများရဲ၊
ဖိုးတန်များကို ရှောင်ပါလေ။
ဝါကြွားမှုကို ရှောင်ကြဉ်ပြုလို့၊
နှောင်စဉ်ယခု ချမ်းသာပေ။
တရားဆီမှာ စိတ်ပျော်မွေ့၊
သူတော်ဓလေ့နဲ့ ညီအောင်နေ။
ဤသို့နေငြား၊ ယောဂီများ၊စိတ်များချမ်းသာပေ။

❁

၁၃၄၁-ခုနှစ် သီတင်းကျွတ်လပြည့်၊ သောကြာနေ့။
၅-၁၀-၇၉

**ဆည်းလည်းသံသာ ကမ္ဘာအေးမှာ** ထေရဝါဒငါးနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာရဟန်းတော်များသည် ယနေ့ ပဝါရဏာပြုကြပေမည်။ ချမ်းမြေ့ရိပ်သာအတွင်း၌ ဝါဆိုဝါကပ်တော်မူကြသော ရဟန်းတော်များမှာ ကမ္ဘာအေးကုန်းမြေရှိ မဟာသိမ်တော်ကြီး၌ ပဝါရဏာပြုကြသည်။ ကျေးလက်မြို့နယ်များမှာကဲ့သို့ ပဝါရဏာ လောင်းလှူခြင်း၊ ကလေးမဲဖောက်ခြင်းများမပါ။ စာပါအတိုင်းတပါးနှင့်

တပါး ဖိတ်မန်၍ ပြောကြားလျှောက်ဘားခြင်းနှင့် သာဓု ခေါ်ခြင်းမျှသာဖြစ်သည်။

ဝါလည်းကျွတ်၊ ပဝါရဏာတည်း ပြုပြီးပြီ၊ ချမ်းမြေ့မှာ တဝါဆိုယောဂီလုပ်ခဲ့သမျှ ပြန်လည်သုံးသပ်ကြည့်မိ၏။ မိမိစိတ် ငြိမ်သက်မှုရှိလာပြီ၊ မာန်မာနတရား နည်းသွားသည်ကိုတွေ့ရ၏။ ထစ်ကနဲဆို ပြောချင်ဆိုချင်သည့်စိတ်၊ မတရားသည်ကို တွေ့မြင် လျှင် တရားသည့်ဘက်မှ ဝင်ပြောရမှ ကျေနပ်သည့်စိတ်များ လျော့ပါးသွားပြီးကိုယ့်ဘဝ ကိုယ့်ခန္ဓာကိုယ့်သံသရာရေးကိုသာ ရှေ့ရှုအလေးပြုနေမိပြီ။

အပြစ်ကင်းသော အလုပ်မျိုးကိုသာ အေးအေးဆေးဆေး ဆောင်ရွက်လိုမှုရှိနေသည်။ အတတ်နိုင်ဆုံးသည်းခံတတ်လာပြီး၊ မာန်မာန၏အကျိုးမရှိပုံကိုမြင်တွေ့လာသဖြင့် "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားရမည်" ဟူသော ဆုံးမ ဩဝါဒကိုလည်း လွန်စွာနှစ်သက်သဘောကျလာသည်။

ဤသို့တွေးတောနေစဉ်အတွင်းဝယ် ကမ္ဘာအေးစေတီတော် မှ တချင်ချင် သာနေသော ဆည်းလည်းသံကလေးများမှာ ကုသိုလ်အာရုံပြုရန်တတပ်တအားဖြစ်နေပါသည်။ ဆည်းလည်း သံမှာ မြန်မာလူမျိုးတို့အတွက် အေးချမ်းဖွယ်ပင် မဟုတ် ပါလော။

ဤ ကမ္ဘာအေး စေတီတော်မှာ စာရေးသူ ၂-နှစ်သား ၁၃၁၂-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄-ရက်နေ့တွင် ပန္နက်

ချ၍ တည်ခဲ့သည်။ တန့်ခေါက်လ၊ ၂၇-ရက်အကြာ ၁၃၁၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀-ရက်နေ့တွင် ပြီးစီး၍ ပွဲ ၅-ရက် တိတိ ကျင်းပသည်။ စာရေးသူဖူးရသည်မှာမူ အသက် ၁၉-နှစ်သားအရွယ် ၁၃၂၉-ခုနှစ်ရောက်မှသာဖြစ်သည်။ ယခုဖူးရသော အချိန်တွင်မူ ၃၁-နှစ်ရှိပေပြီ။ ရဟန်းဝါလည်း (၁၁) ဝါရခဲ့ပြီ ဖြစ်ပါသည်။ 'ဗုဒ္ဓပူဇနီယ ဒုလ္လဘော'ကား စစ်ကြီးစစ်လှပါသည်။ ဤဘုရား၏လိုဏ်အတွင်း၌ နှစ်ကျိပ်ရှစ်ဆူပုံတော်များ တည်ထားသည်မှာ တင့်တယ်လှသည်၊ သပ္ပာယ် လှပါသည်။ ဘုရားရှင်တို့ သစ္စာလေးပါး သိမြင်ရာ သစ်ပင်များနှင့်တကွ ရေးဆွဲ ကိုးကွယ်ထားသည်မှာလည်း ဘုရားတည်ရန် စိတ်ထက်သန်သူများ အတုယူ နည်းမှီလောက်သည်။

ဤ ကမ္ဘာအေးစေတီတော်၏ လုံးပတ်တော်မှာ ၂၅၅-ပေရှိသည်။ အာရုံခံတိုက် ပတ်လည်မှာ ၂၆၇-ပေရှိ၍ အမြင့်သည် အခင်းမှ အမိုးအထိ ၃၁-ပေရှိသည်။ ယခုဂေါတမမြတ်စွာဘုရား ပွင့်တော်မူရာ ဘဒ္ဒကမ္ဘာတွင် ဘုရား ၅-ဆူ ပွင့်တော်မူသည်ကို ရည်စူး၍ အာရုံခံတိုက်အတွင်း ၅-နေရာတွင် ပလ္လင်တံကဲများဖြင့် ဘုရား ၅-ဆူတည်ထားသည်။ (၁) ကကုသန်၊ (၂) ကောဏာဂုံ၊ (၃) ကဿပ၊ (၄) ဂေါတမ၊ (၅) အရိမေတ္တေယျ ဘုရားရှင်တို့၏ ရုပ်တုတော်များပင် ဖြစ်သည်။ ထိုရုပ်တုတော် များ၏ ရှေ့တော်မှောက်မှစ၍ မိုးလုံလေလုံ စေဝင်းတန်း ၅-သွယ်ကိုလည်း အသီးသီး သွယ်တန်း ဆောက်လုပ်ထားသည်မှာ ဗုဒ္ဓဘာသာမြန်မာတို့၏ သဒ္ဓါတရားကို ကြည်နူးဖွယ်ရာ မြင်တွေ့နိုင်ပါသည်။

ဗေဒင်ယတြာ ဝါသနာပါသူများ မေးမြန်းရန်နှင့် လက္ခဏာကြည့်လိုသူများလည်း ကြည့်ရန် ဗေဒင်လက္ခဏာဆရာတို့လည်းရှိသည်။ သူတို့နှင့်မနီးမဝေးတွင်မူ မော်ကွန်းတိုင်လေးများဖြင့် သပ်ရပ်စွာ ရှိနေကြသော တနင်္ဂနွေ၊တနင်္လာစသော ဂြိုဟ်တိုင်နံတိုင်များကလည်း ဖိတ်ခေါ်နေသယောင်ပင် ရှိတော့သည်။

'ဝယ်ပါယူပါ' တစာစာနှင့် ပရိယေသနဝမ်းစာ ရှာယင်း နိဗ္ဗာန်ကူးတို့ လုပ်နေကြသော ပန်းသည်မှုလေးများ၏ အသံစာစာကိုလည်းကြားနိုင်သည်။ မုန့်လက်ဆောင်းသည်မ၏ ရေခဲခဲ့သံ၊ ဇွန်းခေါက်သံ၊ အကြွေသေတ္တာ လှုပ်သံများကိုလည်းကြားရသည်။

ကမ္ဘာ့အေးတွင် စိတ်ချမ်းမြေ့ရသည်မှာ သူတောင်းစား မရှိခြင်းပင်ဖြစ်သည်။ သာသနာတော်ကို ညှိုးနွမ်းစေသော သက်နှ်းအဟောင်းအမြင်းများ ရစ်ပတ်၍ သပိတ်ဖုံးနခမ်းကို အပွဲအရွဲ့ဖြင့် ငွေအလှူခံတတ်သော လူမသမာ ရှင်ယောင်ရဟန်းယောင်များကိုလည်း မတွေ့ရတော့။ မျက်စိအေးရပါသည်။

ဤအရှင်သည်အမှတ်တရဓာတ်ပုံရိုက်လိုသည်နှင့်သံဃါယနာတင်ရာ လိုဏ်ဂူတော် ဘက်သို့ ရောက်ခဲ့ သေးသည်။ လမ်းတလျှောက်သင်းနေသော ခရေပန်းလေးများမှာ တဖြုတ်ဖြုတ်ကြွေကျ မြေခနေပါသည်၊ ပင်မြင့်စံဘဝမှ ဘူမိကမ္ဘာမြေမွေ့ယာထက်တွင် မထသောအိပ်ခြင်းဖြင့် အိပ်စက်ရန် ကြွေကျလာခြင်း ဖြစ်ပါသည်။ သို့ပါမူလည်း ကံကောင်း ရှာသော ခရေပန်း ကလေးများမှာ စပယ် ပြုတ်၍ ကံ့ကော် လပ်

ချိန်နှင့် ကြုံကြိုက်သဖြင့် အမျိုးသမီးငယ်လေးများ၏ တယုတယ ခပ်ဖွဖွလေး အကောက်ခံကြရ ပြန်သည်။ ထိုမှသီကာကိုးကာဖြင့် မြို့ရန်ကုန်ရှိ ပန်းကြိုက်သူတို့ ဆံကေသာထက်ဝယ်မွှေ့လျော်စက်ရပေဦးမည်။အလွန်ကံကောင်းသော ပန်းခရေတို့ကသာ သဒ္ဓါရှင်မြူးသည့် ဘုရားဖူးတို့၏ ဝယ်ယူပူဇော်မှုကိုခံရပေမည်။

သံဃါယနာတင်လိုဏ်ဂူတော်ကို နောက်ခံပြု၍ ဓာတ်ပုံရိုက်သည်။ ပို့စကာဒ်ဆိုက် ၂-ပုံလျှင် ၁၄-ကျပ်ကျသည်။ ပိဋကတ်တိုက် နောက်ခံထား၍ တပုံရိုက်ပြန်သည်၊ တပုံမှာမဲသွား၍ပြန်ရိုက်ရသည်၊ ဓာတ်ပုံဆရာများမှာ ကတိတည်သော မြန်မာလူငယ်များ ဖြစ်သည်။ မကောင်းလျှင် မရွေးပဲ နေနိုင်သည်၊ လိုချင်လျှင် ထပ်ရိုက်ပေးသည်၊ သူတို့ဓာတ်ပုံဈေးကြီးရသည်မှာ ဘုရားကုန်းတော်ဘခုလုံး၌ တဦးတည်းပိုင် ဓာတ်ပုံရိုက်ခွင့် လျှောက်ထားသဖြင့် ဘုရားရံပုံငွေသို့ သတ်မှတ်ကြေးလှူဒါန်းရသည်ဟုသိရသည်။

ဤလိုဏ်ဂူတော်ကြီးကို ၁၃၁၄-ခုနှစ် တပို့တွဲလဆန်း ၁-ရက်နေ့တွင်ပန္နက်ချ၍ ထိုလပြည့်ကျော် ၆-ရက်နေ့တွင်မှ အဋ္ဌမြစ်ချသည်ဟုသိရသည်။ ၁-နှစ် ၂-လ ၁၀-ရက်ကြာ တည်ဆောက်ခဲ့သော ထိုလိုဏ်ဂူတော်ကြီး၏ ကုန်ကျငွေမှာ ကျပ် သိန်း-၉၀ ခန့်ဖြစ်သည်။ တာဝန်ခံတည်ဆောက်သူမှာ မြန်မာသူမျိုး 'ဦးလှကျော်'ဖြစ်သည်။

တည်ဆောက်စဉ်က စီမံခန့်ခွဲသူနှင့် အုပ်ချုပ်သူများ အပါအဝင် အလုပ်သမားပေါင်း ၁၄၀၆-ယောက်ရှိသည်။ နေ့စဉ်ထိုမျှသော ကာယဉာဏလုပ်သားတို့က တည်ဆောက်ရသည်။ လိုဏ်ဂူတော်ကြီး၌ ပါဝင်သော အစိတ်အပိုင်းများမှာ—

(၁) ခြောက်ကြိမ်မြောက်သံဂါယနာကိုရည်ရွယ်၍ အလယ်မှတိုင်ကြီး ၆-လုံး၊ မုခ်ပေါက်ကြီး ၆-ပေါက်။

(၂) အကျယ်အဝန်း အလျားပေ-၂၂၀၊ အနံပေ-၁၄၀၊ အပြင်ဘက်မှမူ အလျား ၄၅၅-ပေ၊ အနံပေ-၃၇၀ ရှိသည်။

(၃) အတွင်းနံရံပေါက် ၃-ဆင့်ကို ရတနာသုံးပါးအား ရည်ရွယ်၍ ဖောက်ထားသည်။

(၄) နံရံတထပ်လျှင် ၂၄-ပစ္စည်းကိုမှန်း၍ ၂၄-ပေါက် ဖောက်သည်၊ မျက်နှာကျက်တွင် ဓမ္မစကြာပန်းများဖြင့် လေစုပ်ပန်ကာများကိုတပ်ဆင်သည်။

(၅) လိုက်ဂူ၏ပတ်လည်တွင် ဂ-ပေကျယ်သောလမ်းအတွင်း၌ ဝင်္ကဘာလိုဏ်ဂူလမ်း ၂-ထပ်၊ လိုဏ်ဂူအထက်ကျောက်တောင်ပတ်လမ်း ၂-ထပ်ရှိသည်။

(၆) လိုဏ်ဂူ၏မြောက်ဘက်အတွင်းခန်းမဆောင် တိုက်ခန်း ၃-ထပ်ရှိသည်၊ ထို့အထက်အပေါ်ဆုံးထပ်၌မူဘုရားယင်ပြင်တော်နှင့် ရုပ်ပွားဆင်းတုရှိသည်။

(၃) လိုဏ်ဂူကြီးအပေါ်သို့တက်ရန် အရှေ့နှင့် အနောက်ဘက်တွင် လမ်း ၂-ခု ဖောက်ထားသည်။ တောင်နှင့်မြောက်ဘက်ထိပ်တွင် ခါတ်လှေကားတခုစီရှိသည်။

ဤလိုဏ်ဂူတော်ကြီးမှာ သံချည်သံကွေး သံချောင်းများစွာပါသော ကွန်ကရိတိုင်များဖြင့် တည်ဆောက်ထားသဖြင့် ခိုင်သည်၊ တောင့်သည်။ အတွင်းပုံမှာ ဂူပုံသဏ္ဍာန်ဖြစ်၍ အပြင်ပန်းအားဖြင့်မူ ကျောက်တောင် ကျောက်ထွဋ်သဖွယ်ဖြစ်သည်။ ထိုနှစ်ခုကို ပန္နက်သီးခြားစီပြုလုပ်ထားသဖြင့် အပြင် ကျောက်တောင်၏အလေးချိန်မှ လိုဏ်ဂူတော်ကြီးလွတ်ကင်းသည်။ ယခုအခါ ပြင်ဆင်မွမ်းမံထားသဖြင့် အသစ်သဖွယ် မြင်ရသည်။ သာသနာရေးဆိုင်ရာ အစည်းအဝေးပွဲများနှင့် ဘွဲ့တံဆိပ် လက်မှတ်များ ဆက်ကပ်ရာ ကျင်းပရာဖြစ်သဖြင့် တင့်တယ်လိုက်ဖက်လှသည်။

လိုဏ်ဂူတော်၏ ဝန်းကျင်ဘေး၌လည်း ကံ့ကော်ပင်များကို စီရရီ ညီညာစွာ စိုက်ပျိုးထား၍ တပေါင်း တန်ခူးတွင်ဖြစ်ဘိမူ လှပ၍ မွှေးကြူနေသော ကံ့ကော်လမ်းကို လျှောက်လှမ်းယင်း ကြည့်ရှုနိုင်ပါမည်။ ယခုမူ အပန်းပြေအဖြစ် ပန်းခဒ်ရန့်ကိုသာ ရှူရှိုက်နိုင်ပါသည်။ ထိုခရေလမ်းမှ လှမ်း၍အပြန်တွင်မူ ညောင်ရမ်း စေတီတော်ဘက်မှ တိုက်ခတ်လာသော မြောက်ပြန်လေအေးမြမြကို ရှူရှိုက်ယင်း သိရိမင်္ဂလာ ကမ္ဘာအေး စေတီတော်မြတ်အား လမ်းပေါ်မှပင် လက်အုပ်ချီ နမာမိသျှက် ထွက်ခွါခဲ့ရပါတော့သည့်။

ယနေ့ လပြည့်ည (၅-၁၀-၇၉) တွင် ကန်တော်ကလေး

ဖို့မြေမမ္မာရုံသို့ ဆရာတော်ဘုရား တရားချီးမြှင့်ရန် ကြွသည်။ ယောဂီများအား လိုက်ပါခွင့်ပြုသဖြင့် ကျောင်းရှိ ယောဂီများလည်း တရားနာကြပါသည်။ မမ္မာရုံအဝင်ဝ မျက်နှာစာတွင် ပိတ်သားဆိုင်းဘုတ် ရှိသည်။ (မဟာစည် ကမ္မဋ္ဌာန်းလှည့် သာသနာပြု ချမ်းမြေ့အသျှင်ဇနကာဘိဝံသ ဆရာတော်)ဟု ပါသည်။ အခမ်းအနားပြင်ဆင်သူများသည် သင်ဖျာပေါ်တွင် ကော်ဇောခင်း၍ ထိုအပေါ်တွင် ပန်းမျိုးစုံကို လှအောင် ခင်းထားသည်။ မိမိတို့သည် ထိုပန်းခင်းသောလမ်းကို လျှောက်လှမ်းခဲ့ရ၏။ ပန်းခင်းသောလမ်းဟူသည် သာယာဖြောင့်ဖြူးခြင်းကို ဆိုလိုသည်။ ယခုကား နံ့သာလည်းလှိုင် စပယ်လည်းကြိုင်လှသဖြင့် ဆောင်းဝင်စ ရာသီဦးဝယ် သင်းတပျံ့ပျံ့နှင့် အေးမြမြရှိလှ၏။ ပရိသတ် ၅၀၀-ကျော်လာသည်။ တရားဟောချိန် ၂-နာရီကျော်ကြာသည်။ တရားပွဲကား ငြိမ်သက်အောင်မြင်လှသည်။

❁

၁၃၄၁-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁-ရက်။
၆-၁၀-၇၉

**ရက်ပေါင်းကိုးဆယ် ချမ်းမြေ့ဝယ်** ချမ်းမြေ့ရိပ်သာ၌ ယောဂီ ·အဖြစ်ဖြင့် တရား အားထုတ်ခဲ့သည်မှာ ယနေ့ ရက်ပေါင်း ကိုးဆယ် ပြည့်လေပြီ၊ ယနေ့ ခြေလျင်တပ်ရင်း (        )မှ ဗိုလ်မှူး စိုးဝင်း မိသားစုတို့၏

ရှင်ပြုရဟန်းခံရှိသည်။ ချမ်းမြေ့ဓမ္မာရုံသိမ်တော်ကြီး မပြီးစီးသေးသဖြင့် ကမ္ဘာ့အေးကုန်းမြေရှိ မဟာသိမ်တော်ကြီးသို့ ကြွကြရပြန်သည်။ ဗိုလ်မှူးတဦး၏ အလှူပင် ဖြစ်သော်လည်း ချဲ့ထွင်မှုမရှိပါ၊ ပကာသနမရှိ ရိုးရိုးရှင်းရှင်းလေးပင် ပြီးစီးခဲ့သည်။ ဒုလ္လဘရဟန်းအဖြစ်သို့ရောက်ပြီဖြစ်၍ ဗိုလ်မှူးစိတ်များ ပျောက်ခါ ရဟန်းစိတ်အပြည့်ရှိနေသည်ကို တွေ့မြင်နိုင်သည်။ အခြား မမြင်ဘူးသူများ ဖြစ်ဘိမူ သာမန်ငယ်ဖြူ ရဟန်းတပါးကဲ့သို့ ထင်မှတ်ဖွယ်ရှိသည်။

ထိုဗိုလ်မှူး၏ သားသုံးယောက် မှာလည်း လိမ္မာသောကိုရင်ကလေးများဖြစ်လာကြ၏။ အလုပ်ပေးတရား နာယူကြ၍ တရားရှုမှတ်ကြသည်။ တရားလျှောက်ကြသည်။ သူတို့ရရှိသည့် အားလပ်ချိန် ကလေးများကို ယခုကဲ့သို့ ရဟန်းခံရှင်ပြုလျက် တရားရှာမှီးကြသည်ကား ကောင်းမွန်လှ၏။ ဘာသာတရားနှင့် အချိန်များစွာ ထိတွေ့မှုရသဖြင့် ဘာသာစိတ်များလည်း ရရှိနိုင်၏။ မြင့်မြတ်သော ဝိပဿနာတရားထူးကို ဆရာနည်းကျ အားထုတ်ရသဖြင့်လည်း အတွေးအခေါ် အယူအဆမှန်လာနိုင်၏။ ခေတ်ပေါ် ဂိုဏ်းဂဏ ဂယက်တို့မှလည်း ကင်းဝေးနိုင်သည်။ ထိုမှတပါး တရားတော်ကို ကိုယ်တိုင် ကိုယ်ကျ ကျင့်ကြံအားထုတ်ရသဖြင့်လည်း နှစ်နှစ်ကာကာ ယုံကြည်မှု ဖြစ်လာနိုင်လေသည်။

ဤရိပ်သာသို့ ဗိုလ်မှူးအတော်များများ တရားအားထုတ်လာကြသည်ကို တွေ့ရသည်။ ရေတပ်ဗိုလ်မှူး နေဝင်းနှင့် သား

များလည်း ၁၀-ရက်ကြာမျှ ရဟန်းခံရှင်ပြု၍ တရားအားထုတ်ခဲ့ကြ၏။ ဝါဇီမှ ဒုဗိုလ်မှူးကြီး ဝင်းတင်လည်း ရဟန်းခံ၍ တရားရှုမှတ်ခဲ့ပြန်သည်။ ခေတ်ဟောင်းမင်းသမီး ဒေါ်မေလှိုင်လည်း ရက်ပေါင်းများစွာ နေထိုင်၍ အားထုတ်၏။ ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ အမှုထမ်းများ၊ စစ်ဘက်ဆိုင်ရာ အမှုထမ်းများ၊ ကျောင်းဆရာ,ဆရာမများ၊ ကုန်သည်များ၊ စျေးသည်များ၊ ကျောင်းသား ကျောင်းသူများစုံလှပါသည်။ ထိုထိုပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဝီရိယ၊ ဉာဏ်၊ သမာဓိ အလျောက်တရားများ ရှုမှတ်ပွားများနိုင်ကြ၏။ မိမိနှင့်တကွ အားထုတ်ဘက်ဖြစ်သော ရဟန်းတော်များလည်း မိမိတို့၏ ဝီရိယ၊ ဉာဏ်၊ သမာဓိ အားလျော်စွာပင် ရှုမှတ်နိုင်ကြသဖြင့် စိတ်ခေတ် ရင့်ကျက်မှု စသော တရားသဘောများကို ရရှိခဲ့ကြပေသည်။

**ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏**
**ဩဝါဒမှာတမ်းစကား**

''အပြောအဆိုကလေးတွေကသိပ်သိပ်သည်းသည်းရှိဘို့ပါပဲ၊ ယခု တရားအားထုတ်ရာက ပြန်သွားတော့ မေးကြလိမ့်မယ်။ ဘယ့်နှယ်လဲ တရားပြည့်စုံခဲ့ရဲ့လား၊ တရားပေါက်ခဲ့ရဲ့လားလို့ မေးကြလိမ့်မယ်။ စေတနာရိုးရိုးနဲ့ လေးစားလို့ မေးတာလဲ ရှိတယ်၊ စေတနာမရိုးပဲနဲ့ ကဲ့ရဲ့ချင်လို့ စုံစမ်းမေးတာလဲရှိတယ်။ ဒီလို စုံစမ်းမေးတာကိုတော့ ကျကျနန ဖြေဖို့ မလိုပါဘူး။ ကိုယ်အားထုတ်နိုင်သလောက်ပဲ ရခဲ့ပါတယ်လို့ ဒီလိုလွယ်လွယ်ပဲ ဖြေရတယ်။''

"လေးစားလို့မေးတာကိုတော့ကျကျနနပဲဖြေရမယ်၊သို့ပေမဲ့ မဂ်ဖိုလ်တရားများဆိုတာ မပြောသင့်တဲ့တရားပဲ၊ မပြောဘဲနဲ့ ပြီးယင် ရှောင်နိုင်သမျှ ရှောင်လွှဲပြီးပြောရတယ်။"

"ရဟန်းများဆိုယင်တော့ သိက္ခာပုဒ်ကလဲ ရှိနေတဲ့အတွက် မပြောရတာဟာ အကောင်းဆုံးပါပဲ။"၊

"လူများအတွက်မှာတော့ မပြောယင် သာသနာတော်၏ အကျိုး မတိုးပွားမည့် အကြောင်းကလေးတွေက ရှိနေသေးတယ်။ယခုနေအခါလဲ တရားအားထုတ်ယင် တရားထူးကို ရနိုင်သေးတယ်ဆိုတာကို ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်ထံမှ ကြားရမှ အားထုတ်ကျင့်ကြံမည့်သူတွေလဲရှိနေတယ်။"

"ဒါကြောင့် ကိုယ့်ဟာကိုယ်တရားထူးနဲ့ပြည့်စုံပြီလို့ဆုံးဖြတ်ထားယင် တရားရခဲ့တဲ့အကြောင်း ဘယ်သူပဲဖြစ်ဖြစ် ကြိုးစားအားထုတ်ယင် တရားထူးကို ရနိုင်တဲ့ အကြောင်းများကို ပြောရုံပဲ။"

"ဒီတော့ တဆင့်တက်ပြီးတော့ မေးတတ်သေးတယ်၊တရားထူးရသွားတယ်၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်သွားတယ် ဆိုတာက ဘယ့်နှယ်ရောက်သွားတာတုံးလို့ ဒီလိုမေးတတ်သေးတယ်။ ဒီလို အမေးကိုတော့ မဖြေရဘူး။"

"မိဘနဲ့ သားသမီးပဲ ဖြစ်ဖြစ်၊ ဆရာနဲ့ တပည့်ပဲ ဖြစ်ဖြစ်၊ ဘယ်လို ရင်းနှီးတဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သင်္ခါရ ချုပ်ငြိမ်းရာရောက်သွားပုံကလေးကိုတော့ မပြောရဘူး၊ ကိုယ်တိုင်အားထုတ်ပြီး တွေ့မှကောင်းပါတယ်လို့ဒါကိုချွင်းချက်ထားပြီးပြောရတယ်။"

“တရားထူးတွေ့ပုံကိုပြောယင် မယုံတဲ့သူမှာလဲ ကဲ့ရဲ့ပြစ်မှားပြီး မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်သွားနိုင်တယ်။ ယုံတဲ့သူမှာလဲ သူကိုယ်တိုင် အားထုတ်ခဲ့တဲ့အခါကျတော့ ဆင်တူကိုတွေ့ပြီး အားရနေတာရဲ့ မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်သွားနိုင်တယ်။ ဒါကြောင့် မဂ်ဖိုလ် နိဗ္ဗာန် ရောက်ပုံ တရားပြီးဆုံးပုံကိုတော့ ဘယ်သူ့ကိုမှ တိတိကျကျမပြောရဘူး။”

“ပြီးတော့တရားအားထုတ်ရာကပြန်လာတဲ့ပုဂ္ဂိုလ်ကိုဘေးက ဝိုင်းကြည့်နေတတ်ကြသေးတယ်။ ဘယ့်နှယ်လဲ ထူးသလား၊ မထူးဘူးလားလို့ စုံစမ်းနေတတ်ကြသေးတယ်။”

“တရားပြည့်စုံတဲ့သူ မဟုတ်ပေမဲ့ သောတာပန်မှာ အထက် မဂ်နဲ့ ပယ်ရမဲ့ လောဘ၊ ဒေါသ၊ မောဟတွေကတော့ အကုန်လုံး ကင်းတာ မဟုတ်သေးဘူး။ အဲဒါတွေကတော့ ဖြစ်ဦးမှာပဲ၊ သောတာပတ္တိမဂ်ကပယ်တဲ့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ အပါယ်ကျစေ နိုင်တဲ့အကုသိုလ်ကံတို့ဒီလိုအကြမ်းစားတွေကတော့ သူ့သဘာဝ အတိုင်းပဲ အေးငြိမ်းနေတယ်။”

**တင်းတင်းရင်းရင်း မှာတယ်** “ဘေးကလူတွေရဲ့အမြင်နဲ့ဆိုယင် တော့ အတူတူပဲ၊ မထူးဘူးလို့ ဒီလိုထင်မြင်လဲ ထင်နေလိမ့်မယ်။ သို့ပေမဲ့ တရားပြည့်စုံနေတဲ့ ပုဂ္ဂိုလ်မှာ သူ့ဟာသူတော့ သိပ်ထူးခြားနေပါတယ်။ အရင်က လောဘ ဒေါသဖြစ်ပုံနဲ့ ယခု လောဘဒေါသဖြစ်ပုံဟာ အများ ကြီး ကွာခြားနေပါတယ်။ ယခုဖြစ်တဲ့ လောဘ၊ ဒေါသက

အားနည်းနေတယ်၊ ပြေလွယ်တယ်။ သို့ပေမဲ့ အဲဒီအားနည်းနေတဲ့ လောဘ၊ ဒေါသတွေကိုပဲ နိုင်နိုင်နင်းနင်းမှတ်ပြီး ပယ်ရဦးမယ်။"

"စိတ်ထဲမှာဖြစ်လာယင် စိတ်တဲတွင်ငြိမ်းသွားအောင် မှတ်ရမယ်၊ လောဘ၊ ဒေါသအရိပ်နိမိတ်မပေါ်စေနဲ့၊ နှုတ်ကမပြောမိစေနဲ့၊ အကယ်၍ ပြောမိသွားယင်လဲ တခွန်းကနှစ်ခွန်း မရောက်စေပဲ ဖြစ်ပေါ်လာတဲ့ ဒီလောဘ၊ ဒေါသကို မှတ်ပြီးတော့ ပယ်လိုက်ရမယ်။"

"အဲဒီလို ကဲ့ရဲ့ဖွယ်အမှုအရာ မဖြစ်အောင် ဖြစ်လာယင်လဲ မြန်မြန်ပြေပျောက်သွားအောင် ရှုမှတ်မှုဖြင့် နိုင်နိုင်နင်းနင်း စောင့်ရှောက်သွားကြရမယ်။ ဒီလို စောင့်ရှောက်သွားယင် ကိုယ့်မှာလဲအပြစ်ကင်းပြီး သမာဓိဉာဏ်တွေရင့်ကျက်သွားတယ်။ ဒါကြောင့် ကဲ့ရဲ့ဖွယ် အပြောအဆို အပြုအမူများကိုအထူးသတိပြုဖို့ ဆရာတော်က ယခုနောက်ဆုံးပိတ်ဒေနေနဲ့ မှာကြားလိုက်ပါတယ်။"

> "ပန်းဘဲဆရာ အထုမခံရသောသံသည် လက်နက်ကောင်းမဖြစ်၊ အိုးထိန်းသည် အပုတ်အခတ်မခံရသော အိုးသည် အိုးကောင်းမဖြစ်၊ထိုနည်းတူပင်ဆရာကောင်း၏ ဆိုဆုံးမ မခံရသော တပည့်သည်လည်း တပည့်ကောင်းမဖြစ်ပေ။"

တပည့်ကောင်းဖြစ်ရေး၊လူတော်လူကောင်းဖြစ်ရေးအတွက် ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မက္ခန္ဓာတရားတော်မြတ်များသည် အံ့ဖွယ်

ကောင်းအောင် ထွန်းတောက် ကြည်လင်လှသည်။ မိမိတို့ခံယူသူများက အမြင်ရှင်းရှင်းနှင့် မှုမှန်ကင်းစွာ ခံယူတတ်ဘို့သာလိုသည်။ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ အရှိကို အရှိအတိုင်းသိယင် သမ္မာဒိဋ္ဌိဖြစ်ပြီ။ ထိုသူသည် မဆင်းရဲတော့၊ ချမ်းသာစွာနေနိုင်လေပြီ။

**အို ယောဂီသူတော်ကောင်း....**

ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံဥပေတိ။
သတဉ္စ ဓမ္မော နဇရံ ဥပေတိ၊
သန္တောဟဝေ သဗ္ဘိ ပဝေဒယန္တိ။

အာဏာရမင်းအမျိုးမျိုးတို့၏ ယာဉ်ရထားအသုံးအဆောင်မှန်သမျှ ပျက်စီးခြင်းသာ နိဂုံးရှိသည်။ ကျန်းမာလှပါသောခန္ဓာကိုယ်လည်းထို့အတူပျက်စီးမှုဖြင့်နိဂုံးချုပ်ရသည်။ သူတော်ကောင်းတရားကား ဆွေးမြေ့မှုမရှိ၊ ကွယ်ပမှုမရှိ။ ထို့ကြောင့်သူတော်ကောင်းများသည် သူတော်ကောင်းတရားကိုဖော်ထုတ်သုံးစွဲ နှီးနှောပြောဆိုလျက် နေကြသည်။ ဝိပဿနာဘရားထွန်းကားရာမြန်မာပြည်ဝယ် ယခုအခါ ဘုရားချစ်ခင် သူတော်စင်များအတွက် မပင်မပန်း ရှင်လန်းချမ်းမြေ့စွာဖြင့်တရားရှာနိုင်ကြပေပြီ။ သတိရလော၊ မေ့မျော၍မနေကြကုန်လင့်၊ မေ့မှုမှာ သေခြင်း၏အကြောင်း။ သတိရှိမှုမှာ ရှင်ခြင်း၏အကြောင်းတည်း....။

**ယောဂီနှင့်စာ၊ စာနှင့်ယောဂီ** တရက်-နှစ်ရက် - သုံးလေးရက် နှင့် လ-သို့ တိုင်ခဲ့ ပါသည်။
တလ-နှစ်လ-သုံးလေးလနှင့် ရက်ပေါင်းကိုးဆယ် ပြည့်ခဲ့သည်။

မိမိသည် ဤရက်ပေါင်းကိုးဆယ်လုံးလုံး ယောဂီတို့၏ရှုမှတ်မှုဖြစ်သော သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ အမူအရာ အမျိုးမျိုးတို့ကို ရှုခဲ့, မှတ်ခဲ့, ပွားမျှားခဲ့သည်။

ယောဂီဘ၀ဖြစ်၍ သုံးလလုံးလုံး စာမဖတ်ခဲ့ရပါ။ ဆပ်ပြာအကြမ်းခဲ့တွင် ပတ်ထားသော သတင်းစာအပိုင်းအစလေးများကိုမူ ရေချိုးယင်း စာ 'ဆာ' ၍ ဖတ်ဖြစ်ခဲ့သည်။ ယင်းအပိုင်းအစတွင် တိုက်တိုက် ဆိုင်ဆိုင် တွေ့ရသည်မှာ ပြန်ကြားရေးဝန်ကြီးဟောင်း ဦးလွင် အနိစ္စရောက်သည့်အကြောင်း ပါနေခြင်းဖြစ်သည်။

ဝန်ကြီးသည် စာပေရေးရာများကို ဟောပြော ရှင်းလင်းခဲ့သည်။ ထိုရှင်းလင်းချက်များကို စာပေမွေ့သူအဖြစ်ဖြင့် ဖတ်မှတ်မိခဲ့သောအခါ( လူချင်း )မမြင်ဘူး သော်လည်း သတိရနေစေပါသည်။ အောက်မေ့ စေပါသည်။ ယခုတော့ ဝန်ကြီးကွယ်လွန်ရှာလေပြီ။

သေခြင်းတရားသည်(နှစ်သက်သည် ဖြစ်စေ၊ မနှစ်သက်သည် ဖြစ်စေ)သတ္တ၀ါတိုင်းနှင့် ဆက်ဆံလျက်ရှိသည်။ ဘ၀·ဟူသော အဖြစ်ကို ရရှိသည်နှင့်ပင် သေခြင်းဟူသော အပျက်တရား

ကိုလည်း ရရှိပြီးဖြစ်နေပါသည်။ ယင်းကြောင့် မိမိတို့သည် အချိန်မရွေး, ကာလမရွေး သေနိုင်ကြပါသည်။

စာ......။ရက်ပေါင်းကိုးဆယ်ရိပ်သာဝယ်ဟူသော ဤစာကို မည်သို့ ရေးခဲ့ပါသနည်း။ မိမိသည် ဤနှစ်( ၁၃၄၁-ခုနှစ် ) သီတင်းကျွတ် လပြည့်ကျော် ၁—ရက်တွင် အားထုတ်မှု ရက် ကိုးဆယ် ပြည့်သည်။ ကျန်ရက်များကိုမူ တနေ့သုံးကြိမ် မှန်မှန် မှတ်၍ တရားနာခဲ့သည်။

၁၃၄၁—ခု၊ တန်ဆောင်မုန်းလတွင်မူ ဤစာကိုစရေးသည်။ မိမိစာရေးသည်ကို သိရှိသွားသော ဆရာတော်က "စာလဲရေး တရားလဲထိုင်၊ ကျောင်းဝေယျာဝစ္စလဲဆောင်ရွက်"ဟုမိန့်ကြား သည်။ ယင်းသို့ ဆောင်ရွက်ယင်း ရေးသားလာရာ ဤနှစ် တပေါင်းလတွင် စာမျက်နှာ တထောင်နီးပါး ရလာသည်။ ထိုအထဲမှ မှတ်တမ်းအတွက် စိစဉ်ရွေးချယ်ရပါသည်။

လက်နှိပ်စက်မူဖြစ်လာသောအခါ မိမိအား ရိပ်သာဝင်ရန် ညီငယ်သဖွယ် အဘက်ဘက်မှ ကူညီ စောင့်ရှောက် ပေးသော **ညောင်ကန် အရှင်ဣန္ဒက** (ညောင်ကန်အေးရိပ်သာ ဆရာတော်) **အား** ကြည့်ရှုအကြံပေးပါရန် လျှောက်ထားရပါသည်။

တဖန် မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ကြီးမှ တိပိဋကစရေ စာပြန်ပွဲသို့ကြွလာသော နာယကဆရာတော် '**ဦးဝိစိတ္တာဘိဝံသ**' အားလည်း ကြည့်ရှုအကြံပေးရန် ပြသပါသည်။

ကမ္ဘာအေး၊ ရေကူးကျောင်းသစ်မှ **ဘုန်းကြီး ဦးကုဝေ**ရ၊ သာစည် ရေလည်ကျောင်းမှ **ဦးပညာသာမိ** (မာဂဓ်·သာစည်) တို့အားလည်း ပြသ၍ အကြံဉာဏ်တောင်းရပါသည်။ တဖန်—

ပိဋကဗျူဟာအသင်းတိုက်တွင် ခေတ္တ သီတင်းသုံးနေသော **ဆရာတော် ဦးတိလောကသာရ** ( ရဝေထွန်း ) အားလဲ ပြသ၍ အကြံဉာဏ်တောင်းရပါသည်။ ၎င်း ဆရာတော်ကမူ—

"စာအုပ်ဖြစ်အောင် မြန်မြန်ရိုက်ပါ၊ စာအုပ်ဖြစ်သင့်တဲ့ စာမူကောင်းပဲ၊ ဒီက အဖွဲ့လူကြီးတွေလဲ တယောက်ပြီး တယောက်ဖတ်နေကြတယ်၊ စာပေဆွဲဆောင်မှုရှိတယ်" ဟု မိန့်သည်။

**မင်္ဂလာဦးအောင်မြင့်** ဖတ်ရှုသောစာမူမှာ သူ့အိမ်မီးလောင်ရာပါသွားသဖြင့် ဆုံးရှုံးရသည်။ မိမိမှာ စာမူအတွက် ခွင့်လွှတ်ရပြီး သူ့အိမ်အတွက်သာ စိတ်မကောင်း ဖြစ်လိုက်ရသည်။

ပထမအကြိမ် စာမူဖြစ်မြောက်ရေးအတွက် မိမိသည် ၆-လ တာမျှ ရေးသားခဲ့ရပါသည်။ စာရွက်၊ လက်နှိပ်စက်ရိုက်ခများ အတွက်လည်း ငွေ ၃၀၀-မျှ ကုန်ကျခဲ့သည်။ သို့တစေ စာမူ မစုံ၍ စာပေစိစစ်ရေးသို့ မတင်ဖြစ်တော့ပါ။ ၎င်းအတော အတွင်းမှာ—

(၁) ညောင်ကန်အရှင်ဋ္ဌနကထံမှ အကြံဉာဏ်များ၊
(၂) မာဂဓိသာစည်ထံမှ အကြံဉာဏ်များ၊
(၃) ဦးဝိစိတ္တာဘိဝံသထံမှ အကြံဉာဏ်များ၊
(၄) မိမိ၏ ဝေဖန်သုံးသပ်မှုအသစ်များ ရရှိလာပါသည်။

ဤအရာများကိုမှီ၍ အသစ်တဖန် ရေးပြန်ပါသည်။ လက်နှိပ်စက်ထပ်ရိုက်ရပြန်သည်။ ၃၀၀-မျှ ကုန်ပြန်သည်။ ဒုတိယစာမူ အချော ရလာသောအခါ ချမ်းမြေ့ ဆရာတော်ဘုရားအား ကြည့်ရှု တည်းဖြတ်၍ အကြံဉာဏ်များ ချီးမြှင့် ပေးပါရန် လျှောက်ထားရပါသည်။

ဆရာတော်သည် ပြည်တွင်း ပြည်ပမှ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာကြသော ယောဂီသတ်များအား လက်ခံတွေ့ဆုံ၍ လျှောက်ထားသည်များကို ဟောပြော မိန့်ကြားရခြင်းများကြောင့် မအားလပ်ပါ၊ မိမိစာမူအား တည်းဖြတ်ပေးပါရန် လျှောက်ထားချိန်မှာလည်း ဒုတိယအကြိမ် ကမ္ဘာ့နိုင်ငံအသီးသီးသို့ သာသနာပြုကြွရန် နီးကပ်နေပါပြီ။ သို့သော်လည်း ဆရာတော်သည် မိမိစာမူအား ကြည့်ရှု၍ တည်းဖြတ်၊ ဝေဖန်၊ အကြံဉာဏ်များ ချီးမြှင့်ပေးတော်မူခဲ့ပါသည်။ စာမူပြန်ပေးသောနေ့တွင်—

''ဦးသုစိတ္တ၊ ရေ့ -ဦးဇင်းစာမူ၊ ဖတ်လို့ကောင်းပါတယ်။ **Runthrough** - အပြေးဖတ်လိုက်ထာ၊ တွေ့မြင်သမျှ အပြစ်တော့ တို့ပေးထားတယ်။ တချို့နေရာမှာ ရဟန်းတော်များလက်ရှောင်သင့်တာ ပါတယ်။ ပြန်ကြည့်အုံးနော်၊ အထပ်ထပ် ကြည့်၊ အကြိမ်ကြိမ် ကြည့်ရှုရတယ်''ဟု ပြောပြော ညွှန်ညွှန် ပေးပါသည်။

၁၃၄၂-ခု၊ နယုန်လပြည့်ကျော် ၁-ရက်၊ (၂၀-၅-၈၀) နေ့တွင် ချမ်းမြေ့ဆရာတော်သည် မဟာစည်ဆရာတော်ဘုရား

ကြီးနှင့်အတူ ဒုတိယအကြိမ်မြောက် ကမ္ဘာ့သာသနာပြုကြွတော်မူသည်။ မိမိသည် ကျောင်းသံဃာများနှင့်အတူ အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်သို့ ပို့ဆောင်မှုဝတ်ပြုခွင့် ရပါသည်။ ထိုမှအပြန်တွင် စာမူကိုမကြည့်ဖြစ်တော့။ အချိန်မှန်တရားထိုင်၊ ကျောင်း ဝေယျာဝစ္စဆောင်ရွက် စသည်ဖြင့် ဝါတွင်းသုံးလ ကုန်ဆုံးသွားပါသည်။

**စာပေခရီးလမ်းတလျှောက်** မိမိသည် ဤစာအုပ် မပြုစုမီက ဗုဒ္ဓ ဓမ္မ လောကတရားစာစောင်တွင် အချိန်များစွာ ဆောင်းပါးများ ရေးသားလာခဲ့သည်။ ရတနာမှန် မဂ္ဂဇင်းတွင်လည်း ဝတ္ထုနှင့် ဆောင်းပါးများရေးသားခဲ့သည်။ ပြည်သူပိုင်သတင်းစာတွင်လည်း ဆောင်းပါးများရေးသားသည်။ ရွေးချယ်ခံ ဝတ္ထုနှင့် ဆောင်းပါးများမှာ ပုဒ်ရေ ၅၀-ခန့် ရှိသည်။ ဤဝတ္ထုနှင့် ဆောင်းပါးများမှာ မိမိအမြင်ရှိသလို ရေးသား၍အယ်ဒီတာများနှစ်သက်လျှင်သုံး၊ မနှစ်သက်လျှင် ပယ်၊ မိမိမှာမူ ရေးပို့လိုက်လျှင် တာဝန်ပြီးသလောက် ဖြစ်သွားပါသည်။

ယခုစာမူကိုပြုစုရာတွင် ကိုယ်တိုင်ရေး၊ ကိုယ်တိုင်တည်းဖြတ်ရမည်ဖြစ်၍ အယ်ဒီဟာပညာခန်း ပါလာသည်။ တည်းဖြတ်မှုအပိုင်း ဝင်လာသည်။

ဥပမာဖြင့် ရှင်းပြလိုသည်။

မိဘတို့သည် ကိုယ့်ရင်သွေးကိုချစ်ကြသည်သာ ဖြစ်ပါသည်။ စာသမားတို့ ဓမ္မတာမှာလည်း ကိုယ့်စာကို မြတ်နိုးကြသည်သာ

ဖြစ်ပါသည်။ မိဘသည် ကိုယ့်ဘာသာ သားသမီးကို ချစ်နိုင်၍ အကြောင်း မဟုတ်သော်လည်း ပတ်ဝန်းကျင်က ကိုယ့်သား သမီးကို သဘောကျ ချစ်ခင်လာရေးမှာမူ ထိန်းသိမ်းပြုပြင် ပြင်ဆင်ဖို့လိုအပ်လာပါသည်။ ဤလိုအပ်မှုများ မပြည့်စုံပါလျှင် မိမိသားသမီးအား အခြားသူများ နှစ်သက်သဘောကျလိမ့်မည် မဟုတ်ပေ။ ထို့အတူပင် ဖြစ်ပါသည် စာရေးသူသည် မိမိ စာကို စာဖတ်သူများ လက်ခံနိုင်ရေးအတွက် အစဉ်ရှေ့ရှုရပါ သည်။ စေတနာထားရပါသည်။ ဤထားရှိအပ်သောသဘော တရားများမပါဝင်ပါလျှင် စာရေးသူ၏စာကို စာဖတ်သူများ လက်ခံကြမည် မဟုတ်ပါ။ ယင်းကြောင့် မိမိသည် မိမိ၏စာမူကို ဆရာတော် ညွှန်ပြသည်များမှ အခြေခံ၍ ထပ်မံပြုစုရေးသား ရပြန်ပါသည်။

## မေတ္တာဖြင့် ခံယူကာ

၁၃၄၃-ခု၊ ( ၄-၅-၈၁ )နေ့တွင် မိမိသည်စာမူပိုက်လျက် ယောဂီများအားစောင့်ရှောက်ရန် ဓမ္မာရုံသိမ်သို့ ကြွခဲ့ပါသည်။ ဒေါ်သန်းရင်တံတားပေါ်တွင် ဆရာတော်နှင့် ပက်ပင်းတိုးရာ -

"ဦးသုစိတ္တ လက်ထဲက ဘာတွေလဲ...."

" တပည့်တော်စာမူပါ ဘုရား.... "

" အေး ....စာရေးတယ် ဆိုတာ သိပ်သိပ် သည်းသည်း ကျစ်ကျစ်လစ်လစ် ရေးရတယ်၊ စာဖြစ်အောင်ဆွဲရေးထားယင် ဖတ်မကောင်းဘူး၊ ဖတ်မကောင်းတော့ စာအုပ်မကုန်နိုင်ဘူး"

"မှန်ပါဘုရား...."

"တချို့ စာအုပ်တွေများ စာဖောင်းပွနေတော့ ဖတ်လို့ မကောင်းဘူး...."

"မှန်ပါဘုရား၊ တချို့စာအုပ်များ ဆေးလိပ်ခုံ ပို့ရတယ်လို့ တောင် ကြားပါတယ်ဘုရား...."

"အေး....ဒါကြောင့် စာဆိုတာ အချိန်ယူပြီး စေ့စေ့စပ်စပ် ရေးရတယ်"။ ဤမိန့်ကြားချက်များကြောင့် မိမိစာမူထဲမှ အချို့စာများ ဖြုတ်-ထုတ်-ပယ်ပစ်လိုက်သည်။ အချို့ အသစ်ထပ်၍ ရေးပြန်ပါသည်။ မှန်သည် မိမိစာကို မိမိသဘောကျနေရုံနှင့်မပြီး စာဖတ်သူများပါ သဘောကျလက်ခံရန် လိုအပ်ပါသည်။ ဤလိုအပ်မှုကို မိမိ၏ စာပေစွမ်းရည်ဖြင့် ကိုးပမ်းဖြည့်ဆည်းပြုစုထားပါသည်။

ဤသို့ ကိုးပမ်းယင်း ပြုစုလာခဲ့ရာ တတိယမူ ရလာပါပြီ။ ယင်းအခြေအနေသည် စာပေစီစစ်ရေးသို့တင်ပြပြီး စာအုပ်ထုတ်ရန် အသင့် ဖြစ်နေပေပြီဟု ယူဆမိသည်။ သို့ရာတွင် အမှားကင်းနိုင်သမျှကင်း၍ ကောင်းမွန်သော စာအုပ်တအုပ် ဖြစ်လာရန် မိမိမှာဆန္ဒရှိနေပါသည်။ ဆရာတော်ကမူ ·တတိယ အကြိမ်မြောက် နိုင်ငံခြားသာသနာပြုခရီး ကြွတော်မူနေပါသည်။ ဆရာတော် ပြန်ကြွလာသောအခါ ထိုအကြောင်းကို လျှောက်ထားသဖြင့် ဖတ်ရှု တည်းဖြတ် ချီးမြှင့်ပေးတော်မူပါသည်။

သို့တစေ ဆရာတော်သည် ဤစာ၏ ရှေ့ပိုင်းအရေးအသား များကို'နု'သည်ဟုဆိုကာ သဘောမကျသေးပါ။

ဤစာ၌ပါသောလိုအပ်ချက်၊ ဖြည့်စွက်ချက်များသည် မိမိ၏ လိုအပ်ချက်နှင့်တာဝန်သာဖြစ်ပါသည်။

ဤစာ၌ စာပေသဘောတရားဖြင့် ရေးရသည်များ ပါဝင် သလို ယောဂီဒဿန ယောဂီရှုဒေါင့်မှ ရေးရသည်များလည်း ပါဝင်သည်။ ရဟန်းကလောင်ရှင်ဖြစ်နေ၍ လက်ရှောင် ဝိနည်း ရှောင်ရသည်များလည်း များပါသည်။ စင်စစ် စာရေးရခြင်း သည်မလွယ်ပါ။ ရဟန်းတော်တပါးအဖြစ်ဖြင့် ရေးရခြင်းမှာ ပိုမို ကြပ်တည်းကျဉ်းမြောင်းလှပါသည်။ ထို့ကြောင့် တွေ့မြင် သမျှသော ချို့ယွင်း တိမ်းပါးမှုများ အတွက် မေတ္တာဖြင့် ထောက်ပြကြစေလိုပါသည်၊ မေတ္တာဖြင့်ခံယူ၍ပြုပြင်ပါမည်။

မေတ္တာဖြင့် —

အရှင်သုစိတ္တသာရ

# ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

— ရက်ပေါင်းကိုးဆွယ် ရိပ်သာဝယ် (ဒုတိယတွဲ)

— THE ELEVEN DAY

ထို ၁၁-ရက်၊

— ချစ်သောမြန်မာပြည်

— ဘုရားဖူးသွားတဲ့ ရန်ကုန်သူ

— စာနယ်ဇင်းဝတ္ထုဆောင်းပါးများ

ဦးဉာဏ်ရှင် L,L.B
အမှတ် ၁၃/၁၅၊ ဦးဖိုးစိန်လမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။

## ''လူ့တန်ဖိုး''

ချမ်းမြေ့ရိပ်သာ၊ ကျောင်းတော်ကြီးမှာ၊
ဝေးနီးရပ်က လာကြတယ်။

တရားရှာရန်၊ ရည်သန်ချက်နဲ့၊
သတိပဋ္ဌာန်ပန်းကို မှန်းကာရှယ်။

ဆရာပြောတာ၊ ကောင်းစွာမှတ်လို့၊
ကျောင်းမှာလာကျိုး နပ်အောင်ကွယ်။

စည်းကမ်းဆိုတာ၊ လူ့တန်ဖိုးကွယ့်၊
အကျိုးများမှ တိုးပွားမယ်။

တိုးပွားချင်လျှင်၊ တွင်တွင်မှတ်စို့၊
ယဉ်ယဉ်ကျေးကျေး နေရမယ်။

နေရမယ်၊ နေရမယ်....။

အရှင်သုစိတ္တသာရ